
ဂု ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com

TRI
MEN'S AND LADIES' WEARS

အတွဲ(၉)၊ အမှတ်(၄၅) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက် ၊ ကြာသပတေး၊ (ဖေဖော်ဝါရီ ၃ ၊ ၂၀၁၁)







နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံတွင် လွှတ်တော်အစည်းအဝေးများ ကျင်းပနေသည်ကို MRTVမှ ထုတ်လွှင့်ပြနေစဉ်။

# လွှတ်တော်အစည်းအဝေးများ ပထမဆုံးနေ့တွင် ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌများကို ရွေးချယ်

သတင်းအဖွဲ့

ရန်ကုန်၊ ဇန်နဝါရီ - ၃၁

**နှစ်ပေါင်းနှစ်ဆယ်အတွင်း ပထမဆုံးအကြိမ် လွှတ်တော်အစည်းအဝေးများကို ယနေ့စတင်ကျင်းပခဲ့ပြီး၊ လွှတ်တော်အစည်းအဝေး ပထမဆုံးသောနေ့တွင် လွှတ်တော်အသီးသီးအတွက် ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌများကို ရွေးချယ်ခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြထားသည်။**

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ပထမအကြိမ်အစည်းအဝေးများကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ဇန်နဝါရီ ၃၁ရက် နံနက် ၈နာရီ၅၅မိနစ်အချိန်တွင် စတင်ကျင်းပခဲ့ပြီး၊ လွှတ်တော်ကိုယ်စားလှယ်အားလုံး တက်ရောက်ခဲ့ကြောင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသတင်းတွင် ကြေညာသည်။ ထိုနေ့ညနေ ၃နာရီမှာပင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကိုပါ ကျင်းပခဲ့သည်။ အစည်းအဝေး ပထမဆုံးနေ့တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများကို ရွေးချယ်ခဲ့ရာ ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်း ရွေးချယ်ခံရသည်။ ဒုတိယဥက္ကဋ္ဌအဖြစ် ဦးနန္ဒကျော်စွာ ရွေးချယ်ခံရသည်။ စာ(၂၈)သို့

# ပဲကုန်သည်များ ဈေးမကစားရန် သတိပေး

သိမ့်သိမ့်စိုး

ရန်ကုန်၊ ဇန်နဝါရီ - ၂၈

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲကုန်သည်များအား ဈေးမကစားရန် ဇန်နဝါရီလ ၂၅ရက်က အစည်းအဝေးခေါ်ယူပြောကြားခဲ့ကြောင်း ပဲကုန်သည်များကပြောသည်။

ယခုကဲ့သို့ ခေါ်ယူပြောကြားရခြင်းမှာ ကုန်စည်ဒိုင်အရောင်းအဝယ်ဈေးကွက် ယခုလ ၂၂ရက်နှင့် ၂၄ရက် နှစ်ရက်အတွင်းမှာပင် ပဲတစ်တန်လျှင် ကျပ်တစ်သိန်းဝန်းကျင်အထိ ဈေးနှုန်းကျဆင်းခဲ့ခြင်းကြောင့်ဖြစ်သည်။

ဇန်နဝါရီ ၂၂ရက်တွင် တစ်တန်လျှင် ကျပ် ၈၆၅,၀၀၀ ရှိရာမှ ဇန်နဝါရီ ၂၄ရက်တွင် ကျပ်၇၅၅,၀၀၀သာရှိတော့သည်။

"ဈေးက တစ်သိန်းလောက်ထိ အတက်အကျဖြစ်သွားတော့ ဈေးမကစားဖို့ ခေါ်ပြောတာပါ။ တခြားကိစ္စတွေလည်း ပြောတော့ပြောတယ်။ အဓိကကတော့ ဈေးမကစားဖို့ပဲ"ဟု အစည်းအဝေး တက်ရောက်ခဲ့သော ပဲကုန်သည်တစ်ဦးကပြောသည်။ စာ(၁၂)သို့



ရန်ကုန်မြို့လယ်တွင် လည်ပတ်နေသော ကမ္ဘာလှည့်ခရီးသွားများကို ဇန်နဝါရီလအတွင်းက တွေ့ရစဉ်
ဓာတ်ပုံ - ဇေမောင်မောင်(အမရပူရ)

# ကမ္ဘာလှည့်ခရီးသည်များနှင့်ပတ်သက်၍ ထူးခြားဖြစ်စဉ်များ ပေါ်ပေါက်လျှင် သတင်းပို့ရန် အကြောင်းကြား

အားမာန်

ရန်ကုန်၊ ဇန်နဝါရီ - ၃၁

ကမ္ဘာလှည့်ခရီးသည်များ သေဆုံးမှု၊ ဒဏ်ရာရမှုနှင့် ထူးခြားဖြစ်စဉ်များ ဖြစ်ပွားခဲ့လျှင် ၂၄နာရီအတွင်း သတင်းပို့ကြရန် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများအား သက်ဆိုင်ရာက အကြောင်းကြားထားကြောင်း ခရီးသွားလုပ်ငန်းရှင်များကပြောသည်။ စာ(၁၂)သို့

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဘာသာစကား

# ထားဝယ်ရေနက်ဆိပ်ကမ်းတွင် တာဝန်ထမ်းဆောင်မည့် ထိုင်းအလုပ်သမားများ မြန်မာစကား သင်ပေးရန်စီစဉ်

ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းတွင် ထိုင်းနိုင်ငံသားများ လာရောက်အလုပ်လုပ်ရာ၌ ဘာသာစကား အခက်အခဲ မရှိစေရန် ထိုင်းနိုင်ငံသားများအား မြန်မာဘာသာစကားသင်ကြားရန် စီစဉ်နေကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)မှ အထွေထွေအတွင်းရေးမှူးဒေါက်တာမောင်မောင်လေးက ပြောသည်။

သတင်းအပြည့်အစုံ-စာ(၄)တွင်ရှု




# ဒုတိယနေတစ်စင်း တွေ့မြင်ရမည်ဆိုခြင်းမှာ လုံးဝမဟုတ်ကြောင်း မြန်မာနက္ခတ်ပညာရှင်တစ်ဦးဆို

ဥက္ကာကိုကို

ရန်ကုန်၊ ဇန်နဝါရီ - ၂၆

ယခုနှစ်ကုန်ပိုင်း (သို့မဟုတ်) ၂၀၁၂ ခုနှစ်အတွင်း စကြဝဠာအတွင်း ဧရာမကြယ်ကြီး တစ်စင်း ပေါက်ကွဲမှုကြောင့် ကောင်းကင်ယံတွင် ဒုတိယမြောက် နေတစ်စင်း တွေ့မြင်နိုင်မည်ဆိုသော သတင်းမှာ လုံးဝဖြစ်နိုင်ခြေမရှိကြောင်း မြန်မာနိုင်ငံ နက္ခတ်သိပ္ပံအဖွဲ့မှ အတိအလင်း ငြင်းဆိုပြောကြားလိုက်သည်။




သက်တမ်းကုန်ဆုံးတော့မည့် ကြယ်ကြီးတစ်စင်းပေါက်ကွဲမှုကြောင့် ၂၀၁၂ ခုနှစ်တွင် ကောင်းကင်၌ ဒုတိယနေတစ်စင်း တွေ့မြင်နိုင်ဖွယ်ရှိသည်ဟူသော သတင်းအား သိပ္ပံပညာရှင်များအကြား အငြင်းပွားနေကြသည်။

ယင်းသတင်းမှာ ဗြိတိန်နိုင်ငံထုတ် ဒေးလီးမေးလ်သတင်းတစ်ရပ်၊ ဖောက်စ်နယူးစ်၊ ဩစတြေးလျသတင်းဝက်ဘ်ဆိုက် News.con-au တို့နှင့် နယူးဂျာဆီ နည်းပညာအင်စတီကျူဒ်မှ ပါမောက္ခတစ်ဦးအပြင် ဩစတြေးလျနိုင်ငံ တက္ကသိုလ်တစ်ခုမှ အကြီးတန်းရူပဗေဒကထိကတစ်ဦးတို့က ပြောကြားဖော်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ပေါက်ကွဲတော့မည်ဟု သတင်းများ ထွက်ပေါ်နေသော ကြယ်ကြီးမှာ Orion Constellation ၊ အနောက်တိုင်းအခေါ် မုဆိုးကြယ်တာရာစု၊ အရှေ့တိုင်းအခေါ် လိပ်ကြယ်တာရာစုအတွင်းမှ Betelgeuse ခေါ် ဧရာမကြယ်ကြီး တစ်လုံးဖြစ်ကြောင်းငင်းကြယ်ကို နက္ခတ်ပညာရပ်အရ “အဒြ”ဟု ခေါ်ဝေါ်ပြီး နက္ခတ် ၂၇ လုံးအနက် ခြောက်လုံးမြောက် ကြယ်စုဖြစ်ကြောင်း မြန်မာနိုင်ငံရှိ နက္ခတ်သိပ္ပံအဖွဲ့ကပြောသည်။

“အဲဒီ မုဆိုးကြယ်စုထဲမှာ အတောက်ပဆုံး ကြယ်နှစ်လုံးရှိတယ်။ ဒီအဒြကြယ်က မုဆိုးကြယ်စုကြီးရဲ့ လက်ယာဘက် ချိုင်းအောက်က ကြယ်အဖြစ် သတ်မှတ်ပါတယ်။ အလွန်ကြီးမားလွန်းလို့ ကြယ်ဘီလူးလို့လည်း ခေါ်ဝေါ်တယ်။ နက္ခတ်ပညာရပ်ရဲ့ အဒြကြယ်ဖြစ်တဲ့အတွက် လတ်တလော မပေါက်ကွဲနိုင်ပါဘူး။ ပေါက်ကွဲခဲ့ရင်တောင် နက္ခတ်ပညာဟောကိန်းတွေကို ပြောင်းပစ်ရမယ့် ဥပဒေသတွေရှိလာမှာပဲ”ဟု နက္ခတ်သိပ္ပံအဖွဲ့မှ အမှုဆောင်အရာရှိချုပ်ဦးဇေယျာကိုကပြောသည်။

အဒြကြယ်ခေါ် Betelgeuse ကြယ်အိုကြီးမှာ ကမ္ဘာနှင့်နီးသော နေမင်းထက်အဆ ၄၀၀ ခန့် ပိုရှည်လျားပြီး အဆ ၃,၆၀၀ ခန့် ပိုတောက်ပကာ အရောင်အားဖြင့် အနီရောင်သမ်းနေသောအသွင် မြင်တွေ့ရသည်။ကမ္ဘာမြေနှင့် အလင်းနှစ် ၄၂၇ ဒသမ ၅ အကွာအဝေးတွင် တည်ရှိနေကာ မြောက်လတ္တီတွဒ် ၀၇ ဒီဂရီ ၂၄ မိနစ်နှင့် မေထုန်ရာသီခွင် ၄ ဒီဂရီ ၅၃ မိနစ်တွင် ရပ်လျက်ရှိကြောင်း သိရသည်။

“နေနှစ်စင်းအသွင် မြင်တွေ့ရမယ်ဆိုတာ လုံးဝမဖြစ်နိုင်ပါဘူး။ တကယ်လို့ ပေါက်ကွဲခဲ့ရင်တောင်မှ နေမင်းရဲ့ အလင်းအားကိုကျော်ပြီး ဘယ်လိုကြယ်နက္ခတ်မှ တောက်ပစရာအကြောင်း မရှိဘူး။ ညဘက်မှာဆိုရင်လည်း ကြယ်မှာ အလင်းရောင်ပေါ်လာပြီး တဖြည်းဖြည်း ပြန်မှိန်သွားတာမျိုးပဲ ဖြစ်နိုင်မှာပါ” ဟု ဦးဇေယျာကိုကဆက်ပြောသည်။

နက္ခတ်ပညာရပ်သမိုင်းတွင် စကြဝဠာအတွင်းရှိ ကြယ်များသည် ပေါက်ကွဲတတ်သော ဖြစ်စဉ်ရှိပြီး အသစ်တစ်ဖန်ပြန်ပေါ်လာသော ဖြစ်စဉ်လည်းရှိကြောင်း ရှေးပညာရှင်များက သတ်မှတ်ခဲ့ကြကြောင်း သိရသည်။

စာ(၁၂)သို့

# မန္တလေးတွင်ဆိုင်ကယ်အငှားယာဉ် အသင်းဖွဲ့စည်းရန်စီစဉ်

ညီညီဇော်

မန္တလေး၊ ဇန်နဝါရီ - ၂၉

မန္တလေးမြို့တွင် ဆိုင်ကယ်အငှားယာဉ်အသင်း(ဆိုင်ကယ်ကယ်ရီအသင်း) တရားဝင်ဖွဲ့စည်းပေးတော့မည်ဟု သတင်းရရှိသည်။

ငင်းအသင်းကို ဖွဲ့စည်းပေးမည့် သန်မြန်သူအသင်း(မန္တလေး)မှ ဥက္ကဋ္ဌဗိုလ်မှူးကိုကို(ငြိမ်း)က “ခရီးသည်တွေ လုံခြုံစိတ်ချစွာသွားလာနိုင်ရေးနဲ့ တရားမဝင်လုပ်ကိုင်နေရတဲ့ ဆိုင်ကယ်ကယ်ရီသမားတွေကို တရားဝင်အသင်းအဖွဲ့တစ်ခုအနေနဲ့တစ်စုတစ်စည်းတည်း စီးပွားရှာနိုင်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့လုပ်တာပါ”ဟုပြောသည်။ မြန်မာနိုင်ငံတွင် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများ၏ ခွင့်ပြုချက်ဖြင့် တည်ထောင်ထားသော ဆိုင်ကယ်အငှားယာဉ်အသင်းမှာ သန်မြန်သူအသင်း(မွန်၊ကရင်)နှင့် သန်မြန်သူအသင်း(မန္တလေး)တို့ဖြစ်သည်ဟု ငင်းအသင်းမှ တာဝန်ရှိသူများ၏ ပြောကြားချက်အရသိရှိရသည်။ အသင်းဝင်လိုသော ဆိုင်ကယ်ကယ်ရီသမားများအနေဖြင့် သန်မြန်သူအသင်း(မန္တလေး) ဖုန်း-၀၉-၂၀၅၇၅၅၀ သို့ ဆက်သွယ်နိုင်ပြီး အသင်းမဝင်သည့် ဆိုင်ကယ် အငှားယာဉ်မောင်းများအား သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက စိစစ်၍ ပညာပေးစည်းရုံးဆောင်ရွက်သွားမည်ဟု တာဝန်ရှိသူများကပြောသည်။

သန်မြန်သူအသင်း(မန္တလေး)သည် မန္တလေး-ကျောက်ပန်းတောင်း၊ တောင်ကြီး ခရီးစဉ်ပြေးဆွဲနေသော အဝေးပြေးယာဉ်လိုင်း တည်ထောင်ထားပြီး ကာကွယ်ရေးဝန်ကြီးဌာန ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်တွင် ဖွဲ့စည်းထားပြီး တာဝန်ထမ်းဆောင်ရင်း မစွမ်းမသန်ဖြစ်ခဲ့ရသော တပ်မတော်သားများနှင့် ငင်းတို့၏မိသားစုများ ရပ်တည်နိုင်ရေးအတွက် ရန်ပုံငွေများရရှိစေရန် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အာဏာပိုင်များ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းတစ်ခုဖြစ်သည်ဟု တာဝန်ရှိသူများ၏ ပြောကြားချက်အရသိရသည်။

# ဟင်းသီးဟင်းရွက်မှစ ကားအထိဝယ်နိုင်သော လက်ကားဈေးကြီး မတ်လတွင်ဖွင့်မည်

မေဝင်းမွန်

ရန်ကုန်၊ ဇန်နဝါရီ - ၂၆

ဟင်းသီးဟင်းရွက်၊ သားငါးမှအစ မော်တော်ယာဉ်များအထိ ကုန်ပစ္စည်းမျိုးစုံကို အသက်သာဆုံးဈေးဖြင့် အိမ်အရောက်ပို့ဆောင်ရောင်းချပေးမည့် မြန်မာနိုင်ငံတွင် ပထမဆုံးနှင့်အကြီးဆုံးနိုင်ငံတကာအဆင့်မီ ဂန္ဓမာလက်ကားဈေးကြီး(Wholesale Market) မကြာမီပေါ်ပေါက်လာတော့မည်ဖြစ်ကြောင်း စုံစမ်းသိရသည်။

ဟင်းသီးဟင်းရွက်များအပါအဝင် ပြည်တွင်းနှင့် တရုတ်၊ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ ကိုရီးယားနိုင်ငံထုတ် စားသောက်ကုန်၊ လူသုံးကုန်၊ အိမ်သုံးကုန်၊ မီးဖိုချောင်သုံးပစ္စည်းစသည်တို့ကိုရောင်းချပေးမည့် လက်ကားဈေးကြီးကို လာမည့်မတ်လအတွင်း ဖွင့်လှစ်ရောင်းချမည်ဖြစ်ကြောင်း ဂန္ဓမာ Wholesale Market မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

‘မြန်မာနိုင်ငံမှာ မင်္ဂလာဈေးတို့၊ ညောင်ပင်လေးဈေးတို့လို့ Traditional Wholesale Market တွေရှိပြီး ဆိုင်ခန်းတွေဝယ်ပြီးငှားပြီးတော့ ကိုယ်ရောင်းချင်တဲ့ ပစ္စည်းတွေကို ကြိုက်တဲ့ဈေးနှုန်းနဲ့ ရောင်းကြတယ်။ ပစ္စည်းတစ်မျိုးထဲကို ဆိုင်ပေါင်းများစွာမှာ ရောင်းတာမျိုးတွေရှိတယ်။ ဂန္ဓမာကတော့ Mordernised Wholesale Market ပုံစံပါ။ ဆိုင်ခန်းစနစ်နဲ့မဟုတ်ဘဲ Rack စနစ်နဲ့ပစ္စည်းအမျိုးအစားပေါင်းသုံးသောင်းကျော်ကို ရောင်းချပေးသွားမှာပါ။ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ အိမ်ဆိုင်က နေစူပါမားကက်တွေအထိ Supply လုပ်သွားနိုင်ဖို့ ရည်ရွယ်ထားပါတယ်’ ဟုဂန္ဓမာ Wholesale Market မှတာဝန်ရှိသူကပြောသည်။

ဂန္ဓမာ Wholesale Market စတင်တည်ဆောက်ချိန်ကတည်းက ပုသိမ်၊ မကွေး၊ ပြည်၊ မော်လမြိုင်၊ ဘားအံ၊ မန္တလေး၊ တောင်ကြီး၊ နေပြည်တော်၊ လားရှိုး၊ မြစ်ကြီးနား၊ မိတ္ထီလာ၊ စစ်တွေမြို့များတွင် ဖြန့်ချိရေးရုံးခွဲများဖွင့်လှစ်ကာ နယ်ခံလုပ်ငန်းရှင်များနှင့် ကုန်ပစ္စည်းဖြန့်ချိမှုဆိုင်ရာများကို ဆွေးနွေးဆောင်ရွက်ထားသည်ဟုသိရသည်။

“ဂန္ဓမာWholesale Market နဲ့ပူးပေါင်းဆောင်ရွက်လိုတဲ့ လုပ်ငန်းရှင်တွေကိုလည်း ဖိတ်ခေါ်ထားပါတယ်။ စက်ရုံကိုလည်းသူတို့ရဲ့ ထုတ်ကုန်တွေ ဖြန့်ချိနိုင်ဖို့အတွက်လည်း ဆက်သွယ်နိုင်ပါတယ်။ ဈေးဝယ်သူတွေအဆင်ပြေအောင်လို့ လက်လီကော၊ လက်ကားကောရောင်းချပေးသွားမှာပါ။ ဈေးနှုန်းကိုလည်း အသက်သာဆုံးဖြစ်အောင် ဆောင်ရွက်ထားပါတယ်”ဟု အထက်ပါတာဝန်ရှိသူကပြောသည်။

ဂန္ဓမာလက်ကားဈေးဝင်းအတွင်း မြန်မာအစားအစာ၊ အနောက်တိုင်းအစားအစာ၊ ကိတ်နှင့်အအေးဆိုင်များ၊ လက်ဖက်ရည်ဆိုင်စသည်တို့ကိုလည်း ဖွင့်လှစ်ထားမည်ဟုသိရသည်။

အဆိုပါဈေးအတွင်း မော်တော်ယာဉ်အစီးရေ ၃၅၀ မှ ၄၀၀ ကြားရပ်နားနိုင်သည့် ယာဉ်ရပ်နားစခန်းရှိပြီး ညအခါတွင်ပါရမီတက္ကစီများရပ်နားစေသည်ဟုသိရသည်။ ဂန္ဓမာလက်ကားဈေးကို တောင်ဥက္ကလာပမြို့နယ်ဝေဇယန္တာလမ်းနှင့် ဂန္ဓမာလမ်းထောင့်ရှိ ကန်စွန်းခင်း မြေနေရာတွင်ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၁၈ ရက်က ပန္နက်တင်ကာဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။



လက်ကားဈေးဝယ်စင်တာကြီး၏ တည်ဆောက်မှုမြင်ကွင်း။

ဓာတ်ပုံ - အောင်အောင်

ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.9, No.45 • FEBRUARY 3, 2011

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့်တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# ယာဉ်လိုင်းသစ်က ဆီဒင်ကားကြီးများဖြင့် ရန်ကုန်–နေပြည်တော်ခရီးစဉ် ပြေးဆွဲခွင့်ရ

သီဟ

**ရန်ကုန်၊ ဇန်နဝါရီ-၃၁**

ဆီဒင်နိုင်ငံလုပ် ခရီးသည်တင်ယာဉ်များဖြင့်ပြေးဆွဲမည့် Elite Express မှ ရန်ကုန်-နေပြည်တော်နှင့် နေပြည်တော်-ရန်ကုန် ခရီးစဉ်များအား ဖေဖော်ဝါရီ ၄ ရက်တွင် စတင်ပြေးဆွဲမည်ဖြစ်ကြောင်း အဆိုပါယာဉ်လိုင်းသစ်၏ မန်နေဂျာ ဦးထွန်းမြင့်စန်းက ပြောသည်။



**ဆီဒင်နိုင်ငံထုတ် ဘတ်စ်ကားသစ်များကိုတွေ့ရစဉ်။** ဓာတ်ပုံ- ဂျေမောင်မောင်(အမရပူရ)

လက်ရှိတွင် ခရီးသည်တင်ယာဉ် သုံးစင်းဖြင့် ခရီးစဉ်များ စတင်ပြေးဆွဲပေးမည်ဖြစ်ပြီး ရန်ကုန်မှ နံနက်ခြောက်နာရီခွဲတွင် တစ်စီး၊ နံနက် ခုနစ်နာရီခွဲတွင် တစ်စီးနှင့် ညနေ ခြောက်နာရီခွဲတွင်တစ်စီးပြေးဆွဲပေးမည်ဖြစ်ပြီး နေပြည်တော်မှလည်း နံနက်ပိုင်းတွင်တစ်စီးနှင့် ညနေပိုင်းတွင် နှစ်စီး ပြန်လည်ထွက်ခွာပေးမည်ဖြစ်ကြောင်းသိရသည်။

လက်ရှိတွင် ကားသုံးစင်းဖြင့် ပြေးဆွဲပေးလျက်ရှိသော်လည်း ဖေဖော်ဝါရီလအတွင်းတွင် နှစ်စီး ထပ်မံတိုးချဲ့ပြေးဆွဲမည်ဖြစ်ပြီး ရန်ကုန် နေပြည်တော် ခရီးစဉ်များကိုကားကြီးငါးစီးဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ရှင်းပြသည်။

လာမည့် ၂၀၁၂တွင်လည်း အခြားခရီးစဉ်များဖြစ်သည့် မန္တလေး ပြင်ဦးလွင် ခရီးစဉ်များပါ တိုးချဲ့ပြေးဆွဲပေးသွားရန် အစီအစဉ်ရှိကြောင်း သိရသည်။

ယာဉ်ပေါ်တွင် ကိုယ်ပိုင်နားကြပ်ဖြင့် ဖျော်ဖြေရေးအစီအစဉ်များကိုနားဆင်နိုင်ပြီး ကိုယ်ပိုင်အိတ်လက်ထရွန်နစ်ပစ္စည်းများကို အားသွင်းနိုင်မည့် ဝန်ဆောင်မှုများလည်းရရှိမည်ဖြစ်ကာ ယာဉ်ပေါ်၌ပင် ကော်ဖီနှင့်မုန့်များလည်း ဝယ်ယူသုံးဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အခြားယဉ်လိုင်းများထက် ဝန်ဆောင်မှုပိုမိုပေးထားသော်လည်း ခရီးစဉ်ဈေးနှုန်းမှာ ရန်ကုန် နေပြည်တော်ခရီးစဉ်ကိုတစ်ဦးလျှင် ကျပ်ခြောက်ထောင်ဖြင့် ပြေးဆွဲပေးမည်ဖြစ်ကြောင်းသိရသည်။ မန္တလေးနှင့် ပြင်ဦးလွင်ခရီးစဉ်များ တိုးချဲ့ပြေးဆွဲပါကလည်း အခြားယာဉ်လိုင်းများ၏ ဈေးနှုန်းအတိုင်းပင် ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။

Elite Express မှပြေးဆွဲပေးမည့် ခရီးသည်တင်ယဉ်များကို ဧရာရွှေဝါ ကုမ္ပဏီမှ တင်သွင်းခြင်းဖြစ်ပြီး ဧရာရွှေဝါကုမ္ပဏီသည် ထူးကုမ္ပဏီအုပ်စု၏ အဖွဲ့ဝင် ကုမ္ပဏီတစ်ခုဖြစ်ကြောင်း သိရသည်။

## DV ဗီဇာပေါက်သည်ဟုဆိုကာ အီးမေးလ်ပို့ ငွေတောင်းခံသူများကို သတိပြုရန် သံရုံးသတင်းထုတ်ပြန်

**အေးမြကျော်**

**ရန်ကုန်၊ ဇန်နဝါရီ- ၂၇**


အမေရိကန်နိုင်ငံအစိုးရအနေဖြင့် အမေရိကန်နိုင်ငံတွင် အမြဲတမ်းနေထိုင်ခွင့်ဗီဇာ (DV ဗီဇာ) ပေါက်သူများစာရင်းကို ၂၀၁၁ ခုနှစ် မေလ ၁ ရက်မတိုင်မီအထိ ထုတ်ပြန်ကြေညာမည်မဟုတ်ဘဲ DV ပေါက်ကြောင်း အီးမေးလ်များလက်ခံရရှိပြီး ပိုက်ဆံပေးပို့ခိုင်းခြင်းများသည် အတုအယောင်များသာဖြစ် ကြောင်း ရန်ကုန်အခြေစိုက် အမေရိကန်သံရုံးက သတင်းထုတ်ပြန်သည်။

ယခုလတ်တလောတွင် အမေရိကန်အစိုးရမှပေးပို့သော အီးမေးလ်ပုံစံဖြင့်ပေးပို့ကာ အမြဲတမ်းနေထိုင်ခွင့်ဗီဇာပေါက်ကြောင်း အကြောင်းကြားပြီး ဗီဇာစုံစမ်းရန်နှင့် အခြားကိစ္စများအတွက် အမေရိကန်ဒေါ်လာများ ပေးပို့ရန်အကြောင်းကြားသည့် အကြောင်းအရာများ အီးမေးလ်တွင်ပါဝင်ကြောင်း ကိုယ်တိုင်ကြုံတွေ့ခဲ့ရသူတစ်ဦးက ပြောသည်။

“ဝက်ဘ်ဆိုက်တစ်ခုရဲ့ဘေးမှာ DV ဗီဇာဖောင်တစ်ခုတွေ့တော့ ဖြည့်လိုက်တယ်။ သုံးလလောက်ကြာတော့ အီးမေးလ်နဲ့ပေါက်တဲ့အကြောင်း အကြောင်းကြားစာရတယ်။ ပထမတော့ ဝမ်းသာသွားတာပေါ့။ နောက် နားလည်တဲ့သူတွေမေးကြည့်မှ အတုမှန်းသိတာ”ဟု DV ဗီဇာပေါက်ကြောင်း အီးမေးလ်အတုကို လက်ခံရရှိခဲ့သူ မြန်မာလူငယ်တစ်ဦးက 7Day News သို့ ပြောသည်။

အမေရိကန်သံရုံး၏ထုတ်ပြန်ချက်တွင် အမေရိကန်အစိုးရမှ DV ဗီဇာကို မေလ ၁ ရက်မတိုင်မီအထိ ထုတ်ပြန်ကြေညာမည်မဟုတ်ဘဲ အကယ်၍ ပေါက်ခဲ့လျှင်လည်း အီးမေးလ် သို့မဟုတ် စာတိုက်မှ

စာ(၃၀)သို့



7DAY NEWS JOURNAL
Vol.9, No.45 • FEBRUARY 3, 2011

# ထားဝယ်ရေနက်ဆိပ်ကမ်းတွင် တာဝန်ထမ်းဆောင်မည့် ထိုင်းအလုပ်သမားများကို မြန်မာစကားသင်ပေးရန်စီစဉ်

ပြည့်သိမ်း

ရန်ကုန်၊ ဇန်နဝါရီ - ၂၉

**ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းတွင် ထိုင်းနိုင်ငံသားများ လာရောက်အလုပ်လုပ်ရာ၌ ဘာသာစကားအခက်အခဲမရှိစေရန် ထိုင်းနိုင်ငံသားများကို မြန်မာဘာသာစကားသင်ယူရန် စီစဉ်နေကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှ အထွေထွေအတွင်း ရေးမှူးဒေါက်တာမောင်မောင်လေးကပြောသည်။**

ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းသည် ထိုင်းနိုင်ငံရှိ ရေနက်ဆိပ်ကမ်းများထက် ပိုမိုကြီးမားပြီး အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မည့် စီမံကိန်းဖြစ်သည်။ ထိုစီမံကိန်းတွင် မြန်မာနိုင်ငံမှ လုပ်သားများသာမက ထိုင်းနိုင်ငံသားများအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများစွာ ရရှိမည်ဖြစ်ကြောင်း စက်မှုဇုန်ဥက္ကဋ္ဌတစ်ဦးကရှင်းပြသည်။

"ထိုင်းကမြန်မာဘာသာစကားကို သင်ဖို့စီစဉ်နေတာကြာပြီ။ အခုနောက်ပိုင်းမှာ ဒီအစီအစဉ်တွေအကောင်အထည်ဖော်ဖို့ သူတို့ဘက်က တက္ကသိုလ်တွေကို ဦးဆောင်လုပ်နေကြတာပါ"ဟု ဒေါက်တာမောင်မောင်လေးက ရှင်းပြသည်။

လက်ရှိအချိန်တွင် မြန်မာဘာသာစကားသင်ယူရန်အတွက် ထိုင်းနိုင်ငံ ကန်ချနဘူရီရက်ဂျာဟတ်စ်တက္ကသိုလ်ကောင်စီမှ ဥက္ကဋ္ဌ Mr.Opha Kanchunavi Jaya ဦးဆောင်သည့် အဖွဲ့ဝင် ၁၇ ဦး ပါဝင်သော အဖွဲ့သည်ဇန်နဝါရီ ၂၇ ရက်တွင် UMFCCI မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ထိုတွေ့ဆုံဆွေးနွေးပွဲတွင် ဘာသာစကားသင်ကြားမှုအပြင် ယဉ်ကျေးမှုဖလှယ်ရေး၊ ထားဝယ်ဆိပ်ကမ်းအထူးစီးပွားရေး ဇုန်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ နှစ်နိုင်ငံအသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများဖွံ့ဖြိုးရေးစသည်တို့ကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

# ပိုလ်ချုပ်ဈေးမီး ဈေးသူ၊ ဈေးသားများကအချိန်မီ ထိန်းချုပ်နိုင်

အိဖြူလွင်

ရန်ကုန်၊ ဇန်နဝါရီ - ၂၇

၂၀၁၁ ခုနှစ်၏ ပထမဆုံး ဈေးမီးလောင်မှုအဖြစ် ဗိုလ်ချုပ်အောင်ဆန်းဈေးတွင် အသေးစားမီးလောင်မှုတစ်ခု ဇန်နဝါရီ ၂၆ရက် ညနေပိုင်းက ဖြစ်ပွားခဲ့သော်လည်း မီးသတ်ဆေးဘူးများဖြင့် ဝိုင်းဝန်းငြိမ်းသတ်နိုင်ခဲ့သည်။

ယခင် ၂၀၁၀ ပြည့်နှစ်၏ ပွင့်လင်းရာသီတစ်လျှောက်လုံးတွင် ဈေးကြီးများ မီးလောင်မှုများဆက်တိုက်ဖြစ်ပွားခဲ့ရာ ပျက်စီးဆုံးရှုံးမှုများများပြားခဲ့သော်လည်း ယခု ဗိုလ်ချုပ်အောင်ဆန်းဈေး မီးလောင်မှုတွင် အချိန်မီသိရှိခဲ့ခြင်းနှင့် မီးသတ်ဆေးဘူးများအလုံအလောက်ရှိ၍ ငြိမ်းသတ်နိုင်ခဲ့ခြင်းကြောင့် မီးငြိမ်းသွားခဲ့ခြင်း ဖြစ်သည်ဟုသိရသည်။

မီးလောင်မှုသည် အရှေ့အေ ရုံအပြင်ဘက်တန်းရှိ ဆိုင်အမှတ် (၁၂)၊ ကျောင်းဝတ်စုံရောင်းသည့် ဆိုင်တစ်ဆိုင်မှ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး အပေါ်ထပ်ဆိုင်ခန်းရှိ လေးပေမီးချောင်းနှစ်ချောင်းပူး၏ ချုပ်ကွိုင်အပူလွန်ကဲရာမှ စတင်လောင်ကျွမ်းခဲ့သည်ဟု မီးသတ်ဦးစီးဌာနမှသိရသည်။

မီးလောင်မှုဖြစ်သည်ဟု သိလျှင်သိချင်းတွင် ဈေးသူဈေးသားများကအရေးပေါ်မီးသတ်ဆေးဘူး များဖြင့် ငြိမ်းသတ်ခဲ့ရာ စုစုပေါင်း မီးသတ်ဆေးဘူးများ ၃၉ဘူးဖြင့် ငြိမ်းသတ်နိုင်ခဲ့ကြောင်းသိရသည်။

မီးကို အချိန်မီ ငြိမ်းသတ်နိုင်မှုကြောင့် အခြားဆိုင်များသို့ ကူးစက်မှုမရှိဘဲ ငြိမ်းသွားခဲ့သည်။ အကယ်၍သာ မီးမထိန်းနိုင်ခဲ့ပါက မီးသတ်ကားများရောက်လာသော်လည်း ကားဝင်ရန် ခက်ခဲမှုကြောင့် မင်္ဂလာဈေးမီးလောင်မှုကဲ့သို့ ပျက်စီးမှုများပြားနိုင်ကြောင်း အနီးရှိ ဈေးဆိုင်ခန်းရှင်တစ်ဦးက သူ၏အမြင်ကို ပြောသည်။

"ဖြစ်ဖြစ်ချင်းမှာ ကျွန်တော်တို့ အနီးအနားကဆိုင်တွေမှာ ယောကျ်ားလေးတွေ များများရှိတော့ အားလုံးရောက်လာကြပြီးတော့ ဆေးဘူးတွေနဲ့ဖျန်းတော့ မီးကငြိမ်းသွားပါတယ်။ ဆိုင်တွေကတော့ မီးငြိမ်းသွားတာ သိပြီး၊ အရမ်းကြီး ရုတ်ရုတ်သဲသဲဖြစ်မသွားဘူး"ဟု ဝင်ရောက်မီးငြိမ်းသတ်ခဲ့သူတစ်ဦးကပြောသည်။

အဆိုပါမီးလောင်မှုကို ရန်ကုန်တိုင်းမီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ် လေးစီး လာရောက်ငြိမ်းသတ်ခဲ့သည်ဟုသိရသည်။ မီးလောင်မှု စတင်ဖြစ်ပွားရာဆိုင်ကို ပုဒ်မ ၂၈၅(ပ) ၃၁/၁၁ ဖြင့် အရေးယူထားကြောင်းသိရသည်။




ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ဈေးသူဈေးသားများက မီးကိုအချိန်မီထိန်းချုပ်နိုင်ခဲ့ပြီးနောက် မီးလောင်သည့်ဈေးဆိုင်အနီးဝန်းကျင်ကိုတွေ့ရစဉ်။

## CRIME CORNER

### ခရီးသည်တင်ယာဉ်နှင့် ကိုယ်ပိုင်ယာဉ် မျက်နှာချင်းဆိုင် တိုက်မိ လူရှစ်ဦးဒဏ်ရာရ



သားကျော်

ရန်ကုန်၊ ဇန်နဝါရီ - ၂၇

မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်းမပေါ်တွင် ခရီးသည်တင်ယာဉ်တစ်စီးနှင့် ကိုယ်ပိုင်ယာဉ် တစ်စီးတို့ မျက်နှာချင်းဆိုင်တိုက်မိမှုကြောင့် ရှစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ဇန်နဝါရီ ၁၆ရက် ည၉နာရီ ၂၀မိနစ်အချိန်က ကမ္ဘာအေးဘုရားလမ်းအတိုင်း မြောက်မှတောင်သို့မောင်းနှင်လာသော အနောက်ပိုင်းခရိုင် အမှတ် ၁၀၃လိုင်းမှ ကင်တာအဖြူရောင် ခရီးသည်တင်ယာဉ်သည် အုတ်ပုံဆိပ်လမ်းဆုံအရောက် လက်ဝဲဘက်သို့ ချိုးကွေ့မောင်းနှင်စဉ် မျက်နှာချင်းဆိုင်မှ မောင်းနှင်လာသော ဆူဇူကီးပစ်ကပ်အဖြူရောင် ကိုယ်ပိုင်ယာဉ်နှင့် တိုက်မိခဲ့ခြင်းဖြစ်သည်။ မျက်နှာချင်းဆိုင်တိုက်မိမှုကြောင့် ကိုယ်ပိုင်ယာဉ်မောင်းနှင့် ယာဉ်ပေါ်ပါ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးခြောက်ဦးဒဏ်ရာရရှိခဲ့ပြီး မြောက်ဥက္ကလာပဆေးရုံကြီး၌ အတွင်း/ပြင်ပလူနာများအဖြစ် တင်ပို့ကုသခဲ့ရသည်။ အဆိုပါယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိမှုကို ယာဉ်မှုစစ်ရဲစခန်းက (ပ)၄၉/၁၁၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၈/၂၇၉အရ ခရီးသည်တင်ယာဉ်မောင်း အောင်ဇော်မင်းအား အမှုဖွင့်အရေးယူကာ စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

### ရွှေတောင်ကြားရှိအင်န်ဂျီအိုရုံးတစ်ခုတွင် အသေးစားမီးလောင်

ကျော်သီဟ

ရန်ကုန်၊ ဇန်နဝါရီ - ၂၆

ဗဟန်းမြို့နယ် ရွှေတောင်ကြားရပ်ကွက်ရှိ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့တစ်ခုဖြစ်သည့် နယ်စည်းမထားဆရာဝန်များအဖွဲ့ (ဟော်လန်)ရုံး၌ ယခုလ ၂၅ရက် နံနက်ပိုင်းက မီးလောင်ကျွမ်းမှုဖြစ်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်စဉ်မှာ အဆိုပါရုံးအတွင်း ကွန်တိန်နာအဟောင်း (ဂိုဒေါင်)အတွင်း ဓာတ်ဆီမှ မီးလောင်ကျွမ်းခဲ့ရာ မီးသတ်ဦးစီးဌာနမှ အုပ်ချုပ်ရေးယာဉ်လေးစီး၊ မီးသတ်ကားငါးစီးဖြင့် အဆိုပါမီးလောင်မှုအား နံနက်၁၀ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်ဟု သက်ဆိုင်ရာဌာနမှသိရှိရသည်။ ဆုံးရှုံးမှုတန်ဖိုးမှာ ကျပ်ငါးသောင်းခန့်ရှိပြီး၊ အဆိုပါမီးလောင်မှုနှင့်ပတ်သက်သည်ဆိုသော လုံခြုံရေးဝန်ထမ်းအား ဗဟန်းရဲစခန်းမှ ပ-၇၁/၂၀၁၁ ပုဒ်မ ၂၈၅ဖြင့် အရေးယူထားကြောင်းသိရှိရသည်။

# ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများ၏လိုင်စင်ကိုစတင်စစ်ဆေး

အောင်သူရ

ရန်ကုန်၊ ဇန်နဝါရီ - ၂၇

ပြည်ပနိုင်ငံများသို့ အလုပ်သွားရောက်လုပ်ကိုင်နိုင်ရန် ဝန်ဆောင်မှုပေးနေသော အေဂျင်စီများ၏လိုင်စင်အား သက်ဆိုင်ရာက ခေါ်ယူစစ်ဆေးနေကြောင်းသတင်းရရှိ သည်။

"အင်္ဂါနေ့(၂၅-၁-၂၀၁၁)က ရပ်ကွက်ဥက္ကဋ္ဌက ကုမ္ပဏီလိုင်စင်ယူလာခဲ့ပါလို့ပြောလို့ သွားပြပေးရတယ်။ မိတ္တူကိုတော့ ယူထားလိုက်တယ်"ဟု ကျောက်တံတားမြို့နယ်ရှိ ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထို့ကြောင့် ယခုရက်ပိုင်းမှစ၍ Services လိုင်စင်ဖြင့် ရုံးခန်းဖွင့်လှစ်လုပ်ကိုင်နေကြသော အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများမှာ ဆိုင်းဘုတ်ဖြုတ်ချထားခြင်းများ ပြုလုပ်လာကြကြောင်း သတင်းရရှိသည်။

"အချို့ကလည်း ကိုယ့်ဘာသာကိုယ်ဖြုတ်ကြတာ၊ အချို့ကတော့ သက်ဆိုင်ရာက ဖြုတ်ခိုင်းတာလို့ကြားတယ်"ဟု ကျောက်တံတားမြို့နယ်ရှိ ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ ပြည်ပနိုင်ငံများသို့ အကျိုးဆောင်ခယူ၍ အလုပ်သမားစေလွှတ်နေသူများထဲတွင် အချို့မှာ ဝန်ဆောင်မှုလိုင်စင်ရယူ၍ ပို့ဆောင်ပေးနေသူများရှိပြီး အချို့မှာ အလုပ်သမားဝန်ကြီးဌာနက Manpower လိုင်စင်ရယူ၍ ပို့ဆောင်ပေးနေသူများလည်းရှိသည်။

သက်ဆိုင်ရာက ထုတ်ပေးထားသော Services-ဝန်ဆောင်မှုကုမ္ပဏီများမှာ ဝန်ဆောင်မှုတစ်ဆယ့်နှစ်ခုလုပ်ဆောင်နိုင်သော်လည်း ပြည်ပနိုင်ငံသို့ အလုပ်သမားစေလွှတ်သောဝန်ဆောင်မှုအား ပြုလုပ်၍မရကြောင်းသတ်မှတ်ထားသည်။

သက်ဆိုင်ရာဝန်ကြီးဌာနသို့ ငွေကျပ်သိန်းငါးဆယ် စရန်ပေးသွင်း၍ လိုင်စင်ရယူထားသော ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ များသာ တရားဝင်အကျိုးဆောင်ခယူ၍ အလုပ်သမားစေလွှတ်နိုင်ပြီး ထိုလိုင်စင်ရယူထားသူများသည်ပင် ရုံးခွဲဖွင့်လှစ်ခွင့်မရကြောင်း ပြည်ပအလုပ်အကိုင်ရှာ ဖွေရေးအေဂျင်စီမှတာဝန်ရှိသူတစ်ဦးကပြောသည်။

သို့သော်လည်း ရုံးခန်းဖွင့်လှစ်၍ ငွေကြေးယူဆောင်ကာ ဆောင်ရွက်ပေးနေသူများထဲတွင် လိုင်စင်ရရှိထားသည့် ကုမ္ပဏီ၁၀၀ခန့်သာရှိပြီး၊ ကျန်၁၀၀ခန့်မှာ Services လိုင်စင်ရယူ၍ ဆိုင်းဘုတ်တင်ဖွင့်လှစ်လုပ်ကိုင်နေကြခြင်းဖြစ်ကြောင်းသိရှိရသည်။

မလေးရှားနိုင်ငံသို့ အလုပ်သွားရောက်လုပ်ကိုင်မည့် လုပ်သားများအား ပြည်ဝင်ခွင့်ဗီဇာအတုဖြင့် စေလွှတ်သည်ကိုတွေ့ရှိပြီးနောက် သက်ဆိုင်ရာမှ အေဂျင်စီများအား ဖမ်းဆီးခြင်းနှင့် လိုက်လံစစ်ဆေးခြင်းများ ပြုလုပ်လျက်ရှိသည်။


TRI
LIVES BRILLIANTLY


g
Giorenzo
COLLECTION
Men's & Ladies' Wears
WINTER FASHION
THE QUALITY OF DREAM

7DAY NEWS JOURNAL
Vol.9, No.45 • FEBRUARY 3, 2011

# အဝေးပြေးယာဉ်လိုင်းများ ယာဉ်တစ်စီးလျှင် ယာဉ်မောင်းနှစ်ဦးထားရှိရမည်ဟုဆို

**အားမာန်**

**ရန်ကုန်၊ ဇန်နဝါရီ-၂၉**

ယာဉ်မတော်တဆမှုများ ကင်းရှင်းရန် အဝေးခရီးသည်တင်ယာဉ်လိုင်းများကို ခရီးစဉ်များပြေးဆွဲရာတွင် “င” လိုင်စင်ကိုင်ဆောင်ထားသော ကျွမ်းကျင်ယာဉ်မောင်းနှစ်ဦး ထားရှိပြီး အလှည့်ကျ ပြောင်းလဲမောင်းနှင်ရန် ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(မထသ) က အကြောင်းကြားထားကြောင်း သတင်းရရှိသည်။



အဝေးပြေးခရီးသည်တင်ယာဉ်မောင်းတစ်ဦး အမြန်လမ်းမကြီးပေါ် မောင်းနှင်နေစဉ်။ ဓာတ်ပုံ- အားမာန်

ခရီးသွားများ အန္တရာယ်ကင်း ရှင်းစေရန်နှင့် ယာဉ်မတော်တဆမှုများ ကင်းရှင်းစေရန်အတွက် ယာဉ်လိုင်းများအနေဖြင့် ခရီးစဉ်တိုင်းတွင် “င”ယာဉ်မောင်းလိုင်စင် ကိုင်ဆောင်ထားသော ကျွမ်းကျင်ယာဉ်မောင်းနှစ်ဦးကို ခရီးလမ်းစဉ်တစ်လျှောက် အလှည့်ကျမောင်းနှင်စေရန်၊ သတ်မှတ်မြန်နှုန်းထက် ကျော်လွန်မောင်းနှင်ခြင်း မပြုရန်၊ ကားတာယာပန့်များ ကောင်းမွန်စေရန် မထသ(အဝေးပြေး)က ဇန်နဝါရီ ၁၃ ရက်စွဲဖြင့် ယာဉ်လိုင်းများသို့ အကြောင်းကြားထားကြောင်း ယာဉ်လိုင်းပိုင်ရှင်များက ပြောသည်။

၂၀၁၀ ဒီဇင်ဘာ ၃၀ ရက်က ဖြစ်ပွားခဲ့သော ရန်ကုန်၊ မန္တလေး ယာဉ်လိုင်းတစ်လိုင်း၏ မတော်တဆမှုကြောင့် ခရီးသည်လေးဦးသေဆုံးခဲ့ပြီး၊ လူများစွာ ဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ်ကြောင့် ယာဉ်မတော်တဆမှုများ လျော့ကျရန် အကြောင်းကြားခြင်း ဖြစ်နိုင်ကြောင်း ယာဉ်လိုင်းပိုင်ရှင်တစ်ဦးကလည်း ပြောသည်။

ထိုသို့ ယာဉ်မောင်းနှစ်ယောက်ထားရှိရန် အကြောင်းကြားသော်လည်း အဝေးပြေး ခရီးတင်ယာဉ်များအနေဖြင့် ခရီးတိုသည့် ခရီးစဉ်များတွင် ယာဉ်မောင်းနှစ်ဦး ထားရှိခြင်းမရှိဘဲ ယာဉ်မောင်းချိန် ၈ နာရီနှင့်အထက်ကြာမြင့်သော ခရီးစဉ်များတွင်သာ ထားရှိကြကြောင်းလည်း သတင်းရရှိသည်။ ကျွမ်းကျင်သူများ၏ အဆိုအရ ယာဉ်မောင်းတစ်ဦးမှာ ယာဉ်ကို ၂ နာရီထက်ပို၍ ဆက်တိုက်မမောင်းသင့်ဘဲ ၂ နာရီမောင်းပြီးတိုင်း ခဏအနားယူပြီးမှသာ ဆက်မောင်းသင့်သည်၊ ထို့အပြင် ယာဉ်မောင်းတစ်ဦးမှာ တစ်ရက်လျှင် ၈ နာရီထက်ပို၍ ယာဉ်မမောင်းသင့်ဟု ဆိုကြသည်။ သို့သော် မြန်မာနိုင်ငံမှ ယာဉ်မောင်းအများစုမှာ တစ်ရက်လျှင် ၈ နာရီထက်ပို၍ မောင်းနှင်နေကြကြောင်း သတင်းရရှိသည်။



တရုတ်နိုင်ငံသို့ အဓိကတင်ပို့ရသော ငါးရှဉ့်များကို အကြီးအသေးခွဲနေစဉ်။ ဓာတ်ပုံ- အောင်အောင်

# တရုတ်သို့ ရေထွက်ကုန်တင်ပို့ရာတွင် ပင်လယ်ရေကြောင်းကို ပိုမိုအသုံးပြုလာ

**သန်းဌေး**

**ရန်ကုန်၊ ဇန်နဝါရီ- ၂၅**

မြန်မာ့ရေထွက်ကုန်များ ပြည်ပသို့တင်ပို့ရောင်းချမှုပုံစံသည် ဈေးကွက်စီးပွားရေးစနစ်အရ ဝယ်သူနှင့်ရောင်းသူညှိနှိုင်းမှုအပေါ် မူတည်ပြီး ပြောင်းလဲလာနေကြောင်း ငါးလုပ်ငန်းဦးစီးဌာန ပြည်ပတင်ပို့ကုန်အရည်အသွေးစစ်ဆေးရေးဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“သဘော်ပေါ်အရောက် ရောင်းတဲ့ဈေးအစား နိုင်ငံအရောက်ရောင်းတဲ့ဈေးအထိ လျှော့ချပြီး ဈေးကွက်စီးပွားရေးစနစ်အရ လုပ်ငန်းရှင်အချင်းချင်းပြိုင်ဆိုင်လာတဲ့သဘောပဲ”ဟု သားငါးကဏ္ဍဆိုင်ရာလုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံပွဲတွင် ၎င်းကပြောသည်။

အကျိုးဆက်အားဖြင့်တရုတ်နိုင်ငံသို့ ရေထွက်ကုန်များ တင်ပို့ရာတွင်လည်း မူဆယ်နယ်စပ်ကုန်သွယ်ရေးဂိတ်မှ ကားဖြင့်တင်ပို့သည့်ပုံစံအစား အချို့လုပ်ငန်းရှင်များသည် မူဆယ်မှ မပို့တော့ဘဲ ကွန်တိန်နာများဖြင့် ပြောင်းလဲတင်ပို့မှုများရှိနေပြီဖြစ်ကြောင်း ၎င်းကပြောသည်။

“ဘော်ဒါ(နယ်စပ်)ကနေ တင်ပို့တဲ့အခါ ကုန်တင်ကားတွေကို ကုန်ချိန်သတ်မှတ်ချက်ကြောင့် အရင်က ကားတစ်စီးစာကို အခု သုံးစီးတင်ရတော့ ကုန်ကျစရိတ်တွေများလာလို့ ငါးလိပ်ခြောက်ဆို မူဆယ်ကမသွားဘဲ ကွန်တိန်နာနဲ့သွားဖို့ဈေးနှုန်းပြောင်းလျှောက်လာတာတွေ့ရပါတယ်”ဟု ၎င်းက ပြောသည်။

အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးအဖွဲ့ချုပ်မှပြဋ္ဌာန်းခဲ့သော အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုစည်းမျဉ်းစည်းကမ်းများ၊ အင်ကိုတမ်း(၁၉၉၀)အားဘာသာပြန်ခဲ့သူ သွင်းကုန်ထုတ်ကုန်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)ဦးရဲနိုင်က ကုန်သွယ်မှုပုံစံ ၁၃ မျိုးရှိကြောင်းပြောကြားသည်။

ဝယ်သူနိုင်ငံအရောက် ပို့ပေးရာတွင် ရောင်းသူက သဘော်ဖြင့် အရောက်ပို့ပေးခြင်း၊ နောက်ဆုံးဆိပ်ခံတံတားပေါ် အရောက်ပို့ပေးခြင်း၊ အကောက်ခွန်မကျခံဘဲ အရောက်ပို့ပေးခြင်းနှင့် အကောက်ခွန်ပါပေးဆောင်ပြီး ရောင်းသူက အရောက်ပို့ပေးခြင်း ဟူ၍လေးမျိုးရှိကြောင်းသိရသည်။

မြန်မာ့ရေထွက်ကုန်များ ပြည်ပသို့ တင်ပို့ရောင်းချရာတွင် မိမိဆိပ်ကမ်းရှိ သဘော်ပေါ်အရောက်ပို့ရန် တာဝန်ယူရောင်းချမှုများသာရှိနေသေးကြောင်း ပြည်ပတင်ပို့သူတစ်ဦးက ပြောသည်။

# ဓာတ်ဆီဈေး စတင်ကျဆင်း

**အောင်သူရ**

**ရန်ကုန်၊ ဇန်နဝါရီ- ၃၁**

ပြင်ပစက်သုံးဆီဈေး ဆက်တိုက်တက်ခဲ့သော ဓာတ်ဆီဈေးနှုန်းမှာ ဇန်နဝါရီလနောက်ဆုံးပတ်မှစတင် ဈေးကျဆင်းလာကြောင်း သတင်းရရှိသည်။



စက်သုံးဆီဆိုင်တွင် လောင်စာဝယ်ယူနေသော ကားများ။ ဓာတ်ပုံ- ဂျေမောင်မောင်(အမရပူရ)

ဇန်နဝါရီ နောက်ဆုံးပတ်တွင် တစ်ပီပါလျှင် ကျပ်တစ်သိန်းခြောက်သောင်း ငါးထောင်ဝန်းကျင်ရှိ ဈေးပေါက်ခဲ့သော ဓာတ်ဆီဈေးနှုန်းမှာ ဇန်နဝါရီလ နောက်ဆုံးပတ်မှစ၍ တစ်ပီပါလျှင် ကျပ်တစ်သောင်းထိ ဈေးကျလာခဲ့ကြောင်း ဈေးကွက်မှ စုံစမ်းသိရှိရသည်။

တစ်ဂါလန်လျှင် ၂၅၀၀ ကျပ်နှုန်းဖြင့် ပုဂ္ဂလိက စက်သုံးဆီဆိုင်များတွင် သတ်မှတ်၍ရောင်းချပေးနေသော ဓာတ်ဆီဈေးနှုန်းများအား ပြင်ပပေါက်ဈေးအတိုင်း လွတ်လပ်စွာ ရောင်းချခွင့်ပြုရန် သက်ဆိုင်ရာက စီစဉ်လျက်ရှိသည်ဟု သိရှိရသည်။

လက်ရှိ ပြင်ပဈေးကွက်တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၃၅၀၀ ဈေးပေါက်နေပြီး ယခုရက်ပိုင်းတွင် ပစ္စည်းပေါလာကြောင်း သတင်းရရှိသည်။

ယခုရက်ပိုင်းအတွင်း သက်ဆိုင်ရာက ဓာတ်ဆီကို ပြင်ပပေါက်ဈေးအတိုင်း နှုန်းရှင်ဖြင့် ရောင်းချခွင့်ပြုရန် စီစဉ်နေကြောင်း သတင်းများ ထွက်ပေါ်နေသည်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်ဖွင့်လှစ်ထားသော လုပ်ငန်းရှင်တစ်ဦးကလည်း ဓာတ်ဆီဆိုင်များတွင် ကားများ တန်းစီရသည့်ပြဿနာကို သက်ဆိုင်ရာက ဖြေရှင်းပေးရန်စီစဉ်နေကြောင်းသိရသည်။ သို့သော် ပုဂ္ဂလိကစက်သုံးဆီဆိုင်များသို့ ဓာတ်ဆီနှုန်းရှင်ဖြင့် ရောင်းချခွင့်ပြုမည်ဆိုသည်ကို ဇန်နဝါရီလ ၃၁ ရက်ထိ အကြောင်းကြားမှုမရှိသေးကြောင်း သိရသည်။

# ပြည်ပတင်ပို့ခွင့်ပြုသော ဆန်ပမာဏမှာ ထုတ်လုပ်မှု၊ စားသုံးမှုနှင့်ပိုလျှံမှုအပေါ်မူတည်၊ ပမာဏကန့်သတ်ထားခြင်းမရှိကြောင်း တာဝန်ရှိသူများပြောကြား

**ရန်ကုန်၊ ဇန်နဝါရီ - ၃၁**

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် လက်ကျန်ကာလတွင် ပြည်ပသို့ ဆန်တန်ချိန် မည်မျှတင်ပို့မည်ဆိုသည်ကို သတ်မှတ်ထားခြင်းမရှိကြောင်း တာဝန်ရှိသူများကပြောသည်။

ဇန်နဝါရီ ၁၀ ရက်က မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ဆန်စပါးလုပ်ငန်းအသင်းမှတာဝန်ရှိသူများ၊ ဆန်စပါးအထူးပြုကုမ္ပဏီများမှ တာဝန်ရှိသူများ ပြုလုပ်ခဲ့သည့် ဆန်စပါးထုတ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲတွင် ပြည်ပဆန်တင်ပို့ရေးကိုလည်း ဆွေးနွေးခဲ့သည်။ ထိုအစည်းအဝေး၌ ဘဏ္ဍာနှစ်လက်ကျန်ကာလတွင် ဆန်မည်မျှတင်ပို့မည်ဆိုသည်နှင့်ပတ်သက်ပြီး အဆိုပါအစည်းအဝေးသို့တက် ရောက်ခဲ့သည့် အထူးပြုကုမ္ပဏီများ၏ ပြည်တွင်းဈေးကွက်၊ ပြည်ပဈေးကွက်အခြေအနေများအရ ပြည်ပသို့ ချိတ်ဆက်ရောင်းချနိုင်မည့် Marketing Plan များကို ဆွေးနွေးခဲ့ကြောင်းသိရသည်။

၂၀၁၀ ခုနှစ်တွင် ရာသီဥတုဖောက်ပြန်မှုကြောင့် ယခင်နှစ်များကထက် ဒေသအချို့တွင် စပါးအထွက်ထိခိုက်မှု အထိုက်အလျောက်ရှိကြောင်းသိရသည်။ တစ်နှစ်ပတ်လုံး ပြည်ပသို့ ဆန်တင်ပို့ခွင့်ပုံမှန်ခွင့်ပြုခဲ့သော်လည်း ပို့ကုန်ရငွေတန်ဖိုးကျဆင်းမှု၊ ပြည်တွင်းနှင့် ပြည်ပဈေးအခြေအနေကြောင့် တင်ပို့လျှင် အမြတ်နည်းနိုင်သည့် အခြေအနေမျိုးကြောင့် ကုန်သည်များ၏ ဆန်တင်ပို့မှုလျော့နည်းခဲ့သည်။ သို့သော် ပို့ကုန်ရငွေအနည်းငယ်ပြန်မာလာခြင်း၊ ကမ္ဘာ့ဆန်ဈေးကွက်တွင် ဆန်ဈေးပိုကောင်းလာခြင်းတို့ကြောင့် ယခုလပိုင်းအတွင်း ဆန်ပြည်ပတင်ပို့မှု ပြန်များလာသည်။

လက်ရှိပြည်တွင်း၌ ဖြစ်ပေါ်နေသော ဆန်စပါးဈေးနှုန်းများမှာ စိုက်ပျိုးသူတောင်သူများနှင့် စားသုံးသူများအတွက် သင့်တင့်သော ဈေးနှုန်းဖြစ်ကြောင်း ပြည်တွင်းဆန်စပါးလုပ်ငန်းအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ ထို့ကြောင့် လာမည့်နွေစပါးစိုက်ပျိုးမှုမှာ လျော့ကျခြင်းမရှိကြောင်း ၎င်းကဆက်ပြောသည်။

မြန်မာနိုင်ငံ၏ ဆန်ပြည်ပတင်ပို့မှုမှာ ဆန်စပါးထွက်ရှိမှုအားလုံး၏ ၅ ရာခိုင်နှုန်းမှ ၇ ရာခိုင်နှုန်းအတွင်းသာရှိပြီး ၉၀ ရာခိုင်နှုန်းကျော်မှာ ပြည်တွင်း၌ စားသုံးခြင်းဖြစ်သည်။ ထို့ကြောင့် ဆန်ဈေးအတက်အကျမှာ ပြည်တွင်းဈေးကွက်ကသာ အဓိကဖြစ်ပြီး၊ ပြည်ပတင်ပို့မှုမှာ ဆန်ဈေးကွက်ကို များစွာမသက်ရောက်နိုင်ကြောင်း တာဝန်ရှိသူများကရှင်းပြသည်။

7 DAY NEWS JOURNAL
Vol.9, No.45 ▪ FEBRUARY 3, 2011

# ကြက်နှင့် ကြက်ထွက်ပစည်းအား မောင်တောနယ်စပ်သို့တင်ပို့မှု တားမြစ်

မောင်ကံ၊မောင်သန်းဝင်း

မောင်တော၊ ဇန်နဝါရီ - ၂၆



ဓာတ်ပုံ - လမင်းနိုင်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ စီးပွားဖြစ်မွေးမြူရေး ကြက်ခြံများတွင် အပြင်းစားကြက်ငှက်တုပ်ကွေးရောဂါကြောင့် ကြက်များ သေဆုံးမှုဖြစ်ပေါ်နေသောကြောင့် မောင်တောနယ်စပ်သို့ ကြက်နှင့် ကြက်ထွက်ပစ္စည်း(ကြက်ဥ)သယ်ယူခွင့်ကို တားမြစ်ထားကြောင်း သတင်းရရှိသည်။

"ကြက်သေတယ်လို့ကြားလို့ သက်ဆိုင်ရာက ဝင်ရောက်စစ်ဆေးတဲ့နေ့ကတည်းက ကြက်ဥသယ်ယူရောင်းချခွင့်ကို ပိတ်ထားတာပါ။ မောင်တောနယ်စပ်မှာ ရောင်းတဲ့ ကြက်ဥတွေက အားလုံး စစ်တွေက ကြက်ဥတွေပါ။ ဒီမှာတော့ လက်ကျန်ကြက်ဥတွေကို ရောင်းချနေတာတွေ့ရပါတယ်။ ကြက်ဥ ဈေးကတော့ တက်တည်းမတက်၊ ကျလည်းမကျငြိမ်နေပါတယ်"ဟု ကြက်ဥအရောင်းကိုယ်စားလှယ်တစ်ဦးကပြောသည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ မောင်တောခရိုင်မွေး/ကုဌာနကလည်း မောင်တောနယ်စပ်ဒေသမှ ဝင်ရောက်လာသည့် ကြက်နှင့် ကြက်ထွက်ပစ္စည်းများကို စိစစ်သွားမည်ဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်မှ ဝင်ရောက်မှုကိုလည်း တင်းကျပ်စွာ တားမြစ်ထားကြောင်း သိရသည်။

ထို့အပြင် ရောဂါကြိုတင်ကာကွယ်သည့်အနေဖြင့် စစ်တွေမြို့နယ်ဧရိယာဈေးများ အတွင်း ကြက်သား၊ ကြက်ဥရောင်းချခြင်းအား လုံးဝတားမြစ်ပိတ်ပင်ထားကြောင်းသိရသည်။ မောင်တောဘူးသီးတောင်ဒေသမှ ဥစားကြက်မွေးမြူရေးခြံလုပ်ငန်း လုပ်ကိုင်မှုမရှိသဖြင့် စစ်တွေဒေသမှ ဝင်ရောက်လာသော ဥစားကြက်ဥများကိုသာ ဝယ်ယူစားသုံးနေကြရသည်။ ယခုလက်ရှိအချိန်တွင် စစ်တွေမှ ကြက်ဥအဝင်မရှိသဖြင့် ကြက်ဥဈေးကွက်ပြတ်လပ်ကာ ဘဲဥတစ်လုံးကို ၂၅ဝကျပ်ထိဈေးပေါက်နေကြောင်းဒေသခံများက ပြောသည်။

"ဇန်နဝါရီလ ဒုတိယပတ်လောက်ကစပြီး စစ်တွေက ကြက်ဥလုံးဝအဝင်မရှိတော့ ဒေသတွင်း ကြက်ဥဈေးကွက်ပြတ်လပ်နေပြီး ဘဲဥတစ်လုံးကို ၁၅ဝ ကျပ် ကနေ ၂၅ဝ ကျပ်အထိ ဖြစ်နေတယ်။ ဒီမှာတော့ စစ်တွေက အပြင်းစားကြက်ငှက်တုပ်ကွေးရောဂါသတင်းကြောင့် ကြက်သားစားသုံးသူမရှိသလောက်နည်းပါးနေသလို ကြက်ဥတွေကိုလည်း လုံးဝမစားကြပါဘူး"ဟုမောင်တောမြို့ခံစားသောက်ဆိုင်လုပ်ငန်းရှင်တချို့က ပြောသည်။

# ယာဉ်တိုက်မှုဖြစ်သော ယာဉ်မောင်းများ၏ လိုင်စင်အား တိတိကျကျပိတ်သိမ်းတော့မည်ဟုဆို

သိမ့်သိမ့်စိုး

ရန်ကုန်၊ ဇန်နဝါရီ - ၂၂

ယာဉ်မောင်းများ ယာဉ်တိုက်မှုဖြစ်ပွားပါက ယာဉ်မောင်းလိုင်စင်ပိတ်သိမ်းမှုများကို တိကျသော သတ်မှတ်ချက်များဖြင့် သတ်မှတ်လိုက်ပြီဖြစ်ပြီး သက်တမ်းပြည့်မှသာ ပြန်လည်ထုတ်ယူနိုင်တော့မည် ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယာဉ်တိုက်မှုတစ်ခုဖြစ်ပွား၍ ဒဏ်ရာရရှိပါက အများဆုံးလေးနှစ်ထိ ယာဉ်မောင်းလိုင်စင် ပိတ်သိမ်းမည်ဖြစ်ပြီး သေဆုံးသူရှိပါက အများဆုံးငါးနှစ်ထိ ယာဉ်မောင်းလိုင်စင် ပိတ်သိမ်းသွားမည် ဖြစ်သည်။ "အရင်ကလည်း သတ်မှတ်ချက်တော့ရှိတယ်။ အခုလို တိတိကျကျသတ်မှတ်ချက်မရလို့ အခုလို လုပ်လိုက်တာ"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။ ထို့ပြင် ယခင်က လိုင်စင်ပိတ်သိမ်းပြီးပါက သက်တမ်းမပြည့်သေးသော်လည်း အကြောင်းအမျိုးမျိုးဖြင့် ပြန်လည်ထုတ်ယူနိုင်ခဲ့ကြောင်း သိရသည်။ သို့သော် လက်ရှိတွင် သက်တမ်းပြည့်မှသာ ပြန်လည်ထုတ်ယူနိုင်တော့မည်ဖြစ်သည်။ သက်တမ်းပြည့်၍ လိုင်စင်ပြန်လည်ထုတ်ယူလိုပါကလည်း ယာဉ်စည်းကမ်းရေးဖြေနှင့် ယာဉ်မောင်းပြခြင်းများဖြင့် ပြန်လည်စစ်ဆေးမှုလုပ်ပြီးမှသာ ထုတ်ပေးမည်ဖြစ်သည်။

# ပြည်ပသို့ ရာဘာ ဆက်တိုက်တင်ပို့နေရ

ပြည်သိမ်း

ရန်ကုန်၊ ဇန်နဝါရီ - ၂၇

ပြည်ပပို့ကုန်ရငွေတန်ဖိုး ကျဆင်းနေသော်လည်း ကမ္ဘာ့ဈေးကွက်တွင် ရာဘာဈေးကောင်းနေ၍ အဆက်မပြတ် တင်ပို့မှုနေရကြောင်း မြန်မာနိုင်ငံ ရာဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သတင်းရရှိသည်။

ကမ္ဘာ့ရာဘာအများဆုံး ထုတ်လုပ်သည့်နိုင်ငံများတွင် ရာသီဥတုကြောင့် ရာဘာအထွက်နှုန်းများ လျော့ကျခြင်း၊ စီးပွားရေးအကျပ်အတည်းကာလက ရာဘာဝယ်ယူမှုရပ်နားထားသော စက်ရုံများက ပြန်လည်ဝယ်ယူမှု ပြုလုပ်လာကြခြင်းတို့ကြောင့် ရာဘာဝယ်လိုအား မြင့်တက်လာပြီး ဈေးနှုန်းပါ တစ်ဟုန်ထိုးတက်လာသည်ဟု ရာဘာလုပ်ငန်းရှင်တစ်ဦးကပြောသည်။

ကမ္ဘာ့ရေနံဈေး မြင့်တက်ခြင်း၊ တရုတ်နိုင်ငံမှ အရန်ရာဘာများ လျော့နည်းသွားခြင်းတို့ကလည်း မြန်မာ့ရာဘာဈေး မြင့်တက်လာမှုကိုအထောက်အကူပြုသည်။ ပြည်တွင်းထုတ်လုပ်ရာဘာ ကုန်ကြမ်းများ၏ ၈ဝရာခိုင်နှုန်းမှာတရုတ်ဈေးကွက်သို့သာ အဓိကတင်ပို့နေရကြောင်းလည်း မြန်မာနိုင်ငံ စိုက်ပျိုးထုတ်လုပ်သူများ အသင်းမှ အတွင်းရေးမှူး ဦးခိုင်မြင့်ကရှင်းပြသည်။

"လက်ရှိရာဘာဈေးက လဆန်းပိုင်းကထက် နည်းနည်းပြန်ကျတယ်။ ဒီဇင်ဘာလနဲ့စာရင် အခုဈေးက တစ်ပေါင်ကို ကျပ်သုံးရာလောက်ဈေးပိုရတယ်"ဟု ရာဘာလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ယခုနှစ် ပြည်တွင်း၌ အအေးဓာတ်အနည်းငယ်ပိုခဲ့သဖြင့် ရာဘာအထွက်မှာ ယခင်နှစ်ကထက် ပိုကောင်းလာနိုင်ကြောင်း၊ နွေရာသီတွင် အပူချိန်မများပါက သတ်မှတ်တန်ချိန်ထက် ပိုမိုတင်ပို့နိုင်မည်ဖြစ်ကြောင်း ဦးခိုင်မြင့်ကရှင်းပြသည်။ စာ(၁၂)သို့



7 DAY NEWS JOURNAL
Vol.9, No.45 • FEBRUARY 3, 2011

# ထားဝယ်ကမ်းရိုးတန်းတစ်လျှောက် အပန်းဖြေစခန်းများကိုပါတည်ဆောက်မည်

ယုဇနကိုကို

ရန်ကုန်၊ဇန်နဝါရီ - ၂၆

တနင်္သာရီတိုင်းအတွင်းရှိ ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်း အကောင်အထည်ဖော်နေသည့် ကာလအတွင်းတွင်ပင် ယင်းထားဝယ်ကမ်းရိုးတန်း ဒေသတစ်လျှောက်၌ ပြည်တွင်းခရီးသွားလုပ်ငန်းမြှင့်တင်ရန်အတွက် ကမ္ဘာ့အဆင့်မီ အပန်းဖြေစခန်းကြီးများနှင့် ဖျော်ဖြေရေးစခန်းများကို တည်ဆောက်သွားမည်ဖြစ်ကြောင်း အဆိုပါစီမံကိန်းနှင့် ပတ်သတ်သည့် ပရောဂျက်များကို ရေးဆွဲသည့် စီမံကိန်းတာဝန်ရှိသူများထံမှ သတင်းရရှိသည်။



ယင်းကဲ့သို့ ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းနှင့် ယှဉ်တွဲတည်ဆောက်မည့်အဆိုပါကမ္ဘာ့အဆင့်မီ အပန်းဖြေစခန်းများနှင့် ဖျော်ဖြေရေးစခန်းများအား ထားဝယ်ကမ်းရိုးတန်းဒေသဖြစ်သည့် မောင်းမကန်ကမ်းခြေမှ ကမ်းရိုးတန်း၏ တောင်ဘက်အစွန်းဒေသဖြစ်သည့်ရှင်မော်ဒေသအထိကမ်းရိုးတန်းဒေသတစ်လျှောက် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံမှ စီးပွားရေးလုပ်ငန်းစုကြီးဖြစ်သည့် Italian-Thai Development Public Co.,Ltd တို့သဘောတူပူးပေါင်းဆောင်ရွက်မှုဖြစ်သည့် အဆိုပါအပန်းဖြေစခန်းများတည်ဆောက်မှုတွင် နိုင်ငံတကာမှအတွေ့အကြုံရှိသည့် ရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းများကိုပါ ဖိတ်ခေါ်ခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါထိုင်းကုမ္ပဏီ၏ သတင်းထုတ်ပြန်ချက်များတွင်ဖော်ပြထားသည်။

ယင်းကဲ့သို့ဆောင်ရွက်ရာတွင် အများသုံးနယ်မြေ (Public Areas)၊သီးသန့်အပန်းဖြေ စခန်းများ (Private Resorts)၊ ရေကြောင်းဆိုင်ရာ ဆက်စပ်ဖျော်ဖြေရေးစခန်းများ (Marinas & Business) ပါဝင်မည်ဖြစ်ကြောင်း အထက်ပါသတင်းထုတ်ပြန်ချက်များအရဆက်လက်သိရသည်။

ထားဝယ်ရေနက်စီမံကိန်းနှင့်အတူ ပူးတွဲတည်ဆောက်မည့် အဆိုပါ အပန်းဖြေစခန်း တည်ဆောက်မှုစီမံကိန်းသည် ပြည်တွင်း၏ ခရီးသွားလုပ်ငန်းမြှင့်တင်ခြင်းကဏ္ဍကိုအများဆုံးအထောက်အကူပြုလာစေမည်ဖြစ်ကြောင်း အဆိုပါထိုင်းနိုင်ငံကုမ္ပဏီဘက်မှ တာဝန်ရှိသူများကသုံးသပ်နေကြသည်ဟု အင်တာနက်သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါထားဝယ်ကမ်းရိုးတန်းဒေသတွင် ရေနက်ဆိပ်ကမ်းနှင့်အတူ အကောင်အထည်ဖော်မည့် ခရီးသွားမြှင့်တင်မှုလုပ်ငန်းအတွက် အပန်းဖြေစခန်းနှင့် ဖျော်ဖြေရေးစခန်းများတည်ဆောက်မှုလုပ်ငန်းအတွက် အစီအစဉ် ရေးဆွဲခြင်းလုပ်ငန်းကို ထိုဒေသ၏ အထူးအခွင့်အရေးရ ကုမ္ပဏီအဖွဲ့အစည်းတစ်ခုဖြစ်သည့် Concession Holding Company (CHC)က ရေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

## ထားဝယ်ရေနက်ဆိပ်ကမ်းအနီး ဝန်ထမ်းများအတွက် မြို့ပြစီမံကိန်းအကောင်အထည်ဖော်မည်

ယုဇနကိုကို

ရန်ကုန်၊ဇန်နဝါရီ - ၂၆

ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းဒေသတွင် အလုပ်လုပ်ကိုင်ကြမည့် ဝန်ထမ်းများနှင့် ၎င်းတို့၏မိသားစုများနေထိုင်ရန်အတွက် စုစုပေါင်းလူဦးရေ တစ်သိန်းနှစ်သောင်းကျော်နေထိုင်နိုင်မည့်မြို့ပြစီမံကိန်းကိုတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်းအဆိုပါစီမံကိန်းတွင်ပါဝင်သည့် သက်ဆိုင်ရာတာဝန်ရှိသူများထံမှ စုံစမ်းသိရှိရသည်။

အဆိုပါမြို့ပြအိမ်ရာစီမံကိန်းသည် ယင်းစက်မှုဇုန်အတွင်း အလုပ်လုပ်ကိုင်ကြသည့် ဝန်ထမ်းများအားလုံးအတွက်အကျုံးဝင်သည့် အိမ်ရာစီမံကိန်းဖြစ်ပြီး ဆောက်လုပ်မည့်အိမ်ရာယူနစ်အမျိုးအစားများအား ယူနစ်ပေါင်းတစ်သိန်းခြောက်သောင်းကျော်အထိ လျာထားပြီးဖြစ်ကြောင်းသတင်းရရှိသည်။

တစ်စတုရန်းကီလိုမီတာတွင် လုပ်သားအင်အားအရေအတွက် ငါးရာအလုပ်လုပ်ကိုင်နိုင်မည်ဟုဆိုသည့် ထိုအိမ်ရာစီမံကိန်းသည် စုစုပေါင်း အကျယ်အဝန်း ၂၅၀စတုရန်း ကီလိုမီတာရှိသည်။ ထို့အတွက် အိမ်ရာယူနစ်ပေါင်း ငါးသောင်းလိုအပ်ပြီး တစ်အိမ်လျှင် ပျမ်းမျှအားဖြင့် လူဦးရေနှစ်ဦးမှသုံးဦးအထိ နေထိုင်နိုင်မည်ဖြစ်သည်ဟု အထက်ပါတာဝန်ရှိသူများထံမှ ဆက်လက်သိရသည်။

အဆိုပါ ထားဝယ်စက်မှုဇုန် အိမ်ရာစီမံကိန်းတွင် တစ်ထပ်တိုက်လုံးချင်းအိမ်ရာပေါင်း ၉၀၀၊ နှစ်ထပ်တိုက်စီးပွားရေးအဆောက်အအုံပေါင်း ၁၅,၂၀၀ယူနစ်အထိ တည်ဆောက်နိုင်မည်ဖြစ်ကြောင်း အထက်ပါတာဝန်ရှိသူများကဆိုသည်။

ထို့အပြင် အခြားသောအထောက်အကူပြုအဆောက်အအုံများဖြစ်သည့် စီးပွားရေးဌာနများ၊ ပြဇာတ်ရုံများ၊ အားကစားခန်းများ၊ ပန်းခြံများ၊ ဘုတာရုံများ၊ ဈေးဆိုင်၊ စာသင်ကျောင်းနှင့် ဆေးရုံအစရှိသည့် အဆောက်အအုံများကိုပါထည့်သွင်းဆောက်လုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ မြန်မာနှင့်ထိုင်းနှစ်နိုင်ငံသဘောတူညီချက်ဖြင့် အကောင်အထည်ဖော်နေသည့် အဆိုပါထားဝယ်ရေနက်ဆိပ်ကမ်းနှင့်စက်မှုဇုန်စီမံကိန်းသည် စီမံကိန်းကာလဆယ်နှစ်အထိသတ်မှတ်ထားပြီး မြန်မာနိုင်ငံရှိအလုပ်သမားဦးရေသန်းနှင့်ချီကာ အလုပ်အကိုင်ရရှိစေမည့် အကြီးစားစီမံကိန်းကြီးတစ်ခုဖြစ်ကြောင်း အီတာလျံထိုင်း စီးပွားရေးကုမ္ပဏီမှတာဝန်ရှိသူများကဆိုသည်။ ထိုစီမံကိန်းကို အကောင်အထည်ဖော်ရန် ၂၀၁၀ နိုဝင်ဘာလဆန်းပိုင်းကစတင်ရန် နှစ်ဖက်တာဝန်ရှိသူများကသဘောတူလက်မှတ်ရေးထိုးခဲ့သည်။

# အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီက ကိုးရီးယားဘာသာသင်တန်းဖွင့်

ပြည်သိမ်း၊ ကျော်သီဟ

ရန်ကုန်၊

ဇန်နဝါရီ - ၂၇

ကိုရီးယားနိုင်ငံသို့ EPS (Employment Permit System) သွား ရောက်အလုပ်လုပ်ကိုင်မည့် အ လုပ်သမားများ အတွက် ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲဖြေဆိုနိုင်ရန် ကိုရီးယားဘာသာသင်တန်းကို စတင်ဖွင့်လှစ်နေပြီဖြစ်ကြောင်း အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှသတင်းရရှိသည်။

ကိုရီးယားနိုင်ငံသည် မြန်မာအလုပ်သမားများကို EPS စနစ်ဖြင့် ခေါ်ယူရာတွင် ကိုရီးယားဘာသာစကား၊ အရည်အချင်းစစ်စာမေးပွဲ KLT ကို ပထမဦးစွာစာမေးပွဲစစ်ဆေးရသည်။ ပထမစာမေးပွဲကို ၂၀၀၈ ခုနှစ် အောက်တိုဘာလကတစ်ကြိမ် စစ်ဆေးခဲ့ဖူးသည်။ ဒုတိယအကြိမ် စာမေးပွဲကို ၂၀၁၁ စက်တင်ဘာလတွင် စစ်ဆေးရန်ရှိကြောင်း သိရသည်။

"သင်တန်းကတော့ ၂၄ ရက်မှစဖွင့်တယ်။ တစ်သုတ်ကို သင်တန်းသား ၁၂၀ ခေါ်မယ်။သကြင်္န်မတိုင်တော့ နှစ်သုတ်ကနေသုံးသုတ်လောက် ဖွင့်နိုင်မယ်ထင်တယ်"ဟု အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးက ဆိုသည်။

ထို့အပြင် ယခုဖွင့်လှစ်မည့် သင်တန်းကို တက်ရောက်လိုသူများသည် ဦးစွာပထမဆေးစစ်သင့်ကြောင်း ဆေးအောင်မှ သင်တန်းတက်ဖို့ ပြုလုပ်သင့်ကြောင်း ကိုရီးယားဘာသာ သင်တန်းကြေးမှာ တစ်ဦးလျှင် ကျပ် ၁၃,၀၀၀ဖြစ်ကြောင်းသိရသည်။

ပထမ EPS-KLT စာမေးပွဲအောင်မြင်ထားသူများကိုရီးယားသို့ စေလွှတ်မှုသည် အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီက လွှဲပြောင်းပြီးအချိန်ကစ၍ အတွင်းလုပ်သားဦးရေ ၈၀၀ ကျော်ရှိသွားပြီဖြစ်ကြောင်း အဆိုပါဌာနမှထုတ်ပြန်သော စာရင်းဇယားများအရ သိရသည်။

၂၀၀၈ ခုနှစ်ပထမအကြိမ်စာမေးပွဲတွင် KLT စာမေးပွဲအောင်မြင်ထားသူများသည် ၃,၂၀၀ ကျော်ရှိသည်။ ထိုထဲတွင် သွားရောက်ရန်လူ ၁,၇၀၀ ကျော်ကျန်နေသေးပြီး ယခုနှစ်ဆန်းပိုင်းတွင် လူ၇၀၀ကျော်စေလွှတ်နိုင်ခဲ့သည်။ ယင်းကြောင့် စာမေးပွဲအောင်မြင်ပြီးကျန်ရှိသူဦးရေမှာ အနည်းငယ်သာရှိသည်။

ကိုရီးယားသို့မြန်မာလုပ်သားများသွားရောက်ရန် ဝန်ဆောင်မှုစရိတ်သည် ယခင်ကကျပ်ဆယ်သိန်းငါးထောင်သတ်မှတ်ထားသော်လည်း အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ ကတာဝန်ယူပြီးနောက်တွင် ကျပ်ရှစ်သိန်းသို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။



အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီတွင်ကြေညာထားသော ကိုရီးယားတွင်အလုပ်လုပ်ခွင့်ရသူများစာရင်းကို ကြည့်ရှုနေသူများ။

ဓာတ်ပုံ - အောင်အောင်



Life
7 DAY NEWS JOURNAL
Vol.9, No.45 • FEBRUARY 3, 2011

**ကွာလာလမ်ပူလေဆိပ်မှ မလေးရှားရဲငါးဦးစောင့်နေသည့် အခန်း အကျယ်ကြီးအတွင်း သူ့အား ဝင်ခိုင်းလိုက်ချိန်တွင် အဖြစ်မှန်ကို သူသိလိုက်သည်။ မလေးရှားသို့ အလုပ်လုပ်ရန်ထွက်ခဲ့သော စိုင်းဘသော်တစ်ယောက် မလေးရှားလေဆိပ်ရောက်ပြီး ပထမဆုံးသွားရသည့်နေရာမှာ အချုပ်ခန်းဖြစ်တော့သည်။**



ပြည်ပနိုင်ငံများသို့သွားရောက်ရန် နိုင်ငံကူးလက်မှတ် လျှောက်ထားသူနှင့် ၎င်းတို့၏မိတ်ဆွေများကို နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ရုံးရှေ့၌ တွေ့ရစဉ်။
ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# တွက်ကိန်းမှားသူများ

အားမာန်၊ အောင်သူရ

"မြန်မာနိုင်ငံမှာ တစ်ခါမှ အချုပ်မကျဖူးဘူး။ ဟိုရောက်မှ ကျဖူးတာ။ ကြားဖူးထားသလို အချုပ်ထဲရောက်ရင် တန်းစီးက ဆော်မှာ စိုးရိမ်မိတယ်။ ဒါပေမဲ့ မလုပ်ပါဘူး။ အဲဒီအချိန်မှာတော့ တော်တော်စိုးရိမ်မိတယ်"ဟု အသက် ၂၆နှစ်အရွယ်အောင်ပန်းမြို့နေ စိုင်းဘသော်ကသူ၏မလေးရှားအတွေ့အကြုံကိုဖွင့်ဟသည်။

မလေးရှားရှိအသိကုမ္ပဏီ၏ အစီအစဉ်ဖြင့် စိုင်းဘသော်မှာ အလည်အပတ်ဗီဇာဖြင့် သွား၍ အဆင်ပြေလျှင် အလုပ်လုပ်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ ဇန်နဝါရီ ၁၉ ရက် ညနေ၊ ရန်ကုန်လေဆိပ်မှအထွက်အဆင်ပြေသော်လည်း ကွာလာလမ်ပူလေဆိပ်၌သူ့ဒုက္ခတွေ့ပါတော့သည်။ ကျပ်ခုနစ်ထောင်တန် စတိုင်ပင်၊ တစ်ပတ်နွမ်းကုတ်အင်္ကျီ၊ နက်တိုင်တို့ဖြင့် အပေါ်ပိုင်းမှာအဆင်ပြေနေသော်လည်း ရှူးဖိနပ်မရှိ၍ Aerosoft ကွင်းထိုးဖိနပ်စီးထားသောသူ့ကို မလေးရှားလူဝင်မှုကြီးကြပ်မှု ဝန်ထမ်းတို့က ခြေဆုံးခေါင်းဆုံး ကြည့်ကာ လျှောင်ရယ်ရယ်၍ ရစ်တော့သည်။ အင်္ဂလိပ်လို ရေလည်စွာ မပြောတတ်၊ မလေးရှားလိုလည်း နားမလည်၊ ရှိုးမန်းနီး (Show Money) တစ်ပြားမှမပါ၊ မလေးရှားတွင် သွားရောက်မည့် လိပ်စာ မပြောနိုင်သည့်အဆုံးတွင် သူ့အား လေဆိပ်အချုပ်ထဲပို့ပါတော့သည်။

နောက်တစ်နေ့ညနေတွင် ရန်ကုန်ပြန်သည့် အဲအေးရှားလေယာဉ်ဖြင့် သူ့ကိုပြန်တင်ပေးလိုက်သည်။ ခြောက်လကျော် အချိန်ယူ၍ စီစဉ်ခဲ့သော ခရီးစဉ်အပြီး သူရခဲ့သည်မှာ မလေးရှား လူဝင်မှုကြီးကြပ်ရေးအရာရှိကထုတ်ပေးလိုက်သော စာရွက်နှစ်ရွက်သာ။ ထိုစာရွက်မှာ သူ့အား မလေးရှားနိုင်ငံသို့ ရာသက်ပန်ပြည်ဝင်ခွင့်ပိတ်လိုက်သောစာရွက်ပင်။

■

စတိုင်ဘောင်းဘီနှင့် ရှူးဖိနပ်တို့နှင့်ဝတ်စုံအပြည့်ဝတ်ထားသော အသားညိုညို ဆံပင်တိုတို အရပ်ခပ်ပြတ်ပြတ် အောင်ဝင်း(အမည်ပြောင်းထားပါသည်) တစ်ယောက်ရန်ကုန်လေဆိပ်တွင် ကြေကွဲနေသည်။ လေဆိပ်မှ တာဝန်ရှိသူများက မည်သည့်တိုက်နယ်တွင်နေသလဲဟူသောအမေးကို သူက "ကျွန်တော်တိုက်နဲ့ နေတာမဟုတ်ဘူး ထရံကာနဲ့နေတာ"ဟု အသက် ၂၆နှစ်အရွယ် ချောက်မြို့နယ်၊ တောင်စွန်းရွာဇာတိ အောင်ဝင်းက ပြန်ဖြေခဲ့သည်။

အောင်ဝင်းမှာလည်း မလေးရှားသို့ အလုပ်လုပ်ရန် အလည်အပတ်ဗီဇာဖြင့် သွားပြီး အဆင်မပြေ၍ ကွာလာလမ်ပူလေဆိပ်မှ တပ်ပြန်ခေါက်ခဲ့ရခြင်းဖြစ်သည်။

"ငွေ ၁၂ သိန်းလောက်ကုန်သွားတယ်။ ရှိုးမန်းနီဒေါ်လာ ၅၀၀ ကျော်ပါတယ်။ မေးတာတွေကို ပြန်မဖြေနိုင်လို့ ပြန်ပို့ခံလိုက်ရတာ။ အဲဒီငွေတွေကို အတိုးနဲ့ ယူခဲ့ရတာ"ဟု အောင်ဝင်းက သူ၏ မလေးရှားခရီးစဉ်ကို ရင်ဖွင့်ပြန်သည်။

စိုင်းဘသော်နှင့် အောင်ဝင်းတို့ နှစ်ဦးစလုံးမှာ ပြည်ပ အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီအမည်ခံ လုပ်ငန်းများ၏ အသုံးချခြင်းကိုခံခဲ့ရခြင်းဖြစ်သည်။ ထိုအဖြစ်မျိုးကြုံရသူမှာ သူတို့ နှစ်ဦးတည်းသာမကပါ။

မလေးရှားနိုင်ငံလူဝင်မှုကြီးကြပ်ရေးဌာနက ဇန်နဝါရီ ၁၁ ရက်မှစတင်၍၎င်းနိုင်ငံသို့လာရောက်သောမြန်မာနိုင်ငံသားများကို ပြည်ဝင်ခွင့် (ဗီဇာ)ပါမှသာ ဝင်ခွင့်ပြုသည်။ ထို့ကြောင့် ဗီဇာမပါဘဲအလုပ်သမားပို့ခဲ့သောအေဂျင်စီအတုနှင့်အေဂျင်စီ အချို့မှာ အလုပ်ခေါ်စာအစစ် မပြနိုင်သော အလုပ်သမားများကို ဗီဇာအတု ပြုလုပ်၍စေလွှတ်ပြန်သည်။

ဗီဇာအတုဖြင့် မလေးရှား သို့ သွားရောက်မိ၍ ပြန်လာရသော မြန်မာအလုပ်သမားများမှာ ဇန်နဝါရီလအတွင်းမှာပင် ၁၀၀ ဝန်းကျင်ရှိသည်။ ဗီဇာအတုကို စနစ်တကျစိစစ်နေသောအခါ အေဂျင်စီအချို့မှာ စိုင်းဘသော်နှင့် အောင်ဝင်းတို့ကဲ့သို့ အလုပ်သမားများကို အလည်အပတ်ဗီဇာဖြင့် သွားရောက်စေခြင်းဖြစ်သည်။ အလုပ်လုပ်ရန်မလေးရှားသို့ သွားရောက်သူများမှာ အလည်အပတ်ဗီဇာကိုရယူထားပါက တစ်လကျော်သည်နှင့် တရားမဝင်နေထိုင်သူဖြစ်သွားပြီး အချိန်မရွေး အဖမ်းခံရနိုင်သည်ကို မလေးရှားသွားလိုသူအများစု မသိကြ။ အချို့မှာ သိသော်လည်း ဂရုမစိုက်ကြပေ။

အလုပ်သမားများက မသိလျှင်လည်းအေဂျင်စီများအနေနှင့် အလည်အပတ်ဗီဇာဖြင့်မလေးရှားသို့လူပို့ခြင်းမျိုး လုံးဝမပြုလုပ်သင့်ကြောင်း ပြည်ပအလုပ်အကိုင်ဈေးကွက်ကျွမ်းကျင်သူတစ်ဦးက ပြောသည်။

"ကျွန်တော်တော့ ဘဝ ပျက်ပါပြီ။ ရှက်လွန်းလို့ ရွာလည်း မပြန်ချင်တော့ဘူး"ဟု ကြေကွဲစွာ ပြော၍ ရန်ကုန်လေဆိပ်မှ အရာရှိတစ်ဦးပေးလိုက်သော ကျပ် ၃,၀၀၀ ဖြင့် ရန်ကုန်မြို့ရှိ အသိ ဘုန်းကြီးထံသို့ အောင်ဝင်းတစ်ယောက် ထွက်သွားသည်။ ရွာရှိမိတ်ဆွေနှင့် ဆွေမျိုးအားလုံးကို နိုင်ငံခြားသို့ ထွက်သွားပြီဟုပြောထား၍ ယခုအခြေအနေမျိုးနှင့် သူ မပြန်လို။ အတိုးနှင့်ယူခဲ့သော ငွေများကို ပြန်ဆပ်ရမည့် အရေးအတွက်လည်း ကြံရာမရဖြစ်နေသည်။

စာ(၁၂)သို့





# ချစ်သူကို လက်ဆောင်ပေးဖို့ ကတ်လှလှလေးတွေရှိတဲ့နေရာ

အိဖြူလွင်

တစ်ကမ္ဘာလုံးက လူသားတွေအားလုံး မေတ္တာတရားတွေနဲ့ ပြည့်စုံနေဖို့ ငြိမ်းချမ်းတဲ့ကမ္ဘာကြီးမှာ ချစ်သူတွေအားလုံးလည်း ပြေလည်နေဖို့လိုပါတယ်။

မကြာခင် ရောက်လာတော့မယ့် ချစ်သူများနေ့လေးမှာလည်း ကိုယ်ချစ်ရတဲ့၊ တန်ဖိုးထားရတဲ့၊ မြတ်နိုးရတဲ့သူတွေကို အမှတ်တရ လက်ဆောင်တွေပေးရင်း သာယာတဲ့ကမ္ဘာကြီးဖြစ်အောင် ကူညီကြပါစို့လား။

ဒီတစ်ပတ် ဈေးဝယ်ထွက်မယ်ကဏ္ဍကနေ ညွှန်းချင်တဲ့ဆိုင်လေးက Hand Made ပြုလုပ်ထားတဲ့ ကတ်တွေချည်းပဲ သီးသန့် ရနိုင်တဲ့ဆိုင်လေးပါ။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ဒီဆိုင်လေးက ကတ်တွေနဲ့ ကိုယ်တန်ဖိုးထားရတဲ့သူတွေကို လက်ဆောင်ပေးဖြစ်ခဲ့မယ်ဆိုရင်တော့ "အရမ်းချစ်စရာကောင်းတဲ့ ကတ်လေးပါလား"လို့ ပြောခံရမှာ သေချာသလောက်ပါ။

ဒီဆိုင်မှာ ရနိုင်တဲ့ ကတ်တွေအားလုံးက Hand Made ကတ်တွေချည်းပဲလို့ ဒီဇိုင်းလေးတွေက ရိုးရှင်းလှပနေသလို ဆွဲဆောင်မှုလည်း အပြည့်ပါပဲ။ ကိုယ်တန်ဖိုးထားရသူကို ဘယ်သူနဲ့မှ မတူတဲ့ ကတ်လေးကိုမှ ပေးချင်တယ်ဆိုရင်လည်း အထူးသီးသန့်ကတ်မှာ လို့ရပါသေးတယ်နော်။

ချစ်စရာကောင်းတဲ့အရောင်ကလေးတွေနဲ့ ကတ်လေးတွေရဲ့ ဆွဲဆောင်မှုက လှပလွန်းတာကြောင့် ချစ်ရသူတွေကို ဝယ်ပေးချင်မိမှာ သေချာပါတယ်။

သီးသန့်ကတ်ကို မှာမယ်ဆိုရင် ကိုယ်ထည့်ချင်တဲ့စာတွေ၊ နာမည်တွေလည်းထည့်လို့ရပြီး ဘယ်သူနဲ့မှ မတူစေရတဲ့ ဒီဇိုင်းဆန်းလေးရမှာပါ။

အချိန်နည်းနည်းကြိုပြောရုံနဲ့ သီးသန့်ဒီဇိုင်းရနိုင်တဲ့ကတ်ရဲ့ ဈေးနှုန်းက ၅,၅၀၀ ကျပ်ကနေစတာဖြစ်ပြီး တခြားကတ်အသေးတွေရဲ့ ဈေးနှုန်းကတော့ ၅၀၀ ကျပ်ကနေစတာပါ။

ဒီကတ်လေးတွေကို ရနိုင်တဲ့ လိပ်စာက အမှတ် ၇၇/၃ ဒဂုံမြို့နယ်၊ ဗိုလ်ရာညွန့်လမ်း၊ ဖုန်း-၀၁-၇၃၀၄၅၄၈မှာပါလို့ လမ်းညွှန်ရင်း ပျော်ရွှင်စရာ Valentine's Day အတွက် ဆုတောင်းပေးလိုက်ပါတယ်နော်။

7 DAY NEWS JOURNAL
Vol.9, No.45 • FEBRUARY 3, 2011

# ဒူဘိုင်းရောက် မြန်မာများ ပထမဆုံးအကြိမ် စာပေဟောပြောပွဲ ကျင်းပမည်

**အောင်သူရ**

**ရန်ကုန်၊ ဇန်နဝါရီ - ၂၅**

ကမ္ဘာကျော် ဟိုတယ်ကြီးများ တည်ရှိရာ အာရပ်စော်ဘွားများ ပြည်ထောင်စု(UAE) ဒူဘိုင်းမြို့၌ ပထမဆုံးအကြိမ် မြန်မာစာပေဟောပြောပွဲအား မတ်လ ၂၂ ရက်နေ့တွင်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါစာပေဟောပြောပွဲတွင် ဆရာချစ်ဦးညိုက 'အမျိုးသားရေးကြိုးပမ်းကြပါတို့ဗမာ' ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ပြီး၊ ဆရာအော်ပီကျယ်က 'ပျော်ရာမှာမနေ တော်ရာမှာနေ' ခေါင်းစဉ်ဖြင့်ဟောပြောကြမည်ဖြစ်သည်။

ဟောပြောပွဲအား ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့တွင်နေထိုင်သော မြန်မာလူငယ်အများစုဖြင့် ဖွဲ့စည်းထားသည့် ကန္တာရဝသလူမှုရေးဆောင်အသင်းက ဦးဆောင်စီစဉ်ခြင်းဖြစ်သည်ဟုသိရသည်။

မြန်မာစာပေဟောပြောပွဲ ဖြစ်မြောက်ရေးအတွက် စုစုပေါင်းကုန်ကျစရိတ်မှာ မြန်မာကျပ်ငွေ သိန်းတစ်ရာဝန်းကျင်ကုန်ကျခဲ့သဖြင့်စာပေဟောပြောပွဲလာရောက်လိုပါက လက်မှတ်တစ်စောင်လျှင် ၃၀ ဒါရ်ဟမ် (၆၀၀၀ကျပ်) ဖြင့် ဝယ်ယူပြီး လာရောက်နိုင်ကြောင်း စီစဉ်ဆောင်ရွက်သူ လူငယ်တစ်ဦးကပြောသည်။

အဆိုပါ ကန္တာရဝသလူမှုရေးဆောင်အသင်းက ကြီးမှူး၍ မြန်မာနိုင်ငံမှ ထင်ရှားကျော်ကြားသော ဆရာတော်များအား ဖိတ်ကြားပြီး ဗုဒ္ဓတရားပွဲများကို ကျင်းပလေ့ရှိကာ ယူအေအီးနိုင်ငံရောက် မြန်မာနိုင်ငံသားများအချင်းချင်း လူမှုရေးကိစ္စများ အပြန်အလှန်ကူညီနိုင်ရန် ဖွဲ့စည်းထားသောအဖွဲ့ဖြစ်သည်ဟုသိရသည်။







လိုက်လံခွဲစာ ဂုဏ်ယူဝမ်းမြောက်ခြင်း

PEACE MYANMAR ELECTRIC CO.,LTD က

Global Certification Limited (UK) မှ ချီးမြှင့်သော နိုင်ငံတကာ အသိအမှတ်ပြုလက်မှတ်

" ISO 9001 - 2008 Quality Management System"

လက်မှတ်ရရှိခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အဆထက်တစ်ပိုး အောင်မြင်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

မြပန်းဝါ
ideas coming true

# PSA မြန်မာမိသားစုက စိန်ရတနာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ လှူဒါန်း

ရန်ကုန်၊ဇန်နဝါရီ၂၄

စင်ကာပူနိုင်ငံ ဆိပ်ကမ်းအာဏာပိုင်တွင် အလုပ်လုပ်လျက်ရှိကြသည့် PSA မြန်မာမိသားစုမှ ယခုလအတွက် အလှူငွေအား ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် လေ့လော်အင်း ကျေးရွာအနီးရှိ စိန်ရတနာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ 7 Day News အယ်ဒီတာအဖွဲ့မှ တစ်ဆင့်အလှူငွေကျပ် ၁၅သိန်းပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါ စိန်ရတနာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသည် ၂၀၀၃ ခုနှစ်တွင် စတင်ထူထောင်ခဲ့ခြင်းဖြစ်ပြီး လက်ရှိအချိန်တွင် သူငယ်တန်းမှ စတုတ္ထတန်းအထိကျောင်းသား ၉၂ ဦးကို ဆရာ၊ ဆရာမငါးဦးဖြင့် ပညာသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ကျောင်းရှိ ဆရာ၊ ဆရာမများ၏လစာနှင့်ကျောင်းအသုံးစရိတ်များအား ပုံမှန်အလှူရှင်များ၏ အလှူငွေများမှ သုံးစွဲလျက်ရှိသည်ဟု ကျောင်း၏ ဦးဆောင်ဆရာတော်အရှင်ဥတ္တရဝံသကပြောသည်။



ဓမ္မ

အသိတစ်လုံး အမြတ်ဆုံး တစ်လုံးသိ အကျိုးရှိ၏

## မြတ်သောတရားဖြင့် အသက်ရှည်ခြင်း . . .

မကောင်းမှုပြုသောသူသည် ဤဘဝ၌လည်း ပူပန်ဆင်းရဲရ၏။ နောင်ဘဝ၌လည်း ပူပန်ဆင်းရဲရ၏။ ငါသည် ယုတ်မာသော မကောင်းမှုကို ပြုမိချေပြီဟု နှလုံးမသာမယာ ပူပန်ဆင်းရဲရ၏။ ထိုသူသည် အပါယ်လေးပါးသို့ သွားရသည့်အခါ သာ၍ပင်ပူပန်ဆင်းရဲရ၏။ (ဓမ္မပဒ-၁၇)

နတ်ချမ်းသာ၊ ဈာန်သမာပတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာကို မိခင်သည်လည်း မပေးနိုင်၊ ဖခင်သည်လည်း မပေးနိုင်၊ ဆွေမျိုးတို့သည်လည်း မပေးနိုင်။ ကောင်းစွာစောင့်ရှောက်ဆောက်တည်အပ်သော စိတ်သည်သာလျှင် မိဘဆွေမျိုးထက် ပိုလွန်၍ လူ၊ နတ်၊ နိဗ္ဗာန်သုံးတန်သောချမ်းသာကိုပေးနိုင်၏။ (ဓမ္မပဒ-၄၃)

တောင်ဇလပ်ပန်း၊ စန္ဒကူးပန်းတို့၏အနံ့သည် အနည်းငယ်မျှသာဖြစ်၏။ သီလရှိသောသူတို့၏ သတင်းရနံ့သည် ထူးကဲလွန်မြတ် သူဖြစ်၍ နတ်ပြည်၊ ဗြဟ္မာပြည်တို့၌လည်း ပျံ့နှံ့ကြိုင်လှိုင်၏။ (ဓမ္မပဒ-၅၆)

အိပ်မပျော်သောသူအတွက် ညတာရှည်၏။ ခရီးပန်းသောသူအတွက် ယူဇနာခရီးသည်ရှည်၏။ သူတော်ကောင်းတရားကို မသိကုန်သော လူမိုက်တို့အတွက် သံသရာသည် ရှည်ကြာ၏။ (ဓမ္မပဒ-၆၀)

ရည်ညွှန်း - "ဓမ္မပဒ" ကမ္ဘာ့သာသနပြု သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တသေဋ္ဌိလဘိဝံသ(၁၈၉၆ - ၁၉၉၇)



# ကြီးကျယ်သောဘဝ ခမ်းနားသောပန်းချီ



ဥက္ကာကိုကို

**ပြခန်းအတွင်း ဝင်လိုက်သည်နှင့် ပြတိုက်ငယ်တစ်ခုသို့ ရောက်သွားသကဲ့သို့ ခံစားကြရသည်။ နံရံများပေါ်တွင် မြန်မာ့ကျက်သရေဆောင် နာမည်ကျော်ပုဂ္ဂိုလ်အချို့က ခန့်ညားစွာ နေရာယူထားသည်။**

သူတို့အထဲမှာ စွန့်ဦးတီထွင်သူတွေ၊ အနုပညာတေးပြုဆရာတွေ၊ နိုင်ငံ့ခေါင်းဆောင်တွေ၊ စာရေးဆရာ၊ သမိုင်းပညာရှင်၊ ခေတ်စမ်းစာဆို၊ ကာတွန်းဆရာတွေ၊ အဆိုတော်တွေ၊ ပန်းချီဆရာတွေ ပါဝင်သည်။ ဇာတ်မင်းသားနှင့် ဆိုင်းဆရာလည်း ပါဝင်ကြသည်။

ပြခန်းဝတွင် မြင်ရသည်က ဗုဒ္ဓပန်းချီ။ တွေ့နေကျ ဗုဒ္ဓပုံတော်များနှင့် ကွဲပြားနေသည်။ တစ်ဖက်တွင်တော့ မြန်မာအမျိုးသားခေါင်းဆောင်ကြီး၏ သခင်အောင်ဆန်းကို ပုံဖော်ထားသည်။ ဆံပင်ဖရိုဖရဲ၊ တိုက်ပုံအပြဲနှင့် ပါးချောင် အနည်းငယ်ကျနေသော သခင်အောင်ဆန်း၏ နောက်ဘက်တွင် အဖြူရောင်ဖြင့် ဖြူစင်သောအတွင်း အဇ္ဈတ္တစိတ်နေသဘောထားဘဝကို တင်ပြထားပြီး ရှေ့ဘက်တွင်တော့ ကြမ်းတမ်းခက်ခဲသော၊ ရဲဝံ့ပြတ်သားသော မျိုးချစ်စိတ် ပြင်းထန်လှသော နိုင်ငံရေးသမားဘဝကို အနီရောင်ဖြင့် ရေးခြစ်တင်ပြသည်။

POP-Art အမျိုးအစားဟု သတ်မှတ်နိုင်သည့် ပုံတူပန်းချီများကို ကျွမ်းကျင်ပိုင်နိုင်စွာ ရေးဆွဲပြသခဲ့သူက ကာတွန်းဆရာ၊ သရုပ်ဖော်ဆရာဝင်းကိုပင်ဖြစ်သည်။ အနုပညာဖြတ်သန်းမှု အနှစ် ၂၀ ကျော်အတွင်း သူ့ရဲ့ ပထမဆုံး ပန်းချီပြပွဲလေးကို သေသပ်စွာဖြင့် ယခုလ ၂၆ရက်မှ ၃၀ရက်အထိ ရန်ကုန်မြို့ လောကနတ်ပန်းချီပြခန်းတွင် တစ်ကိုယ်တော်ပြသခဲ့ခြင်းဖြစ်သည်။

သရုပ်မှန်ပုံတူတွေနှင့် ကွဲပြားနေတာက သူ့ပန်းချီပြပွဲ၏ ထူးခြားချက်ဖြစ်သည်။ ရေးဆွဲလိုက်သော ပုံတူတစ်ခုချင်းစီမှာ သူတို့၏ ဘဝဖြတ်သန်းမှုပုံရိပ်ကိုပါ အနည်းငယ်ဖမ်းဆုပ်ထည့်သွင်းနိုင်ခဲ့သော ပန်းချီကားတွေကိုတွေ့ခဲ့ရသည်။

"ပထမဆုံးပြပွဲဖြစ်တဲ့အတွက် သူများထက်နည်းနည်းတော့ သာရမယ်ဆိုတဲ့အတ္တလည်းပါတယ်" ဟု ကိုဝင်းကိုကပြောသည်။

ယခုပြပွဲကို စလုပ်စဉ်က မြန်မာလူကျော်-၁၀၀ ဟူ၍ ပန်းချီကား ၁၀၀ ပြည့်အောင် ရေးဆွဲခြင်းဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ၅၁ ကားသာ ပြသနိုင်ခဲ့ကြောင်းသိရသည်။ ထို့ကြောင့် သူစံနမူနာထားရသော ပုဂ္ဂိုလ်များကိုသာ ရွေးချယ်ပြသဖြစ်ခဲ့သည်ဟုဆိုသည်။

မြန်မာကျော်ပုဂ္ဂိုလ်တို့၏ အစတွင် ပန်းချီဆရာကြီးပေါ်ဦးသက်၏ပုံကို ကယ်ရီကေးချားနည်းဖြင့် ရေးဆွဲထားတာကိုတွေ့ရသည်။

"အစက ကယ်ရီကေးချားတွေပဲ ဆွဲမယ်ဆိုပြီး စတည်ထားတာ။ ဒါပေမဲ့ ခု ဆွဲလိုက်တဲ့သူတွေက ကွယ်လွန်ပြီး လူတွေဖြစ်တဲ့အတွက် တချို့တွေကမမြင်ဖူးကြတာ ရှိမယ်။ ကျွန်တော်က ကယ်ရီကေးချားနဲ့ ထပ်ဖျက်လိုက်ရင် ပိုတောင်မမှတ်မိတော့ဘူးဖြစ်သွားမှာ"ဟု ကိုဝင်းကိုကရှင်းပြသည်။

ယခုပွဲကို စမကျင်းပမီက ပုံစံအမျိုးမျိုး၊ နည်းစနစ်အမျိုးမျိုး စဉ်းစားတွေးတောတည်ထားခဲ့သည်ဟုသိရသည်။ ကယ်ရီကေးချား၊ သစ်ထွင်းပန်းချီနှင့် အခြားနည်းစနစ်များကိုပါ စဉ်းစားခဲ့ရာမှ နောက်ဆုံးတွင် ပုံတူကို လက်ဖြင့်ဆွဲပြီး အရောင်သွင်းသောနည်းဖြင့်သာ ရေးဆွဲဖြစ်ခဲ့သည်ဟု သူက ပြောပြသည်။

"အရောင်သုတ်ပြီး Tone လေး နည်းနည်းခွဲလိုက်တယ်။ သရုပ်မှန်က တစ်သက်လုံးရေးလာတာဆိုတော့ မရေးချင်တော့ဘူး။ ပန်းချီက သူလို ကိုယ်လိုရေးနေကြတာပဲလေ။ ကိုယ်လုပ်နိုင်တဲ့ဟာကိုပဲ လုပ်တာပေါ့"ဟု ကိုဝင်းကိုကပြောသည်။

ပြပွဲတွင် ရောင်စုံပုံတူကား ၄၁ ကားကို အခရိုင်းလစ်နှင့် ရေးဆွဲထားပြီး ခဲခြစ်ပုံတူ ၁၀ ကားကိုတော့ လင်ကွန်း၊ မင်ဒဲလား၊ ဝင်စတန်ချာချီ၊ လီကွမ်ယူ၊ ကက်စထရို၊ မော်စီတုံး၊ ကားလ်မတ်ခ်၊ ဂေါ်ဘာချော့၊ ကင်ဂျုံအီ၊ ဟစ်တလာတို့ကို ခပ်ပါးပါးခြယ်မှုန်းထားသည်။

အခရိုင်းလစ်ဖြင့် ကင်းဗတ်စ်ပေါ်တွင် ရေးဆွဲထားသော နှစ်ပေ×နှစ်ပေခွဲအရွယ် ပန်းချီကားများမှာ ဗုဒ္ဓဘုရားရှင်၊ ပေါ်ဦးသက်၊ ဦးအောင်စိုး၊ ဦးဘကလေး၊ ဦးဘဂျမ်း၊ ခင်ဝမ်း၊ ထူးအိမ်သင်၊ မောင်ချောနွယ်၊ တွံတေးသိန်းတန်၊ ဒေါက်တာရှောလူး၊ မအေးမိ၊ ဒေါ်မေရှင်၊ သခင်အောင်ဆန်း၊ ကနောင်မင်းသားကြီး၊ ယောမင်းကြီး ဦးဘိုးလှိုင်၊ မြို့မငြိမ်း၊ ဝိုင်အမ်ဘီ သခင်တင်၊ ဂျာနယ်ကျော်ဦးချစ်မောင်၊ လူထုဦးလှ၊ ဒေါက်တာ သန်းထွန်း၊ ပီမိုးနင်း၊ သခင်ဘသောင်း၊ မဟာဆွေ၊ သိန်းဖေမြင့်၊ မြသန်းတင့်၊ လူထုဒေါ်အမာ၊ ဂျိန်းစ်လှကျော်ဦးဖေမောင်တင်၊ ဇော်ဂျီ၊ မင်းသုဝဏ်၊ သိပ္ပံမောင်ဝ၊ ဦးညီပု၊ ဦးဖိုးစိန်၊ စိန်ဗေဒါ၊ စိန်ကတုံး၊ ဂန္ဓီ၊ မာသာထရီဆာ၊ ဦးသန့်၊ သခင်ကိုယ်တော်မှိုင်းစသော ပုဂ္ဂိုလ်တို့ဖြစ်သည်။

"၃၆ နာရီ နှစ်ကားနှုန်းနဲ့ ရေးခဲ့ရတယ်။ ၃၈ ကားလောက်က နှစ်လအတွင်း အပြီးဆွဲတာပါ။ ဗုဒ္ဓပန်းချီကားကတင် ခြောက်လလောက်ကြာတယ်။ နောက်ခံလေး ရောင်ပြောင်းရတယ်။ ဗိုလ်ချုပ်ကားလည်း ကြာတယ်"ဟု ကိုဝင်းကိုက ရေးဆွဲရမှုကိုရှင်းပြသည်။

ပုံတူပန်းချီများပြပွဲကို 'Life Images'ဟု အမည်ပေးထားပြီး လွန်ခဲ့သည့်သုံးနှစ်ခန့်ကတည်းက လုပ်ချင်စိတ်ကို အကောင်အထည်ဖော်ရန်ကြိုးစားရင်း မိတ်ဆွေအချို့၏ ကူညီမှုများနှင့် အကြောင်းတိုက်ဆိုင်၍ လုပ်ဖြစ်သွားတာဖြစ်ကြောင်းသိရသည်။

ပန်းချီနှင့် ကာတွန်းဝင်းကိုမှာ ၁၉၈၇-၈၈ တွင် မန္တလေးပန်းချီပန်းပုကျောင်းတွင် ပန်းချီပညာသင်ကြားခဲ့ပြီး လက်ဦးဆရာများမှာ မူလတန်းအရွယ်က မြင်ဆရာ ပန်းချီရွှေစိုးဟန်၊ ပန်းချီကျောင်းတွင် ဦးတင်အေး၊ ဦးဇော်ဝင်း (သစ်ထွင်း)၊ ဦးခင်မောင်စန်း၊ ဦးမာလာတို့ဖြစ်ကြပြီး ကျန်တစ်လျှောက်လုံးတွင် လေ့လာမှုများဖြင့်သင်ကြားခဲ့သည်ဟုသိရသည်။

၁၉၉၉ ခုနှစ်တွင် ရန်ကုန်သို့ စရောက်ခဲ့ပြီး ကာတွန်းဆွဲချင်စိတ်ကြောင့် တက်လာခြင်းဖြစ်ကာ မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ ကူမဲဇာတိဖြစ်သည်။ ရန်ကုန်တွင် ဂျာနယ်၊ မဂ္ဂဇင်းများ၌ ကာတွန်းနှင့် သရုပ်ဖော်ပုံများ ရေးဆွဲရင်း ရပ်တည်လာတာ ၁၁ နှစ်ရှိသွားပြီဟုသိရသည်။

"သရုပ်ဖော်သမားဆိုတော့ အစုံရေးနေရတာပဲ။ လက်နဲ့ ရေးလို့ရတဲ့ဟာဆို ဘယ်နေရာ တွန်းပို့ပို့လုပ်တယ်။ မဂ္ဂဇင်းပန်းချီဆရာဆိုတာက အစုံရေးတတ်မှ ဖြစ်တာ"ဟု သူကပြောသည်။

ပန်းချီနည်းစနစ်များအရလည်း အကုန်လုံးကို ရေးဆွဲဖြစ်နေပြီး ကိုယ်ပိုင်ဟန်လိုင်းတစ်လိုင်းရရှိရန် ကြိုးစားရေးဆွဲနေဆဲဖြစ်သည်ဟုသိရသည်။

'Life Images' ပုံတူပန်းချီပြပွဲ၏ ရည်ရွယ်ချက်မှာ ကိုဝင်းကို စံပြထားသော ရိုးလ်မော်ဒယ်များကို အဓိကရေးဆွဲပြတာဖြစ်ပြီး သူလိုချင် ဖြစ်ချင်သည့် ပုဂ္ဂိုလ်တို့၏ဘဝကို တင်စားရည်မှန်းရေးဆွဲပြတာပင်ဖြစ်သည်ဟု သူ့အပြောအရသိရသည်။

သူ့မှာ ရေးဆွဲစရာ စံပြပုဂ္ဂိုလ်တွေ တစ်ပုံတစ်ပင်ကြီးကျန်နေသေးသည်။ အချိန်မီဖြစ်မြောက်အောင်ပြသရသည့်အတွက် အားမလိုအားမရဖြစ်နေဟန်လည်းရှိသည်။ 'Life Images'ဆိုသည့် ခေါင်းစဉ်အောက်မှာ ယခုပြသမှုနှင့် မပြည့်စုံသေးဟု သူကယူဆသည်။

"လူတစ်ရာ ပြည့်အောင်ထပ်ဆွဲပြီး နောက်တစ်ပွဲလုပ်မယ်"ဟု ပန်းချီနှင့်ကာတွန်းဝင်းကိုက ခိုင်မာစွာ သန္နိဋ္ဌာန်ချလေသည်။

7DAY NEWS JOURNAL
Vol.9, No.45 • FEBRUARY 3, 2011

## ၂၀၁၀ ခုနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးတွင် ယာဉ်တိုက်မှုကြောင့် ၁၇၅ ဦး သေဆုံး

**အိဖြူလွင်**

**ရန်ကုန်၊ ဇန်နဝါရီ – ၂၈**
ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်အတွင်းတွင် ပြီးခဲ့သောနှစ်အတွင်း၌ ယာဉ်မတော်တဆမှုပေါင်း ၇၉၅ မှုဖြစ်ပွားခဲ့၍ ၂၀၀၉ ခုနှစ်ထက် ၆၉မှု လျော့ကျသွားခဲ့သည်ဟု ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံးမှထုတ်ပြန်သောစာရင်းများအရ သိရသည်။

စာရင်းဇယားများအရ ၂၀၁၀ ပြည့်နှစ်အတွင်း ဖြစ်ပွားခဲ့သော ယာဉ်တိုက်မှုကြောင့် သေဆုံးသူအရေအတွက်မှာလည်း လျော့ကျခဲ့သည်။ တစ်နှစ်တာကာလအတွင်း သေဆုံးသူ ၁၇၅ဦးနှင့် ဒဏ်ရာရသူဦးရေ ၁,၂၅၁ဦးရှိခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် ယာဉ်မတော်တဆမှုပေါင်း ၈၆၄မှုဖြစ်ပွားခဲ့ပြီး၊ သေဆုံးသူ ၂၀၆ ဦးရှိခဲ့သည်။ ထို့ကြောင့် ၂၀၀၉ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ယာဉ်တိုက်မှုမှာ ၂၀၁၀ ထက်ပိုများသည်။

ယာဉ်မတော်တဆမှုများတွင် ဆိုင်ကယ်တိုက်မှုများလည်းပါဝင်ရာ ဆိုင်ကယ်မတော်တဆမှုအရေအတွက်မှာ ၄၄ မှုထိရှိခဲ့ကြောင်း သိရသည်။

## ရွှေဂုံတိုင်လမ်းဆုံ ယာဉ်တိုက်မှုကြောင့် လျှပ်စစ်မီးဆိုင်းအရောင်းဆိုင် ကျပ်သိန်း ၂၅၀ကျော်ဖိုး ပျက်စီး

**သန်းဌေး**

**ရန်ကုန်၊ ဇန်နဝါရီ – ၂၆**

ရွှေဂုံတိုင်မီးပွိုင့်တွင် ဇန်နဝါရီ ၂၄ ရက်က ဘီအမ်ကားမှ ကားလေး စီးဆင့်တိုက်ပြီး မီးဆိုင်းနှင့် မီးပန်းများ ရောင်းသည့်ဆိုင်အား ဝင်တိုက်ခဲ့ခြင်းကြောင့် အဆိုပါဆိုင်မှာကျပ်သိန်း ၂၅၀ကျော် ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။



ယာဉ်တိုက်မှုကြောင့် လူ ၁၀ ဦးမှာလည်း ဒဏ်ရာရရှိခဲ့သည်။ "ယ"ယာဉ်လိုင်း ကြို/ပို့ ဘီအမ်ဟီးနိုကားမှာ ဘရိတ်ပိုက်ပေါက်ပြီး ယာဉ်လေးစီးအား ဆင့်ကဲတိုက်ကာ စူပါပါဝါလျှပ်စစ်မီးဆိုင်း အရောင်းဆိုင်ကိုပါ ဝင်တိုက်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အဆိုပါယာဉ်မောင်းနှင့် ယာဉ်အား ဥပဒေအရ အရေးယူပေးရန် သက်ဆိုင်ရာ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့အား မန်နေဂျာဦးအောင်အေးက ဇန်နဝါရီ ၂၄ရက်တွင် စာဖြင့် တိုင်ကြားထားကြောင်း စုံစမ်းသိရှိရသည်။

အခင်းဖြစ်ပွားစဉ် ယာဉ်မောင်းမှာ ထွက်ပြေးသွားခဲ့ပြီး ဇန်နဝါရီ ၂၅ရက်နေ့တွင် ဖမ်းဆီးရမိပြီး စစ်ဆေးလျက်ရှိသည်။ ယာဉ်မောင်းကို ပြစ်မှုပုဒ်မ ၃၃၈/ ၂၇၉/ ၂၀၂ ဖြင့် ယာဉ်မှုစစ်ရဲစခန်းမှ ဆက်လက်အရေးယူဆောင်ရွက်နေပြီး သေဆုံးသူရှိလာပါက ပုဒ်မပြောင်းလဲအရေးယူမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

### မျက်နှာဖုံး-ကမာလှည့်ခရီးသည်များနှင့်ပတ်သက် ထူးခြားဖြစ်စဉ်များ ပေါ်ပေါက်လျှင် သတင်းပို့ရန် အကြောင်းကြား မှ

အထက်ထူးခြားဖြစ်စဉ်များ ဖြစ်ပွားခဲ့လျှင် ၂၄ နာရီအတွင်း သတင်းပို့ရန် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနက ဇန်နဝါရီ ၂၁ရက်စွဲဖြင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများသို့ အကြောင်းကြားထားခြင်းဖြစ်ကြောင်းလည်း အထက်ပါလုပ်ငန်းရှင်များက ရှင်းပြသည်။

သေဆုံးခြင်း၊ ဒဏ်ရာရခြင်း စသောထူးခြားဖြစ်စဉ်များ ဖြစ်ပွားပါက ဧည့်သည်အမည်၊ ပတ်စ်ပို့နံပါတ်၊ နိုင်ငံသား၊ ဖြစ်ပွားသည့်ရောဂါဖြစ်စဉ်အကျဉ်း၊ ခရီးသွားကုမ္ပဏီအမည်၊ ရောဂါ၊ ဖြစ်ပွားသည့်ရက်/အချိန် စသောအချက်များကို ဖုန်းနှင့်ဖြစ်စေ၊ ဖက်စ်နှင့်ဖြစ်စေ မပျက်မကွက်ပေးပို့ကြရန် အကြောင်းကြားစာတွင် ဖော်ပြထားသည်။

ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများအနေဖြင့် မမျှော်လင့်ဘဲ ကမ္ဘာလှည့်ခရီးသည် သေဆုံးမှု၊ ဒဏ်ရာရရှိမှုနှင့် ထူးခြားဖြစ်စဉ်များ ဖြစ်ပွားခဲ့သည့်အတွက် ထိုသို့ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနက အကြောင်းကြားထားခြင်းဖြစ်ကြောင်းလည်း သတင်းရရှိသည်။

အဆိုပါအကြောင်းကြားစာကို ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများအနေဖြင့် ဇန်နဝါရီနောက်ဆုံးပတ်တွင် ရရှိခဲ့ခြင်းဖြစ်ကြောင်းလည်း ခရီးသွားလုပ်ငန်းရှင်အချို့ကပြောသည်။ မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှုမှာ ၂၀၁၀ နိုဝင်ဘာလ ဒုတိယပတ်မှစတင်၍ ယနေ့အချိန်ထိ မြင့်တက်လျက်ရှိသည်။ ဇန်နဝါရီလ ဒုတိယပတ်နှင့် တတိယပတ်တို့တွင်လည်း ပြည်တွင်း၌ ကမ္ဘာလှည့်ခရီးသည်အချို့ သေဆုံးမှုရှိခဲ့ကြောင်း သတင်းရရှိသည်။

### မျက်နှာဖုံး – ပဲကုန်သည်များ စျေးမကစားရန် သတိပေး မှ

ထို့အပြင် ဇန်နဝါရီ၁၉ရက်၌ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ ပဲကုန်သည်များကို လာမည့် ပဲပေါ်ရာသီ၌ တစ်နိုင်ငံလုံးရှိ ကုန်စည်ဒိုင်များတွင် ကြိုရောင်း၊ ကြိုဝယ်ကိစ္စများ ကြောင့် မလိုလားအပ်သည့်ပြဿနာများ မဖြစ်ပေါ်စေရန်အတွက် ကုန်စည်ဒိုင်များအားလုံး ကြိုရောင်း၊ ကြိုဝယ်ကိစ္စရပ်များလုံးဝပြုလုပ်ခြင်း မရှိစေရန်နှင့် ဖြစ်ပေါ်လာပါက လိုအပ်သလို အရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ထားသည်။

ဇန်နဝါရီ ၂၈ ရက်တွင် ဘုရင့်နောင်ကုန်စည်ဒိုင်၏ ပဲစျေးနှုန်းများမှာ မတ်ပဲ RC တစ်တန် ကျပ်၇၄၀,၀၀၀၊ SQRC တစ်တန် ကျပ် ၈၃၀,၀၀၀ နှင့် ပဲစင်းငုံ နီ(RC) တစ်တန်လျှင် ကျပ်၇၄၀,၀၀၀ဖြစ်သည်။

### စာ-၇၊ ပြည်ပသို့ ရာဘာ ဆက်တိုက်တင်ပို့နေရ မှ

လက်ရှိ ပြည်တွင်းစျေးကွက်၌ ရာဘာစျေးနှုန်းသည် RSS တစ်ပေါင်လျှင် ကျပ်၁,၆၀၀ ဝန်းကျင်၊ RSS-3 ကျပ်၁,၇၀၀ နှင့် RSS-1 မှာ ကျပ်၁,၈၀၀ ဝန်းကျင်ရှိသည်။ ၂၀၁၀ ဒီဇင်ဘာလက ပြည်တွင်းရာဘာစျေးသည် RSS-1 တစ်ပေါင်လျှင် ကျပ်၁,၃၀၀ ဝန်းကျင်သာရှိသည်။ ယင်းအချိန်က ကမ္ဘာ့စျေးကွက်တွင် ရာဘာတစ်တန်လျှင် ကန်ဒေါ်လာ ၄,၃၀၀ ဝန်းကျင်သာရှိသော်လည်း ယခု အခါ ၅,၆၀၀ ဒေါ်လာအထိ စျေးရှိကြောင်းသိရသည်။

### စာ- ၂၊ ဒုတိယနေတစ်စင်း တွေ့မြင်ရမည်ဆိုသည်မှာ လုံးဝမဟုတ်ကြောင်း မြန်မာနက္ခတ်ပညာရှင်တစ်ဦးဆို မှ

ကြယ်တစ်လုံး၏ သက်တမ်းသည် ပျမ်းမျှနှစ်သန်းပေါင်း ၁၀ မှ ၂၀အတွင်းတည်ရှိပြီး အချို့ကြယ်များဆိုလျှင် နှစ်သန်းထောင်ပေါင်းများစွာ ရပ်တည်ရှည်ကြာနိုင်ကြကာနက္ခတ်ပညာရှင်များက ကြယ်များသည် ကြီးမားသောဓာတ်ငွေ့တိမ်တိုက်များမှတစ်ဆင့် ဖြစ်ပေါ်လာကြကြောင်း အခိုင်အမာယူဆထားသည်ဟုသိရသည်။

နက္ခတ် ၂၇ လုံး၏ ၆လုံးမြောက်ကြယ်ကြီး Betelgeuse (အဒြကြယ်)အနေဖြင့် အကယ်၍သာ ပေါက်ကွဲခဲ့မည်ဆိုပါကလည်း ကမ္ဘာမြေနှင့် အလင်းနှစ် ၄၂၇ ဒသမ ၅ကွာဝေးသည့်အတွက် ကမ္ဘာမြေကြီးနှင့် လူသားများအပေါ် မည်သည့် အကျိုးသက်ရောက်မှုမျှ မဖြစ်ပေါ်နိုင်ကြောင်း ဦးဇေယျာကိုကဆိုသည်။

### စာ – ၉၊ တွက်ကိန်းမှားသူများ မှ

အမှန်တော့ အောင်ဝင်းမှာ ခေသူမဟုတ်။ မလေးရှားတွင် သုံးနှစ်ကျော်သွားရောက် အလုပ်လုပ်ကိုင်ခဲ့ဖူးသည်။ ယခုအကြိမ်မှာ မြန်မာနိုင်ငံသို့ပြန်လာပြီး ဒုတိယတစ်ခေါက် ပြန်သွားရန် ကြိုးပမ်းခြင်းဖြစ်၏။ သူကဲ့သို့ ပြည်ပအတွေ့အကြုံရှိသူကိုပင် အေဂျင်စီက အလည်အပတ်ဗီဇာဖြင့် ပို့ခဲ့ခြင်းဖြစ်ပြီး ယခုကဲ့သို့ ဒုက္ခတွေ့နေခြင်းဖြစ်သည်။ ပြည်ပအတွေ့အကြုံလုံးဝမရှိသော တောနယ်များမှ မလေးသွားအလုပ်လုပ်လိုသူများကိုမူ ရန်ကုန်ရှိ ပွဲစားများ၊ အေဂျင်စီအတုများနှင့် အချို့အေဂျင်စီများက ကောင်းကောင်းအသုံးချနိုင်သည်။

မလေးရှားနိုင်ငံမှာ အထူးသဖြင့် မြန်မာနိုင်ငံ၏ ကျေးလက်ဒေသများမှ လူငယ်များသွားရောက်အလုပ်လုပ်ကိုင်လိုသော အိပ်မက်နိုင်ငံဖြစ်နေသည်။ လည်လည်ဝယ်ဝယ်မရှိသော နယ်မှ မလေးသွားမည့်သူများကိုပစ်မှတ်ထား၍လည်း လိမ်လည်သူတို့က တစ်မျိုးပြီးတစ်မျိုး မရိုးရအောင် လိမ်လည်နေဆဲဖြစ်သည်။ ထို့ကြောင့် ယခုလပိုင်းအတွင်း ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများကို စနစ်တကျ ကြပ်မတ်နေခြင်းမှာ ပြည်ပအလုပ်အကိုင်ရှာဖွေရေးလောကအတွက် မသမာမှုများလျော့နည်းသွားနိုင်၍ အကောင်းမြင်ကြောင်းလည်း လုပ်ငန်းရှင်အချို့ကပြောသည်။

စိုင်းဘသော်မှာလည်း အောင်ဝင်းကဲ့သို့ ငွေကြေးများစွာလက်ငင်းကုန်ကျထားခြင်းမရှိသော်လည်း မလေးရှားမှ ကုမ္ပဏီနှင့် ချုပ်ဆိုထားသော အကြွေးစာချုပ်ကြောင့် စိတ်ပူနေသည်။ သူကလည်း ယခုအခြေအနေနှင့် နယ်ပြန်ရသည့် အရေးအတွက်မျက်နှာပူနေသည်။ စရိတ်ငြိမ်းတစ်လလျှင် တစ်သိန်း ရသည့် ရွှေမှော်မှအလုပ်ကို ပစ်၍ မလေးရှားသွားရန် ကြံခဲ့မိခြင်း အတွက်လည်းနောင်တရနေသည်။ သို့သော် နိုင်ငံခြားသွားမည်ဟု မိတ်ဆွေအားလုံးကို ပြောထားမိ၍ မလေးရှားသို့သွားမရပါက စင်ကာပူကိုသွားဦးမည်ဟုဆိုပြန်သည်။

"တိကျမှသွားတာကောင်းတယ်။ ကျွန်တော်လည်းမတိကျလို့ ခံလိုက်ရတာ။ အလည်အပတ် ဗီဇာနဲ့သွားမယ်ဆိုရင် show money ပါဖို့၊ ဟိုကလိပ်စာသိထားဖို့ မေးနိုင်တဲ့မေးခွန်းတွေကို အင်္ဂလိပ်လိုပြောတတ်အောင်လုပ်ထားဖို့ လိုပါတယ်"ဟုကွာလာလမ်ပူလေဆိပ်အချုပ်တွင် တစ်ညနှင့်တစ်ရက်နေခဲ့ရသော အတွေ့အကြုံမှ သူ့အဖြစ်မျိုးမကြုံစေရန် စိုင်းဘသော်ကအကြံပြုသည်။

မလေးရှားနိုင်ငံသို့ မကြာခဏသွားနေသူ တစ်ဦးကလည်း အလည်အပတ်ဗီဇာဖြင့် သွားမည်ဆိုပါက show money ဒေါ်လာ ၅၀၀ နှင့်အထက်ယူဆောင်သွားရန်၊ အင်္ဂလိပ် (သို့)မလေးရှားဘာသာစကားပြောတတ်ရန်၊ အဝတ်အစားကို စမတ်ကျစွာ ဝတ်ဆင်ရန်နှင့် မလေးရှားနိုင်ငံရောက်လျှင် တည်းခိုမည့်လိပ်စာများကို သိထားရန်လိုကြောင်းပြောသည်။

မိုးယံပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်ထင်ကျော်က အလည်အပတ်ဗီဇာဖြင့်မလေးရှားသို့အလုပ်လုပ်ရန် လုံးဝစိတ်မကူးသင့်ကြောင်းကို အောက်ပါအတိုင်းအကြံပြုပြောကြားသည်။ "လိုင်စင်ရရ၊ မရရ Visit ဗီဇာနဲ့ လူလုံးဝမပို့သင့်ဘူး။ အေဂျင်စီတွေအနေနဲ့ လုံးဝလုပ်မပေးနိုင်ပါဘူးလို့ ပြောရင်ကောင်းတယ်"

ဆူလွယ်နပ်လွယ်အလုပ်ဖြစ်၍လိမ်လည်သူများ ပေါများလွန်းသည့်အတွက်မလေးရှားသွား အလုပ်လုပ်လိုသူများမှာတရားဝင်လိုင်စင်ရ ပြည်ပအလုပ်အကိုင် ရှာဖွေရေးအေဂျင်စီများနှင့်သာ ဆက်သွယ်လုပ်ကိုင်သင့်ကြောင်း အကြံပြုသည်။ အကြောင်းမှာ တရားဝင်အေဂျင်စီများမှာ ပြဿနာဖြစ်လာလျှင်လည်း ထွက်ပြေး၍မရဘဲ ဖြေရှင်းပေးရသော အာမခံချက်ရှိ၍ဟုဝင်းကရှင်းပြသည်။ သို့သော် လိုင်စင်ရအေဂျင်စီကိုယ်တိုင်က မမှန်မကန်လုပ်သော ဖြစ်ရပ်အချို့လည်းရှိသည်။

ထို့ကြောင့်တောနယ်မှမလေးရှားသွားလိုသူများမှာ တရားဝင်လိုင်စင်ရ အေဂျင်စီများကို အလုပ်သမားရုံးများတွင် စုံစမ်းနိုင်ကြောင်းလည်း ဦးကျော်ထင်ကျော်က ဆက်လက်ပြောသည်။

ဇန်နဝါရီလအတွင်း ပြည်ဝင်ခွင့်ဗီဇာအတုဖြင့်သွားမိ၍ ပြည်တော်ပြန်ခဲ့ရသော အလုပ်သမားများကို ဆက်တိုက်စစ်ဆေးနေရသည့် ရန်ကုန်လေဆိပ်မှ တာဝန်ရှိသူများကလည်း မြန်မာအချင်းချင်း တောနယ်မှသူများကို လိမ်၍ မလေးရှားသို့ပို့သော အေဂျင်စီများ၏ လုပ်ရပ်ကို ဒေါသထွက်မိသည်ဟု တာဝန်ရှိသူတစ်ဦးကပြောသည်။ ရှိသမျှပစ္စည်းများကိုပင် ထုခွဲရောင်းချ၍ မလေးရှားရောက်လျှင် ကြီးပွားမည်အထင်နှင့် ဇွတ်သွားလိုနေသည့် အလုပ်သမားများကိုလည်း ကရုဏာသက်မိသည်ဟု ၎င်းကဆိုသည်။

ဝန်ဆောင်ခများယူ၍ ပြဿနာများဖြစ်သောအခါ ရှောင်ထွက်သွားသောအေဂျင်စီကို မိတ်ဆွေနှင့် ရဲအရာရှိများ၏ အကြံပေးမှုအရ အောင်ဝင်းတစ်ယောက် သတ္တိရှိရှိဖြင့် အမှုဖွင့်ထားသည်။

တွက်ကိန်းမှားပြီး မလေးရှားပြည်ဝင်ခွင့်အပိတ်ခံရသူစိုင်းဘသော်တစ်ယောက်ကတော့ မိသားစုရှိရာသို့ပြန်လိုလှပြီ။ သို့သော် စရိတ်မရှိတော့၍ အိမ်မှပို့သောလမ်းစရိတ်ကိုမျှော်နေသည်။ ။

## စိုးရိမ်ရန်မလိုတော့ပေမယ့် မပေါ့ဆရန်လည်းလိုအပ်သည့်

# အနာကြီးရောဂါ

သီဟ

မြန်မာနိုင်ငံတွင် ပြီးခဲ့သည့် ၂၀၀၃ ခုနှစ်မှစ၍ အနာကြီးရောဂါကင်းစင်သည့် နိုင်ငံတစ်ခုအဖြစ် ကြေညာနိုင်ခဲ့ပြီဖြစ်သည်။

အနာကြီးရောဂါသည်လက်ရှိမြန်မာနိုင်ငံတွင် လူတစ်သောင်းလျှင်တစ်ဦးထက်လျော့နည်း၍ ဖြစ်ပွားလျက်ရှိနေသေးသဖြင့် ကင်းဝေးသည့် အနေအထားတွင် ဆက်လက်ရပ်တည်လျက်ရှိနေသေးခြင်း ဖြစ်ကြောင်း သိရသည်။



အနာကြီးရောဂါသည် အာရုံကြောနှင့်အရေပြားအား တိုက်ရိုက်တိုက်ခိုက်လေ့ရှိသဖြင့် အနာကြီးရောဂါဖြစ်ပွားပါက အရေပြားတွင်အဖြူကွက် အနီကွက် နှင့် အခြားသောအရေပြားဆိုင်ရာ ချို့ယွင်းမှုလက္ခဏာများဖြစ်ပေါ်လာတတ်ရာ သာမန်အရေပြားရောဂါများနှင့်အမှတ်မှားကာ ပေါ့ဆစွာမနေမိကြရန်လိုအပ်ကြောင်း သိရသည်။

အရေပြားရောဂါနှင့် အနာကြီးရောဂါ လက္ခဏာများတတ်သည့် အရေပြားပြောင်းလဲမှုတစ်ခုမှာ မျက်နှာပေါ်တွင် ကြက်ဖင်ကဲ့သို့ အရေပြားပွင့်ခြင်းဖြစ်ပေါ်ခြင်းဖြစ်သည်။

အဆိုပါလက္ခဏာသည်ပုံမှန်အရေပြားပြဿနာတစ်ခုအဖြစ်ဖြစ်တတ်သော်လည်း အနာကြီးရောဂါ၏လက္ခဏာသွင်ပြင်တစ်ခုအဖြစ်လည်း ပေါ်ထွက်လာတတ်ကြောင်း သိရသည်။

ထိုသို့မျက်နှာပေါ်တွင် ပေါ်ထွက်လာပါက မျက်နှာသည် အာရုံခံအကြောအမျှင်လေးများ များပြားသည့်အင်္ဂါအစိတ်အပိုင်းဖြစ်သဖြင့် အနာကြီးရောဂါဟုတ်၊ မဟုတ်စမ်းသပ်ရန်ခက်ခဲတတ်ကြောင်း သိရသည်။

"မျက်နှာပေါ်ဆိုတော့ သူက အာရုံကြော Nerve Supply များတယ်၊များတော့ထုံတာ မထုံတာ သိပ်မခွဲခြားနိုင်ဘူး။ အာရုံကြောတွေကများနေတော့

စာ(၁၄)သို့

## ပိုးသတ်ဆေးကြောင့် ကျွဲ ၃၆ကောင် သေဆုံး

ဝတ်ရည်

ရန်ကုန်၊ ဇန်နဝါရီ - ၂၉

ပိုးသတ်ဆေးတစ်မျိုးပျော်ဝင်နေသော ရေနှင့် အသီးအရွက်များ စားသောက်မိခြင်းကြောင့် ဖားကန့်မြို့နယ်အတွင်းရှိ ရွာတစ်ရွာတွင် ကျွဲများသေဆုံးသွားခဲ့ကြောင်း သတင်းရရှိသည်။

ယခုလအတွင်း ကချင်ပြည်နယ် ဖားကန့်မြို့နယ်ရှိ ဝါရာဇုပ်ကျေးရွာတွင် တောင်သူ ၁၅ဦး၏ ကျွဲ ၃၆ ကောင် ရက်ခြားသေဆုံးခဲ့သဖြင့် ဖားကန့်တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဝန်ကြီးဌာနမှ စစ်ဆေးရာကူးစက်ရောဂါကြောင့် သေဆုံးခြင်းမဟုတ်ဘဲ ဆေးခတ်ထားသည့်အရာများအား စားသုံးမိခြင်းကြောင့်ဖြစ်ကြောင်း ဇန်နဝါရီ ၂၉ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

အဆိုပါဒေသတွင် နေထိုင်သူများသည်အင်းအိုင်များအတွင်း ဆေးခတ်၍ငါးရှာခြင်း၊ သီးနှံစိုက်ခင်းများအားပေါင်းသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်လေ့ရှိပြီး ထို ပိုးသတ်ဆေးပါဝင်သော အသီးအနှံများအား စားသုံးမိသူများတွင်လည်း အန္တရာယ်ရှိကြောင်း သိရသည်။

ဝါရာဇုပ်ကျေးရွာရှိကျန်ကျွဲနွားများအား ကာကွယ်ဆေးထိုးပေးခြင်း၊ ဆေးတိုက်ခြင်းများပြုလုပ်ပေးခဲ့ခြင်းကြောင့် အသေအပျောက်မရှိတော့ကြောင်းသတင်းစာများတွင် ဖော်ပြထားသည်။

## တောင်တွင်းကြီးတွင် ဖြစ်ပွားသော ဝမ်းပျက်၊ ဝမ်းလျှောရောဂါအား ထိန်းချုပ်နိုင်

အိဖြူမွန်

ရန်ကုန်၊

ဇန်နဝါရီ - ၂၈

တောင်တွင်းကြီးမြို့နယ်ရှိ ရပ်ကွက်အချို့တွင် ယခုနှစ် နှစ်ဆန်းပိုင်းက ဖြစ်ပွားခဲ့သော ဝမ်းပျက်၊ ဝမ်းလျှောရောဂါကို ထိန်းချုပ်နိုင်ခဲ့ကြောင်း တောင်တွင်းကြီးမြို့နယ်ရှိ ဒေသခံများကပြောသည်။

တောင်တွင်းကြီးမြို့ရှိ အုန်းတောသစ်ရပ်ကွက်(၅၅၀ရပ်ကွက်)မှစတင်၍ ဇန်နဝါရီ ၂၁ ရက်တွင် ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ပွားခဲ့သည်။ ယင်းရောဂါဖြစ်ပွားမှုကြောင့် တောင်တွင်းကြီးမြို့နယ်ဆေးရုံတွင် အမျိုးသား ၁၂ ဦး၊ အမျိုးသမီး၄ဦး စုစုပေါင်း ၁၆ဦး ဆေးရုံသို့တက်ရောက်ကုသမှု ခံယူကြောင်း ဇန်နဝါရီ ၂၈ရက်နေ့ထုတ် နိုင်ငံပိုင်ကြေးမုံသတင်းစာတွင် ထုတ်ပြန်ကြေညာခဲ့သည်။

ထိုသို့ဖြစ်ပွားခြင်းမှာ အစားအသောက်မှားရာမှ ဖြစ်ပွားခြင်းဖြစ်ကြောင်းလည်း နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြထားသည်။ ဝမ်းပျက်၊ ဝမ်းလျှောရောဂါကြောင့် လူအသေအပျောက်မရှိခဲ့ကြောင်း ဖြစ်ပွားသောရပ်ကွက်အချို့သည် မြို့၏ ဆင်ခြေဖုံးရပ်ကွက်ဖြစ်သောကြောင့် သန့်ရှင်းသပ်ရပ်မှုလျော့နည်းကြောင်း၊ ဒေသခံအာဏာပိုင်များက ဝမ်းလျှောရောဂါဖြစ်ပွားသော ရပ်ကွက်အချို့တွင် ဆေးဖျန်းခြင်း၊ သားသတ်ရုံများ ပိတ်ပင်ခြင်းများကို ပြုလုပ်ခဲ့ကြောင်း တောင်တွင်းကြီးမြို့မှ နယ်ခံများကပြောသည်။

"ပြီးခဲ့တဲ့နှစ်ကလည်း ဖြစ်တယ်။ အခုဖြစ်တဲ့ရပ်ကွက်က မသန့်ရှင်းဘူး။ အဲဒီရပ်ကွက်ရဲ့နောက်မှာသချိုင်းရှိတယ်။ သချိုင်းရဲ့နောက်မှာ အမှိုက်ပုံတို့၊ သားသတ်ရုံတို့ရှိတယ်။ အခုတော့ ရှင်းလိုက်ပြီ။ ခါတိုင်းဖြစ်တဲ့နေရာပဲ ထပ်ဖြစ်တာ"ဟု ဒေသခံစိုက်ပျိုးရေးပစ္စည်းအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယင်းမြို့နယ်တွင် နာရေးကူညီမှုလုပ်ငန်းများ လုပ်ဆောင်ပေးနေသော နာရေးကူညီမှုအသင်းမှ တာဝန်ကျ ဝန်ထမ်းတစ်ဦးကလည်း ယင်းနေရာဂါနှင့်ပတ်သက်၍ လူအသေအပျောက်ဖြစ်၍ ကူညီရသောနာရေးတစ်ခုမှ မရှိသေးကြောင်း ပြောသည်။

အဆိုပါမြို့နယ်ရှိ ရပ်ကွက်အချို့တွင် ၂၀၁၀ပြည့်နှစ်က ယခုကဲ့သို့ ရောဂါဖြစ်ပွားခဲ့ဖူးသည်။ ထိုစဉ်ကလည်း ဒေသဆိုင်ရာ အာဏာပိုင်များနှင့်ဆေးဘက်ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပါဝင်၍ ရောဂါဖြစ်ပွားပြီး နှစ်ပတ်ခန့်အကြာတွင် ထိန်းချုပ်နိုင်ခဲ့သည်။




# တောင်မြင့်သုသာန်ဝန်းကျင်မြေကွက်များ ဝယ်ယူရင်းနီးမြှုပ်နှံသူများလာ

စိုင်းသာအောင်

**မန္တလေး၊ ဇန်နဝါရီ- ၂၈**

မန္တလေးတောင်မြင့်သုသာန်အား အမရပူရမြို့နယ် တောင်အင်း၊ မြောက်အင်းဒေသသို့ ၂၀၁၁၊ နှစ်ဆန်းပိုင်းတွင် ပြောင်းရွှေ့မည့် သတင်းကြောင့် မန္တလေးမြို့ရှိ မြေပွဲစားများနှင့်စီးပွားရေးလုပ်ငန်းရှင်များက တောင်မြင့်သုသာန်အနီးရှိ လယ်မြေကွက်များအား ကျပ်သိန်း ၅၀ မှ ကျပ်သိန်း ၁၀၀ အထိ ပေးဝယ်နေကြောင်း မြေပွဲစားတစ်ဦးဖြစ်သူ ဦးဝင်းဖေ (ခိုင်ရွှေဝါ)က ပြောကြားသည်။



စကားအင်းနှင့် တံခွန်တိုင်အကြားလမ်းဖောက်လုပ်နေစဉ်။ အဆိုပါလမ်းသစ်အနီးဝန်းကျင်ရှိ မြေကွက်များမှာ ရောင်းကောင်းလာသည်။ ဓာတ်ပုံ-စိုင်းသာအောင်

"မန္တလေးမြို့မှာ စီးပွားရေးသမားတွေက မြေရင်းနှီးမြှုပ်နှံမှုက အကျိုးအမြတ်များနေတော့ ဂရန်မြေဘိုးဘွားပိုင်မြေတွေသာမက လယ်မြေတွေကိုပါ အရဲစွန့်ပြီး ဝယ်နေကြတယ်။ တောင်မြင့် သုသာန်နေရာမှာ မြို့တော်စည်ပင်က စီးပွားရေးဇုန်တစ်ခု တည်ဆောက်မယ်ဆိုပြီး သတင်းတွေထွက်နေတယ်။ ၂၀၁၁ နှစ်ဆန်းပိုင်းမှာ မြေပွဲစားတွေ လယ်မြေဧကကို ကျပ်သိန်း ၅၀ ပေးရာက အခုတောင်မြင့်သုသာန်နဲ့ နီးတဲ့နေရာဆိုရင် ကျပ်သိန်း ၁၀၀ အထိ ပေးပြီးဝယ်နေကြတာပါ" ဟု ထပ်မံပြောပြသည်။

မန္တလေးမြို့တော်စည်ပင်မှ တာဝန်ရှိသူတစ်ဦးက အခု"တောင်မြင့်သုသာန်ဘေး လယ်ကွက်တွေ၊ ရတနာပုံ တက္ကသိုလ်အဝင် တံတားဖြူနဲ့ တံခွန်တိုင်တံတားကြားကလယ်ကွက်တွေကို မြေပွဲစားတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေက ကိုယ့်တွက်ကိန်းကိုယ့်အတွေးနဲ့ကို ဝယ်နေကြတာပါ။ အဝေးပြေး လမ်းမကြီးဘေးမှာ ယာဉ်အန္တရာယ်တားဆီးရေးအတွက် ဆိုင်ထွက်ခွင့်၊ ဈေးရောင်းခွင့်ရှိမှာမဟုတ်ပါဘူး။ နောင်အဝေးပြေးလမ်းမကြီးဘေးမှာမြေဈေးကတန်တော့မန္တလေးသူမန္တလေးသားမြေပွဲစားတွေက ကားလမ်းဘေးဆိုရင် မြေဈေးတက်မယ်ဆိုတဲ့အမြင်နဲ့ ဝယ်နေကြတာပါ"ဟု သူ၏အမြင်ကိုပြောသည်။

## သရက်ကင်းနှင့် တမာရွက်ချဉ်ဈေးကို နေပြည်တော်ဒေသခံများ အံ့သြရ

ထူးသန့်

**နေပြည်တော်၊ ဇန်နဝါရီ- ၂၅**

နေပြည်တော်စားဖိုဆောင်သစ်သီးဝလံဈေးကွက်တွင် သရက်သီးအနုနှင့် အချဉ်တည်ထားသောတမာရွက်ပြုတ်များ ဈေးနှုန်းများကိုဒေသခံအချို့အံ့သြနေကြောင်း သတင်းရရှိသည်။ လောက်စာလုံးအရွယ်နှင့် အနည်းငယ်ကြီးသော သရက်သီးအနုများမှာ တစ်လုံးလျှင်ကျပ် ၁၀၀ ခန့်ဖြင့်ဈေးကွက်ဝင်နေပြီး အချဉ်တည်ထားသော တမာရွက်ပြုတ်များမှာလည်း တစ်ဆယ်သားလျှင် ၈၀၀ ကျပ်နှုန်းဖြင့်အရောင်းအဝယ်ဖြစ်နေကြောင်း နေ့စဉ်ဈေးဝယ်ထွက်လေ့ရှိသော ထမင်းဆိုင်ရှင်တစ်ဦးကလည်း ပြောကြားသည်။

"အံ့ပါရဲ့ရှင်။ ကြားဖူးပါဘူး။ သရက်ကင်းတစ်လုံး ၁၀၀ ကျပ်၊ တမာရွက်ချဉ်ကတစ်ပိဿာ ၈,၀၀၀ ကျပ်တဲ့။ နားကြားမှားတယ်ထင်လို့ နှစ်ခါသုံးခါတောင် ပြန်မေးမိတယ်" ဟု အထက်ပါထမင်းဆိုင်ရှင်က ၎င်း၏အတွေ့အကြုံကိုပြောကြားသည်။ သရက်သီးအနုများကို ဝန်းကျင်ကျေးလက်ဒေသများမှ ရှာဖွေဝယ်ယူရရှိပြီး တမာရွက်ကိုမူတပ်ကုန်းနှင့် ရမည်းသင်းဒေသများမှ ဝယ်ယူရရှိကြောင်းဈေးကွက်မှ စုံစမ်းသိရှိရသည်။ နေပြည်တော်သို့လာရောက်အခြေချလုပ်ကိုင်သော စီးပွားရေးသမားတစ်ဦးကမူ "ဒေသခံအခြေခံလူတန်းစားတွေကတော့ အံ့သြမှာပဲ။ တကယ်တော့သိပ်မဆန်းပါဘူး။ ကွာဟမှုတွေကြီးမားလာရင် ဒီလိုပဲ ဖြစ်လာမှာပဲ။ အရင်တုန်းက အလကားရတဲ့သစ်သီးဝလံတွေတောင် ဒီနေ့ဈေးကွက်ဝင်နေကြတယ်လေ"ဟု ၎င်း၏အမြင်ကိုပြောသည်။ သမပိုင်းရာသီဥတုရရှိပြီး သီးနှံမျိုးစုံစိုက်ပျိုးဖြစ်ထွန်းသော နေပြည်တော်ဒေသတွင် ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ မုန်လာဥနှင့်အခြားဟင်းသီးဟင်းရွက်စိုက် တောင်သူများမှာမူ မျှော်မှန်းထားသည့် အကျိုးအမြတ်မရရှိခဲ့ကြောင်း သိရသည်။

# မုံရွာမြို့နယ်အတွင်း တန်ဖိုးနည်း အာစီတိုက်များ စိတ်ဝင်စားသူများလာ

မျိုးမင်းဦး

**မုံရွာ၊ ဇန်နဝါရီ- ၂၆**

မုံရွာမြို့နယ်အတွင်း ကွန်ကရစ်ဘလောက်အုတ်များဖြင့်တည်ဆောက်သော တန်ဖိုးနည်း နံကပ်အာစီတိုက်များအား ကန်ထရိုက်စနစ်ဖြင့် တည်ဆောက်လျက်ရှိရာ ဒေသခံများ၏ စိတ်ဝင်စားမှုကိုရရှိနေကြောင်း သတင်းရရှိသည်။

"ဒီနေ့ခေတ်မှာ သစ်သားဈေးကလည်း တက်၊ ဝါးဈေးကလည်း တက်တော့ပျဉ်ထောင်အိမ်ပဲဆောက်ဆောက်၊ ကပ်မိုးကပ်ကာ အိမ်ကောင်းကောင်းဆောက်ရင် အနည်းဆုံး ကျပ်သိန်းနှစ်ဆယ်၊ သုံးဆယ်လောက်တော့ကုန်တယ်။ အခုဘိလပ်မြေဘလောက်အုတ်တွေနဲ့ တည်ဆောက်ထားတဲ့ နံကပ်တိုက်တွေက အနည်းဆုံး ကျပ် ၁၇ သိန်းကနေသိန်း ၅၀ ဝန်းကျင်လောက်ဆိုရင် နံကပ်အာရ်စီတိုက်ကောင်းကောင်းရတော့ မီးခံတိုက်တွေဆောက်ကြတာပေါ့။ အိမ်ရာ စနစ်ကနေ တိုက်တာစနစ်ကို တန်ဖိုးနည်းနည်းနဲ့နေနိုင်အောင် ဆောက်ပေးမယ်ဆိုရင် ဘယ်သူမဆိုတိုက်နဲ့တာနဲ့ နေချင်ကြတာပေါ့" ဟု မုံရွာမြို့၊ ညောင်ပင်ဇောက်ရပ်ကွက်နေထိုင်သူတစ်ဦးက ပြောကြားသည်။

အဆိုပါတိုက်ဆောက်နည်းကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့်ထိုင်းနိုင်ငံအင်ဂျင်နီယာအသင်းတို့ ပူးပေါင်းသုတေသနပြု ထားသောInterlocking Blocks ချိတ်ဆက်ကွန်ကရစ်ဘလောက်တုံးများနှင့်တည်ဆောက်ခြင်းဖြစ်သည်။ အလျားပေ ၃၀၊ အနံ ပေ ၂၀ အရွယ်နှင့် အလျားပေ၅၀၊ အနံပေ ၂၀ တစ်ထပ်တိုက်များကိုအဆောက်များကြောင်းလည်း ဒေသခံများကပြောသည်။

"ပန်းရန်လက်သမားခဆောက်လုပ်ရေးပစ္စည်းတွေကုန်ကျစရိတ်အပါအဝင် ကျပ် ၁၇ သိန်းကနေ ကျပ်သိန်း ၂၅၀ အထိ ကုန်ကျပါတယ်။ အများစုကတော့ ကျပ်သိန်း ၅၀ ဝန်းကျင်နဲ့ ဆောက်ရတာပိုများပြီး တိုက်တစ်လုံးကို တစ်လခန့်နဲ့အပြီးတည်ဆောက်နိုင်ပါတယ်။ တန်ဖိုးနည်းအာရ်စီတိုက်မှာ အပူထိန်းစနစ်၊ အအေးထိန်းစနစ်၊ မီးခံမျက်နှာကြက်၊ မီးခံသံတံခါးတွေ ထည့်သွင်းတည်ဆောက်ထားပြီး မုံရွာမြို့နယ်အတွင်းမှာ ၂၀၁၀ ခုနှစ်ဩဂုတ်လမှ စဆောက်ခဲ့တာ ၆ လတာ ကာလအတွင်းမှာ တန်ဖိုးနည်းအာစီနံရံကပ်တစ်ထပ်တိုက် ၁၀ လုံးပြီးစီးသွားပြီ။ နောက်ထပ်တိုက်နှစ်လုံး လက်ခံတည်ဆောက်နေပါတယ်"ဟု တန်ဖိုးနည်းအာရ်စီနံကပ်တိုက်များအား ကန်ထရိုက်စနစ်ဖြင့်တည်ဆောက်လျက်ရှိသော အင်ဂျင်နီယာဦးမျိုးမင်းအောင်က ပြောသည်။

# အမြန်လမ်းမကြီးပေါ်တွင် ကုန်ကားအချို့ခိုးမောင်း

ကျော်ဇေယျ

**နေပြည်တော်၊ ဇန်နဝါရီ- ၂၆**

မန္တလေး-နေပြည်တော်-ရန်ကုန် အဝေးပြေးအမြန် ကွန်ကရစ်လမ်းမပေါ်၌လမ်းပိုင်းအချို့တွင် ကွန်ကရစ်အမြန်လမ်းပေါ် မောင်းနှင်ခွင့်မရှိသော ကုန်တင်ကားအချို့နှင့် (Toll Gate)များနှစ်ခုအကြား တိတ်တဆိတ် မောင်းနှင်မှုများရှိနေကြောင်း သိရသည်။



အမြန်လမ်းမကြီးတွင် တိတ်တဆိတ်မောင်းနှင်နေသော ကုန်ကားနှစ်စီး။

"ကွန်ကရစ်အမြန်လမ်းမ ဆိုတာကကုန်တင်ကားတွေမောင်းနှင်ခွင့်မရှိပါဘူးဆိုတဲ့ ကြားထဲကုန်တင်ကားသမားတချို့က (Toll Gate)တစ်ခုနဲ့ တစ်ခုကြားထဲက လမ်းပိုင်းတွေမှာ ခိုးမောင်းနေတာကို တွေ့ရပါတယ်။ ဒီလိုခိုးမောင်းတော့ မမိရင်တော့ ထားပေါ့လေ။ သူတို့အတွက် ဂိတ်ကြေးလမ်းကြေးတွေ၊ မြို့ဝင်ကြေးတွေ စတာတွေ သက်သာသလို၊ အချိန်ကုန်လည်းသက်သာတာပေါ့။ မိလိုက်ရင်တော့လည်း တစ်မျိုးပေါ့ဗျာ။ ဒါမျိုးတွေတော့ မလုပ်သင့်ပါဘူး။ တာဝန်ရှိသူတွေအနေနဲ့လည်း ဒီလိုမျိုးတွေကို အရဖမ်းပြီး ထိထိရောက်ရောက် အရေးယူသင့်ပါတယ်"ဟု ကွန်ကရစ်အမြန်လမ်းမတွင် မောင်းနှင်သူ ယာဉ်မောင်းတစ်ဦးက ပြောဆိုသည်။

"ကျွန်တော်တို့ဂိတ်မှာတော့ ကျွန်တော်တို့ဂိတ်ဘက်ကနေဒီလိုကုန်တင်ကားတွေ အထွက်မခံသလို အဝင်လည်းမခံပါဘူး။

စာ(၁၈) သို့



7 DAY NEWS JOURNAL
Vol.9, No.45 • FEBRUARY 3, 2011

# ရတနာပုံရှုပါစင်တာသို့သား၊ငါးကုန်ဈေးတန်းများစတင်ပြောင်းရွှေ့တော့မည်

ညီညီဇော်

**မန္တလေး၊ ဇန်နဝါရီ - ၂၇**

ရတနာပုံယာယီဈေးရှိ သား၊ ငါးကုန်ဈေးတန်းကို ဖေဖော်ဝါရီလ ၇ ရက်တွင်တည်ဆောက်ပြီးစီးသွားပြီဖြစ်သည့် ရတနာပုံစူပါစင်တာ မြေအောက်ထပ်သို့ စတင်ပြောင်းရွှေ့ရောင်းချခွင့်ပြုတော့မည်ဟု သတင်းရရှိသည်။

"ကျွန်တော်တို့ကို မြို့တော်စည်ပင်ရဲ့လမ်းညွှန်ချက်အရ လုပ်တာပါ။ ဈေးကြီးတစ်ခုလုံးဖွင့်ဖို့ကတော့ ရက်အတိအကျမပြောနိုင်သေးပါဘူး" ဟု စီမံကိန်းမန်နေဂျာဦးစိန်ဝင်းပြောသည်။ ရတနာပုံယာယီဈေးရှိအခြားလူသုံးကုန် ရောင်းချသောဆိုင်ခန်းများကိုမူ ဖေဖော်ဝါရီလကုန်ပိုင်းတွင် စတင်ပြောင်းရွှေ့ရောင်းချခွင့်ပြုရန် စီစဉ်နေကြောင်းလည်း ၎င်းပုဂ္ဂိုလ်က ဆက်ပြောသည်။

ရတနာပုံဈေးကြီးသည် ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၂၅ရက်တွင် မီးလောင်ကျွမ်းခဲ့ပြီး ယင်းနေရာတွင် ရတနာပုံစူပါစင်တာနှင့် ဒိုင်းမွန်းပလာဇာတို့တည်ဆောက်ခဲ့ရာ မကြာမီအချိန်တွင် စတင်ဖွင့်လှစ်ရောင်းချနိုင်ရန်အတွက် စီစဉ်နေကြောင်းနှင့် ၎င်းစင်တာနှင့်ပလာဇာတွင် ဖွင့်လှစ်ရောင်းချကြမည့် ဆိုင်ခန်းရှင်များကလည်း မိမိတို့ဆိုင်ခန်းများကို မွမ်းမံပြင်ဆင်နေပြီဖြစ်ကြောင်း ရတနာပုံယာယီဈေးမှ ဈေးသည်များနှင့် တည်ဆောက်ရေးလုပ်ငန်းမှ တာဝန်ရှိသူ၏ပြောပြချက်အရ သိရှိရသည်။

ရတနာပုံဈေးသစ်ကြီးဖြစ်သည့် ရတနာပုံစူပါစင်တာနှင့် ဒိုင်းမွန်းပလာဇာတွင် မီးဘေးလုံခြုံစေရေးအတွက် ရေဂါလန်ငါးသောင်းဆံ့ မြေအောက်ကန်နှစ်ကန်နှင့် ရေလီတာသုံးထောင်ဆံ့သည့် စတီးတိုင်ကီ ၇၃လုံး တည်ဆောက်တပ်ဆင်ထားပြီး၊ တစ်ခုလျှင် ပေတစ်ရာကျော်ရှည်သည့် အရေးပေါ်မီးငြိမ်းသတ်နိုင်သောပိုက်များ (Firehousereel) တစ်ရာကျော်တပ်ဆင်ထားပြီးဖြစ်ကြောင်း သိရသည်။

ထို့အပြင် စင်တာပတ်ပတ်လည်တွင်လည်း မီးသတ်ငုတ်ကိုးတပ်ဆင်ထားကြောင်း၊ ရေရရှိရန်ခြောက်လက်မ အချင်းရှိ အဝီစိတွင်းတစ်တွင်းနှင့် ရှစ်လက်မအချင်းရှိ အဝီစိတွင်းတစ်တွင်းနှင့်တူးထားကြောင်း စီမံကိန်းမန်နေဂျာဦးစိန်ဝင်းက ပြောသည်။


ရတနာပုံရှုပါစင်တာ၏ ပုံစံငယ်။




## ရခိုင်ပြည်နယ်တွင် ကြက်ငှက်တုပ်ကွေးဖြစ်ပွားနေသော်လည်း နေပြည်တော်တွင် ကြက်ဈေး အနည်းငယ်တက်

ညိုညိုဝင်း

**နေပြည်တော်၊ ဇန်နဝါရီ-၂၈**

ရခိုင်ပြည်နယ်တွင် ကြက်ငှက်တုပ်ကွေးရောဂါကျရောက်နေသော်လည်း နေပြည်တော် သားငါးဈေးကွက်တွင် ကြက်ဈေးမှာတစ်ပိဿာ ၃,၃၀၀ ကျပ်မှ ဇန်နဝါရီလ တတိယပတ်တွင် တစ်ပိဿာ ကျပ်တစ်ရာခန့်တက်သွားကြောင်း သိရသည်။

"နေပြည်တော် သားငါးဈေးကွက်ကို ရေဆင်း၊ တောင်ငူ၊ အေလာနဲ့ တခြားဒေသတွေက ကြက်တွေ အဝင်နည်းလို့ ဒေသကြက်ကောင်လိုက်ဈေးတွေ တက်သွားတာပါ။ ကြက်တွေရှားတော့ ခြံဖမ်းဈေးကလည်း တက်တယ်။ ဒါကြောင့် ကြက်ဈေးတွေတက်သွားတာပါ"ဟု ရာဇာနိုင်ကြက်ဒိုင်မှ ဈေးသည်က ပြောသည်။

ကြက်များ အဝင်နည်းပြီး အဝယ်လိုက်၍ ဒေသကြက်ကောင်လိုက်ဈေးမှာ ဆက်လက်မြင့်တက်ရန် အခြေအနေရှိကြောင်း ကြက်မွေးမြူသူတစ်ဦးက သုံးသပ်ပြောသည်။

"ရခိုင်ပြည်နယ်ဘက်မှာ ကြက်ငှက်တုပ်ကွေးရောဂါတွေ ဖြစ်နေတယ်လို့ကြားတော့ ကြက်ဈေးတွေကျမယ်ထင်တာ ပိုတောင်တက်နေတယ်။ ကြက်ဈေးတွေတက်တော့ အခုဆို အရင်ကလောက် မမြတ်ဘူး။ တချို့ဒိုင်တွေဆို သုံးထောင့်ငါးရာကျပ်အထိတောင်ရောင်းကြတယ်"ဟု ကြက်သားရောင်းသူတစ်ဦးကပြောသည်။ ကြက်အကောင်လိုက်ဈေးများ တက်နေသော်လည်း အသားဈေးမှာ ကျပ်ခြောက်ထောင်ဝန်းကျင်သာရှိကြောင်း သိရသည်။

## မြန်အောင်တွင် နှင်းမိုးများရွာ

မြန်အောင်စိုးမြင့်

**မြန်အောင်၊ ဇန်နဝါရီ- ၂၆**

မြန်အောင်မြို့တွင် ဇန်နဝါရီ ၁၁ ရက်တွင် နှင်းမိုးများ အချိန်ကြာမြင့်စွာရွာသွန်းခဲ့သည်။

နှင်းမိုးရွာမှုသည် နံနက်ငါးနာရီမတိုင်မီဖြစ်ခဲ့ပြီး ၅ နာရီကျော်လာသည်နှင့် နှင်းရေများသည် မိုးရွာသလို အိမ်အမိုးများပေါ်သို့ ကျလာသည်ကိုတွေ့ရသည်။ နံနက် ၆ နာရီကျော်လာသောအခါ နှင်းထုပိုများလာပြီး လမ်းများရေရွှဲခဲ့ပြီး မော်တော်ကားများနှင့် ဆိုင်ကယ်များ မီးဖွင့်ကာသတိထားထိန်းမောင်းရသည့်အထိဖြစ်ခဲ့သည်။ ထိုသို့ နှင်းမိုးကျနေစဉ် မြန်အောင်၏ အရှေ့ဘက်ကမ်းနှင့်အနောက်ဘက်ကမ်းကူးလူးသွားလာနေသော ဧရာဝတီမြစ်ဖြတ်ကူးတို့လှေ၊ စက်လှေ မော်တော်များ ကမ်းမမြင်ဖြစ်ခဲ့ကြပြီး သွားလာမှုများ ကြန့်ကြာသွားခဲ့ကာနှင်းမိုးစဲပြီး နေပွင့်နှင်းကွဲချိန်အထိ စောင့်ဆိုင်းခဲ့ရသည်။

အဆိုပါနေ့က မြန်အောင်မြို့၌နှင်းများကျဆင်းမှု၏ နှင်းစတင်ကွဲချိန်မှာ နံနက် ၉း၃၀ နာရီဖြစ်ပြီးမှ ၉း၅၅ နာရီအချိန်မှနေပွင့်ခဲ့သည်။သို့သော် ထိုအချိန်တွင်ကိုက် ၁၀၀၀ ကျော်ကျယ်သော ဧရာဝတီမြစ်အရှေ့ဘက်ကမ်းအား မမြင်တွေ့ရအောင်မြစ်ထဲတွင်လည်း နှင်းမိုးကျနေခဲ့သည်။ နံနက် ၁၀ နာရီကျော်မှ စတင်မြင်ခဲ့ရပြီးမှ သဲသဲကွဲကွဲမြင်ကွင်းကို နံနက် ၁၀ နာရီခွဲခါနီးမှ တွေ့ခဲ့ရသည်။ ထို သို့ မြန်အောင်မြို့နယ်၌ကြုံတောင့်ကြုံခဲနှင်းထုပမာဏကြီးမားစွာကျပြီး နှင်းမိုးရွာသွန်းမှု မဖြစ်မီတစ်ရက်က နေ့လယ်ပိုင်းမှ ညနေစောင်းအထိ ၃-၄ ကြိမ် ရွာသွန်းခဲ့သော ဆောင်းမိုး(မိုးရေချိန်သုညဒသမ ၇၀ လက်မရှိ) ရွာသွန်းခဲ့ကြောင်း သိရသည်။

7 DAY NEWS JOURNAL
Vol.9, No.45 • FEBRUARY 3, 2011

# မန္တလေးတွင် စက်သုံးဆီအတင်အချလုပ်ငန်းများကို စနစ်တကျစိစစ်မည်

ဦးလွင်

**မန္တလေး၊ ဇန်နဝါရီ- ၂၇**

မန္တလေးမြို့၊ ဆိပ်ကမ်းသာယာလှပရေးကော်မတီမှ ပုဂ္ဂလိက စက်သုံးဆီရောင်းဝယ်ရေးကုမ္ပဏီများ၏ ဆီတင်သင်္ဘောများ စက်သုံးဆီအတင်အချဆိပ်ကမ်းနေရာကို စနစ်တကျသတ်မှတ်ပေးပြီး ယင်းနေရာ၌ ဆီအတင်အချလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကော်မတီအဖွဲ့တွင်ပါ ပါဝင်သည့်မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ဆီတင်ရေယာဉ်များ ကမ်းနားတွင် ကြုံသလို ဆိုက်ကပ်ပြီး ကားများပေါ်သို့ ဆီတင်နေကြ၍ ဆိပ်ကမ်းရှုပ်ထွေးမှုဖြစ်စေသည့်အပြင် မီးဘေးအန္တရာယ်လည်း ရှိနိုင်သောကြောင့် စနစ်တကျ နေရာသတ်မှတ်ပြီးစီစဉ်ရခြင်းဖြစ်ကြောင်းဂင်းကပြောသည်။ "ကော်မတီက စစ်ဆေးမှုအရ ကမ်းနားလမ်းတစ်လျှောက်တွင် ပုဂ္ဂလိကဆီတင်ကုမ္ပဏီများမှ ဆီတင်ဆိပ် ၁၄ ခုတွေ့ရပါတယ်။ စက်သုံးဆီအတင်အချပြုလုပ်နေသူများက စွမ်းအင်ဝန်ကြီးဌာန၊ မြို့တော်စည်ပင်၊ ရေကြောင်းဦးစီးဌာနများသို့ ဆက်သွယ်ညှိနှိုင်းမှုမရှိဘဲ မိမိတို့အစီအစဉ်ဖြင့် အတင်အချပြုလုပ်နေကြတာပါ" ဟု ဂင်းကဆိုသည်။ယခုလက်ရှိကမ်းနားလမ်းမကြီးတစ်လျှောက်၌ ကွဲ့စွန်း၊ မရမ်းခြံ၊ ဝေါ်ဝိန်၊ ချောဆိပ်ကမ်းများတွင် ပုဂ္ဂလိက စက်သုံးဆီတင်သင်္ဘောတွဲများ အတင်အချ မပြုလုပ်ရန် တားမြစ်ထားပြီး ဆိပ်ကမ်းနယ်မြေအတွင်း ကျူးကျော်နေထိုင်သူများကို ရှင်းလင်းထားကြောင်း သိရသည်။

စက်သုံးဆီအရောင်းဆိုင်မှ ဒုမန်နေဂျာတစ်ဦးက"စက်သုံးဆီအတင်အချဆိပ်ကမ်းနေရာ သတ်မှတ်ပေးဖို့ကို ယခုလဆန်းပိုင်းက အစည်းအဝေးလုပ်ပါတယ်။ အခုအများစုကအတင်အချပြုလုပ်နေကြတာက အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာ အနီးမှာပါ။ အတင်အချ ဆိပ်ကမ်းနေရာကို ကော်မတီအဖွဲ့က အတည်ပြုမသတ်မှတ်ရသေးပါဘူး။ ပြောနေကြတာတွေကတော့ မြင်းမူဘက်မှာ သတ်မှတ်ပေးမယ်လို့တော့ ပြောနေကြပါတယ်"ဟုပြောကြားသည်။

# နေပြည်တော်တွင် ရွှေအရောင်းအဝယ် ပုံမှန်ရှိ

ထူးသန့်

**နေပြည်တော်၊ ဇန်နဝါရီ- ၂၆**

နေပြည်တော် ဈေးကွက်တွင် ရွှေဈေးအနည်းငယ် ပြန်တက်လာသော်လည်း အရောင်းအဝယ်များ ဖြစ်ပေါ်နေဆဲရှိကြောင်း နေပြည်တော် ရွှေဈေးကွက်မှ သိရှိရသည်။

၂၀၁၁ နှစ်ကူးပြီးကတည်းက အကျဘက်များခဲ့ပြီး မငြိမ်မသက်ဖြစ်ခဲ့သောရွှေဈေးနှုန်းမှာ ယနေ့တွင် တစ်ကျပ်သားလျှင် ကျပ် ၂,၀၀၀ ခန့်ပြန်လည်မြင့်တက်လာခဲ့သော်လည်း ဈေးကွက်အတွင်း အရောင်းအဝယ်အခြေအနေမှာမူ ပုံမှန်ဖြစ်ပေါ်နေဆဲဖြစ်ကြောင်း နေပြည်တော် ပျဉ်းမနားမြို့ရှိ ရွှေလုပ်ငန်းရှင်တစ်ဦးကပြောသည်။

"ဒီနေ့ ၂၀၀၀ ကျပ်တက်တယ်။ ၆၃၂,၀၀၀ ကနေ ၆၃၄,၀၀၀ ကျပ်ဖြစ်သွားတယ်။ ဒါဒီနှစ်ထဲမှာ သိသိသာသာတက်ခဲ့တာပဲ။ ဒါပေမဲ့ အရောင်းအဝယ်လည်းဖြစ်နေပါတယ်"ဟု ဂင်းက ပြောကြားခဲ့ခြင်းဖြစ်သည်။ ယခုလပထမပတ်အတွင်းက ၆၄၃,၀၀၀ ကျပ်ရှိခဲ့သော ၁၅ ပဲရည်ရွှေပေါက်ဈေးသည် တဖြည်းဖြည်းအကျဘက်ရောက်လာခဲ့ရာမှ ယနေ့တွင် ယင်းဈေးနှုန်းထက်ကျပ်တစ်သောင်းခန့်နည်းပါးသော အခြေအနေတွင် တည်ငြိမ်နေခြင်းဖြစ်သည်။

တစ်ပိုင်တစ်နိုင်ဝယ်လိုအားသာရှိသော နေပြည်တော်တွင် ရွှေရောင်းဝယ်မှုအခြေအနေမှာပေါက်ဈေးနှင့် အဓိကမသက်ဆိုင်ဘဲ ဒေသခံများဝင်ငွေပေါ်ချိန်နှင့်သာ အဓိကသက်ဆိုင်ကြောင်းလည်း ရွှေဈေးကွက်မှ လေ့လာသိရှိရသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# ဆင်ဆာမဲ့သီချင်းခွေ၊ နိုင်ငံခြားဇာတ်လမ်းတွဲနှင့်တရားခွေများအား ရောင်းချနေမှုကို ဖမ်းဆီးအရေးယူ

ဖိုးကျော်မြင့်

**ပဲခူး၊ ဇန်နဝါရီ- ၂၆**

ဖြန့်ချိခွင့်၊ ငှားရမ်းခွင့်၊ ပြသခွင့်၊ ခွင့်ပြုချက်လိုင်စင်မရှိဘဲ ဆင်ဆာမဲ့ကာရာအိုကေ၊ နိုင်ငံခြားဇာတ်လမ်းတွဲနှင့် တရားခွေများအား အခကြေးငွေဖြင့် ရောင်းချနေမှုအား ပဲခူးတိုင်းဒေသကြီး ပဲခူးဉဿာမြို့သစ်ပင်စည်ဈေးတွင် ယခုလ ၁၄ ရက်က ဖမ်းဆီးအရေးယူခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပဲခူးတိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် ပဲခူးတိုင်းဒေသကြီး ဗီဒီယိုအခြေခံအဖွဲ့ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အမှတ် (၃)ရဲတပ်ဖွဲ့စခန်းမှ ဒုရဲအုပ်သိန်းမြင့်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ဉဿာမြို့သစ်(၇)ရပ်ကွက်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များပါဝင်သောအဖွဲ့သည် ဇန်နဝါရီ ၁၄ ရက်က ဉဿာမြို့သစ် ၇ ရပ်ကွက် သမိန်ဗရမ်းလမ်းပင်စည်ကျေးလက်ဈေးတွင်ရောင်းချနေသော ဦးသိန်းမြင့်ဦး၏ ဗီဒီယိုဖြန့်ချိရေး(အရောင်းဆိုင်) အား ဝင်ရောက်စစ်ဆေးရာ တရားမဝင်သော ဆင်ဆာမဲ့ကာရာအိုကေ၊ နိုင်ငံခြားဇာတ်လမ်းတွဲနှင့် တရားတိပ်ခွေများကို သိမ်းဆည်းရမိခဲ့သည်။

ပဲခူးတိုင်းဒေသကြီး ဗီဒီယိုအခြေခံအဖွဲ့ဥက္ကဋ္ဌ ဦးတင်စိုးက တရားလိုပြုလုပ်ပြီးတိုင်ကြားရာ ပဲခူးမြို့အမှတ် (၃)ရဲတပ်ဖွဲ့စခန်းမှ ဆင်ဆာမဲ့ကာရာအိုကေ၊ နိုင်ငံခြားဇာတ်လမ်းတွဲနှင့် တရားခွေများအား ရောင်းချနေသူဦးသိန်းမြင့်ဦးအား (ပ)၃၅/ ၂၀၁၁ ဖြင့်ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ ပုဒ်မ-၃၂(ခ)အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဆင်ဆာမဲ့ ကာရာအိုကေ၊ နိုင်ငံခြားဇာတ်လမ်းတွဲနှင့် တရားခွေများအားရောင်းချနေသူ ဦးသိန်းမြင့်ဦး၏ ဗီဒီယို ဖြန့်ချိရေးအရောင်းဆိုင်မှဒီဗီဒီအချပ်ရေ ၁,၈၆၀၊ ဗီစီဒီအချပ်ရေ ၇၅၅၊ စုစုပေါင်း ၂,၆၁၅ ချပ်သိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။

# မန္တလေးမြို့တွင် ဆိုင်ကယ်ဖြင့်အလစ်သုတ်မှုများဖြစ်ပွားလျက်ရှိ

စိုင်းသာအောင်

မန္တလေး၊ ဇန်နဝါရီ- ၂၇

မန္တလေးမြို့တွင် ဆိုင်ကယ်များပေါများမှုကြောင့် ဒုစရိုက်သမားများသည် ဆိုင်ကယ်ကိုအသုံးပြု၍ အမျိုးသမီးများထံမှဆွဲကြိုးဖြတ်ခြင်း၊ ပိုက်ဆံအိတ်လုယူခြင်း၊ လက်ကိုင်ဖုန်းလုယူခြင်းများဖြစ်ပေါ်လျက်ရှိသဖြင့် ဆိုင်ကယ်စီးသူအမျိုးသမီးများအနေဖြင့် မိမိအနီးတွင်အကြောင်းမဲ့ကပ်စီးလာသော ဆိုင်ကယ်စီးအလစ်သုတ်သမားများကိုသတိထားရန်လိုကြောင်း မန္တလေးခရိုင်ရဲတပ်ဖွဲ့မှတာဝန်ရှိသူတစ်ဦးကပြောသည်။

ဇန်နဝါရီ ၁၆ ရက်ည ၉ နာ ရီခန့်က မန္တလေးမဟာအောင်မြေမြို့နယ်၊ မဟာနွယ်စည်ရပ်ကွက်နေ အမျိုးသမီးငယ်တစ်ဦးသည် ၆၉လမ်းအတိုင်း တောင်မှမြောက်သို့ ဆိုင်ကယ်မောင်းလာစဉ် အမျိုးသားတစ်ဦးက ဂင်းလွယ်ထားသော ပိုက်ဆံအိတ်အားလုယူထွက်ပြေးသွားသည်။ ဂင်းက "ခါးပိုက်နှိုက်၊ ခါးပိုက်နှိုက်"ဟု အော်ဟစ်လိုက်ရာ ၆၉ လမ်းနှင့် ၄၁ လမ်းထောင့်အရောက်တွင် ခါးပိုက်နှိုက်၏ ဆိုင်ကယ်မှာ ဆိုင်ကယ်ချင်းချိတ်မိလဲကျစဉ် ပတ်ဝန်းကျင်ရှိလူများနှင့် လှည့်ကင်းရဲတပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။ လုယူသူခါးပိုက်နှိုက်မှာ ဇော်နိုင်ထွန်း(ခ)နိုင်ကြီး ၂၈ နှစ်၊ ငုရွှေဝါလမ်း ချမ်းမြသာစည်မြို့နယ်ဖြစ်ပြီး နယ်မြေခံအမှတ် ၉ ရဲစခန်းမှ (ပ)၂၆/ ၂၀၁၁ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၂ အရ အရေးယူဆောင်ရွက်ထားသည်။

# ဂီရိမုန်တိုင်းကြောင့်ပျက်စီးသွားသည့် ဆားကွင်းများ ပြန်လည်ထူထောင်ရန် လယ်ယာစိုက်ပျိုးရေးဘဏ်မှ ငွေထုတ်ချေး

နနွေ

**ကျောက်ဖြူ၊ ဇန်နဝါရီ- ၂၆**

ရခိုင်ပြည်နယ်တွင် နေလှန်းဆားအများအပြား ထုတ်လုပ်သည့်နေရာဒေသတစ်ခုဖြစ်သည့် ကျောက်ဖြူမြို့နယ်ဆားတောင်သူများသို့ လယ်ယာစိုက်ပျိုးရေးဘဏ်မှ ချေးငွေများထုတ်ချေးလျက်ရှိကြောင်း သိရသည်။

ဆားတစ်ပိဿာလျှင် ငါးကျပ်နှုန်းဖြင့် ထုတ်ချေးခြင်းဖြစ်ပြီး အနည်းဆုံးတစ်ဦးလျှင် ကျပ်နှစ်သိန်းမှ အများဆုံး ကျပ် ၁၀ သိန်းအထိထုတ်ချေးပေးကြောင်း သိရသည်။

ရခိုင်ပြည်နယ်ဆားကွင်းများမှာ တစ်ဧကလျှင် ဆားပိဿာချိန်အထွက်နှုန်းပိဿာ ၇,၀၀၀ မှ ၁၁,၀၀၀ ပိဿာထိထွက်ရှိနိုင်ကြောင်းပြောသည်။ ရခိုင်ပြည်နယ်တွင် အောက်တိုဘာလ ၂၂ ရက်က တိုက်ခတ်သွားခဲ့သည့် ဂီရိမုန်တိုင်းကြောင့် ကျောက်ဖြူ၊ မြေပုံ၊ ပေါက်တောမြို့နယ်များတွင် ဆားကွင်းများပျက်စီးခဲ့ရကြောင်း သိရသည်။ လယ်ယာစိုက်ပျိုးရေးဘဏ်မှ ဆားတောင်သူများသို့ ထုတ်ချေးသူပေါင်းမှာ ၁၀၄ ဦးခန့်ရှိခဲ့ပြီဖြစ်ကြောင်းလည်း သိရသည်။

ရခိုင်ပြည်နယ်မှဆားဈေးမှာ ၂၀၀၉ ခုနှစ်က အမြင့်ဆုံးရရှိခဲ့ပြီး တစ်ပိဿာ ၂၀၀ ကျပ်မှ ၅၀၀ ကျပ်အထိရရှိခဲ့ကြပြီး ၂၀၁၀ ပြည့်နှစ်တွင် ဆားတစ်ပိဿာ ၄၀ ကျပ်ဝန်းကျင်သာရှိခဲ့ကြောင်း သိရသည်။ ဆားထုတ်လုပ်မှုစရိတ်မှာ တစ်ပိဿာ ၂၀ ကျပ်ဝန်းကျင်သာရှိကြောင်း သိရသည်။









7 DAY NEWS JOURNAL
Vol.9, No.45 • FEBRUARY 3, 2011

# အာဆီယံကုန်တန်ချိန်သတ်မှတ်ပြီးနောက်ပိုင်း ကုန်စည်သယ်ယူပို့ဆောင်ခ အပြောင်းအလဲရှိလာ

မျိုးမင်းဦး

**မုံရွာ၊ ဇန်နဝါရီ- ၂၆**

ပြည်တွင်းလမ်း၊ တံတားများ ပျက်စီးမှုလျော့နည်းစေရေးအတွက် ကုန်တင်ယာဉ်များအား အာဆီယံလမ်းတံတားသတ်မှတ်စံချိန်စံညွှန်းနှင့်အညီ တင်ဆောင်ရန် သက်ဆိုင်ရာကဇန်နဝါရီလ ၈ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည့်နောက်ပိုင်း ကုန်စည်သယ်ယူအပြောင်းအလဲအနည်းငယ်ရှိကြောင်း မုံရွာမြို့ ကုန်တင်ယာဉ်များမှ ယာဉ်မောင်းများက ပြောကြားသည်။

"ဒီနှစ်ဇန်နဝါရီလ ၇ ရက်က အာဆီယံစံချိန်အမီမော်တော်ယာဉ်ကုန်တန်ချိန်သတ်မှတ်ဆွေးနွေးပွဲမှာကုန်စည် သယ်ယူပို့ဆောင်မှုကို ကန့်သတ်လိုက်တာပါ။ ယာဉ်နဲ့ကုန်အပါအဝင် ၁၂ ဘီးကားကို ၂၅ တန်၊ ၁၀ဘီးကားကို ၂၁တန်၊ ၆ဘီး ကားကို ၂၁ တန်သတ်မှတ်လိုက်တာပါ။မုံရွာမြို့တွင်း လမ်းမကြီးတွေရော လမ်းသွယ်တွေပါ ၁၂တန်နှင့် အထက်ယာဉ်တွေဝင်ရောက်သွားလာမောင်းနှင်မှုကို ကန့်သတ်လိုက်တဲ့အတွက်မြို့တွင်းခေါက်တိုကုန်တင်ယာဉ်တွေနဲ့မုံရွာမြို့တွင်းကုန်စည်တွေသယ်ပို့နေရတယ်။ကုန်စည်သယ်ယူပို့ဆောင်ခတွေလည်း ဝန်ဆောင်မှုအလိုက် တန်ဖိုးတက်လာတဲ့အတွက် ကုန်တန်ဆာခတွေလည်းတိုးတောင်းခဲ့ရတယ်"ဟုမုံရွာမြို့ကုန်တင်ယာဉ်မောင်းအသင်း ဂိတ်တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကုန်တင်ယာဉ်တွေ သတ်မှတ်ကုန်တန်ချိန်အတိုင်း သတ်မှတ်ပြေးဆွဲခဲ့တဲ့နောက်ပိုင်း ဘိလပ်မြေတစ်အိတ် ၅,၅၀၀ ကနေ ၅,၈၀၀ အထိတက်သွားတယ်။ ထုံးကားတွေလည်းသယ်ယူခတွေတက်သွားတယ်။ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းတွေလည်း ကုန်တန်ဆာခတက်လာလို့ ဈေးအပြောင်းအလဲတော့ရှိတယ်"ဟုမုံရွာဒေသခံ အိမ်ရာဆောက်လုပ်ရေးအင်ဂျင်နီယာတစ်ဦးက ပြောသည်။

"ကောက်ပဲသီးနှံတွေ မုံရွာကနေရန်ကုန်ပို့ရင် အရင်တုန်းက တစ်ပိဿာ ၃၃ ကျပ်နဲ့ ပို့ရတာ။ ဒီလအတွင်း ကောက်ပဲသီးနှံတစ်ပိဿာ ကျပ် ၁၀၀ နှုန်းအထိ ဈေးတက်သွားပေမယ့်ကုန်တင်ကားတွေက လိုသလောက်မရှိဘူး။ ကုန်စိမ်းဈေးကွက်မှာလည်း ဟင်းသီးဟင်းရွက်ကုန်စိမ်းတစ်ပိဿာ ၄၃ ကျပ်၊ ၄၅ ကျပ်ဝန်းကျင်က ဒီလထဲမှာ ကုန်စိမ်းတစ်ပိဿာ တန်ဆောင်ခ ကျပ် ၁၁၀ အထိတက်သွားတယ်။ တန်ဆာခတွေ ဈေးတက်တော့ စားသောက်ကုန်တွေလည်း ဈေးတက်သွားတာပေါ့"ဟု မုံရွာဒေသခံဝါရင့်ကုန်သည်ပွဲစား တစ်ဦးက ပြောသည်။

"ကုန်တန်ချိန်တွေလျှော့လိုက်တော့ လမ်းတွေပျက်စီးမှု သက်သာတယ်။ ယာဉ်တွေလည်း ပျက်စီးမှု သက်သာတယ်။ ကုန်တန်ချိန်တွေ လျှော့လိုက်တဲ့အတွက် အရင်ကုန်ကားကြီးတစ်စီးတင်တဲ့ကားကအခုနှစ်စီးထွက်နေရတော့ ကုန်ပို့တဲ့အချိန်တွေမှာ ကားလုံလောက်မှုမရှိသေးဘူး။ တန်ဆာခတွေ တည်ငြိမ်သွားပေမယ့်ကားပိုင်နဲ့ ကုန်သည်အကြား တန်ဆာခညှိနှိုင်းပြေးဆွဲနေရတယ်"ဟု မုံရွာမြို့ခံယာဉ်မောင်းတစ်ဦးကပြောကြားသည်။



# သန်လျင်အထူးဓမ္မသဘင် ထေရဝါဒတရားပွဲ ကျင်းပမည်

**ရန်ကုန်၊ ဇန်ဝါရီ-၂၅**

ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့ရှိ မဟာအတုလသဒ္ဓမ္မရံသီသာသနာ့ဗိမာန်တော်ကြီးတွင် နဝမအကြိမ် သန်လျင်အထူးဓမ္မသဘင်ထေရဝါဒတရားပွဲကို ဖေဖော်ဝါရီ လ ၈ ရက်မှ ၁၁ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ဖေဖော်ဝါရီ ၈ ရက်တွင် ရန်ကုန်ဗုဒ္ဓတက္ကသိုလ် အကျိုးတော်ဆောင်ချုပ်ရွှေညဝါဆရာတော် အရှင်ပညာသီဟ၊ ဖေဖော်ဝါရီ ၉ ရက်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ ဗန်းမော်ဆရာတော်ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၊ ဖေဖော်ဝါရီ ၁၀ ရက်တွင် ရန်ကုန်ဗုဒ္ဓတက္ကသိုလ်တွဲဖက်အကျိုးတော်ဆောင်၊ ရွှေညဝါအရှင်တေဇာနန္ဒ၊ ဖေဖော်ဝါရီ ၁၁ ရက်တွင် အပြည်ပြည်ဆိုင်ရာထေရဝါဒတက္ကသိုလ်၊ ပါမောက္ခချုပ်ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသတို့က တရားတော်များဟောကြားမည်ဖြစ်သည်။

တရားပွဲများကို ညစဉ် ၇ နာရီ ၃၀ မိနစ်တွင် စတင်မည်ဖြစ်ပြီး အလတ်ရွာဂိတ်သစ်၊ ထားမလုံ၊ ကွမ်းခြံကုန်း၊ ဘုရားကုန်း၊ အောင်ချမ်းသာ ၁၊ မြသီရိကျောင်းဘေး၊ ဗိုလ်ချုပ်ရွာဝ၊ ထန်းနှစ်ပင်ကျောင်းလမ်း၊ စာတိုက်ထိပ်၊ ကမ်းနားဈေးလေး၊ နံ့သာကုန်း၊ ဘယက်ကျေးရွာ၊ စစ်ပင်ကွင်းကျေးရွာ၊ အေးသစ္စာရပ်ကွက်တို့တွင် ကားအကြိုအပို့ထားရှိမည်ဟုသိရသည်။ တရားပွဲအတွက် လှူဒါန်းလိုသူများသည် သာသနာ့ဗိမာန်တော်ကြီးရှိ ဓမ္မသဘင်ဖြစ်မြောက်ရေးအဖွဲ့သို့ လှူဒါန်းနိုင်ကြကြောင်း သိရသည်။




# မုံရွာအမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း အာစရိယပူဇော်ပွဲကျင်းပမည်

**မုံရွာ၊ ဇန်နဝါရီ- ၂၇**

မုံရွာမြို့ ဗိုလ်ချုပ်လမ်းပေါ်တွင်တည်ရှိသော အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲအား ဖေဖော်ဝါရီလ ၅ ရက်၊ နံနက် ၁၀ နာရီအချိန်တွင် အဆိုပါကျောင်းခန်းမတွင် ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါအခမ်းအနားသို့ ရပ်ဝေးရပ်နီးမှ ကန်တော့ခံဆရာကြီးဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံးတက်ရောက်ကြပါရန်ဖိတ်ကြားထားပြီး၊ မြတ်ဆရာများအား ပူဇော်ရန်အလှူငွေနှင့်ပစ္စည်းများလှူဒါန်းလိုပါက ကျောင်းအုပ်ဆရာကြီး(အ. ထ. က ၃၊ မုံရွာ)ဖုန်း၀၇၁-၂၁၁၇၆၊ ကိုဆန်းဝင်းမိုး (KSM မိတ္တူ)ဖုန်း-၀၇၁-၂၄၁၃၁၊ ဦးနေဝင်း (ဇောတိကဆေးလိပ်) ဖုန်း-၀၇၁-၂၁၅၂၅ သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။




## စာ (၄၂) အာဆီယံ ခရီးသွားပြပွဲတွင် မြန်မာကို နိုင်ငံတကာ ခရီးသွားလုပ်ငန်းများ အထူးစိတ်ဝင်စားခဲ့ဟုဆို မှ

ထို့ကြောင့် ၂၀၀၉-၁၀ ခရီးသွားရာသီမှစ၍ ကမ္ဘာလှည့်ခရီးသွားများပြန်လည်ဝင်ရောက်လာခဲ့ပြီး ၂၀၁၀ပြည့်နှစ်တွင် ရန်ကုန်လေဆိပ်မှဝင်ရောက်သော ခရီးသည် ဦးရေမှာ ၁၄ နှစ်တာကာလတွင် စံချိန်သစ်တင်နိုင်ခဲ့ကာ လက်ရှိ အခြေအနေထိစည့်သည်ဝင်ရောက်မှု မြင့်တက်နေသည်။

အဆိုပါ ခရီးသွားပြပွဲအား ဇန်နဝါရီ ၁၅ ရက်မှ ၂၁ ရက်အထိကျင်းပခဲ့ပြီး မြန်မာနိုင်ငံမှ လေကြောင်းလိုင်းများ ခရီးသွားလုပ်ငန်းရှင်များ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း (UMTA)ယ MMC, MHA တို့မှ ပူးပေါင်း၍ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနပြခန်း အဖြစ်ပြသခဲ့သည်။

လာမည့်နှစ်တွင် အာဆီယံခရီးသွားပြပွဲအား ဇန်နဝါရီ ၁၃ ရက်မှ ၁၅ ရက် အထိ အင်ဒိုနီးရှားနိုင်ငံ Manado မြို့တွင် ကျင်းပရန်စီစဉ်ထားကြောင်းသိရသည်။

## စာ (၁၅) အမြန်လမ်းမကြီးပေါ်တွင် ကုန်ကားအချို့ ခိုးမောင်း မှ

လမ်းဖြတ်တွေမှာ အဲဒီလိုခိုးဝင်လာတဲ့ကားတွေမိရင်လည်း ကျွန်တော်တို့ဘက်က ကုန်တင်ကားဆရာကို ဘယ်လိုမှ အရေးမယူဘဲ သက်ဆိုင်ရာယာဉ်ထိန်းကိုပဲခေါ်ပြီးအပ်ရတယ်။ ကျွန်တော်တို့အနေနဲ့က ဘာမှအရေးယူလို့မရဘူးလေ" ဟု နေပြည်တော် ၂၀၅ မိုင် ဂိတ်တာဝန်ခံက ပြောကြားသည်။

အဝေးပြေးအမြန်ကွန်ကရစ်လမ်းများတွင် ကုန်တင်ကားများ တက်မောင်းနှင်ခွင့်မရှိဟု ဆိုသော်လည်း တန်ချိန်မများသော ပုပ်လွယ်သိုးလွယ်ပျက်စီးလွယ်သော ပန်းသယ်ကားများ၊ သစ်သီးကုန်စည်ကားများကိုစိစစ်ပြီး မောင်းနှင်ခွင့်ပြုခဲ့လျှင်အချို့သော ကုန်ကားသမားများ၊ ကုန်စည်ပိုင်ရှင်အတွက်ရော သုံးစွဲသူများပါ ပိုမိုအဆင်ပြေနိုင်ကြောင်း ကားဆရာတစ်ဦးကလည်း ဆက်လက်ပြောကြားသည်။


DM
by
Dennis Martin
တန်ဖိုးရှိသော
အချိန်တိုင်းအတွက်
my life
my choice
MODEL
435
Dennis Martin Watch Group,NFC Ltd
Hotline:(01)256494,379516,73022249,02-60022


LG
Life's Good
Health
Inverter
Air Conditioner
"အေးချမ်းပျော်ရွှင်သော မိသားစုဘဝအတွက်
စွမ်းအင်ချွေတာမှုအကောင်းဆုံး LG Inverter Aircon ကိုရွေးချယ်ကြပါစို့"
စွမ်းအင်သုံးစွဲမှုကို 60%အထိလျှော့ချနိုင်ခြင်း
ရောဂါပိုးမွှားများကို 99.9% အထိ ဖယ်ရှားနိုင်ခြင်း
အသံဆိတ်ငြိမ်ခြင်း
LG Inverter Model
LG Inverter Model
LG Inverter Model
Noise Level (19db)
LG Showroom များနှင့် အမြို့မြို့အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

7DAY NEWS JOURNAL
Vol.9, No.45 • FEBRUARY 3, 2011

## မြစ်ကြီးနားကောလိပ် ကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန်၊ ဇန်နဝါရီ- ၂၉**

၁၉၇၄ မှ ၁၉၇၆ ခုနှစ်အထိ မြစ်ကြီးနားကောလိပ်တွင် ပညာသင်ယူခဲ့သော မေဂျာစုံကျောင်းသား၊ ကျောင်းသူများက မြတ်ဆရာပူဇော်ပွဲအား ကျင်းပရန်စီစဉ်လျက်ရှိသည်။

အာစရိယပူဇော်ပွဲကို ၂၀၁၁ ခုနှစ်အတွင်း မန္တလေးမြို့တွင် ကျင်းပရန်စီစဉ်နေသည်။

"သူတို့တွေဟာ အခုဆိုရင် အသက် ၅၀ အထက်ရှိကြပြီး ၁၉၇၄ ခုနှစ်တုန်းက မြစ်ကြီးနားကောလိပ်မှ စတင်တက်ရောက်ခဲ့သူတွေဖြစ်တယ်။ ၁၉၇၆ ခုနှစ်ထိတက်ရောက်ခဲ့ကြတာ၊ အခုပွဲမှာ ၁၉၇၄ ခုနှစ်ကပထမနှစ်တက်တဲ့သူတွေ၊ ၁၉၇၅ ခုနှစ်မှာ ပထမနှစ်တက်ခဲ့သူတွေအားလုံးကို ဖိတ်ကြားပြီးလုပ်မယ်" ဟု အာစရိယပူဇော်ပွဲဖြစ်မြောက်အောင် ဆောင်ရွက်နေသူတစ်ဦးက ပြောသည်။

ဦးလှမြင့်(၀၉-၅၀၂၂၈၈၉)၊ ဦးတင်မောင်ချို(၀၉-၅၀၁၈၃၅၆)၊ ဦးမျိုးမြင့်(၀၉-၅၀၄၉၁၀၁)၊ ဒေါ်ခင်ဝင်း(၀၉-၅၁၈၇၈၃၈)တို့နှင့် ဆက်သွယ်၍ အာစရိယပူဇော်ပွဲအကြောင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## PHOTO **NEWS**



၂၀၁၁ခုနှစ် ဇန်နဝါရီလ ဒုတိယပတ်အတွင်းက ညောင်ဦး – ပုပ္ပါးကားလမ်းမအနီးတွင်နိုင်ငံခြားသားဧည့်သည်များက မြန်မာ့ရိုးရာဓလေ့ဖြစ်သော နွားဖြင့်ဆုံဆီကြိတ်သည့်လုပ်ငန်း၌ လက်တွေ့ဝင်ရောက်လုပ်ကိုင်နေသည်ကို မြင်တွေ့ရစဉ်။ ယင်းကဲ့သို့ မြန်မာ့ဓလေ့စရိုက်များကို လက်တွေ့သရုပ်ပြ၍ နိုင်ငံခြားခရီးသည်များကိုဆွဲဆောင်ခြင်းမှာ ထိရောက်မှုရှိပြီး ခရီးသွားအများစုစိတ်ဝင်စားကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ – ကိုသက်(မုံရွာ)**


စင်္ကာပူနိုင်ငံ အခိုင်မာဆုံး ကျောင်းများ၏ သတင်းအချက်အလက်များကို တစ်နေရာတည်းတွင် ရရှိနိုင်မည့်

Singapore Education ROADSHOW 2011

11ST FEBRUARY 2011
(သောကြာနေ့)
10 AM - 4 PM
SUMMIT PARKVIEW HOTEL,
အလုံလမ်း၊ ရန်ကုန်။

ascensia ACADEMY | AUSTON INSTITUTE | ERC INSTITUTE | JCU SINGAPORE | KAPLAN
LASALLE COLLEGE OF THE ARTS | MDIS | psb Academy | Shelton | BRITISH COUNCIL




ဤ Roadshow တွင် ကျောင်းဝင်ခွင့်များအတွက် သက်ဆိုင်ရာ ကျောင်းမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ် ဆွေးနွေး တိုင်ပင်နိုင်သည့်အပြင်-

- စင်္ကာပူအစိုးရ ကျောင်းဝင်ခွင့် ပြင်ဆင်ပေးမည့် ကျောင်းများ
- Singapore Cambridge GCE 'O' ကျောင်းများ
- Junior College (JC) အတွက် ပြင်ဆင်ပေးမည့် ကျောင်းများ
- နေရေးထိုင်ရေးနှင့်ပတ်သက်သည့် Hostel Information များ
- ပညာသင်ဆု အခွင့်အရေးများ၊
- ကျောင်းလျှောက်လွှာကြေး ကင်းလွတ်ခွင့်များ

ပြပွဲလာရောက်သူများကို
- စင်္ကာပူ ဗိုလီလမ်းညွှန်စာအုပ်
- စင်္ကာပူပညာရေးလမ်းညွှန် (အထူးထုတ်) တို့ကို
အခမဲ့ ပေးပါမည်။

Organized by
CROWN EDUCATION

CROWN Education
#228-229, Summit Parkview Hotel, No.350, Ahlone Road, Dagon Township, Yangon.
Tel: (95-1) 211 888 (Ext- 228/229), Mobile: (95-9) 5085 185
: www.crown-education.com : www.facebook.com/crowneducation

For Detail Info:
211 888 (Ext- 228/229)
09 50 85185

Education
7DAY NEWS JOURNAL
Vol.9, No.45 • FEBRUARY 3, 2011

# SP Jain Center of Management ပညာသင်ဆုလျှောက်ထားနိုင်

သီဟ

ရန်ကုန်၊ဇန်နဝါရီ - ၂၉

နှစ်စဉ်ရာနှုန်းပြည့်ပညာသင်ဆုမှ စ၍ နှစ်ဆယ့်ငါးရာခိုင်နှုန်းပညာသင်ဆုအထိပေးအပ်လျက်ရှိသည့် S.P. Jain Center of Management မှယခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနှင့် စီမံခန့်ခွဲမှုဘွဲ့ကြို Global Bachelor of Business Administration(GBBA) ပညာသင်ဆုအား ယခုနှစ်မှစ၍ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။




အဆိုပါ ပညာသင်ဆုအတွက် လိုအပ်သည့်အရည်အချင်းများမှာ IELTS 6.0 ရရှိရမည်ဖြစ်သည်။ ထို့အပြင် အခြားအရည်အချင်းများဖြစ်သည့် GCE A' Level သို့မဟုတ် IB(International Baccalaureate Diploma) သို့မဟုတ် တက္ကသိုလ်ပထမနှစ်အောင်မြင်ရမည်ဖြစ်ကြောင်း သိရသည်။

အထက်ပါ အရည်အချင်းများအပြင် S.P.J မှစစ်ဆေးသည့် ဉာဏ်ရည်စစ်ဆေးခြင်း စာမေးပွဲတွင်လည်း ရမှတ် ၇၀ ရာခိုင်နှုန်း ရရှိရမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် တယ်လီဖုန်းဖြင့် အင်တာဗျူးပြုလုပ်မည်ဖြစ်သောကြောင့် အင်္ဂလိပ်လို အပြောရှင်းလင်းစေရန် လေ့ကျင့်ထားရန် လိုအပ်ကြောင်း သိရသည်။

ပညာသင်ဆုအတွက် အဓိကပေးအပ်မည့် အထူးပြုဘာသာရပ်များမှာ Marketing နှင့် Finance ဘာသာရပ်များဖြစ်ပြီး ပညာသင်ဆုရရှိပါက တစ်နှစ်စာကျောင်းလခ အမေရိကန်ဒေါ်လာ ၁၂,၀၀၀ ၏ ၂၅ ရာခိုင်နှုန်းမှ ၅၀၊ ၇၀ နှင့် ၁၀၀ ရာခိုင်နှုန်းအထိရရှိနိုင်ကြောင်း သိရသည်။

အလားတူနှစ်စဉ်ပေးအပ်လျက်ရှိသည့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနှင့် စီမံခန့်ခွဲမှုမဟာဘွဲ့ Global Master of Business Administration အားလည်း စတင်လျှောက်ထားနိုင်ပြီဖြစ်သည်။

အဆိုပါ GMBA အတွက် လိုအပ်သည့်အရည်အချင်းများမှာ GMAT ရမှတ် ၆၅၀ ရရှိရမည်ဖြစ်ပြီး မိမိလျှောက်ထားလိုသည့် အဓိကဘာသာရပ်နှင့် ဆက်စပ်သည့် လုပ်ငန်းအတွေ့အကြုံ သုံးနှစ်ရှိရန် လိုအပ်ကြောင်း သိရသည်။

ထို့အပြင် အထက်တန်းနှင့် တက္ကသိုလ်ဘွဲ့ကြိုကာလများတွင် ထူးချွန်သည့် ပညာသင်မှတ်တမ်း ရှိရမည်ဖြစ်ကြောင်း သိရသည်။

ဘွဲ့ကြိုအတန်းအတွက် သင်တန်းစတင်မည့်ကာလမှာ ယခုနှစ်အတွက် စက်တင်ဘာလတွင် တစ်ကြိမ်သာ လက်ခံမည်ဖြစ်ပြီး မဟာဘွဲ့အတန်းအတွက် တစ်နှစ်လျှင်နှစ်ကြိမ်လက်ခံမည်ဖြစ်ကြောင်း သိရသည်။

ပညာရေးသတင်းတိုများ

## မိသားစုစီးပွားရေးလုပ်ငန်းမှ နိုင်ငံတကာအဆင့် ကုမဏီဖွဲ့စည်းမှုပုံစံသို့ အကြောင်းဟောပြောမည်

ရန်ကုန်၊ ဇန်နဝါရီ - ၂၇

"မိသားစုစီးပွားရေးလုပ်ငန်းမှ နိုင်ငံတကာအဆင့် ကုမ္ပဏီဖွဲ့စည်းမှုပုံစံသို့" ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ဖေဖော်ဝါရီလ ၅ ရက်နေ့လယ် ၂နာရီမှစတင်၍ လမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာလမ်းရှိ UMFCCI ရုံးချုပ်တွင် ပြုလုပ်မည်ဖြစ်သည်။ ဟောပြောပွဲတွင် MHR သင်တန်းကျောင်းမှ ဦးအေးကျော်က ဆွေးနွေးပြောကြားမည်ဖြစ်ပြီး စိတ်ဝင်စားသူများ တက်ရောက်လေ့လာနိုင်ကြောင်းသိရသည်။

## ဗြိတိန်ပညာရေးနှင့် JELTS စာမေးပွဲအကြောင်း ဟောပြောမည်

ရန်ကုန်၊ ဇန်နဝါရီ - ၂၈

ဗြိတိန်ပညာရေးနှင့် IELTS စာမေးပွဲအကြောင်းပညာရေးဟောပြောပွဲကို ဖေဖော်ဝါရီလ ၁၉ ရက်၊ နံနက် ၁၀ နာရီမှ စတင်၍ ကုန်သည်ကြီးများ ဟိုတယ်၌ ပြုလုပ်မည်ဟု ဗြိတိသျှကောင်စီ(မြန်မာ)မှသိရသည်။ ၎င်းပညာရေးဟောပြောပွဲအတွက် လူဦးရေ ၁၅၀ သတ်မှတ်ထားပြီး တက်ရောက်လေ့လာလိုသူများအနေဖြင့် ကြိုတင်စာရင်းပေးသွင်းရန် လိုအပ်ကြောင်းသိရသည်။

## နိုင်ငံတကာပညာရေးဟောပြောပွဲကျင်းပမည်

ရန်ကုန်၊ ဇန်နဝါရီ - ၂၅

စင်ကာပူ၊ ထိုင်း၊ ဗြိတိန်နိုင်ငံရှိ ကျောင်းများလာရောက်ပြသမည့် ပညာရေးပြပွဲကို ဖေဖော်ဝါရီလ ၉ ရက်တွင် ပါ့ခ်ရွိုင်ရယ်ဟိုတယ်တွင် ကျင်းပမည်ဟုသိရသည်။ ၎င်းပညာရေးပြပွဲအား နံနက် ၉ နာရီမှ နေ့လယ် ၂ နာရီထိ ပြုလုပ်မည်ဖြစ်ပြီး ကျောင်းသားများနှင့် မိဘများတက်ရောက်လေ့လာနိုင်သည်။

# ပြင်သစ်ယဉ်ကျေးမှုဌာနမှ တာဝန်ရှိသူတစ်ဦးနှင့် တွေ့ဆုံခြင်း

နေလင်းထွန်း

**ယခုနှစ်ပိုင်းအတွက်မြန်မာကျောင်းသားများပြည်ပနိုင်ငံများတွင် သွားရောက်ပညာသင်ယူရန် စိတ်ဝင်စားမှုမြင့်တက်နေလျက်ရှိသည်။ ပြည်တွင်း၌ နိုင်ငံခြားဘာသာစကား လေ့လာသင်ယူမှုသည်လည်း တိုးပွားနေသည်။ ပြင်သစ် ဘာသာစကားလေ့လာသင်ယူလိုသူများနှင့် ပြင်သစ်ပညာသင် အခွင့်အလမ်းအကြောင်း သိရှိလိုသူများအတွက် ပြင်သစ်ယဉ်ကျေးမှုဌာနမှ တာဝန်ရှိသူတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။**

**ပြင်သစ်ဘာသာစကားသင်တန်းဖွင့်လှစ်ထားမှုကို သိပါရစေ။**

ပထမနှစ်ကနေ ပဥ္စမနှစ် အထိရှိပါတယ်။ ၁၀ လတန်းတွေဖြစ်ပါတယ်။ တစ်နှစ်ကို သုံးကြိမ် အတန်းသစ်ဖွင့်ပါတယ်။ ဇူလိုင်၊ အောက်တိုဘာနဲ့ ဇန်နဝါရီတွေမှာပါ။ သင်တန်းတွေက ရုံးချိန်လွတ်အောင် ကြိုးစားထားပါတယ်။ ကြားရက်နဲ့ စနေ၊ တနင်္ဂနွေနေ့တွေမှာ တစ်ပတ်နှစ်ရက်သင်ပါတယ်။ ကာလတို သင်တန်းတွေက on demand ပါ။ ကျွန်မတို့ဆီမှာ waiting List ဖွင့်ပေးထားတယ်။ ၁၅ ယောက်ပြည့်ရင် ဖွင့်ပါတယ်။ ပုံမှန်အတန်းတွေအနေနဲ့တော့ မဟုတ်ပါဘူး။

**သင်တန်းတက်ဖို့ လိုအပ်ချက်တွေ သိချင်ပါတယ်။**

ဆယ်တန်းလောက်တော့ ရှိရမယ်။ ပညာရေးထောက်ခံချက်တစ်ခုယူလာရင်ရပါပြီ။ ကျွန်မတို့ဆီမှာ on request နဲ့ တက်တဲ့ ၁၂ နှစ်၊ ၁၃ နှစ်ကလေးတွေလည်း ရှိပါတယ်။

**သင်တန်းကြေးအနေနဲ့ ဘယ်လိုသတ်မှတ်ထားပါလဲ။**

သင်တန်းကြေးက တစ်လကို အမေရိကန်ဒေါ်လာ ၁၅ ပါ။ တစ်နှစ်ကျောင်းဝင်ကြေးနဲ့ စာအုပ်ဖိုးအတွက်က အမေရိကန်ဒေါ်လာ ၁၅ ဒေါ်လာပါ။

**လက်ရှိသင်တန်းသားဦးရေ ဘယ်လောက်ရှိပါသလဲ။ ဘယ်လိုနယ်ပယ်ကလူတွေတက်လေ့ရှိပါသလဲ။**

လက်ရှိကျောင်းသား ၃၅၀ ကျော် ရှိပါတယ်။ အရင်က တက္ကသိုလ်ကျောင်းသားနဲ့ ဆယ်တန်းအောင်ထားတဲ့သူတွေ များတယ်။ အခုတော့ အလုပ်လုပ်နေတဲ့ သူတွေအတက်များလာပါတယ်။ သင်တန်းသားအများစုက သုံးနှစ်လောက်တက်ကြတယ်။ အင်န်ဂျီအို၊ ဧည့်လမ်းညွှန်၊ပြင်သစ်စကားပြောတဲ့ ရုံးတွေနဲ့ ခရီးသွားလုပ်ငန်းတွေမှာ ဝင်လုပ်ကြပါတယ်။

**သင်တန်းအတွက် ပညာသင်ဆုအစီအစဉ်ရှိပါသလား။**

အစိုးရဝန်ထမ်းတွေကို သင်တန်းကြေးတစ်ဝက်လျှော့ပေးထားပါတယ်။ ပြင်ပကုမ္ပဏီဝန်ထမ်းတွေ မပါပါဘူး။ မြန်မာပြည်ကို ပြင်သစ်ခရီးသွားတွေလာတဲ့အခါ တချို့က ငွေလျှုသွားတယ်။ ကျွန်မတို့ဆီမှာ ငွေကြေးမတတ်နိုင်ဘူးဆိုပြီး လျှောက်လွှာတင်ထားတဲ့သူတွေထဲက သင့်တော်တဲ့ ကလေးကို ပညာသင်ဆုပေးလိုက်တယ်။ လောလောဆယ်အဲလိုကလေးတွေလေးယောက်လောက်ရှိတယ်။

**နှစ်စဉ်ပြင်သစ်နိုင်ငံမှာသွားရောက်ပညာသင်တဲ့ကျောင်းသားဘယ်လောက်လောက်ရှိပါသလဲ။**

ပြင်သစ်နိုင်ငံမှာ စာသွား သင်တဲ့သူ အရေအတွက်က နည်းတယ်။ အခုလောလောဆယ်မှာ ကျောင်းသားလေးယောက်လောက် သွားဖို့အတွက် ကူညီနေတာရှိတယ်။ တစ်နှစ်ကိုလေးငါးယောက်လောက်ပါပဲ။ ကျောင်းသားတွေလိုအပ်တဲ့ စာရွက်စာတမ်း၊ ကုန်ကျစရိတ်၊ သွားလို့ရတဲ့ တက္ကသိုလ်တွေကို ကျွန်မတို့က အကြံဉာဏ်ပေးပါတယ်။

**မြန်မာကျောင်းသားတွေ ဘယ်လိုပုံစံမျိုးနဲ့သွားရောက်လေ့ရှိပါသလဲ။**

နှစ်မျိုးသွားလို့ရတယ်။ အကယ်၍ ပြင်သစ်ဘာသာစကားကို တစ်နှစ်လောက် တတ်ထားတယ်ဆိုရင် ဟိုမှာ ဘာသာစကားတစ်နှစ်တက်၊ ဘီတူးစာမေးပွဲဖြေပြီး တက္ကသိုလ်တက်လို့ရတယ်။ ဒါမှမဟုတ် ဒီမှာပဲ ဘီတူးစာမေးပွဲဖြေပြီး တက္ကသိုလ်သွားတက်လို့ရတယ်။

**ပညာသင်စရိတ် ဘယ်လောက်လောက် ရှိပါသလဲ။**

ပညာရေးစနစ်က အစိုးရတက္ကသိုလ်တွေမို့ အရမ်းဈေးသက်သာတယ်။ ပြဿနာက ဥရောပနိုင်ငံဖြစ်တဲ့အတွက် နေထိုင်စားသောက်စရိတ်က မြင့်တယ်။ ကျောင်းလခက တစ်နှစ်လုံးမှ ယူရို ၄၀၀လောက်ပဲသွင်းရတယ်။ စာအုပ်ဖိုးတော့ မပါသေးဘူး။

စာ(၂၂)သို့






# Technology

7 DAY NEWS JOURNAL

Vol.9, No.45 • FEBRUARY 3, 2011




## MCM စာမေးပွဲ ပြည်တွင်းမှာပင် ဖြေဆိုနိုင်တော့မည်

**ယုဇနကိုကို**

**ရန်ကုန်၊ဇန်နဝါရီ- ၂၆**

မိုက်ကရိုဆော့ဖ်စာမေးပွဲများ၏အရည်အချင်းသတ်မှတ်မှု အမြင့်ဆုံးစာမေးပွဲဖြစ်သည့် Microsoft Certified Master (MCM) စာမေးပွဲအားပြည်တွင်းမှာပင် စတင်ဖြေဆိုနိုင်တော့မည်ဖြစ်ကြောင်း အဆိုပါ စာမေးပွဲများကို စစ်ဆေးပေးမည့် ရန်ကုန်မြို့အခြေစိုက် အွန်လိုင်းစာမေးပွဲစင်တာများမှ စုံစမ်းသိရှိရသည်။

ရန်ကုန်နှင့်မန္တလေးမြို့များရှိ အွန်လိုင်းစာမေးပွဲစင်တာများတွင် ဖြေဆိုနိုင်မည့် အဆိုပါမိုက်ကရိုဆော့ဖ်၏ အမြင့်ဆုံးစာမေးပွဲဖြစ်သည့် MCM အား ဖြေဆိုလိုသူများအနေဖြင့် Knowledge Exam ဟုခေါ်ဆိုသည့် 88-970 ဘာသာရပ်ကိုဖြေဆိုရမည်ဖြစ်သည်ဟု သိရသည်။

လာမည့်ဖေဖော်ဝါရီလအတွင်းမှ စတင်ဖြေဆိုနိုင်တော့မည့် အဆိုပါ မိုက်ကရိုဆော့ဖ်၏ အမြင့်ဆုံးစာမေးပွဲဖြစ်သည့် MCM စာမေးပွဲကို အမေရိကန်ဒေါ်လာ ငါးရာပေးသွင်းပြီးဖြေဆိုနိုင်မည်ဖြစ်သည်။ အဆိုပါစာမေးပွဲကိုဖြေဆိုအောင်မြင်သူများအနေဖြင့်နိုင်ငံတကာနည်းပညာနယ်ပယ်တွင် အလွယ်တကူအလုပ်လျှောက်ထားရယူနိုင်ခြင်းများပြုလုပ်နိုင်မည် ဖြစ်ကြောင်းလည်းသိရသည်။

အဆိုပါစာမေးပွဲသစ်၏ ဒုတိယတစ်ကြိမ်ဖြေဆိုရမည့် 88-971 စာမေးပွဲကိုမူ Lab exam ဟု သတ်မှတ်ထားပြီး ယင်းစာမေးပွဲအား ဒေသတွင်းရှိမည်သည့်နိုင်ငံတွင် ဖြေဆိုရမည်ကိုမူ မိုက်ကရိုဆော့ဖ်မှထုတ်ပြန်ခြင်းမပြုရသေးကြောင်း သိရသည်။

မိုက်ကရိုဆော့ဖ်၏ အမြင့်ဆုံးကျွမ်းကျင်လက်မှတ်ဖြစ်သည့် အဆိုပါစာမေးပွဲများကို ရန်ကုန်နှင့် မန္တလေးမြို့များရှိ Myanmar Inspiration Online Exam Centre နှင့် Global Net Online Exam Centre များတွင်ဖြေဆိုနိုင်မည်ဖြစ်သည်။




ဈေးကွက်တွင် အရောင်းသွက်နေသောမိုဒမ်။ ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## စီဒီအမ်အေ ၈၀၀ မဂ္ဂါဟာဇ် ဖုန်းများကြောင့် မိုဒမ်ရောင်းကောင်း

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇန်နဝါရီ - ၂၆**

အင်တာနက်အသုံးပြုနိုင်သော ကျပ်ငါးသိန်းတန် စီဒီအမ်အေ ၈၀၀ မဂ္ဂါဟာဇ်ဖုန်းများဖြင့် အင်တာနက်သုံးရန် ကွန်ပျူတာနှင့်တွဲဖက် အသုံးပြုနိုင်သည့်ကြားခံပစ္စည်းဖြစ်သော မိုဒမ်ဝယ်လိုအားမြင့်တက်လျက်ရှိကြောင်း မိုဘိုင်းဖုန်းအရောင်းဆိုင်မှ တာဝန်ရှိသူများက ပြောသည်။

အဆိုပါ ကြားခံပစ္စည်း မိုဒမ်ကို မော်ဒယ်မြင့် ဟန်းဆက်များထက် ပိုဝယ်လာခြင်းမှာ မော်ဒယ်မြင့်ဖုန်းအိမ်များတွင် အင်တာနက်အသုံးပြုရန် အဆင်မပြေဘဲ တရုတ်နိုင်ငံထုတ် ဖုန်းအိမ်များတွင်သာ သုံးစွဲရန် အဆင်ပြေသောကြောင့် ဖြစ်သည်ဟု ၎င်းတို့ကပြောသည်။

"အင်တာနက်လိုင်းကို တရုတ်ကဝင်တဲ့ Huawai ဖုန်းနဲ့ စမ်းသပ်ထားတယ်လို့ ပြောတယ်။ လောလောဆယ်တော့ တရုတ်ဖုန်းတွေက ပိုအဆင်ပြေတယ်။ အိန္ဒိယထုတ်က TATA ကတော့ မဆိုးဘူး။ Samsung က သိပ်အဆင်မပြေဘူး" ဟု မိုဘိုင်းဖုန်းအရောင်းဆိုင်မှ တာဝန်ရှိသူက ပြောသည်။

ထို့ကြောင့် အင်တာနက်သုံးစွဲသူများသည် မိုဒမ်ကို ဝယ်ယူ၍သာ သုံးစွဲလာကြကြောင်း သိရသည်။

"မိုဒမ်ဝယ်တဲ့သူက ဒီရက်ပိုင်း တော်တော်များလာတယ်။ အရင်နဲ့စာရင် တစ်ဝက်လောက်တက်လာတယ်။ အင်တာနက်သုံးတဲ့သူ ၁၀ ဦးမှာ ၆ ဦးလောက်က မိုဒမ်ဝယ်သုံးကြတယ်"ဟု လူကြီးမင်းမိုဘိုင်းဆိုင်မှ ဦးကိုကိုအောင်က ပြောသည်။

ထို့ကြောင့် အဆိုပါ မိုဒမ်၏ ဈေးနှုန်းများလည်း ပစ္စည်းအနည်းအများပေါ်မူတည်၍ ဈေးနှုန်း ၅,၀၀၀ ကျပ် ဝန်းကျင်ထိ ဈေးတက်လာကြောင်း သိရသည်။

လက်ရှိတွင် မိုဒမ်ဈေးနှုန်းမှာ ၄၅,၀၀၀ ကျပ် ဝန်းကျင်ရှိကြောင်း သိရသည်။











# KAUNG MYAT ZAW INT'L CO., LTD
**Member of Shine Group of Companies**


တပ်မတော်ခန်းမအတွင်း **3-2-2011** မှ **6-2-2011** အထိ ကျင်းပပြုလုပ်မည့်

## LIFESTYLES Expo 2011 ပြပွဲတွင်



Italy နည်းပညာဖြင့် ပြုလုပ်ထားသော Vietnam နိုင်ငံထုတ်
Viglacera အမှတ်တံဆိပ် ကြွေပြား၊ ကျောက်ပြားများ၊
ဘိုထိုင်၊ ဘေစင်များနှင့် ရေချိုးခန်းသုံးပစ္စည်းများကို
(5%) to (30%) Discount ဖြင့် ဈေးနှုန်းချိုသာစွာ
ရောင်းချပေးလိုက်ပါပြီ။ Steel Thickness (1.5/0.6mm)
ရှိပြီး တံခါးထု (70mm) ထူသော ခိုင်ခံ့လှပသည့်
7'x4' နှင့် 7'x3' Steel Main Door များအပြင်
အိမ်တွင်းအလှဆင်တံခါးများကိုလည်း
"အထူး" ဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ပါသည်။







**7'x4' = 219999 Ks, 7'x3' = 139999 Ks**

(Door to Door) နေ့ချင်း အိမ်တိုင်ရာရောက်ပို့ဆောင်ပေးမည့် "အထူး" အစီအစဉ် (ရန်ကုန်မြို့တွင်းသာ)

ကော်ပိုရိတ်ရုံး - အမှတ်(၂၉) ရွှေညီတော်လမ်း၊ ရှိုမြိုလမ်း၊ ရှိုမြိုကွန်ဒို (မအောင်ဆန်းကွင်းအထူးတန်းဆောင်) မင်္ဂလာတောင်ညွန့်မြို့နယ်၊ Tel : 01-385344, 01-385340-4
E-mail : soeminnaing.shine@gmail.com, kaungmyatzaw@wimaxmial.net.mm, http://www.shineconstructioncompany.com


# KAUNG MYAT ZAW INT'L CO., LTD
**Member of Shine Group of Companies**

တပ်မတော်ခန်းမအတွင်း **3-2-2011** မှ **6-2-2011** အထိ ကျင်းပပြုလုပ်မည့်

## LIFESTYLES Expo 2011 ပြပွဲတွင်


KAUNG MYAT ZAW INT'L CO., LTD မှ Italy နည်းပညာဖြင့် ပြုလုပ်ထားသော Vietnam နိုင်ငံထုတ် Viglacera အမှတ်တံဆိပ်ကြွေပြား၊ ကျောက်ပြားများ၊ ဘိုထိုင်၊ ဘေစင်များ၊ ရေချိုးခန်းသုံးပစ္စည်းများ၊ တရုတ်နိုင်ငံထုတ် စတီးတံခါးများ၊ အိမ်တွင်းအလှဆင်တံခါးများနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို အရည်အသွေးမြင့်မားစွာဖြင့်တင်သွင်း ဖြန့်ဖြူးလျက်ရှိပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အိမ်ဆောက်ပစ္စည်း တဆင့်ပြန်လည်ရောင်းချလိုသူ အရောင်းကိုယ်စားလှယ်ကြီးများအား အထူးအစီအစဉ်များဖြင့် လွယ်လင့်တကူဝယ်ယူရရှိနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

**အထူးအစီအစဉ်များအနေဖြင့်**

- အထူးငွေပေးချေမှုစနစ် ရရှိနိုင်မည့်အခွင့်အရေး . . .
- ပစ္စည်းအာမခံမှု ရရှိနိုင်မည့်အခွင့်အရေး . . .
- ကြော်ငြာပံ့ပိုးမှုစနစ် ရရှိနိုင်မည့်အခွင့်အရေး . . .
- အခြားဝန်ဆောင်မှုစနစ်များ ရရှိနိုင်မည့်အခွင့်အရေး . . . များဖြင့် အထူးပံ့ပိုးပေးမည်ဖြစ်ပါသည်။

မြို့နယ်တိုင်းအတွက် ဦးရေကန့်သတ်ချက်ဖြင့် ကိုယ်စားလှယ်ပေးမည်ဖြစ်၍ အမြန်ဆုံးစာရင်းပေးသွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။


ကော်ပိုရိတ်ရုံး - အမှတ်(၂၉) ရွှေညီတော်လမ်း၊ ရှိုမြိုလမ်း၊ ရှိုမြိုကွန်ဒို (မအောင်ဆန်းကွင်းအထူးတန်းဆောင်) မင်္ဂလာတောင်ညွန့်မြို့နယ်၊ Tel : 01-385344, 01-385340-4
E-mail : soeminnaing.shine@gmail.com, kaungmyatzaw@wimaxmial.net.mm, http://www.shineconstructioncompany.com


# အာတိတ်ပေါက်ကွဲမှု နောက်တစ်ကြိမ်

မောင်ထွန်းလွင်(မိုးလေဝသ)

ဒီဇင်ဘာလ ပထမပတ်ထဲမှာ အမေရိက နယူးယောက် Buffalo၊ Pensylvania၊ Boulder တို့မှာ အအေးတွေလွှမ်းကဲကာဆီးနှင်းတွေကျခဲ့ပြီး၊ လက်ရှိမှာတော့ ဥရောပမှာ အအေးတွေ လွှမ်းကဲနေပြန်ပါတယ်။ အမေရိက၊ ကနေဒါ၊ အင်္ဂလန်၊ ပြင်သစ်၊ နော်ဝေး၊ ဂျာမနီ၊ ဆွီဒင်အပါအဝင် နိုင်ငံနိုင်ငံမှာဆိုရင် ကောင်းကင်မိုးလေဝသ ဂြိုဟ်တုက ရိုက်ယူထားတဲ့ပုံမှာ အေးခဲနေတာကိုတွေ့ရတာ ကိုယ့်မျက်စိကိုယ်တောင် အစက မယုံခဲ့မိဘူး။ ရေတံခွန်က ကျနေတဲ့ရေတွေ တန်းလန်းကြီးခဲနေတယ်။ အိမ်အမိုးက ကျနေတဲ့နှင်းရည်တွေဟာ တွဲလောင်းကြီးကျခဲနေတယ်။ ရေကန်ထဲကရေသည်ဖြစ်စေ။ အားလုံး၊ အားလုံး၊ ကြိုတင်ပြင်ဆင်မှုကတော့ အားနည်းကြတာချည်းပါပဲ။ အခြေက ကိုင်လှုပ်တာ ခံရသလိုပါပဲ။ အခြေပျက်သွားကြတာချည်းပါပဲ။ အများအားဖြင့်တော့ သူပြုသမျှနုကြရတော့တာပါပဲ။ ဘာကြောင့်များပါလဲ။ ဘာဖြစ်ရမလဲဗျာ။ ကြိုတင်ပြင်ဆင်မှု အားနည်းကြလို့တယ်။ ယခုနှစ်ဆောင်း (ဒီဇင်ဘာ-၂၀၁၀ မှ ဖေဖော်ဝါရီ-၂၀၁၁)ဟာ လာနီညာဆောင်းဖြစ်နေတာပါပဲ။ ဒီအချက်ဟာ အများကြီး စကားပြောသွားနိုင်ပါတယ်။ တည့်တည့်ပြောရရင်တော့ ဒီနှစ်ဆောင်းဟာပိုပြင်းထန်နိုင်ပါတယ်။

လက်ရှိမှာကိုပဲ လွှမ်းကဲပြင်းထန်တဲ့ရာသီဥတုတွေက ပြသနေအရှေ့ဘက်ဆိုရင် တရုတ်ပြည်နဲ့ အနောက်ဘက်ကဆိုရင် အိန္ဒိယပြည်။ လေသဘောနဲ့ ပြောရရင် အရှေ့မြောက်လေနဲ့ အနောက်မြောက်လေတွေက သယ်ယူလာကြတဲ့အအေးတွေပေါ့ဗျာ။ အခုနောက်ပိုင်း တိတိကျကျပြောရရင် ၂၀၀၆ ခုနှစ် နောက်ပိုင်းမှာ အအေးဓာတ်တွေဟာ အဲဒီနှစ်ခုအကံကောင်းသွားတာက ဒီမုန်တိုင်းငယ်ဟာ ကုန်းတစ်ဝက်၊ ရေတစ်ဝက်ဖြစ်နေခဲ့တာပါပဲ။ ခမျာ အားယူနေရင်းနဲ့ပဲ မုန်တိုင်းအဖြစ်ကို မကြေညာနိုင်ခဲ့ရပါဘူး။ မဟုတ်ရင်တော့ဒါဟာ ၂၀၁၀ ရဲ့ ဘင်္ဂလားပင်လယ်အော်ရဲ့ ၆ လုံးမြောက်ဖြစ်လာမှာပါပဲ။

ဒီတော့ဗျာ။ လိုရင်းပြောရ





ဓာတ်ပုံ - အောင်အောင်

အများအပြားဟာ ရေခဲမှတ်အောက်ရောက်အောင် အအေးတွေ လွှမ်းကဲနေပါတယ်။ မနှစ်ကဆောင်းကိုသတိပြန်ရစေပါတယ်။ မနှစ်ကလည်း ဒီလိုခရစ္စမတ်ကာလမတိုင်မီလေး ဒီဇင်ဘာလ ဒုတိယလဝက် ဝင်လာတာနဲ့ မြောက်အမေရိက နယူးယောက်ကစပြီး အအေးတွေလွှမ်းကဲလာပါတယ်။ အဲဒီကမှတစ်ဆင့် ခရစ္စမတ်မတိုင်မီလေးမှာ ဥရောပကိုအအေးတွေ ကူးစက်လာပါတယ်။ အဲဒီနောက် ခရစ္စမတ်လောက်ရောက်လာတော့ အအေးဓာတ်တွေဟာ အာရှက ဆိုက်ဘေးရီးယား (Siberia)ကို ကူးစက်လာပြန်ပါတယ်။ မှတ်မှတ်ရရကျွန်တော်တို့ မြန်မာနိုင်ငံကိုတော့ ဒီဇင်ဘာလ ၂၆ရက်မှာ မြန်မာနိုင်ငံရဲ့မြောက်ဘက်မှာရှိတဲ့ဟိမဝန္တာတောင်တန်းတွေမှတစ်ဆင့် အအေးဓာတ်တွေ ဝင်လာပြီး စအေးလာခဲ့ပါတယ်။

ပြီးခဲ့တဲ့နှစ် ဆောင်းကတော့ ပြောစမှတ်ပါပဲ။ ကမ္ဘာမြောက်ခြမ်းမှာ တည်ရှိနေတဲ့ ကုန်းမြေတိုက်ကြီး ၃ ခုဖြစ်တဲ့ မြောက်အမေရိကတိုက်၊ ဥရောပတိုက်နဲ့ အာရှတိုက်တွေ အားလုံး အေးခဲနေခဲ့တယ်လို့ ဆိုရမလောက်ပါပဲ။ အင်္ဂလန်တွေ၊ မြစ်ထဲကရေတွေ အားလုံးခဲကုန်တယ်။ ဒါကြောင့် ရေလမ်းခရီးတွေ ပိတ်ကုန်တယ်။ အထူ ၂ ပေမှ ၄ ပေလောက်ရှိတဲ့ နှင်းတွေဖုံးနေလို့ ကုန်းလမ်း၊ ရထားလမ်း၊ လေကြောင်းခရီးစဉ်တွေ အားလုံးပိတ်ကုန်ပါတယ်။ အဝေးပြေးလမ်းမကြီးပေါ်မှာ ကားတွေ ဆက်သွားလို့မရတော့ ဆီးနှင်းတွေထဲ ပိတ်မိကုန်တယ်။ အချိန်မီ အမိုးအကာအောက် ရောက်အောင် မသွားနိုင်တဲ့သူတွေ အအေးလွှမ်းကဲမှုဒဏ်ကြောင့် အသက်ဆုံးရှုံးကုန်ကြတယ်။ လေယာဉ်ကွင်းတွေမှာ ခရီးသည် ထောင်ပေါင်းများစွာတို့ဟာ ရက်သတ္တပတ်နဲ့ချီပြီး သောင်တင်ကုန်တယ်။ သွားလာရေးတွေ မဖြစ်တော့လို့ ကျောင်းတွေ၊ ရုံးတွေ ပိတ်ကြရတယ်။ နိုင်ငံအစိုးရတွေက အိမ်ထဲမှာပဲနေကြပြီး အပြင်မထွက်ကြဖို့ အမိန့်တွေ ထုတ်ကြရတယ်။

ရာသီဥတုနဲ့ဆက်နွယ်တဲ့ သဘာဝဘေးအန္တရာယ်တစ်ခုကျရောက်လာတိုင်း အံ့သြစရာကောင်းတာ တစ်ခုရှိနေပါတယ်။ ဒါကတော့ ကမ္ဘာကြီးတစ်ခုလုံးမှာ ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲပေါ့ဗျာ။ ကြိုတင်ပြင်ဆင်မှုရှိကြတဲ့တိုင်အောင် လူသားတွေဟာ သဘာဝကို အန်မတုနိုင်ကြသေးပါဘူး။ သဘာဝမိခင်ရဲ့ ဖန်တီးမှုပြုမူသမျှတွေဟာ လူသားတွေရဲ့ အသိနဲ့ သတိမဲ့မှုတွေကြောင့် ဖြစ်သင့်ဖြစ်ထိုက်တာထက်ပို ဆိုးသွားကြတာချည်းပါပဲ။ တကယ်ဖြစ်ပြီဆိုရင် လူသားတွေ သဘာဝကိုအန်မတုနိုင်ကြသေးပါဘူးဆိုတာကိုတော့ သတိရှိစေချင်ပါတယ်။

အခုလည်း ၂၀၁၀-၂၀၁၁ ရဲ့ ကမ္ဘာ့မြောက်ခြမ်းဆောင်းရာသီဟာ စတင်နေပြီဖြစ်ပါတယ်။ စကတည်းက ခြေလှမ်းကတော့ သိပ်အခြေအနေမကောင်းလှဘူးလို့ ခန့်မှန်းရပါတယ်။ အကြောင်းကတော့ ဒီဇင်ဘာလဆန်းကတည်းက အာတိတ်ပေါက်ကွဲမှု (Arctic Blast) ကို စတင်တွေ့နေပြီဖြစ်ပါတယ်။ ၂၀၀၉-၂၀၁၀ ဆောင်း (ပြီးခဲ့တဲ့ ဆောင်း)တုန်းကလည်း ဒီအတိုင်းပါပဲ။ဒါပေမဲ့ မနှစ်ကဆောင်းနဲ့ဒီနှစ်ဆောင်းတို့ရဲ့အရေးကြီးတဲ့ ကွာခြားချက်တစ်ခုကို ကြိုတင်သတိထားစေလိုပါတယ်။ ဒါကတော့မနှစ်ကဆောင်း (ဒီဇင်ဘာ-၂၀၀၉ မှ ဖေဖော်ဝါရီ-၂၀၁၀)ဟာအယ်လ်နီညိုဆောင်း ဖြစ်ပါပြီ။ အမေရိက၊ ဥရောပနဲ့ အာရှမှာ အအေးဓာတ်တွေ ဝင်နေပြီ။ အမေရိကအရှေ့မြောက်ဒေသတွေမှာအနိမ့်ဆုံးအပူချိန်ဟာ +18 C လောက်ရှိရာမှာ လက်ရှိမှာ +3C မှ +4C လောက်သာရှိပါတယ်။ ဥရောပမှာ -21C လောက်အထိ အေးနေပြီ။ ကနေဒါဟာ နှင်းတွေအောက် ရောက်နေပြီ။ အယ်ဘေးနီးယားမှာ ရေကြီးနေပြီ။ လာနီညာရာသီဥတုကြောင့် သြစတြေးလျ ကွင်းစလန်မှာ ရေဖုံးကုန်ပြီ။ ဒါပေမဲ့ အစ္စရေးနဲ့ ပါလက်စတိုင်းတို့မှာတော့ မိုးတွေခေါင်ပြီးပူပြင်းလို့ တောမီးတွေလောင်နေပြီ။ အီကွေဒေါမှာ မီးတောင်ပေါက်တယ်။ အင်ဒိုနီးရှားကတော့ လျှင်လှုပ်တာ ပုံမှန်ပဲ။

ဒီအနေအထားအတိုင်း ကြည့်လိုက်တာနဲ့လာမယ့်ဆောင်းဟာ အေးမယ့်ဆောင်းဆိုတာ သတိထားဖို့လိုပါတယ်။ မြန်မာနိုင်ငံအနေနဲ့ပြောရရင် မနှစ်ကထက် ပိုအေးရပါလိမ့်မယ်။ အေးတယ်ဆိုရာမှာလည်း အခု နောက်ပိုင်း အေးပုံဟာ အရင်ကနဲ့ မတူတော့ပါဘူး။ အရင်တုန်းကတော့ အအေးဓာတ်တွေရဲ့ ကူးစက်မှုပင်ရင်းဟာ နှစ်ခုပါပဲ။ ပြင် မြောက်ဘက်ဟိမဝန္တာကတိုက်ရိုက်ဆင်းဆင်းလာတာကိုတွေ့လာရပါတယ်။ ပထဝီဝင်အနေနဲ့ပြောရရင် ဆိုက်ဗေးရီးယားကနေ ဟိမဝန္တာ၊ ဟိမဝန္တာကနေ ကချင်ပြည်နယ် အရှေ့မြောက်ပိုင်း၊ ဒီလမ်းကြောင်းနဲ့ လာနေတာတွေ့ရပါတယ်။ အခု ဒီဇင်ဘာလလဆန်းမှာအနိမ့်ဆုံးအပူချိန်အကျဆုံးဟာ ကချင်ပြည်နယ် အရှေ့မြောက်ပိုင်းဖြစ်နေပါတယ်။ ၂၀၁၁ ခုနှစ်၊ဇန်နဝါရီလ ၁၆ရက် နေ့မှာတော့ ကချင်ပြည်နယ် နယ်ခြားစောင့်စခန်းမှာ နှင်းမုန်တိုင်းကျလို့ အဆောက်အအုံတွေပျက်စီးသွားခဲ့ရပြန်ပါတယ်။ အပူချိန်က -10 ဒီဂရီ စင်တီဂရိတ်အထိ နိမ့်ဆင်းခဲ့ပါတယ်။

ဒီနေရာမှာ တစ်ခုတော့ ကြည့်ဖို့လိုနေပါသေးတယ်။ ဒါကတော့ ဒီနှစ်ဟာ လာနီညာနှစ်ဖြစ်လေတော့ ရေငွေ့ပါဝင်မှုဟာ အခုအထိ ဘင်္ဂလားပင်လယ်အော် ပတ်ဝန်းကျင်လေထုမှာ ရှိနေဆဲဆိုတာပါဘဲ။ ဒီဇင်ဘာလဆန်းအတွင်းမှာကို ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းမှာ လေထုမငြိမ်သက်မှုဖြစ်လာပြီး မုန်တိုင်းငယ်အဆင့်အထိ အားကောင်းလာခဲ့ပါတယ်။ ဒါပေမဲ့ရင် ဒီနှစ်ဆောင်းဟာ ဘယ်လိုဖြစ်နေသလဲ။ လာနီညာဆောင်းဖြစ်တယ်။ အာတိတ်ပေါက်ကွဲမှုဖြစ်လို့အာတိတ်လေအေးတွေ တိုးဝင်မှုများတယ်။ ဒီလိုဆိုရင်တော့ ကမ္ဘာပတ် အနောက်ဂျက်လေစီးကြောင်းတွေ အရင်လို ဖြောင့်ဖြောင့်တန်းတန်း မသွားကြတော့ ဘဲမြွေလိမ်မြွေကောင်လမ်းကြောင်းတွေနဲ့ သွားခဲ့ကြတယ်။ ဒါကြောင့် အပူလျော့ဒေသ (Subtropical Region – 22.5N မှ 45.0 N latitude belt) တွေမှာ တောင်ဘက်-မြောက်ဘက်မှ လေတိုးဝင်မှုတွေရှိလာခဲ့တယ်။ ဒါကြောင့် အပူလျော့ဒေသတစ်လျှောက်မှာ အပူလွှမ်းကဲတဲ့ ဒေသ (ဥပမာ အစ္စရေး၊ ပါလက်စတိုင်းလို) တွေနဲ့ အအေးလွှမ်းကဲတဲ့ ဒေသတွေ (ဥပမာ-အင်္ဂလန်၊ ပြင်သစ်၊ နယူးယောက်လို)ရှိလာခဲ့ရပါတယ်။

ဒါကြောင့် လက်ရှိဆောင်းကာလဟာ စိတ်ဝင်စားစရာတွေ၊ သတိထားစရာတွေ ပညာရစရာတွေ အပုံအပင်ရှိခဲ့၊ ရှိဆဲ၊ ရှိဦးမယ့် အခြေအနေတွေမို့မိုးလေဝသ သမားအဖို့တော့ အနားယူဖို့ ဆိုတာကတော့ တစ်ချိန်ပဲရှိပါလိမ့်မယ်။ အဲဒါကတော့ . . . ။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.9, No.45 • FEBRUARY 3, 2011

# ဘဝအမှောင် မလွှမ်းစေဖို့ စမတောင်တန်း

မောင် သာ ချို

(တစ်)

စမတောင်ဆရာတော်၏ ဘဝက နည်းနည်းကလေးများ အိပ်မက်ဆန်နေလေရော့သလား မပြောတတ်ပါ။ အိပ်မက်မှ ရိုးရိုးအိပ်မက်မဟုတ်။ ဆောင်းအိပ်မက်။ နှင်းလိုလို မြူလိုလို ဝိုးတဝါး အရိပ်အယောင်တွေနဲ့ ဖမ်းဆုပ်လို့ မရနိုင်လောက်အောင် စိတ္တဇဆန်သည့်အိပ်မက်များ။

ဟိုး ပုဂံညောင်ဦးတစ်ဝိုက် ဧရာဝတီမြစ်အနောက်ဘက်ကမ်းပါးပေါ်က ရေနံချပ်ဆိုသည့် ရွာကလေးသည် ဆရာတော်၏ ချက်မြှုပ်ဇာတိ။ ဆယ်တန်းအောင်ပြီး တက္ကသိုလ်နယ်မြေသို့ ရောက်ရှိသွားသောအခါ ဆရာတော်၏ ဘဝက စာအုပ်ပုံတွေကြားထဲကို ရောက်သွားသည်။ အထူးသဖြင့် နိုင်ငံရေးစာအုပ်များ၊ အတ္တုပ္ပတ္တိစာပေများ။ သို့ဖြင့် တက္ကသိုလ်ကျောင်းတော်က ပေးသည့် ဘွဲ့တစ်ခုကို ဝတ်ကျေတမ်းကျေယူပြီးသည့်အခါ သူ့ရပ်သူ့ရွာနှင့် သူ့အသိုက်သူ့အဝန်းကနေ ဟုပ်ခနဲဆိုသလို သူ ပျောက်ကွယ်သွားခဲ့ပါသည်။ တောဂနိုင်မြိုင်ရဂုံသေလာထဲကိုများ ရောက်သွားခဲ့လေရော့သလား။ မြောင်အကျပ်ကျပ် တောင်အထပ်ထပ်တွေကြားထဲမှာ များနှစ်မြှုပ်သွားလေရော့သလား။ မသိ။ မသိ။ အနှစ်နှစ်ဆယ်ဝန်းကျင်လောက် သူဘယ်အရပ် ဘယ်ဒေသဆီများ ရောက်နေသလဲဆိုတာကို ဘယ်သူမှမသိ။ နောက်ဆုံးမှာတော့ မျှော်လင့်ခြင်း လှိုင်းတံပိုးတို့ ငြိမ်သက်သေဆုံးသွားကြလေသောအခါ သူ့မိသားစုက သူ့ကို 'သေသူ' အဖြစ် ဆုံးဖြတ်သတ်မှတ်လိုက်ကြကာ ဆွမ်းပင်သွတ်လိုက်ကြပြီဖြစ်ပါသည်။

သို့သော် သူ မသေပါလေခဲ့။ သူ'သေသူ' မဟုတ်။ သူက 'ရှင်သူ' အဖြစ် လူ့လောကအသိုက်အဝန်းထဲသို့ ပြန်လည်ရောက်ရှိ၍လာခဲ့ပါသည်။ သူ လူနာမည် 'ကိုစန်း' မဟုတ်တော့။ ရှင်ဉာဏိန္ဒ။ စမတောင်ဆရာတော်ဘဒ္ဒန္တဉာဏိန္ဒ။ နာမည်ကျော် ပဲခူးရိုးမခေါ် အလယ်ရိုးမ၏ တောင်စဉ်တောင်တန်းတွေကြားထဲက စမတောင်ပေါ်၌ ပရဟိတဘုန်းတော်ကြီးတစ်ပါးအဖြစ် ပြန်လည်၍ရှင်သန်ရောက်ရှိလာခဲ့ခြင်းဖြစ်ပါသည်။

ဆရာတော့်အကြောင်းကို သည့်ထက် ဘာမှ ကျွန်တော် ပိုမသိ။ တခြားသူတွေလည်း သိပ်ပြီးတိတိကျကျသိကြပုံမပေါ်။ သို့သော် စမတောင်တန်းပေါ်မှာက ဘဝအမှောင်သမ်းသူတို့ကို ထွန်းညှိပေးဖို့ ဆရာတော်ရောက်ရှိလာခဲ့ခြင်းပင်ဖြစ်ပါသည်။

(နှစ်)

ပဲခူးရိုးမခေါ် အလယ်ရိုးမကြီးက ကျွန်တော်တို့နှင့် မစိမ်းလှပါ။ သမိုင်းစာမျက်နှာတွေထဲက နာမည်ကျော် တောင်စဉ်တောင်တန်းကြီးပဲမဟုတ်လား။ ရိုးမအနောက်ခြမ်းပြည်လမ်းတစ်လျှောက် ခရီးသွားခဲ့လျှင်ဖြစ်စေ၊ ရိုးမအရှေ့ခြမ်း မန္တလေးလမ်းတစ်လျှောက် ခရီးသွားခဲ့လျှင်ဖြစ်စေ သည်ပဲခူးရိုးမခေါ် အလယ်ရိုးမကြီးနှင့် ကျွန်တော်တို့တစ်တွေ ပွားတုံ့ခွာတုံ့လုပ်ကြရစမြဲဖြစ်ပါသည်။

အခု ၂၀၁၁ ခုနှစ် ဇန်နဝါရီလ စောစောပိုင်းရက်တွေထဲမှာ ကျွန်တော်တို့တစ်တွေ ရိုးမဘေးကမြို့ရွာများ ရှိရာဆီသို့ရောက်နေခဲ့ကြရပါသည်။ ၈ ရက်နေ့မှာ သာဝတ္ထိ၊ ၉ ရက်နေ့မှာ မြို့လှ၊ ၁၀ ရက်မှာ သာဂရ။ ဆရာဦးအောင်သင်း၊ ကိုအောင်ပီကျယ်နှင့် ကျွန်တော်။ သို့ဖြင့် သည်ခရီးစဉ် အတွင်း သာဝတ္ထိမှ မြို့လှသို့အကူးနံနက်ခင်းမှာ နှင်းမြူတွေဆိုင်းနေသည့် အလယ်ရိုးမကြီးပေါ်က စမတောင်ပေါ်သို့ ကျွန်တော်တို့ ရောက်ရှိသွားကြခြင်းဖြစ်ပါသည်။

နေပြည်တော် လယ်ဝေးမြို့နယ် သာဝတ္ထိမြို့မှ လေးမိုင်အကွာ အလယ်ရိုးမပေါ်မှာ စမတောင်ရှိပါသည်။ 'မဟာပရဟိတလူငယ်ဖွံ့ဖြိုးရေးဥယျာဉ်'ကို ထိုစမတောင်ပေါ်၌ ဖွင့်လှစ်ထားရှိခြင်းဖြစ်ပါသည်။

၁၉၉၀ ခုနှစ် ဖွင့်လှစ်စတုန်းက ကလေးငယ်လေးယောက်။ ထို့နောက် တစ်လအတွင်းမှာ နှစ်ဆယ့်ငါးယောက်။ အခုတော့ သည်မေတ္တာရိပ်မှာ ခိုလှုံသူ ၂၆၀ ကျော်နေပါပြီ။

"ဖွင့်စတုန်းက တဲပုတ်ကလေးနဲ့ပေါ့။ ခုတော့. . ဆရာတို့မြင်တဲ့အတိုင်းပါပဲ"

လုပ်အားပေးဆရာမကလေးတစ်ယောက်က ကျွန်တော်တို့ကို ရှင်းပြလာပါသည်။ ဟုတ်ပါသည်။ အခုတော့ဖြင့် စမတောင် ပရဟိတစခန်းက တော်တော့်ကို ခမ်းနားသွားပါပြီ။ ကွန်ပျူတာ အဆောက်အအုံက သပ်သပ်၊ စာကြည့်တိုက်က သပ်သပ်၊ စာသင်ဆောင်က သပ်သပ်၊ ပင်မဆောင်ကြီးက သပ်သပ်၊ ထမင်းချက်ရုံ ထမင်းစားရုံတွေက သပ်သပ်၊ သန့်စင်ခန်းတွေက သပ်သပ်။ အဆောက်အအုံတွေက ခေတ်မီအဆောက်အအုံတွေဖြစ်ပြီး သပ်ရပ်သန့်ရှင်းကာ တောင်စောင်းများ၌ ဆောက်လုပ်ထားကြခြင်းဖြစ်ပါသည်။ ရေကိုတော့ တောင်ခြေကနေ မော်တာဖြင့် မောင်းတင်ကာ လိုရာသို့ ပိုက်များဖြင့် သွယ်တန်းယူဆောင်ကြသည်။

ကျွန်တော်တို့ ရောက်သွားကြတော့ ဆရာတော် ရန်ကုန်သို့ ခရီးထွက်နေပါသည်။ သို့သော် အားလုံးက တင်ကြိုသတင်းဖြင့် လှိုက်လှဲဝမ်းသာကြိုဆိုကြသည်။ ကလေးလေးငါးဆယ်ယောက်က တောင်ထိပ် လွင်ပြင်တစ်နေရာမှာ ဘောလုံးကန်နေကြသည်။ အဝတ်အစားတွေက တောင်စောင်းတစ်နေရာရှိ အဝတ်လှန်းစင်များမှာ ညီညီညာညာ သပ်သပ်ရပ်ရပ်။ ထမင်းစားခေါင်းလောင်းထိုးလိုက်တော့ ကလေးကိုယ်စီက ပန်းကန်ကိုယ်စီကို ကိုင်ဆောင်ကာ ထမင်းရုံထဲသို့ ရောက်လာကြသည်။

ထမင်းက ပေါင်းထမင်း။ သတ္တုဗန်းဝိုင်းကြီးများကို ဆင့်ကာဆင့်ကာဖြင့် ပေါင်းအိုးထဲ၌ ထည့်ပေါင်းထားခြင်းဖြစ်ပါသည်။

"ထမင်းက ကောင်းလှချည်လား၊ ဟား. . ဟင်းကလည်း မွှေးကြိုင်နေတာပဲ"

ကာတွန်းအောင်ပီကျယ်က ပေါင်းဗန်းထဲက ထမင်းအနည်းငယ်ကို လှမ်းနှိုက်ကာ စမ်းပြီးဝါး ကြည့်နေသည်။ ဟင်းက ငါးခြောက်နှင့် ခရမ်းချဉ်သီးချဉ်ရည်ဟင်း။ ထမင်းဟင်း ခူးခပ်ပေးနေသည့် အမျိုးသမီးလေးတွေက ဖြူဖြူစင်စင်သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ်ကလေးတွေ။ သို့သော် မိဘမဲ့ဘဝဖြင့် သည်ဂေဟာသို့ ရောက်ရှိ၍လာကြကာ ဆယ်တန်းအောင်သွားကြ ဘွဲ့ရသွားကြနှင့်။

ပင်မဆောင်ကြီးတစ်နေရာမှာက ကလေးငယ်တချို့ကို စင်ပုခက်ထဲ၌ ထည့်သိပ်ထားကြတာကို ကျွန်တော်သတိပြုမိသည်။ ဖြူဖြူစင်စင်ဝဝကစ်ကစ်ကလေးတွေ။ သည်ကျောင်းမှာက နှစ်လသားအရွယ်ကစတင်လက်ခံသည်ဆိုတော့ ရင်ခွင်ပိုက်ကလေးတွေကလည်း ဟိုနား တစ်ယောက်၊ သည်နား တစ်ယောက်။

သည်ကျောင်းမှာက ဘုန်းတော်ကြီးသင်ပညာရေးဖြစ်ရာ ခုနစ်တန်းအထိပဲ ပညာသင်ခွင့်ရှိပါသည်။ သည်တော့ ရှစ်တန်းရောက်ပြီဆိုသည်နှင့် စက်ဘီးကလေးတွေစီးကာ မြို့ကလေးများရှိရာဆီ ကျောင်းသွားတက်ကြပေတော့။

"တောလမ်း တောင်လမ်းမှာ ကျောင်းသွားတက်ရတာ စိတ်ချရပါ့မလား"

"ဆရာတော့်အမိန့်က လူတစ်ယောက်လိုနေရင် ဘယ်သူမှ ပြန်မလာနဲ့တဲ့"

ကျွန်တော့်အမေးကို ပရဟိတလူငယ်တစ်ယောက်က ပြန်ဖြေခြင်းဖြစ်ပါသည်။ ကိုယ့်အချင်းချင်း စောင့်ရှောက်ထိန်းသိမ်းကြရင်းလိုရာခရီးကို မောင်းနှင်ရောက်ရှိသွားကြဖို့ရာ ဆရာတော်၏ အစီအစဉ်။ ဒါကြောင့်လားမသိ။ သည်စမ တောင်ပေါ်သို့ မိဘမဲ့ဘဝဖြင့် ရောက်ရှိလာကြကာ ဘွဲ့ရသွားကြသည့်သူတွေကလည်း နောက်ထပ် ရောက်လာသည့် မိဘမဲ့ သို့မဟုတ် မိတစ်ခြမ်းမဲ့ ဘတစ်ခြမ်းမဲ့တို့ကို ဆက်လက်ထွေးပိုက် ဆက်လက်ပညာသင်ပေးကာ သည်စမတောင်အရိပ်မှာပဲ ဆက်လက်ခိုနားနေကြခြင်းဖြစ်ပါလိမ့်မည်။

ဟိုနံရံ သည်နံရံတွေပေါ်မှာကတော့ ဂုဏ်ဒြပ်အမျိုးမျိုး နေရာဒေသအမျိုးမျိုး ရာထူးတာဝန်အမျိုးမျိုးသော လူပုဂ္ဂိုလ်တို့၏ အလှူဒါနစာရင်းကို ကြောက်ခမန်းလိလိတွေ့ရပေရာ ကျွန်တော့်စိတ်ထဲ ချမ်းမြေ့ရပါသည်။

"ကျောင်းပိုင်မြေလည်း ရှိတယ်။ ဧကခုနစ်ဆယ်လောက်ရှိမယ်ထင်ပါရဲ့။ ဝယ်ထားတာလေ။ စပါးလေး စိုက်၊ ပဲလေးစိုက်ပေါ့"

"ဆရာတော်က ကလေးတွေကို သိပ်ဂရုစိုက်တာ၊ နှာခေါင်းပိတ်နေတဲ့ကလေးများ ဆရာတော်ကိုယ်တိုင် ပါးစပ်နဲ့ စုပ်ထုတ်ရှာတာ"

ဆရာဦးအောင်သင်းက ဒေသခံတစ်ဦး၏စကားကိုနားထောင်ရင်းမျက်ရည်တွေဝေ့ဝဲနေပါသည်။ ကိုအောင်ပီကျယ်က မိဘမဲ့ကလေးတစ်ယောက်ကို ပွေ့ချီထားရင်း မလှမ်းမကမ်းက ရိုးမတောင်အထပ်ထပ်ကို လှမ်းငေး၍နေလျက်။ ရှေ့လူက နောက်လူကို ပြန်ဆွဲခေါ်တဲ့ စမတောင်စခန်း။

အခုတော့ သည်စခန်းကို ဆရာတော်ဦးဉာဏိန္ဒနှင့်အတူ ပျိုးထောင်ခဲ့သော ဆရာတော်ဦးဝိမလလည်း ဘဝနတ်ထံ ပျံလွန်တော်မူပြီးခဲ့ပါပြီ။ ဒါ့ကြောင့် ဆရာတော်ဦးဉာဏိန္ဒတစ်ပါးတည်း။ ဗုဒ္ဓဘာသာ ရဟန်းသံဃာတော်တစ်ပါး၊ ပဲခူးရိုးမတောင်တန်းတစ်နေရာနဲ့ မိသားစုအပဲ့အရွဲ့အကျိုးအကြေတွေကြားက အပြစ်မဲ့ကလေးငယ်များ။ ကမ္ဘာပေါ်မှာ ဘုမသိဘမသိ မျက်ရည်ကျနေတဲ့လူတွေအများကြီးဆိုသော မာသာထရီဆာ၏ ကမ္ဘာကျော်စကားအတိုင်း ထိုသို့သော ကျွန်တော်တို့ဆီက ဘုမသိ ဘမသိ မျက်ရည်ကျသူတို့ကို စမတောင်တန်းက လှမ်း၍ထွေးပိုက်ထားခဲ့ပြီဖြစ်ပါသည်။

ကျွန်တော်တို့က ပြန်ဖို့ နှုတ်ဆက်တော့ လသားကလေးငယ်တို့အတွက် ဆန်ပြုတ်ပြုတ်နေသော ဆရာမကလေးက လှမ်းပြီးပြုံးပြသည်။

အော်. . ကမ္ဘာပေါ်မှာ ဘယ်နေရာမှာမှ ဒုက္ခနှင့် မကင်းပါ။ ဘယ်လူသားမှလည်း သောကပရိဒေဝနှင့် မကင်းပါ။ သင်သော်လည်းကောင်း ကျွန်ုပ်သော်လည်းကောင်း ဘေးဒုက္ခတွေ၊ သောကပရိဒေဝတွေနှင့် ရင်ဆိုင်ကြုံကြိုက်ရနိုင်ပါသည်။ ငြင်းဆန်၍မရပါ။ တစ်ခုပဲ ရှိပါသည်။ ထိုသို့သော အခြေအနေမျိုးနှင့်ရင်ဆိုင်ရသောအခါ အကြင်နာကြီးသောလက်များနှင့် ထွေးပိုက်သူကိုရှာတွေ့ရန် လိုအပ်ပါသည်။ စမတောင်ပေါ်၌ အကြင်နာကြီးသောလက်များရှိနေကြပါသည်။ ။



အလယ်ရိုးမပေါ်ရှိ စမတောင် မဟာပရဟိတလူငယ်ဖွံ့ဖြိုးရေးဥယျာဉ်မှကလေးငယ်များ



ကာတွန်းအောင်ပီကျယ်နှင့် ကလေးငယ်တစ်ဦး။

7 DAY NEWS JOURNAL

# Current Affairs

Vol.9, No.45 • FEBRUARY 3, 2011



ထားဝယ်ရေနက်ဆိပ်ကမ်း ဂရက်ဖစ်ပုံစံငယ်။

## အထူးစီးပွားရေးဇုန်ဥပဒေထွက်ပေါ်လာခြင်းကို လုပ်ငန်းရှင်များကြိုဆို

**ပြည်သိမ်း**

**ရန်ကုန်၊ ဇန်နဝါရီ - ၂၈**

မြန်မာ့အထူးစီးပွားရေးဇုန်(SEZ-Special Economic Zone)ဥပဒေ ပြဋ္ဌာန်းလိုက်ခြင်းကို စီးပွားရေးလုပ်ငန်းရှင်များက ကြိုဆိုကြကြောင်း သတင်းရရှိသည်။

ဂျပန်၊ ကိုရီးယား စသည့်ဖွံ့ဖြိုးမှု အားကောင်းသည့် အာရှနိုင်ငံကြီးများသည် ပြည်တွင်း၌ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် စိတ်ဝင်စားမှုများရှိသော်လည်း ယင်းဥပဒေပြဋ္ဌာန်းမှုကို စောင့်စားနေကြသည်ဟုဆိုသည်။ ထို့ကြောင့် ဇန်နဝါရီ ၂၇ ရက်တွင် ထိုဥပဒေပြဋ္ဌာန်းပေးခြင်းသည် ပြည်ပရင်းနှီးမြှုပ်နှံမှုတိုးတက်လာရန် အထောက်အကူဖြစ်နိုင်ကြောင်း မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)မှ အထွေထွေအတွင်းရေးမှူး ဒေါက်တာမောင်မောင်လေးက ပြောကြားသည်။

"ပြည်ပက ငွေအရင်းအနှီး၊ နည်းပညာသာမက တခြား ကိစ္စတွေပါ ပူးပေါင်းဆောင်ရွက်နိုင်ကြမယ်။ အာဆီယံစီးပွားရေးအသိုင်းအဝိုင်းက မကြာခင် လာတော့မယ်။ ဒါကို အမီလိုက်နိုင်ဖို့ ပြည်တွင်းစီးပွားရေးလုပ်ငန်းတွေ ပိုမိုဖွံ့ဖြိုးလာဖို့ လိုတဲ့အတွက် ဒီဥပဒေကိုကြိုဆိုပါတယ်"ဟု ဒေါက်တာမောင်မောင်လေးကပြောကြားသည်။

မြန်မာ့အထူးစီးပွားရေးဇုန်ဥပဒေကြောင့် မကြာခင်မှာပင် ပြည်တွင်း၌ အထူးစီးပွားရေးဇုန်များ သာမက နည်းပညာနှင့် နိုင်ငံသားများပါ အလုပ်အကိုင် အခွင့်အလမ်းပိုမိုရလာနိုင်ကြောင်း စက်မှုဇုန်ဥက္ကဋ္ဌတစ်ဦးကဆိုသည်။ ထို့အပြင် ပြည်တွင်းလုပ်ငန်းရှင်များကလည်း အဆိုပါဥပဒေကြောင့် လုပ်သာကိုင်သာရှိလာမည့်အခွင့်အရေးကိုလည်း မျှော်လင့်နေကြကြောင်းသိရသည်။

"ရင်းနှီးမြှုပ်နှံမှုတွေလာဖို့က ခြောက်လလောက် အချိန်ယူရဦးမယ်"ဟု စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကလည်း သုံးသပ်သည်။

အထူးစီးပွားရေးဇုန်စီမံကိန်းများ စတင်ပါက ဦးစွာတည်ဆောက်ရေးလုပ်ငန်းများကို လုပ်ကိုင်ရမည်ဖြစ်ကြောင်း၊ အခြေခံအဆောက်အအုံလိုအပ်ချက်များ ရှိနေသဖြင့် ဆောက်လုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးလာမည်ကို မျှော်လင့်မိသဖြင့် ယင်းဥပဒေကို ကြိုဆိုကြောင်း၊ သို့သော် လုပ်ထုံးလုပ်နည်းများနှင့် နည်းဥပဒေမှာလည်း အရေးပါကြောင်း Three Friend ဆောက်လုပ်ရေးကုမ္ပဏီမှ အထွေထွေမန်နေဂျာဦးကိုကိုလေးကဆိုသည်။

ဆောက်လုပ်ရေးလုပ်ငန်းရှင်ကဲ့သို့ပင် စက်မှုဇုန်ကားများထုတ်လုပ်သည့် အားမာန်သစ်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာဦးစိုးစိုးသန်းကလည်း "ဥပဒေကို ကြိုဆိုပါတယ်။ ဒီဥပဒေမှာ Custom Free Zone တွေ ပါလာနိုင်တဲ့အတွက် ပြည်တွင်းထုတ်လုပ်သူ အကျိုးပိုရှိနိုင်တယ်။ အိမ်နီးချင်းနိုင်ငံတွေမှာလည်း ဒါတွေရှိတယ်။ အဲဒီ့အကျိုးကျေးဇူးတွေသာရရင် ထုတ်လုပ်မှုစရိတ်တွေ သက်သာသွားနိုင်တယ်"ဟုဆိုသည်။

ထို့အပြင် ဥပဒေထုတ်ထားသော်လည်း လုပ်သာကိုင်သာသည့်အခြေအနေတွင် ရှိမနေလျှင် ရင်းနှီးမြှုပ်နှံသူများ လာရောက်ရန် အခက်အခဲရှိသည်၊ လိုင်စင်၊ ခွင့်ပြုမိန့်မှအစ လုပ်ငန်းစဉ်တိုင်းတွင် တစ်နေရာတည်း၊ တစ်ကြိမ်တည်း အပြီးဆောင်ရွက်နိုင်သည့် ဝန်ဆောင်မှုများ လိုအပ်သည်ဟု အထက်ပါ စီးပွားရေးလုပ်ငန်းရှင်ကသုံးသပ်သည်။

မြန်မာ့အထူးစီးပွားရေးဇုန်ဥပဒေတွင် အခန်း ၁၂ခန်းပါရှိပြီး၊ အခန်း(၁)တွင် အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်။ အခန်း(၂)တွင် ရည်ရွယ်ချက်များ။ အခန်း(၃)တွင် အထူးစီးပွားရေးဇုန်။ အခန်း(၄) တွင် မြန်မာ့အထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့။ ဗဟိုလုပ်ငန်းအဖွဲ့နှင့် စီမံခန့်ခွဲမှု ကော်မတီများ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ။ အခန်း(၅)တွင် ရင်းနှီးမြှုပ်နှံသူ၏ အထူးအခွင့်အရေးများ။ အခန်း(၆)တွင် ရင်းနှီးတည်ဆောက်သူ(သို့) ရင်းနှီးမြှုပ်နှံသူများ၏ သီးခြားတာဝန်များ။ အခန်း(၇)တွင် မြေယာအသုံးပြုခြင်း။ အခန်း(၈)တွင် ဘဏ်နှင့် ငွေရေးကြေးရေးစီမံခန့်ခွဲမှုနှင့် အာမခံလုပ်ငန်း။ အခန်း(၉)တွင် အကောက်ခွန်ဦးစီးဌာနက စီမံခန့်ခွဲခြင်းနှင့် ကုန်ပစ္စည်းများ စစ်ဆေးခြင်း။ အခန်း(၁၀)တွင် ကူးစက်ရောဂါရှိ မရှိ စစ်ဆေးခြင်းနှင့် ကူးစက်ရောဂါပြန့်ပွားမှုမရှိစေရန် သီးသန့်ထားရှိခြင်း။ အခန်း(၁၁) တွင် အလုပ်သမား ရေးရာကိစ္စရပ်များ။ အခန်း(၁၂)တွင် အထွေထွေတို့ပါဝင်သည်။

## သဃ်န်းကျွန်းမြို့နယ်ရှိ အိမ်ရာတစ်ခုတွင် ဖောက်ထွင်းမှု ဖြစ်ပွား

**အေးသူစံ**

**ရန်ကုန်၊ ဇန်နဝါရီ - ၃၁**

သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်ရှိ ပြည်ထောင်စုရိပ်မွန်အိမ်ရာ၊ စိန်ပန်းလမ်းရှိ နေအိမ်တစ်အိမ်တွင် ဇန်နဝါရီလ ၂၅ ရက်က ဖောက်ထွင်းမှုတစ်ခုဖြစ်ပွားခဲ့ပြီး ငွေသား ကျပ်သိန်း ၁၅၀ ကျော် ဖောက်ထွင်းခံခဲ့ရကြောင်း သတင်းရရှိသည်။

အခင်းဖြစ်ပုံမှာ ဇန်နဝါရီ ၂၅ ရက် နံနက် ၆ နာရီတွင် အဆိုပါဖောက်ထွင်းခံရသည့်နေအိမ်မှ အိမ်သား သုံးဦးအနက် တစ်ဦးဖြစ်သူ မ. . . သည် ကျောင်းသွားရန် အိပ်ရာမှထပြင်ဆင်ချိန် နေအိမ်အခန်းတွင်း ပစ္စည်းများရှုပ်ပွနေပြီး အိမ်ရှေ့သံပန်းတံခါးမကြီးနှင့် ထမင်းစားခန်းတံခါးများ၊ အိမ်နောက်ဖေးတံခါးများ ပွင့်လျက်ရှိနေသဖြင့် အိပ်နေသောအဒေါ်ဖြစ်သူအားနှိုးပြီးအကြောင်းကြားခဲ့သည်။ အဒေါ်ဖြစ်သူမှ နေအိမ်အခန်းတွင်းပွင့်နေသော ဗီရိုအား စစ်ဆေးရာ အောက်ဆုံးထပ်တွင် ဆာလာအိတ်ဖြင့် ထုပ်ပိုးထားသော ငွေကျပ် သိန်း ၁၅၀ ကျော်နှင့် မ. . . ၏ ကျောင်းလွယ်အိတ်ထဲမှ Apple တံဆိပ် iPod တစ်လုံးနှင့် ငွေကျပ်၉၀၀၀၊ အိမ်ရှင်ဖြစ်သူ ကို. . . ၏ ဂျင်းဘောင်းဘီတစ်ထည်နှင့် အနွေးထည်တို့ ပျောက်ဆုံးနေကြောင်းသိရသည်။

ထို့ကြောင့် အိမ်ရှင်ဖြစ်သူ ကို. . . မှ ရဲစခန်းသို့ သွားရောက်တိုင်ကြားခဲ့ပြီး အဆိုပါ ရဲစခန်းမှ (ပ)နံပါတ် ၃၃/၂၀၁၁ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

သဃ်န်းကျွန်းမြို့နယ်ရှိ အဆိုပါအိမ်ရာတွင် ဖောက်ထွင်းခိုးယူခံရမှုများမှာ မကြာခဏဖြစ်ပွားလျက်ရှိပြီး အထူးသဖြင့် လုံခြုံရေးဝန်ထမ်းမရှိသော အခင်းဖြစ်အိမ်ရာရှိ အိမ်အများစုမှာ လက်ပ်တော့၊ ဟန်းဖုန်း စသည့်အီလက်ထရွန်နစ်ပစ္စည်းများ ခိုးယူခြင်းခံနေရသည့်အပြင် ကားဓာတ်ဆီပုံးများ၊ သံပန်းတံခါးများကိုလည်း မကြာခဏ ဖြုတ်ယူအခိုးခံနေရကြောင်း ယင်းလမ်းတွင် ခိုးယူခံရသော အိမ်ရှင်များက ပြောကြားသည်။

## အဝေးပြေးကုန်ကားများ၏ အလေးချိန် စနစ်တကျစစ်ဆေးတော့မည်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇန်နဝါရီ- ၂၉**

အဝေးပြေးကုန်တင်ယာဉ်များ၏ ကုန်အလေးချိန်တင်ဆောင်မှုကို လမ်းတစ်လျှောက်ရှိ ကတ္တားချိန်တွယ်နိုင်သော နေရာတိုင်းမှ တရုတ်နှစ်ကူးရက် ဖေဖော်ဝါရီ ၄ ရက်မှစတင်စစ်ဆေးတော့မည်ဖြစ်ကြောင်း အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူးဦးတင်ယုက ပြောသည်။



ဘုရင့်နောင်အဝေးပြေးကုန်တင်ယာဉ်ကားဂိတ်မှ ကုန်ကားများကို တွေ့ရစဉ်။ ဓာတ်ပုံ- အောင်အောင်

ယခုကဲ့သို့ လမ်းတစ်လျှောက်ရှိ ကတ္တားချိန်တွယ်နိုင်သော နေရာတိုင်းတွင် စစ်ဆေးရခြင်းမှာ လက်ရှိတွင် လမ်းကြောင်းတစ်ခု၌ စစ်ဆေးရေးဂိတ်တစ်ခုသာရှိ၍ ယင်းနေရာရောက်ချိန်၌ ကုန်တင်ကားများမှာ ကယ်ရီကားများဖြင့် ကုန်ချိန်သည့် ကုန်တင်ယာဉ်များ ရှိနေခြင်းကြောင့်ဖြစ်သည်ဟု သိရသည်။

"အဓိက ရည်ရွယ်ချက်ကတော့ သတ်မှတ်စည်းကမ်းလိုက်နာဖို့၊ လမ်းတံတားမပျက်ဖို့ရည်ရွယ်ပြီးလုပ်တာ။ အခုကယ်ရီကားနဲ့ သယ်တဲ့ကားတွေကိုလည်း ဖမ်းဆီးတာတွေလုပ်နေပြီ"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ထို့ကြောင့် ယခုတစ်ပတ်အတွင်း၌လည်း ကယ်ရီကားဖြင့် ကုန်ချိန်သော ကား ၈ စီးကိုဖမ်းဆီးမိထားကြောင်းၚင်းကပြောသည်။ ၎င်းကားများမှာ ပြည်ဘက်မှ ရန်ကုန်သို့ ဝင်ရောက်လာသော ကားများဖြစ်ပြီး တိုက်ကြီးမြို့ ကတ္တားအနီး၌ ကုန်ချိန်နေသော ကားများဖြစ်ကြောင်း သိရသည်။

ထို့အတူ ဇန်နဝါရီ ၂၅ ရက်က နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန၌ ပြုလုပ်သော အစည်းအဝေးတွင်လည်း ၎င်းကိစ္စနှင့်ပတ်သက်၍ BOT စနစ်ဖြင့် လမ်း၊ တံတားအသုံးပြုခကောက်ခံလျက်ရှိသော ဂိတ်များကလည်း ဂိတ်ကြေးကောက်ခံပြီး ဖြတ်သန်းခွင့်ပြုရေးကို ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးခင်မောင်မြင့်က ပြောကြားခဲ့ကြောင်း ၂၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြထားသည်။

အဆိုပါအစည်းအဝေးတွင် BOT အဖွဲ့ ၃၅ ဖွဲ့နှင့် လမ်း၊ တံတားတည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီ ၁၂၆ ဖွဲ့ စုစုပေါင်း ၁၆၁ ဖွဲ့ တက်ရောက်ခဲ့ကြောင်းသိရသည်။

7DAY NEWS JOURNAL
Vol.9, No.45 • FEBRUARY 3, 2011

## မျက်နှာဖုံးမှ လွှတ်တော်အစည်းအဝေးများ ပထမဆုံးနေ့တွင် ဥက္ကဋ္ဌနှင့်ဒုဥက္ကဋ္ဌများကို ရွေးချယ်

အမျိုးသားလွှတ်တော်အတွက်လည်း ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများကို ရွေးချယ်ခဲ့ရာ ဦးခင်အောင်မြင့် ရွေးချယ်ခံရပြီး၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဦးမြငြိမ်း ရွေးချယ်ခံရသည်။

လွှတ်တော်အစည်းအဝေးများ စတင်ကျင်းပသည့် ယနေ့ညနေ ၃ နာရီမှာပင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သဘောတူညီချက်နှင့် ပြည်ထောင်စုလွှတ်တော်နာယက၏ ဖိတ်ကြားချက်အရ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေးများကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ကျင်းပခဲ့သည်။ အဆိုပါအစည်းအဝေးတွင် နာယကအဖြစ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ဆောင်ရွက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယကဦးခင်အောင်မြင့်က "နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရေးတွင် ပါဝင်သော ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့၊ ရွေးကောက်ခံအမျိုးသား လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့နဲ့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တွင် ပါဝင်သော တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့က အစုအဖွဲ့အလိုက် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ရန်အတွက် အစုအဖွဲ့အစည်းအဝေးများကို ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလ ၁ရက် အင်္ဂါနေ့ နံနက် ၁၀နာရီတွင် ကျင်းပရန် သတ်မှတ်ကြေညာပါတယ်"ဟု ပြောကြားခဲ့သည်။

ထို့အတူ ပထမအကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေးများကိုလည်း ယနေ့နံနက် ၈ နာရီ ၅၅ မိနစ်အချိန်တွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ကျင်းပခဲ့သည်။ အဆိုပါအစည်းအဝေးများတွင် တိုင်းဒေသကြီးလွှတ်တော် နှင့်ပြည်နယ်လွှတ်တော်တို့အတွက် ဥက္ကဋ္ဌနှင့်ဒုဥက္ကဋ္ဌများကို ရွေးချယ်ခဲ့သည်။


ဓာတ်ပုံ - Daylife

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်သဘာပတိအဖြစ် ဦးမောင်မောင်ဝင်းအား ရွေးချယ်ခဲ့ပြီး၊ လွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးစိန်တင်ဝင်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဦးတင်အောင် ရွေးချယ်ခံ ရပြီး နံနက်၁၀နာရီတွင် အစည်းအဝေးပြီးဆုံးခဲ့သည်။

ကချင်ပြည်နယ် လွှတ်တော် သဘာပတိ ဦးလဂျွန်ငန်ဆိုင်း၊ ဥက္ကဋ္ဌအဖြစ် ဦးရားဝမ်ဂျုံနှင့် ဒုဥက္ကဋ္ဌအဖြစ် ဦးစိုင်းမြင့်ကျော်တို့က ရွေးချယ်ခံရပြီး လွှတ်တော်အစည်းအဝေးမှာ ၁၁ နာရီ မိနစ် ၄၀ တွင်ပြီးဆုံးခဲ့သည်။

ကယားပြည်နယ် လွှတ်တော် သဘာပတိ ဦးခင်မောင်ဦး၊ ဦးကျော်ဆွေက ဥက္ကဋ္ဌ၊ ဦးအေးမောင်က ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရပြီး လွှတ်တော်အစည်းအဝေးမှာ နံနက် ၉ နာရီ၄၅မိနစ်တွင် ပြီးဆုံးခဲ့သည်။

ကရင်ပြည်နယ် လွှတ်တော် သဘာပတိဗိုလ်မှူးချုပ်ဇော်မင်း၊ ဥက္ကဋ္ဌအဖြစ် ဦးစောအောင်ကျော်မင်းနှင့်ဒုတိယဥက္ကဋ္ဌအဖြစ် ဦးမန်းလှမြိုင် ရွေးချယ်ခံရပြီး လွှတ်တော်အစည်းအဝေးမှာ နံနက် ၁၀ နာရီ ၁၅မိနစ်တွင် ပြီးဆုံးခဲ့သည်။

ချင်းပြည်နယ် လွှတ်တော် သဘာဝတိဦးဟုန်းငိုင်း၊ ဥက္ကဋ္ဌအဖြစ် ဦးဟောက်ခင်ခမ်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဦးအုန်းလွင် ရွေးချယ်ခံရပြီး အစည်းအဝေးမှာ နံနက် ၁၁နာရီ၅မိနစ်အချိန်တွင် ပြီးဆုံးခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်သဘာပတိ ဦးတင်ငွေ၊ ဥက္ကဋ္ဌအဖြစ် ဦးသင်းလှိုင်၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဦးသောင်းစိန် ရွေးချယ်ခံရကာ အစည်းအဝေးမှာ နံနက်၉ နာရီ၄၅မိနစ်အချိန်တွင် ပြီးဆုံးခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်သဘာပတိဦးမြတ်ကို၊ ဥက္ကဋ္ဌအဖြစ် ဦးထင်အောင်ကျော်နှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ဦးကြည်ဝင်းတို့ ရွေးချယ်ခံရသည်။ အစည်းအဝေးမှာ ၁၀ နာရီ ၃၅မိနစ်တွင် ပြီးဆုံးခဲ့သည်။

ပဲခူးတိုင်းဒေသကြီး လွှတ်တော်သဘာပတိ ဦးညဏ်ဝင်း၊ ဥက္ကဋ္ဌအဖြစ် ဦးဝင်းတင်၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဦးဝင်းမြင့်စိုး ရွေးချယ်ခံရသည်။ အစည်းအဝေးမှာ နံနက် ၉နာရီ မိနစ်၅၀တွင် ပြီးဆုံးသည်။

မကွေးတိုင်းဒေသကြီး လွှတ်တော်သဘာပတိအဖြစ် ဦးဘုန်းမော်ရွှေ၊ ဥက္ကဋ္ဌအဖြစ် ဦးရဲမြင့်၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဦးစောဝင်းမောင် ရွေးချယ်ခံရပြီး အစည်းအဝေးမှာ နံနက်၉နာရီ မိနစ် ၄၀ တွင် ပြီးဆုံးခဲ့သည်။

မန္တလေးတိုင်းဒေသကြီးလွှတ်တော်သဘာပတိ ဦးအောင်ဇံ၊ ဥက္ကဋ္ဌအဖြစ် ဦးဝင်းမောင်၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဦးအောင်ငွေးကျော် ရွေးချယ်ခံရသည်။ အစည်းအဝေးမှာ နံနက် ၁၀နာရီ ၂၅ မိနစ်အချိန်တွင် ပြီးဆုံးခဲ့သည်။

မွန်ပြည်နယ်လွှတ်တော် သဘာပတိ ဦးအုန်းမြင့်၊ ဥက္ကဋ္ဌအဖြစ် ဦးကျင်ဖေ၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဦးငွေးလွင် ရွေးချယ်ခံရသည်။

ရခိုင်ပြည်နယ် လွှတ်တော် သဘာပတိ ဦးလှမောင်တင်၊ ဥက္ကဋ္ဌအဖြစ် ဦးထိန်လင်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဦးသာညွန့်ရွေးချယ်ခံရပြီး အစည်းအဝေးမှာ နံနက် ၁၁ နာရီ ၃၀ မိနစ်အချိန်တွင် ပြီးဆုံးခဲ့သည်။

ရှမ်းပြည်နယ် လွှတ်တော်သဘာပတိ ဦးစိုင်းထွန်းရင်၊ ဥက္ကဋ္ဌအဖြစ် ဦးစိုင်းလုံဆိုင်၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဦးစိုင်းခမ်းမှတ် ရွေးချယ်ခံရပြီး လွှတ်တော်အစည်းအဝေးမှာ ညနေ ၃နာရီ၁၅ မိနစ်အချိန်တွင် ပြီးဆုံးခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်သဘာပတိဦးသိန်းအောင်၊ ဥက္ကဋ္ဌအဖြစ် ဦးဆန်းဆင့်၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဒေါက်တာထိန်ဝင်း ရွေးချယ်ခံရပြီး အစည်းအဝေးမှာ နံနက် ၁၀နာရီ၁၀မိနစ်အချိန်တွင်ပြီးဆုံးခဲ့သည်။

| စဉ် | ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော် | သဘာပတိအဖြစ် ရွေးချယ်ခံရသူ | ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရသူ | ဒုဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရသူ |
|---|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | ဦးမောင်မောင်ဝင်း | ဦးစိန်တင်ဝင်း | ဦးတင်အောင် |
| ၂။ | ကချင်ပြည်နယ် | ဦးလဂျွန်ငန်ဆိုင်း | ဦးရားဝမ်ဂျုံ | ဦးစိုင်းမြင့်ကျော် |
| ၃။ | ကယားပြည်နယ် | ဦးခင်မောင်ဦး | ဦးကျော်ဆွေ | ဦးအေးမောင် |
| ၄။ | ကရင်ပြည်နယ် | ဗိုလ်မှူးချုပ်ဇော်မင်း | ဦးစောအောင်ကျော်မင်း | ဦးမန်းလှမြိုင် |
| ၅။ | ချင်းပြည်နယ် | ဦးဟုန်းငိုင်း | ဦးဟောက်ခင်ခမ်း | ဦးအုန်းလွင် |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ဦးတင်ငွေ | ဦးသင်းလှိုင် | ဦးသောင်းစိန် |
| ၇။ | တနင်္သာရီတိုင်းဒေသကြီး | ဦးမြတ်ကို | ဦးထင်အောင်ကျော် | ဦးကြည်ဝင်း |
| ၈။ | ပဲခူးတိုင်းဒေသကြီး | ဦးညဏ်ဝင်း | ဦးဝင်းတင် | ဦးဝင်းမြင့်စိုး |
| ၉။ | မကွေးတိုင်းဒေသကြီး | ဦးဘုန်းမော်ရွှေ | ဦးရဲမြင့် | ဦးစောဝင်းမောင် |
| ၁၀။ | မန္တလေးတိုင်းဒေသကြီး | ဦးအောင်ဇံ | ဦးဝင်းမောင် | ဦးအောင်ငွေးကျော် |
| ၁၁။ | မွန်ပြည်နယ် | ဦးအုန်းမြင့် | ဦးကျင်ဖေ | ဦးငွေးလွင် |
| ၁၂။ | ရခိုင်ပြည်နယ် | ဦးလှမောင်တင် | ဦးထိန်လင်း | ဦးသာညွန့် |
| ၁၃။ | ရှမ်းပြည်နယ် | ဦးစိုင်းထွန်းရင် | ဦးစိုင်းလုံဆိုင် | ဦးစိုင်းခမ်းမှတ် |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ဦးသိန်းအောင် | ဦးဆန်းဆင့် | ဒေါက်တာထိန်ဝင်း |

## မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီဥက္ကဋ္ဌ နုတ်ထွက်

ဥက္ကာကိုကို

**ရန်ကုန်၊**

**ဇန်နဝါရီ – ၂၈**

မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီမှ ဥက္ကဋ္ဌဦးညိုမင်းလွင်သည် စီးပွားရေးအခြေအနေကြောင့်လည်းကောင်း၊ ပါတီအတွက် အချိန်မပေးနိုင်သည့်အတွက်ကြောင့်လည်းကောင်း ယခုလတတိယပတ်က ပါတီဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်သွားပြီး လက်ရှိပါတီဥက္ကဋ္ဌနေရာအား အထွေထွေအတွင်းရေးမှူးဦးနေမျိုးဝေက ယာယီတာဝန်ယူထားကြောင်းသိရသည်။

"စီးပွားရေးအခြေအနေကြောင့်ရယ်၊ အချိန်မပေးနိုင်တဲ့အတွက်ရယ်ကြောင့် သူ့ဆန္ဒနဲ့သူနုတ်ထွက်သွားတာပါ"ဟု ယာယီဥက္ကဋ္ဌတာဝန်ယူထားသူဦးနေမျိုးဝေက 7Day News သို့ပြောသည်။

မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီအနေနှင့်အမှုဆောင်အဖွဲ့ကို အသစ်ပြန်လည်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

"ဥက္ကဋ္ဌသစ်က အိုင်တီအကြောင်း နားလည်ရမယ်။ အိုးပိုင် အိမ်ပိုင်ရှိရမယ်။ စီးပွားရေးရှိရမယ်။ နိုင်ငံရေးကို တကယ်လုပ်လို၊ လုပ်ရဲ၊ တာဝန်ခံရဲတဲ့ ဥက္ကဋ္ဌတစ်ယောက်လိုအပ်နေပါတယ်"ဟု ယင်းပါတီမှ တာဝန်ရှိသူက ပြောသည်။

မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီသည် ပြီးခဲ့သည့်ရွေးကောက်ပွဲအတွင်းက အမတ်လောင်းခုနစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး တစ်ဦးမျှအနိုင်မရရှိခဲ့သည့်အပြင် ရွေးကောက်ပွဲမတိုင်မီကလည်း ပါတီအမတ်လောင်းတစ်ဦးအား အကြောင်းကြောင်းကြောင့် ပါတီဝင်အဖြစ်မှ ထုတ်ပယ်ခဲ့ဖူးသည်။

ယခုနုတ်ထွက်သော ဥက္ကဋ္ဌ ဦးညိုမင်းလွင်မှာ ပါတီအတွင်း ပါတီဝင်အဖြစ်သာ ဆက်လက်ရပ်တည်သွားမည်ဖြစ်ကြောင်းသိရသည်။


ဂီရိမုန်တိုင်းသင့်ဒေသအချို့ကိုတွေ့ရစဉ်။
ဓာတ်ပုံ - အားမာန်

## ဂီရိမုန်တိုင်းသင့်ဒေသတွင် အကူအညီများ လိုအပ်နေဆဲဖြစ်ကြောင်း ကုလသမဂ္ဂအဖွဲ့ချုပ်မှ ထုတ်ပြန်

**အေးမြကျော်**

**ရန်ကုန်၊ ဇန်နဝါရီ - ၃၀**

ရခိုင်ကမ်းရိုးတန်းဒေသသို့ ဗဟိုပြုတိုက်ခတ်ခဲ့သော ဂီရိမုန်တိုင်းတိုက်ခတ်ပြီးချိန်မှာ သုံးလတာ ကြာမြင့်ပြီဖြစ်သော်လည်း အကူအညီများ လိုအပ်လျက်ရှိသေးကြောင်း ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်က ဇန်နဝါရီ ၂၇ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

ဂီရိမုန်တိုင်းသင့်ဒေသတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသောကုလသမဂ္ဂ လက်အောက်ခံလူသားချင်းစာနာသော လူမှုကူညီရေးအဖွဲ့အစည်းများ၏ ပြောကြားချက်များကို ကိုးကား၍ ထိုသို့ပြောကြားနိုင်ခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဂီရိမုန်တိုင်းသင့် ဒေသခံများအနေနှင့် အမိုးအကာများ၊ အစားအစာများနှင့် အခြားသော လိုအပ်ချက်များစွာရှိနေဆဲဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

မုန်တိုင်းအဆင့်သတ်မှတ်ချက် ၄အဆင့်ရှိသော ဂီရိမုန်တိုင်းကြောင့် အနည်းဆုံး လူ ၄၅ဦး သေဆုံးခဲ့ရပြီး လူပေါင်းနှစ်သိန်းခြောက်သောင်းကျော်မှာလည်း ဂီရိမုန်တိုင်းဒဏ်ကို ခံစားခဲ့ရသည်ဟု ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်က ထုတ်ပြန်ထားသည်။

သက်ဆိုင်ရာက ထုတ်ပြန်ချက်များအရ အိမ်ပေါင်း နှစ်သောင်းကျော်မှာ ဂီရိမုန်တိုင်းကြောင့်ပျက်စီးပြိုလဲခဲ့ရပြီး လူပေါင်း တစ်သိန်းကျော်အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း မုန်တိုင်းအပြီး ထုတ်ပြန်ကြေညာချက်၌ ဖော်ပြခဲ့သည်။

ဂီရိမုန်တိုင်းဒဏ်ကို အဆိုးရွားဆုံးခံစားခဲ့ရသော နေရာများမှာ ရခိုင်ပြည်နယ်ရှိ မြေပုံ၊ ပေါက်တော၊ မင်းပြားနှင့် ကျောက်ဖြူမြို့နယ်များဖြစ်ကြောင်းသိရသည်။

# မန္တလေးတွင်လည်း ပဲဈေးအတက်အကျများနေ

**ညီညီဇော်**

**မန္တလေး၊ ဇန်နဝါရီ - ၂၆**

**မန္တလေးပဲနှမ်းဈေးကွက်တွင် ပဲမျိုးစုံဈေးနှုန်းများ အတက်အကျများနေကြောင်း ပဲနှမ်းကုန်သည်များကပြောသည်။**

ပဲမျိုးစုံ ဈေးနှုန်းအတက်အကျများနေသည့်အတွက် မလိုအပ်သောပြဿနာများ မဖြစ်ပွားစေရန် ကြိုရောင်းကြိုဝယ်များ မပြုလုပ်ရန် နေ့စဉ်သတိပေးနေရကြောင်း ပွဲစားကုန်သည်စက် ပိုင်များ မဟာကထိန်တော်အသင်းသတင်းနှင့် ပြန်ကြားရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မန္တလေး ပဲနှမ်းဈေးကွက်တွင် ပဲစင်းငုံမှာ ဇန်နဝါရီ၂၄ရက်က သုံးတင်းတစ်အိတ်လျှင် ကျပ် ၆၈,၀၀၀ရှိရာမှ ဇန်နဝါရီ ၂၈ရက်တွင် ကျပ် ၆၃,၀၀၀မှ ၆၄,၀၀၀ အတွင်းဈေးရှိတော့သည်။ သို့သော် ဇန်နဝါရီ၂၉ရက်အရောက်တွင် ကျပ် ၆၆,၀၀၀မှ ၆၉,၀၀၀ အတွင်း ဈေးပြန်တက်လာသည်။

"ပစ္စည်းအဝင် နည်းတာကနယ်တွေမှာကို ပစ္စည်းပြတ်နေလို့ပါ။ ဈေးတက်ပေမယ့် အရောင်းအဝယ်ကတော့ ပုံမှန်ပါပဲ"ဟု ပွဲရုံလုပ်ငန်းရှင်တစ်ဦးကပြောသည်။ ပဲတီစိမ်းနှင့် ကုလားပဲမှာ ပုံမှန်အရောင်းအဝယ်ဖြစ်နေပြီး မတ်ပဲဈေး အနည်းငယ်ကျသွားကြောင်း ၎င်းတာဝန်ရှိသူပြောပြချက်အရ သိရသည်။

ပဲတီစိမ်းမှာလည်း တစ်အိတ်လျှင် ပျမ်းမျှနှစ်ထောင်စီ တက်သွားသည်။ နှမ်းဖြူအမျိုးအစားတစ်မျိုးလျှင် (တစ်အိတ်နှုန်း) ပျမ်းမျှနှစ်ထောင်စီ တက်သွားသည်။ နှမ်းနက်၊ မတ်ပဲ၊ ကုလားပဲ၊ ဂျုံမှာ ဈေးငြိမ်နေသည်။

မြေပဲဆန်၊ နှမ်းဖြူနှင့် ဂျုံများ ပစ္စည်းအဝင်နည်းပြီး ဈေးတက်လာကြောင်း ၎င်းဈေးကွက်မှ သတင်းရရှိသည်။

မန္တလေးမြို့ ကုန်စည်ဒိုင်ပြန်ကြားရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ ဇန်နဝါရီ ၂၁ ရက်တွင် ညောင်ဦးမြေပဲဆံနှင့် မြင်းမူS1 မြေပဲဆန်များသည် တစ်ပိဿာ ၁,၈၀၀ ကျပ်ဈေးရှိပြီး၊ ဇန်နဝါရီလ ၂၆ရက်တွင် ညောင်ဦးမြေပဲဆန် ထိပ်စတစ်ပိဿာလျှင် ၁,၉၀၀ ကျပ်၊ မြင်းမူ S1 မြေပဲဆန်တစ်ပိဿာလျှင် ၁,၉၀၀ ကျပ်မှ ၁,၉၅၀ ကျပ်ဈေးရှိနေသည်။ ဇန်နဝါရီလ ၂၃ရက်က ၄၅ ပိဿာပါဝင်သော နှမ်းဖြူထိပ်စ တစ်အိတ်လျှင် ကျပ် ၇၂,၀၀၀၊ အလတ်စတစ်အိတ်လျှင် ကျပ် ၇၀,၀၀၀၊ အောက်စတစ်အိတ်လျှင် ကျပ် ၆၈,၀၀၀ဈေးရှိခဲ့ပြီး၊ ယနေ့တွင် နှမ်းဖြူထိပ်စတစ်အိတ်လျှင် ၇၅,၀၀၀ ကျပ်၊ အလတ်စတစ်အိတ်လျှင် ကျပ် ၇၃,၀၀၀၊ အောက်စတစ်အိတ်လျှင် ကျပ် ၇၁,၀၀၀ဈေးရှိနေသည်။

ဇန်နဝါရီ ၂၂ရက်တွင် ပိဿာ ၆၀ ဝင်ဂျုံတစ်အိတ်ဈေးမှာ ထိပ်စတစ်အိတ်လျှင် ကျပ် ၄၄,၀၀၀ အလတ်စတစ်အိတ်လျှင် ကျပ် ၄၁,၀၀၀၊ အောက်စတစ် အိတ်လျှင် ကျပ် ၃၇,၀၀၀ ဝန်းကျင် ရှိခဲ့ပြီး၊ ယနေ့တွင် ထိပ်စ တစ်အိတ် ၄၆,၅၀၀ကျပ်၊ အလတ်စ တစ်အိတ်လျှင် ၄၃,၀၀၀ကျပ်၊ အပွ တစ်အိတ်လျှင် ၃၉,၀၀၀ ကျပ်ရှိနေသည်။ ဂျုံမှာအဝင်နည်းပြီး ဈေးတက်နေသော်လည်း အဝယ်လိုက်နေကြောင်း သိရသည်။

# နွားများ ရေရှည်ရောင်းဝယ်နေပါက လယ်ယာလုပ်ငန်းခွင်ကို ထိခိုက်နိုင်ဟု တာဝန်ရှိသူပြောကြား

**သန်းဌေး**

**ရန်ကုန်၊ ဇန်နဝါရီ - ၂၅**

နွားများ ရောင်းဝယ်ခြင်းကိုသာ ရေရှည်လုပ်ကိုင်နေပါက နောင် လေး၊ ငါးနှစ်တွင် မြန်မာ့နွားများ ရှားပါးကာ လယ်ယာလုပ်ငန်းခွင်အတွက်ပင် အခက်အခဲများကြုံတွေ့လာနိုင်ကြောင်း တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီးကပြောသည်။

"ကျွန်တော်တို့လူတွေ အခုဘာလုပ်လဲ။ ဝယ်ရောင်းပဲ လုပ်တယ်။ မွေးရောင်းမလုပ်ဘူး။ ကိုယ်တိုင် ထုတ်လုပ်ပြီး ရောင်းချတာမလုပ်ဘူး။ ရေရှည်မှာ အခုအတိုင်းသာ ဆက်ပြီးတော့ ပို့နေမယ်၊ ရောင်းနေမယ်ဆိုရင် နောင် လေး ငါးနှစ်မှာ ကျွန်တော်တို့ နိုင်ငံမှာ နွားရှားလာမယ်။ ကျွဲ၊ နွား တွေ အများကြီး လျော့သွားမယ်" ဟု



ဇန်နဝါရီ ၂၃ ရက်က ကျင်းပသော မြန်မာနိုင်ငံမွေးမြူရေး လုပ်ငန်းအဖွဲ့ချုပ်၏ ဧကာဒသမအကြိမ်နှစ်ပတ်လည်တွင် ၎င်းကပြောသည်။

ထို့ကြောင့် အသားစားနွားများ မွေးမြူရန် စားကျက်မြေများ ပြုလုပ်ခြင်းနှင့် ငါးမွေးကန်ပေါင်များပေါ်တွင်ပါ နွားစာမြက်ကို စိုက်ပျိုးရန် ငါးလုပ်ငန်းဦးစီးဌာန အဆင့်မြင့် အရာရှိကြီးတစ်ဦးကလည်း တိုက်တွန်းထားသည်။

"ငါးနဲ့ နွားကို နည်းစနစ်တကျ မွေးရင် အဆင်ပြေနိုင်ပါတယ်" ဟု ၎င်းကပြောသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ ယခုဘဏ္ဍာနှစ်အတွင်း သိုး၊ ဆိတ်အရှင် ကောင်ရေ ၅၀,၀၀၀ ပြည်ပသို့ တင်ပို့ခွင့်ပြုထားရာ ၂,၃၂၃ ကောင် တင်ပို့ခဲ့ပြီး ကန်ဒေါ်လာ ၁၁၀,၀၀၀ ရရှိခဲ့သည်။ ထို့အတူ ကျွဲ၊ နွားအရှင်ကောင်ရေ ၁၀,၀၀၀ တင်ပို့ခွင့်ထားရာ ၁,၈၇၆ ကောင် တင်ပို့ပြီး ကန်ဒေါ်လာ ၄၆၉,၀၀၀ ရရှိထားသည်။ အထက်ပါ ကျွဲ၊ နွား၊ သိုး၊ ဆိတ် တို့အား မလေးရှား နိုင်ငံသို့သာ တင်ပို့ခဲ့ရပြီး ယခုအခါ အာရှအရှေ့အလယ်ပိုင်းနိုင်ငံများမှ အေးခဲ အမဲသားနှင့် ကျွဲ၊ နွားအရှင် ဝယ်ယူလိုသူများပါ လာရောက်ဆွေးနွေးခဲ့ကြောင်း အဆိုပါ ဝန်ကြီးဌာနမှ အဆင့်မြင့်ဆုံး အရာရှိကြီးက ဇန်နဝါရီ ၂၂ ရက်တွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ပြောကြားခဲ့သည်။

၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်အတွက် အသားကဏ္ဍမှ ပြည်ပတင်ပို့ကုန်ဝင်ငွေ ကန်ဒေါ်လာ ၂၅ ဒသမ ၈၂ သန်း ရရှိထားကြောင်း သိရှိရသည်။



7DAY NEWS JOURNAL
Vol.9, No.45 • FEBRUARY 3, 2011

# မြင်းခြံ – မြစ်သား – ရေဝန်းလမ်းပိုင်းတွင်လမ်း၊တံတားအသုံးပြုခများပိုကောက်နေဟုဆို

ညီညီဇော်

မန္တလေး၊ ဇန်နဝါရီ – ၂၈

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်အတွင်းရှိ မြင်းခြံ-မြစ်သား-ရေဝန်းလမ်းအပိုင်း လမ်းတံတားအသုံးပြုခနှုန်း ကောက်ခံမှုသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက သတ်မှတ်ထားသောနှုန်းထားထက် ပိုမိုကောက် ခံနေကြောင်း ၎င်းဂိတ်မှဖြတ် သန်းသွားလာနေရသောခရီးသည် တင်ယာဉ်မောင်းများ၊ ကုန်တင်ယာဉ်မောင်းများနှင့် ဒေသခံများကပြောသည်။

"ကျွန်တော်တို့ဒီဂိတ်ကို သူတို့တောင်းတဲ့ကြေးပေးပြီး ဖြတ်လာတာ နှစ်ချီနေပြီ။ မနေ့ကမှ ပြည်သူ့ဆောက်လုပ်ရေးက ဒီမြင်းခြံ၊ မြစ်သား၊ ရေဝန်းလမ်းအပိုင်းအတွက်သတ်မှတ်တဲ့နှုန်းထားအတိုင်း ကောက်ဖို့ညွှန်ကြားတဲ့စာနဲ့ ကျသင့်တဲ့နှုန်းထားစာတွေ ကျွန်တော်တို့လက်ထဲရောက်လာတာ၊ တကယ်တမ်း သတ်မှတ်ထားတဲ့နှုန်းနဲ့ ကျွန်တော်တို့ပေးနေရတဲ့နှုန်းက အဆမတန်ကွာနေတယ်" ဟု ၎င်းဂိတ်ကိုဖြတ်သန်းနေရသော မန္တလေး- မြင်းခြံခရီးသည်တင်ယာဉ်မောင်းတစ်ဦးကပြောသည်။ ဆက်လက်ပြီး ၎င်းယာဉ်မောင်းက "ဒီမှာ ကြည့်ပါ။ သတ်မှတ်ထားတဲ့နှုန်းထားက ကျွန်တော်တို့ ငါးတန် ခရီးသည်တင်ယာဉ်ဆိုရင် စမုံတံတား အသုံးပြုခက ၁၁၀ ကျပ်လို့သတ်မှတ်ထားတယ်။ ကျွန်တော်တို့ တကယ်တမ်းပေးလိုက်ရတာက၄,၀၀၀ပေးလိုက်ရတယ်။ နောက်ပြီး လမ်းအသုံးပြုခဆိုရင်လည်း သတ်မှတ်ထားတာက ၁၈၀ ကျပ်လို့ပါတယ်။ ဒါလည်း ၄,၀၀၀ ပဲ ပေးလိုက်ရတာပဲ"ဟု ပြောသည်။


ထော်လာဂျီဖြင့် ၎င်းဂိတ်ကိုဖြတ်သန်းကာ အရောင်းအဝယ်ပြုလုပ်နေသော အမျိုးသားတစ်ဦးက"ကျွန်တော်တို့ထော်လာဂျီတွေကို သတ်မှတ်ထားတာက လမ်းတံတားမြို့ဝင်ကြေး ကျသင့်ငွေစုစုပေါင်းက ၅၅ ကျပ်လို့ပါတယ်။ ခုကြည့်ပေးလိုက်ရတာက တံတားကြေးက ၃,၀၀၀၊ လမ်းအသုံးပြုခက ၁,၀၀၀ တော်တော်ကိုကွာနေတယ်"ဟု ပြောသည်။ မြစ်သားမြို့ဒေသခံ အမျိုးသားတစ်ဦးကလည်း "ဒီနေ့မနက် ဒီဂိတ်မှာ ကားတွေ ၄၅ မိနစ်လောက် ရပ်နေကြတယ်။ အရင်က သတ်မှတ်ထားတဲ့နှုန်းထားတွေ သူတို့မသိခဲ့ကြဘူးလို့ပြောတယ်။ အခုစာရောက်မှ အဆမတန်များနေတာကို သိသွားကြတယ်။ ဒါကြောင့် သတ်မှတ်ထားတဲ့နှုန်းနဲ့ ကောက်ခံပေးဖို့ စာရွက်ပြပြီးတော့လည်း မရဘူးတဲ့။ ဒါနဲ့ ခရီးသည်တွေပါလာကြလို့ သူတို့တောင်းသလောက်ပေးပြီးဖြတ်သွားရတယ်" ဟု သူမြင်တွေ့ခဲ့ရပုံကို ပြောပြသည်။

မြစ်သားမြို့ဒေသခံ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကလည်း "ဂိတ်ကြေးတွေက များနေတော့ ကျွန်တော်တို့ မြစ်သားကို အနောက်ဘက်မြို့တွေဖြစ်တဲ့ နွားထိုး၊ မြင်းခြံ၊တောင်သာက ကုန်သည်တွေသိပ်မလာကြတော့ဘူး။ တခြားလမ်းကပတ်ပြီး ကျောက်ဆည်မန္တလေးသွားကြတယ်။ အရောင်းအဝယ်လည်းပါးသွားတာပေါ့"ဟု ပြောသည်။ မြစ်သားမြို့သည် ကြက်သွန်နီအဓိကစိုက်ပျိုးပြီး ဖရဲနှင့်စပါးကိုလည်း စိုက်ပျိုးနေသော မြို့တစ်မြို့ ဖြစ်သည်ဟု ဒေသခံများကပြောသည်။ လမ်း၊ တံတားကြေးကောက်သောကုမ္ပဏီသို့ 7Day News က ဆက်သွယ်မေးမြန်းရန် ကြိုးစားခဲ့သော်လည်း ဆက်သွယ်၍ မရခဲ့ပေ။

# သားဂျာနယ်ကျော်နောက်ဆုံးစီစဉ်သွားသော ကဗျာစာအုပ်ထွက်ရှိ

ဥက္ကာကိုကို

ရန်ကုန်၊ ဇန်နဝါရီ – ၂၈




စာရေးဆရာ၊ ကဗျာဆရာ၊ မိုးဟိန်း (သားဂျာနယ်ကျော်)၏ မကွယ်လွန်မီ နောက်ဆုံးရေးသားစီစဉ်သွားခဲ့သော Midnight Rainbow အမည်ရှိ ကဗျာစာအုပ်ထွက်ရှိခြင်း အခမ်းအနားနှင့် စာအုပ်မိတ်ဆက်ပွဲကို ယခုလ ၂၇ရက်က ရန်ကုန်မြို့၊ စီးတီးစတားဟိုတယ်တွင် ကျင်းပပြုလုပ်သွားခဲ့ကြောင်းသိရသည်။

ကဗျာစာအုပ်ကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားထုတ်ဝေခဲ့ပြီး ဦးမိုးဟိန်းကွယ်လွန်ပြီးမှ ထွက်ရှိလာသောစာအုပ်ဖြစ်ကာ ကဗျာစာအုပ် ရောင်းချရငွေအားလုံးကို မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့နယ်၊ ရွှေဂူကြီးကျောင်းဝင်းအတွင်း တည်ဆောက်နေသော မဟာပရိတ္တစေတီတော် တည်ဆောက်ရေးလုပ်ငန်းများအတွက် လှူဒါန်းသွားမည်ဟုသိရသည်။

အခမ်းအနားတွင် ကဗျာဆရာမောင်စိမ်းနီ၊ သစ္စာနီ၊ ပါမောက္ခဒေါက်တာဒေါ်ခင်နီနီသိန်း၊ ဒေါ်ဒေဝီသန့်စင်၊ မောင်လင်းရိပ်၊ ဒေါက်တာခင်မောင်ညိုနှင့် ဆရာမိုးဟိန်း၏သားသမီးနှစ်ဦးဖြစ်ကြသော ကိုမိုးသန့်၊ မဟိန်းဟိန်းမြတ်တို့က အမှတ်တရစကားများ၊ ကဗျာ၊ ဆောင်းပါးများ ပြောကြားဖတ်ကြားခဲ့ကြသည်။

မိုးဟိန်း (သားဂျာနယ်ကျော်)သည် စာရေးဆရာမကြီး ဂျာနယ်ကျော်မမလေးနှင့် သတင်းစာဆရာကြီး၊ ဂျာနယ်ကျော် ဦးချစ်မောင်တို့၏သားဖြစ်ပြီး မကွယ်လွန်မီအချိန်ထိ စာပေ၊ ကဗျာများ ရေးသားခြင်းနှင့် ပရဟိတလုပ်ငန်းများကို အားသွန်ခွန်စိုက် လုပ်ကိုင်ဆောင်ရွက်ခဲ့သူဖြစ်သည်။

# ဈေးရောင်းပွဲတော်တွင် ကျပ်သိန်းငါးရာတန်ကားကို ကံစမ်းမဲဖောက်မည်

မေပယ်လ်၊ စိုင်းသာအောင်

ရန်ကုန်၊ ဇန်နဝါရီ – ၂၇



ဓာတ်ပုံ - စိုင်းသာအောင်

ယခုနှစ်ကျင်းပမည့် 547 ထရေးဒင်း၏ဈေးရောင်းပွဲတော်တွင် စီးပွားရေးဦးပိုင်လီမိတက်နှင့် မြန်မာ့အားမာန်မော်တော် ယာဉ်ထုတ်လုပ်ရေးတို့ ပူးပေါင်းထုတ်လုပ်သည့် သိန်း ၅၀၀ တန်ဖိုးရှိ ရမ္မာမော်တော်ယာဉ် Grade IIကို ကံစမ်းမဲ ဖောက်ပေးသွားမည်ဖြစ်ပြီးကြောင်း သတင်းရရှိသည်။

ထို့အပြင် ဗန္ဓုလသယ်ယူပို့ဆောင်ရေးမှ ရွှေမန်းသူအဝေးပြေးယာဉ်လိုင်းကို ကြိုက်သည့်ခရီးစဉ်နှစ်ဦးအခမဲ့ အသွားအပြန်စီးနင်းခွင့်၊ ပါရမီတက္ကစီ နေ့ဝက်စီးနင်းခွင့်၊ အဓိပတိ၊ ပါရမီတစ်လ အခမဲ့စီးခွင့်ဆုတို့အပါအဝင် ကျပ်သိန်း ၆၀၀ဖိုး ကံစမ်းမဲများဖောက်ပေးသွားမည်ဖြစ်ကြောင်း 547 ထရေးဒင်းဈေးပွဲတော်ကျင်းပရေးကော်မတီမှ သိရသည်။

547 ထရေးဒင်းမှဦးစီးသည့် မိတ်ဖက်ကုမ္ပဏီများ၏ တတိယအကြိမ်မြောက်အထူးဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၄ရက်အထိ မျှော်စင်ကွန်း၊ ကရဝိက်ဥယျာဉ်ကမ္ဘာတွင် နံနက် ၉နာရီမှ ည ၁၀နာရီအထိ ကျင်းပမည်ဖြစ်သည်။

အထူးဈေးရောင်းပွဲတွင် ကုန်သွယ်မှုလုပ်ငန်းဆိုင်ရာပြခန်းများအပြင်၊ လူသုံးကုန်၊ စားသောက်ကုန်စသည်ဖြင့် ပြခန်းပေါင်း ၄၀ခင်းကျင်းပြသမည် ဖြစ်ပြီး ချစ်သူစုံတွဲအလှပြိုင်ပွဲကြီးလည်းပါဝင်မည်ဖြစ်ကာ Mr.&Ms Valentine's ကျပ် ၇ သိန်း၊ First Runner Up ကျပ် ၅ သိန်း၊ Second Runner Up ကျပ် ၄ သိန်းနှင့် အထူးဆု ကျပ် ၁ သိန်းဆု ၇ ဆု ချီးမြှင့်မည်ဖြစ်ကြောင်းသိရသည်။

အဆိုပါပြိုင်ပွဲကို စိတ်ပါဝင်စားသူများသည် ရှုဘီမတ်စူပါမားကက်ရှိသတင်းအချက်အလက်ကောင်တာတွင်စုံစမ်းမေးမြန်းနိုင်ကြသည်။

547 ထရေးဒင်း ဈေးရောင်းပွဲတော်ကို ၂၀၀၉ ခုနှစ်ကစတင်ကျင်းပခဲ့ပြီး အဆိုပါနှစ်ကအမြင့်ဆုံးဆုအဖြစ်အစ်ဆူဇူထရပ်ကား၊ ၂၀၁၀ခုနှစ် ဈေးပွဲတော်က နောင်ရိုးဂျစ်ကားတို့ကို မဲဖောက်ချီးမြှင့်ပေးခဲ့ကြောင်းသိရသည်။

ဈေးဝယ်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် ဗန္ဓုလသယ်ယူပို့ဆောင်ရေးမှ အထူးယာဉ်များ၊ တက္ကစီများ၊ ကုန်သယ်ဆောင်သည့်ယာဉ်များစီစဉ်ထားရှိကြောင်း အထူးဈေးရောင်းပွဲတော် ကျင်းပရေးကော်မတီမှ သိရသည်။

ထို့အပြင် မန္တလေးမြို့၌ ဇန်နဝါရီ ၂၈ရက်မှ စတင်ပြုလုပ်နေသော ကုန်စည်ပြပွဲတွင် တရုတ်နိုင်ငံအခြေစိုက် ဒေါင်ဖန်းမော်တော်ကားထုတ်လုပ်ရေးနှင့် ရမ္မာမော်တော်ယာဉ် ထုတ်လုပ်ရေးတို့ပူးပေါင်းထုတ်လုပ်သော Rammer Chariot ကားများကိုလည်း ပါဝင်ပြသခဲ့သည်။ တစ်စီးလျှင် ကျပ်သိန်း ၅၅၀တန်၊ ၅၀၀တန်၊ ၄၅၀တန်ကားများကို အရောင်းမြှင့်တင်ရေးကာလအတွင်း ဝယ်ယူပါက တစ်စီးဝယ်ယူလျှင် ကျပ်သိန်း ၅၀တန် ရွှေ ၈ကျပ်သား မေတ္တာတုံ့ပြန်မည်ဟု အဆိုပါကုမ္ပဏီအထွေထွေမန်နေဂျာ ဦးတင့်လွင်ကပြောသည်။ ထိုကားပြပွဲတွင် Rammer Chariot Micro ဘတ်စ်ကားများကို မန္တလေးမြို့မှ ကားပွဲစားများနှင့် စီးပွားရေးလုပ်ငန်းရှင်များ စိတ်ဝင်စားမှုရှိကြသည်ဟု သတင်းရရှိသည်။

# ဘော်ဒါကျောင်းအချို့ကျောင်းသားများအတွက် ဖျော်ဖြေရေးအစီအစဉ်များ ထည့်သွင်း

ညိုညိုဝင်း

နေပြည်တော်၊ ဇန်နဝါရီ – ၂၇

တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုမည့် ဘော်ဒါကျောင်းနေကျောင်းသူ၊ ကျောင်းသားများအားစိတ်ပင်ပန်းမှုများပြေပျောက်ရန်အတွက် နာမည်ရ အနုပညာရှင်အချို့နှင့် ဖျော်ဖြေရေးအစီအစဉ်များကို နေပြည်တော်ရှိ ဘော်ဒါကျောင်းအချို့တွင် ပြုလုပ်လျက်ရှိကြောင်း သိရသည်။

"ဆရာတို့အနေနဲ့ တက္ကသိုလ်ဝင်တန်းစာမေးပွဲကလည်း နီးလာပြီဆိုတော့ ဘော်ဒါက ကျောင်းသူ၊ ကျောင်းသားတွေကို ဖိအားတွေပေးပြီး စာတွေလုပ်ခိုင်းတယ်။ ကလေးတွေက စာတွေလုပ်ရလွန်းလို့ ငြီးငွေ့လာကြမှာပဲ။ ဒါကြောင့်ကလေးတွေလည်း စိတ်အပန်းပြေအောင် စာလည်း ကြိုးစားချင်စိတ်ရှိအောင် မနှစ်က ဂုဏ်ထူးထွက်တဲ့ကလေးတွေကို ဆုပေးပွဲအခမ်းအနားပြုလုပ်ပေးပြီး အဆိုတော် ဝိုင်းစုခိုင်သိန်းနဲ့ ဖျော်ဖြေပေးတာပါ"ဟု ပညာ့ပန်းတိုင်ဘော်ဒါကျောင်းမှ ဆရာဦးကောင်းထက်အောင်ကပြောသည်။

ပညာ့ပန်းတိုင်ဘော်ဒါမှ နာမည်ရစာရေးဆရာများဖြစ်သော အကြည်တော်၊ ချစ်ဦးညို၊ ချစ်စံဝင်းတို့၏ ပညာရေးနှင့်ဆိုင်သော စာပေဟောပြောပွဲကို ဇန်နဝါရီ ၃၁ရက်တွင် 'ပညာရေးစိတ်ဓာတ်မြင့်မားရန်'ဟူသော ဆောင်ပုဒ်ဖြင့် ဘော်ဒါကျောင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

"စာရေးဆရာတွေကတော့ နှစ်တိုင်းခေါ်ပါတယ်။ ရည်ရွယ်ချက်ကတော့ စာမေးပွဲဖြေခါနီးမှာ ကျောင်းသူ၊ ကျောင်းသားတွေအတွက်ကြိုးစားချင်စိတ်ရှိအောင် ပညာရေးနဲ့ပတ်သက်ပြီး သူတို့ဖြတ်သန်းလာရတဲ့ အခက်အခဲတွေ အတွေ့အကြုံတွေကို ဝေမျှပေးဖို့ ဖိတ်ကြားထားတာပါ"ဟု ဆရာဦးကောင်းထက်အောင်က ဆက် ပြောသည်။

## စာ-၃၊ DV ဗီဇာပေါက်သည်ဟုဆိုကာ အီးမေးလ်ပို့ ငွေတောင်းခံသူများကို သတိပြုရန် သံ ုံးသတင်းထုတ်ပြန် မှ

အကြောင်းကြားစာပေးပို့မည်မဟုတ်ကြောင်း ဖော်ပြပါရှိသည်။ DV ဗီဇာပေါက်ပါကလည်း ပေါက်၊မပေါက်သိရှိရန် ငွေပေးပို့ရန် မလိုကြောင်း သိရသည်။

အကယ်၍ DV 2012 ဗီဇာပေါက်မပေါက်သိလိုပါက ၂၀၁၁ ခုနှစ်၊ မေလ ၁ရက်မှစ၍ ဝက်ဘ်ဆိုက်လိပ်စာ www.dvlottery .state.gov သို့ ဝင်ရောက်ကာ Entry Status Check တွင် ဝင်ရောက်ကာကြည့်ရှုနိုင်ပြီး ထိုနည်းသာလျှင် DV ဗီဇာပေါက်မပေါက်သိရှိနိုင်မည့် တစ်ခုတည်းသောနည်းလမ်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြပါရှိသည်။ ထို့အပြင် အီးမေးလ်ဖြင့် DV ပေါက်ကြောင်း အကြောင်းကြားကာ ငွေပို့ခိုင်းသည်များရှိခဲ့လျှင်လည်း မပို့ကြရန် အထူးသတိပြုကြရန် သတိပေးပြောကြားထားသည်။ DV ဗီဇာနှင့်ပတ်သက်၍ မေးခွန်းများမေးမြန်းလိုပါက သံရုံး၏ဝက်ဘ်ဆိုက်သို့မဟုတ်ကောင်စစ်ဌာန၏ ဖွေ့စ်ဘွတ်စာမျက်နှာတွင် ဝင်ရောက်ဖတ်ရှုနိုင်သည်။ အီးမေးလ်ပေးပို့ကာ မေးမြန်းလိုပါက consularangoon@state.gov သို့ ပေးပို့မေးမြန်းနိုင်ကြောင်း သိရသည်။

# Chicken Soup

CHICKEN SOUP



# ရေခဲသေတ္တာ အဟောင်းအမြင်းကြီးဆီက မေတ္တာစာ

အိန်ဂျယ်လင်း

"မင်းငါ့ကိုကြည့်လိုက်တဲ့ အကြည့်တွေကို ငါကောင်းကောင်းနားလည်ပါတယ်။ အဝတ်လျှော်ခန်းကိုအသွား ငါ့နားကမင်းဖြတ်လျှောက်တဲ့အချိန်မှာ မင်းခေါင်းစောင်းငဲ့သွားပုံက ငါ့ကို သိသိသာသာမျက်နှာလွှဲသွားတာပဲပေါ့။ မင်းမျက်ဝန်းထဲက နောင်တရနေတဲ့အရိပ်အယောင်တွေကို ငါမြင်သွားမှာစိုးလို့ ဒီလိုလုပ်တာလား။ မင်းငါ့ကို ပြုံးမပြတော့တာလည်းကြာပြီ။ ငါ့နားကဖြတ်သွားတဲ့အခါ မင်းဆီကနေ သက်ပြင်းချသံတစ်ချက် ခပ်ယဲ့ယဲ့ကြားလိုက်ရတယ်။ ငါ့ကွယ်ရာရောက်ရင် ငါ့ကိုမင်းဘယ်လောက်တောင်မုန်းနေတဲ့အကြောင်း မင်းမိတ်ဆွေတွေကို မင်းပြောနေမှာပေါ့။ မင်းကတော့ မင်းပြောတာ ငါမကြားလောက်ဘူးလို့ထင်နေမှာပေါ့။ ဒါပေမဲ့ ငါကောင်းကောင်းကြားတယ်။ ပြီးတော့ ငါရင်နာတယ်။ တစ်နေ့ကမင်းဖုန်းပြောနေတာ ငါကြားတယ်လေ။ 'ဒီစိတ်ပျက်စရာအလုပ်ကြီးကို ငါလုပ်ရတော့မယ်။ ရှောင်လို့လည်း မရဘူး။ ဒါပေမဲ့ ငါဘယ်လိုမှ စိတ်မပါဘူးဖြစ်နေတယ်" လို့ မင်းပြောတာငါကြားတယ်လေ။

ဒါပေမဲ့ အမြဲတမ်းဒီလိုချည်းပဲတော့ မဟုတ်ဘူးပေါ့။ ငါအရောင်းပြခန်းထဲမှာရှိနေခဲ့တဲ့အချိန်မျိုးမှာဆိုရင်တော့ မင်းရဲ့ မျက်နှာပေးက ဒီလိုမဟုတ်ဘူးလေ။ မင်းကအရောင်းပြခန်းက ကလေးမကလေးကိုဒီလိုပြောခဲ့တယ်မဟုတ်လား။ ငါကပဲမင်းဘဝကြီးတစ်ခုလုံးကိုပြောင်းလဲသွားအောင်လုပ်ပေးတော့မယ့်ပုံစံမျိုးနဲ့။ မင်းမျက်လုံးတွေကလည်း အရောင်တဖျပ်ဖျပ်လက်လို့လေ။

မင်းက ငါဟာမင်းအတွက် ပြီးပြည့်စုံတဲ့သူဖြစ်တယ်လို့ ပြောခဲ့တယ်လေ။ မင်းမှာ အိပ်မက်တွေအများကြီးရှိတယ်။ အနာဂတ်စီမံကိန်းတွေလည်း အများကြီးရှိတယ်။ ငါ့ကြောင့် မင်းဘဝဟာ အများကြီး တိုးတက်ပြောင်းလဲသွားမှာဖြစ်လို့ မင်းအိပ်မက်တွေ အများကြီး အကောင်အထည်ပေါ်လာတော့မှာပဲလို့ မင်းပြောခဲ့တယ်။ ငါဟာ မင်းရဲ့ဘဝ ဟန်ပန်အသစ်ပြောင်းလဲရာမှာ မရှိမဖြစ်အရေးပါတဲ့သူလို့ မင်းပြောခဲ့တာပဲ။ အဲဒီတုန်းက မင်းဟာ ငါ့ကိုကိုယ်ထိလက်ရောက် ပွတ်သပ်ပြီးတော့ သိပ်လှတာပဲ၊ သိပ်ခန့်ညားတာပဲလို့ ပြောခဲ့သေးတယ်လေ။ အရောင်းစာရေး ကောင်မလေးကတောင် မင်းကို ကြည့်ပြီး ခေါင်းတညိတ်ညိတ်ဖြစ်နေခဲ့တယ်။ ပြီးတော့ မင်းကပဲ သူ့ကို မင်းအိမ်မှာ ငါ့အတွက် အကောင်းဆုံးနေရာတစ်ခုရှိတယ်လို့ ပြောခဲ့သေးတယ်။ ငါတို့နှစ်ယောက်မှာ သိပ်လှပခဲ့တဲ့ နေ့ရက်တွေရှိခဲ့တာပေါ့။ ဟုတ်တယ်မဟုတ်လား။ ငါတို့နှစ်ယောက်ဟာ အင်မတန် ညီညွတ်တဲ့ အသင်းတစ်သင်းဖြစ်ခဲ့ကြတယ်လေ။ မင်းကလည်း ငါ့ကိုလိုအပ်ခဲ့တယ်။ ငါဟာမင်းဘဝရဲ့ အရေးပါတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ခဲ့တာပေါ့။ ဒီလိုနဲ့ . . . အဲ အခုတော့ ငါ့အခန်းထဲ မင်းရောက်လာတဲ့အခါ မင်းဆီကနေ ဗလာသက်သက် အကြည့်တွေသာငါရခဲ့ပေါ့။ မင်းဟာ ငါ့ကိုရန်သူတစ်ယောက်လိုကြည့်တဲ့အခါလည်းကြည့်ရဲ့။ တကယ်တော့ ငါဟာမင်းရဲ့ ရန်သူမဟုတ်ပါဘူး။ ငါဟာ မင်းနဲ့ပတ်သက်ရင်၊ အရာရာနဲ့ပတ်သက်ရင် နည်းနည်းကလေးမှ မပြောင်းလဲခဲ့ဘူး။ မင်းဘဝရဲ့ အစိတ်အပိုင်းတစ်ခု အဖြစ်ငါရှိမနေတော့ဘူးလို့ မင်းဘာသာမင်းပဲတစ်ဖက်သတ်ဆုံးဖြတ်ခဲ့တာမဟုတ်လား။

ငါအခုလို မင်းနဲ့ပတ်သက်ပြီး ထုတ်ပြောမိတာ ငါ့ဘက်ကလွန်တယ်လို့ မင်းထင်ကောင်း ထင်လိမ့်မယ်။ နောက်ပြီး ငါမင်းအပေါ်မှာ ဆက်ဆံရေးပြောင်းလဲလာတယ်၊ မင်းနဲ့ပတ်သက်ရင် မာကျောလာတယ်လို့ မင်းထင်လာတယ်မဟုတ်လား။ ဒီကြားထဲမှာ မှတ်မှတ်ရရ မင်းငါ့ကိုတစ်ခါလာပတ်သက်သေးတယ်လေ။ ငါ့ကိုယ်ပေါ်ကို မင်းရဲ့ အဝတ်စိုတွေလာတင်တာမင်းမှတ်မိသေးလား။ မင်းကို အရောင်းဆိုင်က စာရေးမကလေးကပြောတယ်မဟုတ်လား။ အခုဆို ငါ့ထက်ငယ်တာ၊ ခေတ်မီတာတွေ အများကြီးသူတို့ဆီမှာရောက်နေပြီလို့။ ဟုတ်ပါတယ်။ ငါဟာခေတ်ဟောင်းကြီးပဲ။ ပျင်းစရာ ငြီးငွေ့စရာ အကောင်ကြီးပဲပေါ့။ ဒါကိုလည်း ငါမငြင်းချင်တော့ပါဘူးလေ။

အခုလိုပြောနေလို့ ငါမင်းအပေါ်စိတ်နာနေမယ်။ စိတ်ဆိုးနေမယ်လို့မထင်လိုက်ပါနဲ့။ ငါမင်းကို လွမ်းဆွတ်နေတယ်ဆိုတာ ပြောချင်ရုံသက်သက်ပါပဲ။ မင်းငါ့ကို မေတ္တာစိတ်အပြည့်နဲ့ ကြည့်တာကို ငါအမှတ်ရလို့ မဆုံးဘူး။ ပြီးတော့ မင်းဟာ ငါနဲ့အတူတကွ အချိန်တွေကိုကုန်ဆုံးရတာ ပျော်တယ်လို့ လူတကာကို လျှောက်ပြောနေတဲ့ ကာလတွေကိုလည်း ငါအမှတ်ရလွမ်းဆွတ်နေပါတယ်။ အခုတော့ မင်းက နောက်တစ်ယောက်နဲ့။ သူ့ရဲ့ တံခါးကိုမင်းဖွင့်တာ တစ်နေ့ကို အကြိမ် တစ်ဒါဇင်မကဘူးထင်တယ်။ သူမှမရှိရင် မင်းဘဝမရှင်သန်နိုင်တော့မယ့်ပုံမျိုးနဲ့။ ပြီးတော့မင်းက သူ့အတွက် ဟိုဟာသည်ဟာလေးတွေ အမြဲဝယ်ဝယ်ပြီး သူ့အခန်းထဲထည့်ပေးရတာအမော။ ငါ့အတွက်တော့ မှတ်မှတ်ရရ ဆပ်ပြာမှုန့်တွေပဲ ဝယ်ပေးဖူးတယ် မဟုတ်လား။ ပြီးတော့ သူ့အခန်းထဲ ခေါင်းဝင်ပြီး အိုက်စကရင်တစ်ခုယူလို့ပြန်ထွက်လာတဲ့ အခါ မင်းမျက်နှာက ပြုံးလို့လေ။ မင်းသူ့အနားကပ်သွားတဲ့ အခါတိုင်း မင်းနှုတ်ကနေ သာယာတဲ့တေးသွားကလေးတွေ တညည်းညည်းနဲ့ ရှိနေတတ်တာကိုတော့ မင်းဘာပြောမလဲ။

မင်းငါ့ကိုစွန့်လွှတ်လိုက်ပြီဆိုတာ ငါသဘောပေါက်ခဲ့တာတော့ကြာပါပြီ။ ဒါပေမဲ့ ငါ့ဘက်ကတော့ မင်းကိုဘယ်တော့မှ စွန့်ပစ်မှာ မဟုတ်ဘူးဆိုတာကို မင်းသိစေချင်တာပါပဲ။ ငါဟာ မင်းအပေါ် အမြဲသစ္စာရှိနေမှာပါ။ မင်းလိုချင်တဲ့အခါတိုင်းငါအသင့်ရှိနေပါမယ်။ ပြီးတော့ ဘာပဲပြောပြော မင်းကိုငါယုံပါတယ်။ ငါပြောနေတာက ငါ့ကို တစ်ချက်နှစ်ချက်လောက်ကလေးပဲ မင်းဘက်က ဂရုစိုက်ပေးဖို့ပါ။ နောက်ပြီး ငါ့အကြောင်းတွေကို ငါ့ကွယ်ရာမှာ မင်းပြောနေတာမျိုးတွေလည်း ကျေးဇူးပြုပြီး ရပ်လိုက်စေချင်တယ်။ ပြီးတော့ငါ့ဘေးနားကဖြတ်သွားတဲ့အခါတိုင်းမင်းကြည့်တတ်တဲ့ မလိုမုန်းထား အကြည့်တွေကိုရောပေါ့။ ငါမခံစားနိုင်တော့လို့ပါ။ ငါဟာမကောင်းဆိုးဝါးတစ်ကောင်မဟုတ်ပါဘူး။ ဒါကိုတော့ မင်းလက်ခံလိမ့်မယ်ထင်ပါတယ်။ မင်းဘဝထဲ ငါနောက်တစ်ခါပြန်ဝင်လာဖို့အတွက် မင်းအဆင်သင့်မဖြစ်သေးဘူးမဟုတ်လား။ မင်းငါ့ကိုမင်းဘဝထဲမှာ ပြန်လက်ခံဖို့အတွက်ဆိုရင် မင်းရဲ့အတွင်းစိတ် ဟိုးအနက်ရှိုင်းဆုံးထဲအထိဝင်ပြီး မင်းကိုယ်မင်း ပြန်သုံးသပ်ရတော့မယ်လေ။ မင်းစဉ်းစားနေရင်းလည်းခဏလောက်ရပ်လိုက်ပါဦး။ ငါလိုချင်တာက မင်းငါ့အနားမှာ အကြာကြီးနေဖို့မဟုတ်ပါဘူး။ တစ်ခုတည်းပါပဲ။ မင်းဟာ မင်းကိုယ်မင်းဂရုစိုက်တဲ့အနေနဲ့ ငါ့ကို တစ်ချက်တလေ လောက်ဂရုစိုက်ကြောင်းပြပေးဖို့ပါပဲ။

ငါအရင်နေရာမှာပဲမင်းကိုစောင့်ဆိုင်းနေပါ့မယ်။ ငါမင်းရဲ့ ခွင့်ပြုချက်မရဘဲ ဘယ်ကိုမှမသွားပါဘူး။ ။

*Ref: 'A Love Letter from Your ' by Heidi Krumenauer*

# စကားတစ်ခွန်း

ခန့်ကျော်ထင်လှိုင်(လှိုင်ကော်)

အာဏာပါးကွက်သားတို့၏ခေါင်းဆောင်ရာကို လိုက်ပါလာရသော စစ်ကိုင်းမင်း(ဘကြီးတော်)၏ အဂ္ဂမဟေသီမိဖုရားခေါင်ကြီး မယ်နုသည် မြို့ဝန်မင်း၏ ခွင့်ပြုချက်ဖြင့် ဆရာတော် ဦးဗုဓ်ကို နောက်ဆုံးအကြိမ်အဖြစ် ကန်တော့ခွင့်ရခဲ့သည်။

ရေမှာချ၍ အသတ်ခံရတော့မည့် နန်းမတော်မယ်နုက တုန်လှုပ်ချောက်ချားစွာဖြင့် အကြောင်းရင်းကိုလျှောက်တင်နေစဉ် ညောင်ကန်ဆရာတော်ဦးဗုဓ်က ကြန္ဒြေတည်ငြိမ်စွာဖြင့် နားထောင်နေ၏။ ပြီးမှ "မယ်နု၊ သူ့ကြွေးရှိရင် ဆပ်ရလိမ့်မည်"ဟု တစ်ခွန်းတည်းသော စကားကိုမိန့်ဆိုလိုက်သည်။ ဉာဏ်ခံရင့်သန်လှသည့် နန်းမတော်က ဆရာတော်၏စကား ဆိုလိုရင်းကို သဘောပေါက်ကာ စိတ်တည်ငြိမ်အေးချမ်းစွာဖြင့် သူသတ်သမားတို့ခေါင်းဆောင်ရာကို လိုက်ပါသွားခဲ့လေသည်။ ဆရာတော်၏ စကားတစ်ခွန်းက နန်းမတော်အတွက် အမှန်တရားကို ဖော်ပြပေးလိုက်သလို "ကိုယ်ပြုသောကံ ကိုယ်သာခံ"ရကြောင်းသွယ်ဝိုက်၍လည်း သဘောပေါက်စေခဲ့သည့် အဖိုးတန်စကားတစ်ခွန်းပင်ဖြစ်ပေသည်။


◆ ◆ ◆

"အို. . ရှင်ကလည်း သားလေးကို သည်လိုလူဆိုးလို့မပြောပါနဲ့။ သူ့မှာ ကောင်းတဲ့အချက်တွေလည်း ရှိမှာပါ"။

အသစ်စက်စက် မိထွေးဖြစ်သူ၏ စကားတစ်ခွန်းက အများတကာအလယ်တွင် လူဆိုး၊ လူကြမ်းအဖြစ် အမြဲသမုတ်ခံရသူ အင်ဒရူးကာနယ်ဂျီအတွက် ဘဝတစ်ဆစ်ချိုးအပြောင်းအလဲဖြစ်သွားစေသည်။ "ငါ့အပေါ် သည်လိုနားလည်ပေးတတ်သူလည်း ရှိပါလား"ဟု ဝမ်းသာကြည်နူးစိတ်ဖြင့် မိထွေးဖြစ်သူ စိတ်မငြိုငြင်ရအောင် ဘဝကို ပြုပြင်နေထိုင်ရင်း အင်ဒရူးကာနယ်ဂျီသည် သူ၏ကြိုးစားအားထုတ်မှုကြောင့် နောက်ဆုံး ကမ္ဘာကျော် သံမဏိထုတ်လုပ်ရေး သန်းကြွယ်သူဌေးကြီးဖြစ်လာခဲ့သည်။

မိထွေးဖြစ်သူ၏ စကားလေးတစ်ခွန်းကသူ့အတွက် ချစ်ခင် နွေးထွေးမှု၊ နားလည်ခွင့်လွှတ်မှု သဘောများ သက်ဝင်ကိန်းအောင်းနေသည့် အဖိုးတန်စကားတစ်ခွန်းပင်တည်း။

◆ ◆ ◆



"ဘာလို့ ခုမှ လာရတာလဲ၊ ခင်ဗျားအသည်းက ခြောက်စတောင်ပြုနေပြီ"။

ရန်ကုန်မြို့၏ နာမည်ကြီးပုဂ္ဂလိကဆေးခန်းတစ်ခုမှ သမားတော်ဆရာဝန်ကြီး၏ စကားတစ်ခွန်းကြောင့် ကျွန်တော့်မိတ်ဆွေကျောင်းဆရာတစ်ဦး ဘယ်လိုမှ စိတ်ဓာတ်မြှင့်တင်မရအောင် ကျကာ အချိန်တိုအတွင်း ကွယ်လွန်သွားခဲ့ရှာသည်။

အခြားသူတစ်ဦး၏ဖြစ်အင်ကိုကြည့်ကာ "ငါလည်း သူ့လိုရောဂါပဲထင်ပါရဲ့"ဟူသောအတွေးဖြင့် ဆောက်တည်ရာမရဖြစ်၍ ချက်ချင်း ရန်ကုန်သွားပြီး ဆေးစစ်မှုခံယူခဲ့သော မိတ်ဆွေအတွက် သူ့အားကိုးအားထားပြုရာ သမားတော်ကြီး၏ စကားတစ်ခွန်းက "ရေနစ်သူ ဝါးကူထိုးသလို"ဖြစ်သွားခဲ့ရလေသည်။

◆ ◆ ◆

စာ(၃၂) သို့

# သိက္ခာနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးမှု

လင်းသိုက်ညွန့်(မြန်မာ့မြေ)



(၁)

စာရေးသူ လှည်းတန်းလမ်းဆုံကို နေ့စဉ်လိုလိုရောက်ဖြစ်သည်။ အထူးသဖြင့် စာသမားဖြစ်၍ တစ်နေ့ တစ်နေ့ . ဂျာနယ်သုံးလေးစောင်လောက် ပုံမှန်ဖတ်ဖြစ်ရာ လှည်းတန်းမှ ဂျာနယ်ဆိုင်များမှာပင် အဝယ်များသည်။ ဒီနေ့လည်း ခါတိုင်းလိုပင်၊ ဝယ်နေကျဂျာနယ်ဆိုင်မှာ ဂျာနယ်ဝယ်ပြီး ထွက်အလာ . ဂျာနယ်ဖိုးပေးဖို့ ပိုက်ဆံထုတ်တုန်းက အိတ်ထဲမှ ငါးထောင်တန်တစ်ရွက်ကို မှားထုတ်မိ၍ လက်ထဲမှာ ယောင်ပြီး ကိုင်ထားတုန်း အခြားလက်တစ်ဖက်မှာလည်း စာအုပ်တွေ မနိုင်မနင်းနဲ့မို့ ရုတ်တရက် လက်မှ ပိုက်ဆံလွတ်ကျသွားသည်။ ဒါနဲ့ စာရေးသူလည်း ပိုက်ဆံကိုပြန်ကောက်ဖို့ နောက်ကိုလှည့်ကြည့်တော့ ဘာမှမတွေ့။ ဒါနဲ့ စာရေးသူလည်း လေတိုက်သွားလို့လား၊ ဘာလား ဆိုပြီး ဟိုဟိုဒီဒီလျှောက်ကြည့်နေတုန်း၊ မီးပွိုင့်နီနေလို့ ရပ်ထားတဲ့ ဘတ်စ်ကားပေါ်က ဒရိုင်ဘာကြီး တစ်ယောက်က ခပ်လှမ်းလှမ်းကဦးထုပ်နဲ့ ကောင်လေးတစ်ယောက်ကို လှမ်းပြပြီး “ဟိုကောင်လေးကောက်သွားတာ၊ မြန်မြန်လိုက် မြန်မြန်လိုက်” လို့ပြောလို့ လှမ်းကြည့်တော့ ကောင်လေးတစ်ယောက်။ သုတ်သုတ်၊ သုတ်သုတ်နှင့်လျှောက်သွားတာတွေ့ရသည်။ ဒါနဲ့ စာရေးသူလည်း ခုနကပြောသည့် ဒရိုင်ဘာကြီးကို “ရပါတယ်ဗျာ၊ နေပါစေ၊ မလိုက်တော့ပါဘူး” လို့လှမ်းပြောပြီး သက်ပြင်းကိုသာချလိုက်ရသည်။ အမှန်စင်စစ်၊ စာရေးသူ ပိုက်ဆံကျသွားသည့်အချိန်က တကယ့်ခဏလေးရှိသေးသည်။ ပြီးတော့ စာရေးသူက ရှေ့က၊ သူက နောက်က။ စာရေးသူဆီက ပိုက်ဆံလွတ်ကျသွားသည်ကို မတွေ့စရာအကြောင်းမရှိ။ သူက ဘယ်လိုပဲ ခပ်သုတ်သုတ်လျှောက်သွားသွား။ စာရေးသူက လိုက်တောင်းဖို့ ခွန်အားမရှိ။ ပိုက်ဆံကို နှမြောလို့ မဟုတ်။ သူ့အစား ရှက်လွန်းလို့။ ကိုယ့်လူမျိုးတွေရဲ့ စိတ်ဓာတ်ရေးရာနဲ့ပတ်သက်၍ ယူကျုံးမရဖြစ်လွန်းလို့။ ငွေလေးငါးထောင်ကိုတောင် အချောင်လိုချင် မက်မောနေလျှင် ရှေ့ဆက် ဘယ်လိုဆက်လုပ်ကြပါ့မလဲ။ ကျွန်တော်တို့တစ်တွေရဲ့ Attitude(သဘောထား/ အမူအကျင့်)တွေက ရင်လေးစရာ။

(၂)

နိုင်ငံတစ်နိုင်ငံ၏ လူ့စွမ်းအား အရင်းအမြစ်(Human Resource) ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံသားများ၏ အမူအကျင့်တွေ ကောင်းမွန်နေဖို့ အထူးအရေးကြီးသည်။ စွမ်းဆောင်ရည်(Performance) တို့၊ ကျွမ်းကျင်မှု(Skill) တို့ကနောက်ထားဦး။ အရင်ဆုံး အမူအကျင့်တွေ အခြေခံကောင်းအောင် ပြုပြင်ကြရမည်။ နို့မို့ဆိုလို့ကတော့ ဘာကျွမ်းကျင်မှု၊ ဘာနည်းပညာပဲ ထပ်ထည့်ထည့် အချည်းနှီး။ ဒီဘက်ခေတ် ကုမ္ပဏီကြီးတော်တော်များများက အလုပ်သမားရှာဖွေခန့်ထားရေး (Recruitment and Selection) လုပ်ကြသောအခါ အရင်ကလို စွမ်းဆောင်ရည်ကောင်းတဲ့သူကျွမ်းကျင်သူ သက်သက်ကို မရွေးကြတော့။ အဲဒီ့အစား အမူအကျင့်ကောင်းတဲ့သူကို အရင်ရွေးပြီးပြီးမှ ကျွမ်းကျင်သူဖြစ်လာအောင် စွမ်းဆောင်ရည်ကောင်းလာအောင်သင်ကြားပေး၊ လေ့ကျင့်ပေးသည်။

(၃)

အရင်တုန်းက သောက်ရေအိုးစင်ကလေးတွေမှာ အခုဆိုခွက်တွေကို သံကြိုးနဲ့ချည်ထားရတာတွေ၊ ဘုရားက အလှူခံပုံးတွေကိုတောင် သော့အထပ်ထပ် ခတ်ထားရတာတွေ၊ ခုနကလို ငွေလေးငါးထောင်လောက်ကိုတောင် အချောင်လိုချင် တပ်မက်စိတ်ရှိလာတာတွေဟာ နိုင်ငံနဲ့ လူမျိုးရဲ့ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု(National Human Resource Development)အတွက် ကောင်းသောအလားအလာများ မဟုတ်။ အားလုံးကိုတော့မဆိုလို။ အဖိုးတန်ပစ္စည်း၊ ငွေကြေးတွေ ကောက်ရသော်လည်း ပိုင်ရှင်ထံ အရောက်ပြန်လည်အပ်နှံပေးကြသည့် မြန်မာလူမျိုးတွေရှိနေသေးသည်က ဒုနှင့်ဒေး။ သို့သော် ဒီလိုစိတ်ဓာတ်အမူအကျင့်တွေ စာရေးသူတို့ လူ့အဖွဲ့အစည်းမှာ ပိုမိုအားကောင်းရှင်သန်လာအောင် ကြိုးပမ်းကြရဦးမည်။

(၄)

ကျွန်တော်တို့ မျှော်မှန်းသည့်အတိုင်း နိုင်ငံနှင့်လူမျိုး ခေတ်မီဖွံ့ဖြိုးတိုးတက်လာရေးအတွက် စာရေးသူတို့ရဲ့ အချောင်လိုချင်စိတ်တွေ၊ ရေသာခိုစိတ်တွေ၊ အလွယ်လိုက်လိုစိတ်တွေကိုပြုပြင်ကာ၊အမူအကျင့်ကောင်းတွေကို မွေးမြူကြဖို့ များစွာများစွာလိုပါသေးသည်။ စာရေးသူတို့၏ ဂုဏ်သိက္ခာများက ငါးထောင်တန်သလား၊ ငါးသိန်းတန်သလား၊ ငါးသန်းတန်သလား၊ ဘယ်လောက်တန်သလဲ၊ စာရေးသူတို့၏ လုပ်ရပ်များက မှတ်ကျောက်တင်နေမည်ဖြစ်ပါသည်။

## JOKE

### ရုပ်ရှင်ဗဟုသုတ

- အက်ရှင်ကားများတွင် အများနှင့်တစ်ယောက် တိုက်ခိုက်ပါက ရန်သူတွေက သင့်ကို တစ်ဦးချင်းတိုက်ခိုက်ကြသည်။ သင်က ရှေ့လူကို အလဲထိုးလိုက်မှသာ နောက်လူတစ်ယောက်က သင့်ကို ဝင်၍ တိုက်ခိုက်သည်။
- ယောကျ်ားသားတစ်ယောက်သည် ရန်ဘက်များ၏ ရိုက်နှက်ထိုးကြိတ်ခံရချိန်တွင် နာကျင်ပုံမပြသော်လည်း အမျိုးသမီးတစ်ယောက်က သူ့ဒဏ်ရာကို ဆေးကြောရန်ပြင်ဆင်လိုက်ချိန်မှာပင် တွန့်လိမ်ညည်းညူပါတော့သည်။
- နှုတ်ခမ်းနီကို တစ်ကြိမ်ဆိုးထားရုံဖြင့်
ရေပေါ်လျှောစီးလျှင်ပင် မပျက်တော့ပေ။
- အီဖယ်တာဝါကို ပါရီမြို့၏ အိမ်ပြတင်းပေါက်တိုင်းမှ မြင်ရသည်။

### အမြော်အမြင်

အသက်ကြီးကြီး လယ်သမားကြီးတစ်ဦးသည် ခြံကျယ်ကြီးတစ်ခုကို နှစ်ပေါင်းများစွာ ပိုင်ဆိုင်ထားပြီး သူ၏ခြံဝင်းအတွင်းတွင်လည်း ဘတ်စကက်ဘောကွင်း၊ တင်းနစ်ကွင်း၊ ဂေါက်ကွင်းနှင့်ရေကန်လေးတစ်ကန်ပါ ထည့်သွင်းတည်ဆောက်ထားသည်။

တစ်နေ့တွင် သူ၏ခြံဝင်းထဲ လှည့်ပတ်ကြည့်ရင်း ပန်းခြံလေးကိုကျော်လွန်လာသောအခါ ရေကန်ဘက်ဆီမှ အသံဗလံများကြားရသည်။

ရေကန်ဘက်သို့ သူလျှောက်သွားသောအခါ ဆူဆူညံညံနှင့် ရေဆော့နေသော မိန်းကလေးငယ်တစ်သိုက်က သူ့ကိုမြင်သောအခါ ဝေးရာသို့ ရွှေ့သွားကြသည်။

ထို့နောက် မိန်းကလေးများက လယ်သမားကြီးအား “ဦးလေးကြီး ဘာလာလုပ်တာလဲ။ ဦးလေးရှိရင် သမီးတို့ ဘယ်လိုလုပ်အပေါ်တက်မလဲ”ဟု အော်ပြောကြသည်။

ထိုအခါ လယ်သမားကြီးက “ငါက နင့်တို့ရှိလို့လာတာမဟုတ်ဘူး။ ရေကန်ထဲကငါ့မိကျောင်းတွေကို အစာလာကျွေးတာ”ဟု ပြောလိုက်ရာ မိန်းကလေးတစ်သိုက်မှာ. . .။

## စာ(၃၁) စကားတစ်ခွန်း မှ

ကျွန်တော်တို့ လူသားတိုင်းသည် မနက်မျက်စိနှစ်လုံးပွင့်လာသည်မှ ညပိုင်း မျက်စိမမှိတ်ခင်စပ်ကြား အမျိုးမျိုးသောအကြောင်းများကိုမူတည်၍ စကားအမျိုးမျိုးပြောနေကြရသည်။ သာမန်အကြောင်းအရာပေါ်မူတည်၍ သာမန်ပြောသောစကားများသည် နှစ်ဦးနှစ်ဖက်အတွက် သိပ်ပြီးကိစ္စမရှိလှပါ။ သို့သော် အရေးကြီး အခြေအနေတစ်ရပ်ကို အမှီပြု၍ပြောရတော့မည်ဆိုပါမူ ကိုယ်ပြောသော စကား၏အတိမ်အနက်ကို ချင့်ချိန်သင့်ပါသည်။

“မင်းဟာ ဘာမှအသုံးမကျဘူး။ ခွေးဖြစ်မယ့်ကောင်ပဲ”ဟူသော စကားတစ်ခွန်းကြောင့် မိဘနှင့်သားသမီးကြား၊ ဆရာနှင့်တပည့်ကြား အမုန်းရန်ငြိုးကြီးသွားတတ်ပါသည်။ နာနာကျင်ကျင် အပြစ်မြင်တိုင်း၊ ဝမ်းတွင်မသို၊ ဟုတ်တိုင်းဆို၍၊ ဆုံးမရမည်မှာ ဆရာ၊ ဆရာမများတာဝန်ဖြစ်သော်လည်း ကာလ၊ ဒေသ၊ ပယောဂကိုမူ ချင့်ချိန်ရဦးမည်ဖြစ်ပေသည်။ သားသမီး၏ အားကိုးရာသည် မိဘဖြစ်သလို၊ တပည့်၏ကိုးကွယ်ရာသည် ဆရာ၊ ဆရာမ ဖြစ်သည်။ ထို့အတူ လူနာ၏ မျှော်လင့်ချက်ကိုရှင်သန်စေသူမှာလည်း ဆရာဝန်များသာဖြစ်ပါသည်။

‘စိတ္တေန၊ နိယျတေ၊ လောကော’ စိတ်သည်လောကကို ဦးဆောင်၏ဟု မြတ်ဘုရားက မိန့်ကြားခဲ့သည်။ ဆရာဝန်၏ အားပေးစကားတစ်ခွန်းသည် လူနာအတွက် အတိုင်းမသိသောစိတ်ခွန်အားကို ပေးစွမ်းနိုင်သည်။ “ရောဂါအကြောင်းကောင်းကောင်းသိတဲ့ ဆရာဝန်ကြီးကိုယ်တိုင်က ဘာမှကိစ္စမရှိဘူးဆိုကတည်းက ငါနေကောင်းတော့မှာ သေချာပြီ”ဟုလူနာကမှတ်ယူသွားသည်။ စိတ်ချမ်းသာသွား၏။ ကျွန်တော်က ဆရာဝန်မဟုတ်၍ ဆရာဝန်များ၏ ကျင့်ဝတ်များကိုမသိပါ။

သို့သော် လူနာကို အားပေးနှစ်သိမ့်ရမည်ဆိုသော အချက်တစ်ခုတော့ မလွဲမသွေပါလိမ့်မည်ဟုထင်သည်။ ကျောင်းဆရာဘဝတစ်လျှောက်မှာ ဆရာဝန်အတော်များများကို ကျွန်တော်ကြုံဖူး၏။ ခင်မင်ဖူး၏။ ဝေးလံသီခေါင်သည့်နေရာများမှာ စွန့်စားသွားရောက်ဘဝမြှုပ်နှံပြီး တိုင်းရင်းသားတွေကို ဆေးကုသပေးသည့်ဆရာဝန်များကိုလည်းကိုယ်တွေ့ကြုံဖူးသည်။ တကယ်ကို လေးစားချီးကျူးမိသည်။

ယခု မြို့ကြီးမှာအခြေချနေရမှ စေတနာထက် ငွေအသပြာမင်သော ဆရာဝန်အချို့၏လုပ်ရပ်ကို စိတ်မသက်သာဖွယ်ရာ ကြားနေရ၏။ ဗိုက်နာ၍ လူးလှိမ့်နေရသော လူနာကိုရှေ့မှာထားပြီး “ပိုက်ဆံသွားရှာ၊ ငွေဘယ်လောက်ရမှ ခွဲပေးနိုင်မယ်”ဟု ဆိုတတ်သောဆရာဝန်၊ Medical Check Up ကို ဝတ္တရားကျေလုပ်သဖြင့် လူနာခမျာမသေသင့်ဘဲ သေရသည်ကိုတာဝန်မရှိသလို နေတတ်သည့် ဆရာဝန်စသည် စသည်ဖြင့်သတင်းဆိုးများကို ကြားခဲ့ဖူး၏။ ကြားနေရ၏။ ကိုယ်က ကြားရသူမို့ သတင်းတိုင်းအမှန်ပါဟု မပြောလိုပါ။ သို့သော် ကျွန်တော့်မိတ်ဆွေခမျာ သမားတော်ကြီး၏ “ခင်ဗျားအသည်းကခြောက်စတောင်ပြုနေပြီ”ဟူသော မှတ်ချက်ကြောင့် စိတ်နာလန်မထူဖြစ်ကာ အချိန်တိုအတွင်း ဆုံးပါးသွားရသည်က မျက်မြင်ကိုယ်တွေ့ပင်ဖြစ်သည်။

ကျွန်တော်ရေးလိုသည့်အဓိကရည်ရွယ်ချက်က စကားတစ်ခွန်း၏ တန်ဖိုးကြီးပုံကို ချင့်ချိန်စေလိုခြင်းဖြစ်၏။ ဆရာတော်ဦးဗုဓ်၏ စကားတစ်ခွန်းကြောင့် နန်းမတော်မယ်နုတစ်ယောက် အသေရဲရင့်သွားခဲ့၏။ ဆရာတော်ဦးဝိစာရ၏ စကားတစ်ခွန်းက ပြည်သူတို့အချင်းချင်း စည်းလုံးညီညွတ်မှုကို အတိုင်းအတာတစ်ခုအထိဖော်ဆောင်ပေးနိုင်ခဲ့၏။ မိထွေးဖြစ်သူ၏ စာနာနားလည်မှု စကားတစ်ခွန်းက လူဆိုးလူပေအင်ဒရူးကာနယ်ဂျီအတွက် ဘဝလမ်းကြောင်းအမှန်ကို ရွေးချယ်ပေးနိုင်ခဲ့၏။ သမားတော်ဆရာဝန်ကြီး၏ ခပ်ပေါ့ပေါ့မှတ်ချက်ကမူ ခြောက်လ၊ တစ်နှစ်နေနိုင်သေးသည့်လူနာကို အချိန်တိုအတွင်း လူ့လောကမှ ထွက်ခွာသွားစေခဲ့သည်။

‘မုသားမပါ၊ လက်ာမချော’ ဆိုသောစကားကို ထောက်ခံနေခြင်းမဟုတ်ပါ။ သို့သော် အခြေအနေတစ်ရပ်ရပ်ကြောင့် စိတ်ဓာတ်အင်အား ညှိုးငယ်နေသူအတွက် မည်သူ့ကိုမှ မထိခိုက်ဘူးဆိုလျှင် ဆားခါးကိုသကြားအုပ်၍ ဆေးလုပ်ကျွေးသကဲ့သို့ စိတ်ဓာတ်ခွန်အားတက်စေသော စကားတစ်ခွန်းတော့ ပြောသင့်သည်ဟု ကျွန်တော်ယုံကြည်မိသည်။

‘သုံးလက်မရှိသော လျှာသည် ခြောက်ပေရှည်သောလူကိုသေစေနိုင်သည်’ ဆိုသောစကားက ဆိုးဝါးသောစကားတစ်ခွန်းအတွက် နက်ရှိုင်းသောဆိုးကျိုးရလဒ်ကို ဖော်ပြနေပေသည်။ ‘နှုတ်ကြောင့်သေ’ အဖြစ်မျိုးမကြုံရအောင် လူတိုင်းက စကားတစ်ခွန်းကို သတိလေးစွဲပြီး ပြောဆိုသင့်လှပါသည်။ ။

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး၊ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။ **အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနို၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လှထွဋ်ဦး။ **သတင်းထောက်များ-** သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ဒဲနစ်အောင်အောင်၊ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည့်သိမ်း၊ သန်းငွေ၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်၊ ညိုညိုဝင်း။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။ **နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ သတင်းထောက်လှမြင့်၊ ဆန်းညွှန့်(ရေနံချောင်း)၊ အင်မိုင်ခ၊ မျိုးဇော်၊ မောင်ကံ၊ ကျော်ထွန်း။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။ **ဓာတ်ပုံသတင်းထောက်-** အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ငွေ။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။ **ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသီဂီပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၁ ၅၇၇၊ ၂၄၃ ၅၄၂၊ ၃၀၆၄၅၉၊ ၀၉ ၅၀၇၃၂၅၅

Hotline : 73032006

Business
7 DAY NEWS JOURNAL
Vol.9, No.45 • FEBRUARY 3, 2011

# မြန်မာ့ကဏန်းပျော့ အင်ဒိုနီးရှားနှင့် ယှဉ်ပြိုင်နေရ ပြည်ပတင်ပို့မှုလျော့ကျ

**သန်းငွေး**

**ရန်ကုန်၊ ဇန်နဝါရီ - ၂၆**



ဈေးကွက်သို့မတင်ပို့မီတွေ့ရသော ကဏန်းပျော့တစ်ကောင်။ ဓာတ်ပုံ - သန်းငွေး

မြန်မာ့ကဏန်းပျော့များ ပြည်ပတင်ပို့မှုတွင် ဈေးကွက်ပြိုင်ဆိုင်မှုကြောင့် ဖောက်သည်မပျက်ရေးအတွက် ညှိနှိုင်းဈေးနှုန်းဖြင့်သာ ဆက်လက်ရောင်းချနေရကြောင်း အောင်မိုးခိုင်ကဏန်းပျော့မွေးမြူထုတ်လုပ်ရေးကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးသန်းထွန်းအောင်ကပြောသည်။

"ငါးလ၊ ခြောက်လလောက်ရှိပြီ။ အင်ဒိုနီးရှားနဲ့ ဈေးကွက်မှာအပြိုင်ပို့နေရတော့ ကိုယ်က သူတို့လို ဈေးလျှော့မရောင်းနိုင်ဘူး။ ဖောက်သည်လည်း ပျက်မသွားရအောင် ညှိနှိုင်းဈေးတစ်ခု သတ်မှတ်ပြီး ရောင်းနေရတယ်" ဟု ၎င်းကပြောသည်။

မြန်မာ့ကဏန်းပျော့များအား သြစတြေးလျနိုင်ငံသို့ အဓိကတင်ပို့ရာတွင် တစ်ကီလိုဂရမ် (၁၂ ကောင်ခန့်)လျှင် ကန်ဒေါ်လာ ၆ ဒေါ်လာဈေးနှုန်းထက် ပိုမရသောကြောင့် ကုန်ကျစရိတ်အား တတ်နိုင်သမျှ လျော့ကျစေရန်သာကြိုးပမ်းနေရကြောင်း ၎င်းက ဆက်လက်ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်ရှိ မြေဧက ၉၆၉ ဒသမ ၄၈ ဧကပေါ်တွင် ကဏန်းပျော့မွေးမြူရေးဇုန်အဖြစ် ၂၀၀၇ ခုနှစ်မှစ၍ ပြောင်းလဲခဲ့ကြရသည်။

၂၀၀၇ ခုနှစ် မတ်လခန့်က စတင်ခဲ့သော ကဏန်းပျော့မွေးမြူခြင်းကို ထိုင်းနိုင်ငံမှနည်းပညာကို သုံးစွဲခဲ့သည်။ ၂၀၁၀ နှစ်လယ်ပိုင်းမှစတင်ကာ ကဏန်းပျော့ဈေးကွက်တွင် အင်ဒိုနီးရှားမှ ဈေးကွက်ပြိုင်ဆိုင်မှု ပြင်းထန်လာသောကြောင့် ပြည်ပတင်ပို့နိုင်မှု လျော့ကျခဲ့သည်။ တစ်လလျှင် ကွန်တိန်နာနှစ်လုံး ဝယ်သူက တစ်လုံးသာ မှာယူပြီး သုံးလုံးဝယ်သူကလည်း နှစ်လုံးသာ မှာယူတော့ကြောင်း ဦးသန်းထွန်းအောင်က ပြောသည်။

ထို့ကြောင့် ယခင်က တစ်လလျှင် တန် ၇၀ ထုတ်လုပ်နိုင်စွမ်းရှိသော်လည်း ယခုအခါ ၃၅ တန်သာ ထုတ်လုပ်နေရကြောင်း ၎င်းကပြောသည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၃၀၂ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၃၄၅ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၂. ၁၀ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၅၈၁၉ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၅. ၉၀ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၈၄၈ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၁၅. ၆၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၅၄ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၁. ၀၇ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၀၈၀. ၀၀ | ရူးပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၁၉,၄၉၅. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၁. ၀၀၁၁ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၁. ၀၀၃၈ | ဒေါ်လာ | (သြစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၉၄၈ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၂၉. ၈၁၁၈ | ရူဘယ် | (ရုရှား) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၃၄၁. ၇၀၀ |
| ရေနံ | စည် | ၉၉. ၄၂၀ |
| ငွေ | ၁ အောင်စ | ၂၇. ၉၁၉ |
| ကြေးနီ | ပေါင် | ၄၃၇. ၃၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄. ၃၂၀ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။
၂၀၁၁ ဇန်နဝါရီ ၂၉ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

# ရွှေဝယ်သူ ပြန်များလာဟုဆို

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇန်နဝါရီ-၂၆**

ပြည်တွင်းရွှေဈေးတွင် ဈေးနှုန်းတက်ရိပ်ပြခဲ့သောကြောင့် ရွှေအပိုင်း ဝယ်ယူမှုမြင့်လာခဲ့ကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

လက်ရှိ ရွှေပေါက်ဈေးနှုန်းမှာ ယခုနှစ်ဆန်းပိုင်းကာလ၏ အနိမ့်ဆုံးပေါက်ဈေးအတိုင်းရှိနေသော်လည်း ပြီးခဲ့သည့် ရက်ပိုင်းက ၁၀,၀၀၀ ကျပ် ဝန်းကျင်ထိ ပြန်တက်ခဲ့၍ ဈေးကွက်ပြန်လည်လှုပ်ရှားလာခြင်းဖြစ်ကြောင်း ရွှေဆိုင် အရောင်းမန်နေဂျာတစ်ဦးက သုံးသပ်ပြောသည်။

"ရွှေဈေးက နည်းနည်းတက်ရိပ်ပြလိုက်တော့ အဝယ်ပြန်လိုက်လာတယ်။ ၆၅၀,၀၀၀ကျပ်လောက်နဲ့ ထုတ်ထားတဲ့သူတွေက ပြန်ဝယ်လာတယ်။ ကြိုက်ဈေးဖြစ်နေတာကြောင့်လည်း ပါမယ်ထင်တယ်" ဟု ရွှေဆိုင်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ကမ္ဘာ့ရွှေဈေးနှုန်းမှာလည်း ယခုရက်ပိုင်းတွင် တစ်အောင်စလျှင် ၁၃၄၉ ဒေါ်လာမှ ၁၃၃၅ ဒေါ်လာထိ ကျဆင်းလာခဲ့သည်။ ထို့အတူ ပြည်တွင်းရွှေဈေးမှာလည်း အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၄၂,၀၀၀ ကျပ်မှ ယခုရက်ပိုင်းတွင် ၆၃၁,၀၀၀ ကျပ်ထိ ပြန်လည်ကျဆင်းလာခဲ့သည်။

နှစ်စဉ်ရွှေဈေးနှုန်း အတက်အကျပြောင်းလဲမှုမှတ်တမ်းများအရဆိုလျှင် မြန်မာသင်္ကြန်ကာလမတိုင်မီ ရက်ပိုင်းများတွင်လည်း ရွှေဈေးနှုန်းတက်ရိပ်ပြလေ့ရှိ၍ လက်ရှိပေါက်ဈေးကို ကြိုက်သောအမြင့်ပိုင်းဖြင့် ပြန်ထုတ်သူများ ဝယ်ယူမှုကြောင့် ဈေးကွက်တွင်း ဝယ်လိုအားကောင်းနေကြောင်း ရွှေလုပ်ငန်းရှင်အချို့ကပြောသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

အပိုင်းဈေးကွက်၏ ဝယ်လိုအားမြင့်တက်မှုရှိသော်လည်း အထည်ဈေးကွက် အရောင်းအဝယ်တွင် ဈေးကွက်သိသာစွာ ပြောင်းလဲမှုမရှိကြောင်း သိရသည်။

ယခုရက်ပိုင်း ၁၅ ပဲရည်ဈေးနှုန်းမှာလည်း တစ်ကျပ်သားလျှင် ၅၉၄,၀၀၀ ကျပ်ရှိသည်။

# ကြက်သွန်နီဈေး ပြန်လည်ကျဆင်း

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇန်နဝါရီ- ၂၉**

ကြက်သွန်နီဈေးကွက်တွင် ဇန်နဝါရီလလယ်ပိုင်းမှစ၍ အရောင်းအဝယ်ပါးလာခြင်းကြောင့် ဈေးနှုန်းများဆက်တိုက်ကျဆင်းနေကြောင်း ကြက်သွန်နီပွဲရုံလုပ်ငန်းရှင်များက ပြောသည်။

ယခုကဲ့သို့ကြက်သွန်နီဈေး နှုန်းကျဆင်းသွားရခြင်းမှာ ယခုလလယ်တွင် ကြက်သွန်နီပွဲရုံများကို နယ်စပ်မှတစ်ဆင့် ပြည်ပသို့ တရားမဝင်တင်ပို့မှုမပြုကြရန် သက်ဆိုင်ရာက ခေါ်ယူသတိပေးပြီးမှ စတင်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သတင်းရရှိသည်။

"အဓိကတော့ အရောင်းအဝယ်ပါးလို့ဈေးကျလာတာ။ အဝင်များတယ်ဆိုပေမယ့် ကုန်ချိန်လျှော့တင်ရတော့သိပ်မသိသာဘူး" ဟု ကြက်သွန်ပွဲရုံပိုင်ရှင်တစ်ဦးကပြောသည်။

ထို့ပြင် ယခုရာသီမှာ ကြက်သွန်နီထွက်သော ရာသီဖြစ်၍ လက်ရှိဝင်ရောက်နေသည်ထက် ပိုဝင်လာပါက ဈေးနှုန်းများဆက်လက်ကျဆင်းနိုင်ကြောင်း စာ(၃၄)သို့



7 DAY NEWS JOURNAL
Vol.9, No.45 • FEBRUARY 3, 2011

# မြန်မာ-တရုတ်နယ်စပ်တွင် ပဲတီစိမ်းနှင့် ပြောင်းဈေးတက်

**ပြည်သိမ်း**

**ရန်ကုန်၊ ဇန်နဝါရီ-၂၇**

ပစ္စည်းဝင်ရောက်မှု နည်းလာသဖြင့် မြန်မာ-တရုတ်နယ်စပ် မူဆယ်တွင် ပြောင်းနှင့် ပဲတီစိမ်း ယခုရက်ပိုင်းတွင် ဈေးနှုန်းအနည်းငယ် မြင့်တက်လာကြောင်း မူဆယ်ရှိ ကုန်သည်များထံမှ သတင်းရရှိသည်။

လက်ရှိ အာဆီယံစံသတ်မှတ်ချက်ကြောင့် ကုန်ကားများ ကုန်ချိန်လျှော့ပြီး တင်ဆောင်နေရသဖြင့် ကုန်အဝင်နည်းလာ၍ဈေးတက်ရခြင်းဖြစ်ကြောင်း အထက်ပါ ပုဂ္ဂိုလ်များက ဆိုသည်။

"ကားအစီးရေ ဝင်ရောက်မှုက ပုံမှန်ပဲ။ ဒါပေမဲ့ ကုန်ကတော့ တစ်ဝက်လောက်လျော့သွားတယ်။ ဒါကြောင့်တစ်ဖက်က ဝယ်လက်က ဈေးပိုပေးတာပါ" ဟု မူဆယ်ကုန်စည်ဒိုင်မှ ကုန်သည်တစ်ဦးက ရှင်းပြသည်။

ထို့အပြင် တရုတ်-မြန်မာငွေလဲနှုန်းပြောင်းလဲမှုကလည်း ကုန်သည်များကို သက်ရောက်မှုရှိသည်။ ယခုလဆန်းပိုင်းထိ တရုတ်မြန်မာငွေလဲနှုန်းသည် မြန်မာကျပ်ငွေ ၁၀၀၀ လျှင် ၇ဒသမ ၇ ယွမ်မှ ၇ ဒသမ ၉ ယွမ်ထိ ရှိသဖြင့် အကျိုးအမြတ်နည်းခဲ့သည်။ လက်ရှိကာလတွင် တရုတ်-မြန်မာငွေလဲနှုန်းမှာ ၁၀၀၀ကျပ်ကို ၇ ဒသမ ၆ယွမ်နှင့် ၇ ဒသမ ၅ ယွမ်ဝန်းကျင်သို့တန်ဖိုးတက်လာကြောင်းလည်း မန္တလေးကုန်စည်ဒိုင်မှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

လက်ရှိပြောင်းဈေးသည် မန္တလေးဈေးကွက်တွင် သုံးတင်းဝင် တစ်အိတ်လျှင် ၁၄,၅၀၀ ကျပ်ဈေးရှိသည်။ ယင်းဈေးနှုန်းသည် လဆန်းပိုင်းနှင့် နှိုင်းယှဉ်ပါက တစ်အိတ်လျှင် ၁,၀၀၀ ကျပ်ဈေးမြင့်လာသည်ဟု အထက်ပါပုဂ္ဂိုလ်က ရှင်းပြသည်။

တရုတ်-မြန်မာနယ်စပ်တွင်လည်း ပြောင်းဈေးမှာ လဆန်းပိုင်းက တစ်အိတ်လျှင် ၈၅ ယွမ်မှ ယခုရက်ပိုင်းတွင် ၉၄ ယွမ်ထိ ဈေးမြင့်လာသည်။ ပဲတီစိမ်းမှာလည်း ယခင် ၈၀,၀၀၀ ကျပ်မှ ယခုရက်ပိုင်းတွင် ၉၃,၀၀၀ကျပ်ထိ ဈေးမြင့်လာသည်။

## စာ(၃၃) - ကြက်သွန်နီဈေးဆက်တိုက်ကျဆင်း မှ

ကြက်သွန်နီလုပ်ငန်းရှင်များက ခန့်မှန်းပြောသည်။


ဇန်နဝါရီလဆန်းပိုင်းတွင် ဘုရင့်နောင်ဈေးကွက်သို့ ကြက်သွန်နီကားစီးရေ ၂၀-၂၅ စီးဝန်းကျင် ဝင်ရောက်နေရာမှ ယခုတစ်ပတ်အတွင်း ၄၀-၄၅ စီးဝန်းကျင်အထိ ပုံမှန်ဝင်ရောက်နေကြောင်း သိရသည်။

ထို့ကြောင့်ကြက်သွန်နီဈေးနှုန်းမှာ ၁ ပိဿာလျှင် ၂၀၀ ကျပ် ကျော်ကျဆင်းလာခဲ့သည်။ ကြက်သွန်နီဈေးနှုန်းမှာ ဇန်နဝါရီ ၂ ရက်တွင် ၁ ပိဿာ ၁,၁၀၀ ကျပ်ရှိရာမှ ယခု ၂၉ ရက်တွင် ၉၀၀ ကျပ်ထိကျဆင်းလာခဲ့သည်။

"ကြက်သွန်က အသစ်ပေါ်လာပြီဆိုတော့ အဝင်ထွက်များလာရင် ဈေးကထပ်ကျနိုင်သေးတယ်။ တောင်သူတွေဈေးကြိုက်လို့ ထုတ်ရင်တော်တော်ကျနိုင်တယ်"ဟု ကြက်သွန်ပွဲစားတစ်ဦးက ခန့်မှန်းပြောသည်။













# 7DAY BOOK REVIEW

## လွတ်လပ်ရေးခရီးတစ်ထောက်

ဗိုလ်ဗလ(ရဲဘော်သုံးကျိပ်)




လွန်ခဲ့သော နှစ်ပေါင်းခုနစ်ဆယ်(၁၉၄၁)ခုနှစ်အတွင်း အသက် ၂၀ ကျော် မြန်မာလူငယ်တစ်စုသည် အုပ်စုလေးစုခွဲပြီး ရှေ့ခရီးမည်သို့ ရင်ဆိုင်ရမည် မသိနိုင်သည့်ပင်လယ်ရေကြောင်းမှတစ်ဆင့် ဂျပန်နိုင်ငံသို့သွားရောက်ကာစစ်ပညာရပ်များကို အပင်ပန်း၊ အဆင်းရဲခံ၍ သင်ကြားခဲ့ကြသည်။ ယင်းနောက် ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ တစ်စုတစ်စည်းတည်းချီတက်ခဲ့ပြီး သစ္စာတိုင်တည်ကာ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်၍ နှစ်ပေါင်းတစ်ရာကျော်ကြာကျူးကျော်သိမ်းပိုက်ထားသည့် ဗြိတိသျှတပ်များအား မြန်မာ့မြေပေါ်မှ တိုက်ခိုက်မောင်းထုတ်ခဲ့ကြသည်။

ဂျပန်နိုင်ငံသို့ သွားရောက်စဉ်က မြန်မာလူငယ်တို့သည် ပျောက်သောလမ်းမှ စမ်းတဝါးကဲ့သို့ ရှေ့ရေး ဘာမှပီပီပြင်ပြင်မရှိသေး။ တူညီသောစိတ်ဓာတ်အခြေခံနှင့် ရန်ကုန်၊ မန္တလေး၊ ပျဉ်းမနား၊ တောင်ငူ၊ မင်းလှ၊ ကြို့ပင်ကောက်၊ သာယာဝတီ၊ ပေါင်းတည်၊ မြောင်းမြ အစရှိသည့်မြန်မာပြည်တစ်ဝန်း မြို့ရွာအသီးသီးမှ မျိုးချစ်လူငယ်များသည်ရေခြားမြေခြားတိုင်းတစ်ပါး၌ စစ်ပညာကို ပြင်းပြင်းထန်ထန်လေ့ကျင့်သင်ကြားခဲ့ကြသည်။ ထိုစဉ်က အသက် ၂၀ ဝန်းကျင် မြန်မာလူငယ်လေးများ အိုးပစ်အိမ်ပစ်၊ မိဘပစ်ကာ နိုင်ငံ့အတွက် ဦးဆွေးဆံမြည့် ထမ်းရွက်ခဲ့ကြသည်ကို ဤစာအုပ်တွင်ဖတ်ရှုရမည်ဖြစ်ပါသည်။ တက္ကသိုလ်နေဝင်းရေးသားသော**ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှုမှတ်တမ်း** မြဒေါင်းညို၏ **ရဲဘော်သုံးကျိပ် ပြည်တော်ပြန်** စာအုပ်များကဲ့သို့ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းခဲ့မှုအား စာရေးသူဗိုလ်ဗလက ရှင်းလင်းပြေပြစ်သော စကားပြေဖြင့် ခေါင်းစဉ်တိုလေးများ ဖြည့်စွက်ကာ ရေးသားထားပါသည်။ ပထမကမ္ဘာစစ်ကြီးပြီးစ မြန်မာ့အခြေအနေ၊ လွတ်လပ်ရေးလမ်းစပေါ်ပြီ၊ ကုန်းလမ်းက သွားရန် သူ့အကြံ၊ သင်္ဘောသို့ လျှို့ဝှက်ဆင်းရခြင်း၊ သင်္ဘောပေါ်တွင်၊ ရှန်ဟိုင်းမှ တိုကျိုသို့ တိုကျိုမြို့ဝယ် လျှောက်လို့လည်၊ တိုကျိုမြို့မှ ခရီးဆက်ခြင်း၊ ဟိုင်နန်ကျွန်းမှ စစ်သင်တန်းများ၊ သင်တန်းဆရာများ၊ ကြုံရဆုံရကျောင်းသားဘဝ၊ မပြီးဆုံးသေးသော တိုက်ပွဲလေ့ကျင့်ခန်းများ၊ ကျောင်းသစ်မှ သင်ခန်းစာအသစ်များ၊ မြန်မာပြည်သို့ပြန်လိုခြင်း၊ ပြည်တော်ပြန်ရေလမ်းခရီး၊ ဆိုင်ဂွန်မှ ဘန်ကောက်သို့ ကုန်းလမ်းခရီး၊ ဘန်ကောက်မှ ထားဝယ်သို့ ခြေလျင်ခရီးကြမ်း၊ ထားဝယ်မြို့ကို သိမ်းပိုက်ခြင်း၊ တိုက်ပွဲများဆီသို့၊ ပဲခူးမြို့ကိုသိမ်းယူခြင်း၊ရန်ကုန်သို့တပ်များပြောင်းရွှေ့ခြင်း စသဖြင့် ၂၁ ခန်းခွဲကာ စီစဉ်ရေးသားထားပါသည်။

'ကြုံရဆုံရ ကျောင်းသားဘဝ' အခန်း၌ စိန်ပြောင်းခလုတ်လေးတစ်ခုပျောက်၍ လူတစ်ရပ်နီးပါးရှည်လျားသော မြက်ပင်ကြီးများကြား မတွေ့မချင်းရှာဖွေခဲ့ရသည့် စစ်သင်တန်းအတွေ့အကြုံနှင့် 'ဆိုင်ဂွန်မှ ဘန်ကောက်သို့ ကုန်းလမ်းခရီး' အခန်း၌ ဗိုလ်ဇေယျ၏အကြံပြုပြောကြားရာမှ သခင်အောင်ဆန်းအား ဗိုလ်တေဇဟု အမည်ပေးခြင်းမှာ ဘုန်းတန်ခိုးတေဇာထွန်းပြောင်ခြင်းဖြင့်လည်းကောင်း၊ သခင်လှမောင်ကိုဗိုလ်ဇေယျဟု ခေါ်ခြင်းမှာ ရန်အပေါင်းကို အောင်မြင်စေရန် အတိတ်ကောက်၍လည်းကောင်း၊ သခင်အောင်သန်းကိုမြန်မာတို့စကြာမင်းကို မျှော်လင့်နေချိန်ဖြစ်၍ ကိုက်ညီစေရန် ဗိုလ်စကြာဟုလည်းကောင်း၊ သခင်အေးမောင်ကို မိုးကဲ့သို့ခန့်ထည်လွှမ်းမိုးစေလို၍ ဗိုလ်မိုးဟူ၍လည်းကောင်း ဗိုလ်နာမည်အသီးသီးပေးခဲ့ကြခြင်းကို ဗဟုသုတဖြစ်ဖွယ်ဖတ်ရှုရမည်ဖြစ်သည်။

ထို့ပြင် စာအုပ်အဆုံး၌ 'ဗိုလ်ညဏသည် ဖာပွန်တိုက်ပွဲတွင် ကျဆုံး၍ဗိုလ်စောမောင်သည် ရွှေကျင်တွင်ကျဆုံးကာ ဗိုလ်မိုးသည် ထုံးကြီးတိုက်ပွဲတွင် ကျဆုံးကြောင်း သတင်းဆိုးကြောင့် ကျွန်တော်၏စိတ်ထဲတွင် ကြားနေရသည့်လက်နှိပ်စက်သံများသည် စက်သေနတ်သံအဖြစ်သို့လည်းကောင်း၊ သွားလာလှုပ်ရှားနေကြသော ရုံးသူ၊ ရုံးသားများ၏ လှုပ်ရှားမှုများသည် စစ်မြေပြင်တွင် လှုပ်ရှားနေသည့် ရဲဘော်များ၏အသွင်သို့လည်းကောင်း တစ်မုဟုတ်ချင်းပြောင်းလဲကုန်ပါတော့သည်' ဟု စိတ်နှလုံးထိခိုက်ဖွယ်ရေးသားထားသည်။

ဆက်လက်၍ စာရေးသူက "ယနေ့လူငယ်များသည် ဤစာအုပ်ကိုဖတ်ရှုပြီးနောက် ဤစာအုပ်ပါ ကာယကံရှင်များကို တစ်ချိန်က တိုင်းပြည်အတွက် ရှေ့တန်းမှ ပါဝင် တိုက်ခိုက်ခဲ့ကြသော ပုဂ္ဂိုလ်များအနေဖြင့် ကျေးဇူးတင်သတိမရလျှင် ရှိပါစေ။

မိမိတို့ခေတ် မိမိတို့အခါတွင် တိုင်းပြည်၏လွတ်လပ်ရေး တည်တံ့ခိုင်မြဲရန် အမှန်ပင်တာဝန်ရှိကြောင်း သိရှိနားလည်သည်ဆိုပါက ဤစာအုပ်ရေးသားခြင်း၏ ရည်ရွယ်ချက်သည် ပြည့်စုံပြီးမြောက်ပြီ"ဟု စေတနာထားရေးသားခဲ့သည်ကို ဖတ်ရှုရမည်ဖြစ်သည်။အားမာန်သစ်စာပေမှ တန်ဖိုး ၃,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

# Knowledge ဗဟုသုတ

## မုန်လာဥတွေကို ဘယ်သူတွေစိုက်

လွန်ခဲ့သောနှစ်ပေါင်း ၅၀၀၀ ခန့်ကတည်းက အာဖဂန်နစ္စတန်နိုင်ငံသားများက ခရမ်းရောင်မုန်လာဥများကို စတင်စားသုံးခဲ့ကြသည်။ ယင်းနောက် မုန်လာဥများကို တွင်ကျယ်စွာစိုက်ပျိုးကာစားသုံးလာကြပြီး အရောင်စုံ၊ အရွယ်အစားစုံစိုက်ပျိုးလာကြကာ အာရှမျိုးမုန်လာဥတစ်မျိုးမှာ ၉၀ စင်တီမီတာအရှည်ရှိသည်ဟု သိရသည်။

ယနေ့ခေတ်တွင် စိုက်ပျိုးလျက်ရှိသည့်လိမ္မော်ရင့်ရောင်မုန်လာဥမျိုးစိတ်သည် ၁၇ ရာစုကာလကတည်းက ဒတ်ချ်လူမျိုးတို့က စိုက်ပျိုးစားသုံးခဲ့ကြသည်ဟုဆိုသည်။ ၎င်းနောက် ပါတီပွဲအခမ်းအနားများတွင် ကြွပ်ကြွပ်ဝါးသည့်စားစရာတစ်မျိုးအဖြစ် မုန်လာဥများကို ထည့်သွင်းသုံးဆောင်ခဲ့ကြခြင်းဖြစ်သည်။

—Source: Reader's Digest

# တစ်ပတ်တာ ကံကြမ္မာ

စံကောင်းကို

**ဖေ ဖော် ဝါ ရီ ၂ ရက် မှ ၈ ရက် အထိ**

## ARIES — မိဿရာသီဖွား (မတ်၂၁ - ဧပြီ၂၀)

ဘက်စုံကောင်းသည်။ မိမိရည်မှန်းထားသည်များ အောင်မြင်မည်။ ငွေကြေးဥစ္စာတိုးပွားမည်။ ရန်၊ အခက်အခဲကြားမှ အောင်မြင်မှုများကိုရရှိနိုင်သည်။ လုပ်ငန်းမရှိသူ လုပ်ငန်းရ၍ လုပ်ငန်းရှိသူ ထပ်ဆင့်လုပ်ငန်းတိုးတက်မည်။ ငွေကြေးကိစ္စများ စနစ်တကျဆောင်ရွက်အောင်မြင်မည်။ ကာလအတန်ကြာ ရည်မှန်းထားပြီး လက်တွေ့မလုပ်ဖြစ်သည်များအား ဆောင်ရွက်အောင်မြင်မည်။

## TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁ - မေ၂၁)

ဖရိုဖရဲနှင့် အစီအစဉ်မကျဘဲ လုပ်နေရမည့်ကာလဖြစ်သည်။ မူလရည်မှန်းထားသည်နှင့် လက်တွေ့ကွာဟနေမည်။ စိတ်ကူးထားသည်ကတစ်မျိုး လက်တွေ့ဆောင်ရွက်နေရသည်ကတစ်မျိုးဖြစ်မည်။ အခက်အခဲပြဿနာများ ဖြေရှင်းရတတ်သည်။ အကုန်အကျ၊ အပျောက်အရှများမည်။ အိမ်တွင်းရေးအညံ့ရှိသည်။ အာမခံခြင်း၊ တာဝန်ယူခြင်းများ သတိနှင့်ဆောင်ရွက်ပါ။ မေတ္တာရေးအညံ့ရှိသည်။

## GEMINI — မေထုန်ရာသီဖွား (မေ ၂၂ - ဇွန် ၂၁)

အပြောင်းအလဲများရှိမည်။ တွဲနေသူများ၊ ပူးပေါင်းလုပ်သူများ၏ မသေချာမှု၊ ကတိစကားတည်ကြည်မှုမရှိခြင်းတို့ကြောင့် အောင်မြင်မှုများ ရသင့်သလောက်မရဖြစ်တတ်သည်။ တွေဝေဒွိဟဖြစ်စရာများ ကြုံတတ်သည်။ ရင်းနှီးသူများနှင့် မကြာခဏစကားများရမည်။ စိတ်ဝမ်းကွဲရခြင်းကြုံမည်။ ကတိစကားအမျိုးမျိုးပေးပြီး မတည်သူများနှင့်တွေ့မည်။

## CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂ - ဇူလိုင် ၂၂)

လိုရာပြည့်စုံမည်။ မိသားစုတွင် ငွေကြေးဥစ္စာတိုးပွားမည်။ ရည်မှန်းထားသည်များ အပြည့်အဝအောင်မြင်မည်။ ၅၂၈၊ ၁၅၀၀ မေတ္တာနှစ်မျိုးစလုံးကောင်းသည်။ မိသားစုတွင်မြုပ်နေသောငွေရှိက ဤကာလတွင်ပြန်ရမည်။ ကြွေးတောင်း၍ကောင်းသည်။ မိမိလုပ်ဆောင်သမျှ အောင်မြင်သည်။ အပြည့်အဝအဆင်ပြေမည်။ လိုရာပြည့်မည်။ ပညာရေးကံကောင်းသည်။ မိမိဆောင်ရွက်သမျှအောင်မြင်မည်။

## LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃ - ဩဂုတ်၂၃)

လမ်းသစ်ထွင်၍ လုပ်သောလုပ်ငန်းများ အကျိုးရှိသည်။ စီးပွားသစ်များ ဆောင်ရွက်အောင်မြင်မည်။ ငွေကြေးကံ၊ စီးပွားကံကောင်းမည်။ မူလလုပ်ငန်းနှင့်မတူ ခြားနားသောလုပ်ငန်းများ လက်တွေ့အကောင်အထည်ဖော်၍ အကျိုးရှိသည်။ နေရာထိုင်ခင်းနှင့်ပတ်သက်သောကိစ္စများ ဆောင်ရွက်အကျိုးပေးမည်။ ငွေ လက်လွန်တတ်သည်။ မထင်မှတ်ဘဲဆောင်ရွက်လိုက်သောကိစ္စတစ်ခုမှ ထူးထူးခြားခြားငွေဝင်မည်။

## VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄ - စက်တင်ဘာ၂၂)

ပြဿနာများဖြေရှင်းရမည်။ စာရွက်စာတမ်း လက်မှတ်ထိုးခြင်း၊ ငွေကြေးကိစ္စကြားဝင်တာဝန်ယူခြင်း၊ အာမခံခြင်းမပြုသင့်။ ကြိုတင်၍ ငွေပေးချေခြင်းအား တတ်အားသမျှရှောင်ပါ။ မိမိထံ လာရောက်ပြီး ပစ္စည်းငှားရမ်းက အလိမ်မှာသုံး၍ရှောင်လိုက်ပါ။ သူတစ်ပါးကြောင့် အမှုအခင်းပြဿနာများဖြစ်လွယ်သည်။ ရွှေ၊ ရတနာ အစရှိသည်တို့ အဝင်မတော်ပါ။ စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်မည်။

## LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃ - အောက်တိုဘာ၂၃)

အပြောင်းအလဲကောင်းများရှိမည်။ ရည်မှန်းထားသည်များ အောင်မြင်မည်။ ငွေကြေးကံအထူးကောင်းသည်။ အခက်အခဲများအားလုံးကိုကျော်လွှားနိုင်မည်။ ခရီးကိစ္စများ ဆောင်ရွက်အောင်မြင်မည်။ ရင်းနှီးသူများနှင့် စကားများရတတ်သည်။ ကြီးမားသောပြဿနာအထိကြုံနိုင်သည်။ ငွေကြေးနှင့်ပတ်သက်သော စိတ်အနှောင့်အယှက်များ ကင်းဝေးမည်။

## SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄ - နိုဝင်ဘာ၂၂)

စုပေါင်းပြီး ဆောင်ရွက်သည့်ကိစ္စများမှ အောင်မြင်မှုများရရှိမည်။ မိသားစုအတွက် ရည်စူးပြီး ဆောင်ရွက်သည်များမှ အကျိုးကောင်းရမည်။ သွားလေရာ၊ ရောက်လေရာနေရာတိုင်း၌ မိမိအပေါ် ကောင်းသောအကူအညီပေးမည့်သူများရှိမည်။ ကျန်းမာရေးအနည်းငယ် ဂရုစိုက်ရမည်။ အရပ်ဝေး၊ တိုင်းတစ်ပါးမှ အတတ်ပညာများ သင်ကြားတတ်မြောက်မည်။ ချစ်သူရှိသူများ အိမ်ထောင်ရေးကိစ္စဆုံးဖြတ်ရမည်။

## SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃ - ဒီဇင်ဘာ၂၁)

ကာလအတန်ကြာက ဖြစ်ခဲ့သည့်ကိစ္စဟောင်းများကို ပြန်လည်အစဖော်၍ ဖြေရှင်းရခြင်းမျိုးကြုံမည်။ ခက်ခဲသောပြဿနာများကို ထိပ်တိုက်ရင်ဆိုင်၍ ဖြေရှင်းရမည်။ လမ်းသစ်ထွင်ပြီး လုပ်ကိုင်သောကိစ္စများမှ ထူးခြားသည့် အကျိုးဆက်ကောင်းများရရှိမည်။ ပစ္စည်းပျောက်တတ်သည်။ အခက်အခဲများမည်။ လုပ်ငန်းသစ်များ စတင်ရန်မသင့်။ မလိုအပ်ဘဲ တိုးချဲ့ခြင်း၊ ငွေကြေးမြှုပ်နှံခြင်းများ မပြုသင့်။

## CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂ - ဇန်နဝါရီ၂၀)

သတိရှိရမည်။ မနာလို အပြိုင်ရန်နှင့်ယှဉ်၍ လုပ်ငန်းများလုပ်ရမည်။ မတော်တဆထိခိုက်မှု ဂရုစိုက်ပါ။ သူတစ်ပါးကြောင့် မိမိတွင် ပြဿနာဖြစ်တတ်သည်။ စနစ်တကျပိုင်ပိုင်နိုင်နိုင်တွက်ဆပြီးမှ အလုပ်အကြံအစည်များ ရှေ့တိုးလုပ်ပါ။ အခက်အခဲများဖြေရှင်း၍ ကောင်းသည်။ ငွေလက်လွန်မှုနှင့် အပျောက်အရှများခြင်းများ ဖြစ်တတ်သည်။ အချစ်ရေးကံကောင်းမည်။ စန်းပွင့်မည်။

## AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁ - ဖေဖော်ဝါရီ၁၈)

စိတ်အနှောင့်အယှက်ရှိမည်။ ရန်အတိုက်အခံများ ဝန်းရံနေမည်။ ရှေ့တိုးအခက်၊ နောက်ဆုတ်အခက်အလွန်ခွကျသောအနေအထားရှိသည်။ သူတစ်ပါးကတိဖျက်၍ မိမိတွင် စိတ်အနှောင့်အယှက်ဖြစ်ရမည်။ ငွေကြေးကိစ္စနှင့်ပတ်သက်၍ အငြင်းပွားစရာများပေါ်တတ်သည်။ စုပေါင်းလုပ်ငန်းတွင်လည်းကောင်း၊ သူတစ်ပါးနှင့်တွဲလုပ်သောလုပ်ငန်းတွင်လည်းကောင်း ရန်နှင့်ယှဉ်ပြီးလုပ်ကိုင်ရမည်။

## PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉ - မတ်၂၀)

ပစ္စည်းအပျောက်အရှများတတ်သည်။ ယာဉ်၊ ကားနှင့်ပတ်သက်သောအန္တရာယ်သတိရှိရမည်။ အလုပ်အကိုင်တွင် တိုးတက်သောအနေအထားရှိမည်။ ကာလအတန်ကြာ ခက်ခဲနေသောပြဿနာများ ဖြေရှင်းအဆင်ပြေမည်။ နေရာအပြောင်းအလဲ၊ အပြောင်းအရွှေ့များရှိမည်။ ရည်ရွယ်ချက်သစ်များ ဆောင်ရွက်အောင်မြင်မည်။ ငွေကြေးကံကောင်းမည်။ စီးပွားရေးဥစ္စာခနေတိုးတက်မည်။ အစာအိမ်ဝမ်းဗိုက်ဒုက္ခပေးမည်။

7 DAY NEWS JOURNAL
Vol.9, No.45 • FEBRUARY 3, 2011



# အလုပ်လက်မဲ့ နည်းပါးခြင်းအတွက် ခေါင်းကိုက်နေရသည့် ဥရုဂွေး

**ကြည်နေဝင်းမင်း**

အလုပ်လက်မဲ့နှုန်း နည်းပါးခြင်းမှာ နိုင်ငံအများစုအတွက် ဂုဏ်ယူစရာဖြစ်သော်လည်း တောင်အမေရိကတိုက်ရှိ ဥရုဂွေးနိုင်ငံအတွက်ကတော့ ယင်းသို့မဟုတ်ပေ။

ဥရုဂွေးနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းမှာ အနမ့်ဆုံးအမှတ် ၆ ဒသမ ၁ ရာခိုင်နှုန်းသို့ရောက်ရှိနေသည်။ သို့သော် ယင်းအခြေအနေက နိုင်ငံ၏ စီးပွားရေးပညာရှင်များ၊ လူသားအရင်းအမြစ်ကုမ္ပဏီများနှင့် စီးပွားရေးလုပ်ငန်းများကြားတွင် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လာစေကြောင်း ဥရုဂွေးနိုင်ငံမှ မီဒီယာများက ရေးသားနေကြသည်။

၂၀၀၂ ခုနှစ် စီးပွားရေးအကျပ်အတည်းတွေ့ချိန်တွင် ဥရုဂွေးနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းမှာ ယနေ့ဥရောပတိုက်မှ စပိန်နိုင်ငံနှင့် နှိုင်းယှဉ်နိုင်ပြီး အလုပ်လက်မဲ့နှုန်း ၂၀ ရာခိုင်နှုန်းရှိသည်။ သို့သော် နှစ်စဉ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းအား ၆ ဒသမ ၅ ရာခိုင်နှုန်းရရှိရန် စွမ်းဆောင်နိုင်ခဲ့သည့်အခါ အလုပ်လက်မဲ့နှုန်း သိသိသာသာကျဆင်းလာခဲ့သည်။ ပြီးပြည့်စုံသော အနေအထားဟု ဆိုနိုင်သော်ငြား ယင်းအခြေအနေက ပြဿနာများ ဖြစ်ပေါ်လာစေပါသည်။

အခြားလက်တင်အမေရိကန်နိုင်ငံ အများအပြားတွင်မူ အလုပ်လက်မဲ့နှုန်း မြင့်မားခြင်း၊ အရည်အချင်းနှင့် လိုက်ဖက်ညီသည့် အလုပ်များမပေးနိုင်ခြင်း၊ (မူးယစ်ဆေးဝါးကဲ့သို့)ပုံမှန်မဟုတ်သည့် စီးပွားရေးလုပ်ငန်းများ ရှိနေခြင်းစသောအချက်အလက်များကို တွေ့ရှိရကြောင်း ကမ္ဘာ့အလုပ်သမားအဖွဲ့ကြီး၏အစီရင်ခံစာများက ပြဆိုနေသည်။ ဥရုဂွေးနိုင်ငံတွင်လည်း ဆင်းရဲမွဲတေမှု လျှော့ချရေး အစီအစဉ်များဖြင့် ရုန်းကန်နေရသေးသော်လည်း ကျွမ်းကျင်လုပ်သားများအတွက် လစ်လပ်နေရာများကို မဖြည့်ဆည်းနိုင်ဖြစ်နေရာ မညီမမျှမှုများ ဖြစ်ပေါ်လာသည်။ ထို့အတွက် ဥရုဂွေးနိုင်ငံသည်အိမ်နီးချင်းနိုင်ငံများမှ လုပ်သားများ ပြောင်းရွှေ့နေထိုင်မှုနှင့် ကြုံတွေ့ရသည်။ မကြာသေးမီက ပြုလုပ်ခဲ့သည့် စစ်တမ်းများအရ အာဂျင်တီးနား အပါအဝင် လက်တင်အမေရိကနိုင်ငံအများစုမှ လူများသည် ဥရုဂွေးနိုင်ငံတွင် နေထိုင် အလုပ်လုပ်ကိုင်ရန် မျှော်မှန်းနေကြကြောင်း တွေ့ရှိခဲ့သည်။

အလုပ်လက်မဲ့နှုန်း နည်းပါးခြင်းက တစ်ဟုန်ထိုးတိုးတက်လာသည့်နိုင်ငံ့စီးပွားရေးအပေါ် အန္တရာယ်အချို့ ဖြစ်ပေါ်လာစေခဲ့ကြောင်း စိစစ်လေ့လာသူများက ပြောကြားပြီး ယင်းအန္တရာယ်များတွင်ကုန်ထုတ်လုပ်မှု ထိခိုက်ခြင်းမှသည် ငွေကြေးဖောင်းပွမှုအပေါ် ဖိအားများရှိလာခြင်းအထိ အကြောင်းအရာများ ပါဝင်ကြောင်း ကျွမ်းကျင်သူများက ပြောကြားကြသည်။

အလုပ်ရှင်များက အလုပ်သမားများ လက်မလွှတ်ရစေရန် လုပ်ခလစာများကို တိုးမြှင့်ပေးနေရသည်။ စက္ကူပျော့ဖတ်စက်ရုံအသစ်တစ်ရုံ တည်ဆောက်ရန်နှင့် မိုင်းတွင်းအသစ် အများအပြားဖော်ထုတ်ရန် စီစဉ်နေခြင်းကြောင့်လည်း ဥရုဂွေးစက်မှုလုပ်ငန်းကဏ္ဍတွင် အလုပ်သမားထောင်ပေါင်းများစွာ အရေးတကြီးလိုအပ်နေသည်။

“စီးပွားရေးလုပ်ငန်းတွေက အလုပ်သမားရှာမရဘူး ဖြစ်နေပြီ။ ဥရုဂွေးမှာ အလုပ်သမားရှာရတာ တော်တော်လေးကို ရှုပ်ထွေးပါတယ်။ ကျွမ်းကျင်လုပ်သားတွေတင်မဟုတ်ဘူး။ အလုပ်တကယ်လုပ်တတ်တဲ့ လူကိုရှာမရဘူးဖြစ်နေတယ်” ဟုစီအက်ဖ်အေဖာရေးရေးအကြံပေးအဖွဲ့မှ စီးပွားရေးပညာရှင်အယ်ဖွန်ဆိုကတ်ပူရိုက ပြောကြားသည်။

လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုဆက်တိုက်ထိန်းထားနိုင်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးတက်လာခြင်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ သစ်တောလုပ်ငန်းများတွင်အလုပ်အကိုင်အများအပြား ဖန်တီးပေးနိုင်ခဲ့ခြင်းကြောင့် ယခုဆိုလျှင် ကျွမ်းကျင်မှု အလုံအလောက်ရှိသော အလုပ်သမားများကို လိုသလောက် ဖြည့်ဆည်းပေးရန်အခက်အခဲရှိလာကြောင်း ဖီဒါရီကို အကြံပေးအဖွဲ့ မန်နေဂျာဖြစ်သူက ပြောကြားပါသည်။

အလုပ်သမား မလုံလောက်မှုပြဿနာအတွက် အဖြေတစ်ရပ်မှာ နိုင်ငံရပ်ခြားတွင် ရောက်ရှိနေသော ဥရုဂွေးနိုင်ငံသားများအား မက်လုံးများပေး၍ နိုင်ငံသို့ ပြန်လာရန် ဆွဲဆောင်နည်းဖြစ်သည်။ လွန်ခဲ့သည့် လအနည်းငယ်ကပင် ဥရုဂွေးအစိုးရက စပိန်နိုင်ငံတွင် ရောက်ရှိနေသည့် ဥရုဂွေးနိုင်ငံသားများအား မိခင်နိုင်ငံသို့ ပြန်လာ၍ အလုပ်လုပ်ရေး ဆွဲဆောင်မှုများပြုလုပ်ခဲ့သည်။ စပိန်နိုင်ငံတွင် ဆောက်လုပ်ရေးလုပ်ငန်းများ တစ်ဟုန်ထိုးတိုးတက်စဉ်က ဥရုဂွေးနိုင်ငံသား အများအပြား စပိန်နိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်နေခဲ့ကြသည်။

ယခုအခါ ဥရုဂွေးဆောက်လုပ်ရေးလုပ်ငန်းတွင် ကျွမ်းကျင်လုပ်သားများ ရှာဖွေမရနိုင်ဖြစ်နေရာ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအဖွဲ့က ကာကွယ်ရေးဝန်ကြီးဌာနသည် ၎င်းတို့၏ စစ်သည်များအား ဆောက်လုပ်ရေးလုပ်ငန်းများတွင် အလုပ်လုပ်နိုင်ရန် လေ့ကျင့်ပေးသင့်ကြောင်းနှင့် ထို့အတွက် ၎င်းစစ်သည်များသည် ဥပဒေအရ စစ်မှုထမ်းသက် ကုန်ဆုံးချိန်တွင် လိုအပ်ပါက ဆောက်လုပ်ရေးလုပ်ငန်းတွင် ဆက်လက်လုပ်ကိုင်နိုင်ကြောင်း အကြံပြုပြောကြားသည်။



အဆိုးဆုံးမှာ စက်မှုကုန်ထုတ်လုပ်ငန်းနှင့် သတင်းအချက်အလက်နည်းပညာလုပ်ငန်းများအတွက် သာမန်ကျွမ်းကျင်မှုမရှိသည့် အလုပ်သမားများ နည်းပါးနေခြင်းဖြစ်သည်။ ယင်းအတွက် လူငယ်များနှင့် အမျိုးသမီးများအား ယင်းအလုပ်အကိုင်နေရာများတွင် ဝင်ရောက်လုပ်ကိုင်နိုင်ရန် သင်တန်းများ တည်ထောင်ပေးထားသည်။

လူငယ်များအတွက် အလုပ်အကိုင်ပေးနိုင်ပါသည်။ သို့သော် လူငယ်များမှာ ကျွမ်းကျင်မှုမရှိသည့်အတွက် ၎င်းတို့ရွေးချယ်ထားသည့် အလုပ်နယ်ပယ်တွင် ကျွမ်းကျင်မှုရှိလာရန် သင်တန်းများပေးနေရသလို အလုပ်နှင့်ပတ်သက်၍ အခြေခံကျသော အလေ့အထများ ဥပမာအားဖြင့် အဖွဲ့နှင့် ပူးပေါင်းလုပ်ကိုင်ခြင်း၊ အလုပ်သမားစည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်း စသည်တို့ကိုလေ့ကျင့်သင်ကြားပေးနေရသည်။

ကျွမ်းကျင်သူ အများစုကမူ ယင်းပြဿနာကို ရေရှည်ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် နိုင်ငံ၏ ပညာရေးစနစ်တွင် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရမည်ဟု သဘောတူကြသည်။ အရည်အချင်းရှိသူများက သင်ကြားပေးသည့်စနစ်ဖြစ်လာရန်၊ သင်ကြားမှုအရည်အသွေး တိုးတက်လာရန် ပြင်ဆင်ရမည်ဟု တာဝန်ရှိသူများက သဘောပေါက်လာပြီး လက်ရှိသမ္မတဟိုဆေးမူဂျီကာကလည်း ၎င်း၏လက်ထက်တွင် ယင်းကို မဖြစ်မနေ အကောင်အထည်ဖော်မည်ဟု ကတိပေးထားသည်။

လုပ်ငန်းနယ်ပယ်အများအပြားတွင် ကျွမ်းကျင်လုပ်သားရှားပါးလာပြီး စီးပွားရေးလုပ်ငန်းများကကျွမ်းကျင်လုပ်သားများ ရရှိရေးအပြိုင်အဆိုင် ကြိုးပမ်းလာကြရာ ‘လစာစစ်ပွဲ’ များဖြစ်လာနိုင်သည်ဟု မျှော်လင့်ထားကြသည်။ လစာတိုးမြှင့်ပေးရမှုကြောင့် အချို့သောလုပ်ငန်းကဏ္ဍများတွင် ဈေးနှုန်းတိုးမြှင့်ရခြင်းများလည်း ရှိလာခဲ့ရာ ငွေကြေးဖောင်းပွမှု အန္တရာယ်လည်း မြင့်တက်လာခဲ့သည်။

လက်ရှိအလုပ်အကိုင်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်မှာ ပညာရေးစနစ်ကို ခေတ်နှင့်အညီ လိုက်ပါပြောင်းလဲရမည်ဖြစ်ကြောင်း၊ သို့သော် ဥရုဂွေးတွင် ချမှတ်ထားသည့် ပြဋ္ဌာန်းချက်များသည် ပြုပြင်ပြောင်းလဲမှု ပြုလုပ်ရေးအတွက် ခက်ခဲကြောင်း လူအင်အားဌာန အရာရှိဟောင်းနီကာဒီလာအီယာမာက ပြောကြားပါသည်။

အထက်တန်းကျောင်းများ၌ အချို့ဘာသာရပ်အတွဲများကို ရယူခဲ့သည့် ကျောင်းသားများသည် တက္ကသိုလ်ရောက်လာ၍ စိတ်ကြိုက်ရွေးချယ်ခိုင်းသည့်အခါတွင်လည်း အထက်တန်းကျောင်း၌ လေ့လာခဲ့သည့် ဘာသာရပ်များကိုသာ ပြန်လည်ရွေးချယ်ကြကြောင်း၊ အမှန်တကယ်အရေးကြီးသည်မှာ အလုပ်အကိုင်အခွင့်အလမ်း ပိုများသည့်ဘာသာရပ်များကို လေ့လာရန်အတွက် ကျောင်းသားများကို တွန်းအားပေးရေးဖြစ်ကြောင်း လူအင်အားဌာန အရာရှိဟောင်းက ဆက်ပြောပါသည်။

ဥရုဂွေးနိုင်ငံတွင် လူကြိုက်အများဆုံး အလုပ်အကိုင်နယ်ပယ်များမှာ ဥပဒေ၊ ဆေးပညာနှင့် စိတ်ပညာကဏ္ဍများဖြစ်ပြီး လုပ်သားလိုအပ်ချက်အမြင့်မားဆုံးမှာ အင်ဂျင်နီယာအလုပ်အကိုင်ဖြစ်သည်။ အထူးသဖြင့် System Engineers များ လိုအပ်နေသည်။ ဥရုဂွေးနိုင်ငံ၌ ဆရာဝန်အလုပ်သည် ကျွမ်းကျင်လျှပ်စစ်ပညာရှင်ထက် ပိုကောင်းသည်ဟု လူအများက ထင်မြင်နေကြကြောင်း၊ သို့သော် လျှပ်စစ်ပညာရှင်များသည် ဆရာဝန်များထက် အလုပ်အကိုင် အာမခံချက် အလားအလာပိုကောင်းကြောင်း အကြံပေးအဖွဲ့ မန်နေဂျာက ပြောကြားခဲ့ရာ နိုင်ငံငယ်ငယ်နှင့် စီးပွားရေးလုပ်ငန်းများ တစ်ဟုန်ထိုး ဖွံ့ဖြိုးနေသည့်နိုင်ငံ၏ ပြဿနာမှာလည်း ခေါင်းကိုက်ချင်စရာ။

*—Ref: UPI, Internet*

7DAY NEWS JOURNAL
Vol.9, No.45 • FEBRUARY 3, 2011

# Commodity Watch

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.0 (E 5700) Processor | 60,400 |
| Intel P4 Dual Core 2.7 (E 5400) Processor | 57,000 |
| Intel P4 Core 2 Quad 2.5 GHz (Q8300) (775) Processor | 120,800 |
| Intel P4 Core i3 3.06 GHz (540) (1156) Processor | 100,000 |
| Intel P4 Core i7 2.8 Ghz (860) (1156) Processor | 251,000 |
| **Motherboard** | |
| MSI P41-C33 (775) Motherboard | 55,100 |
| MSI G41M-P33 (775) Motherboard | 53,400 |
| MSI P43- C51 (775) Motherboard | 69,100 |
| MSI H55M-E32 (1156) Motherboard | 83,100 |
| ASUS P7P55D-ELX (775) Motherboard | 135,600 |
| ASUS P7P55-LX (1156) Motherboard | 100,600 |
| ASUS P5P41T-LE (775) Motherboard | 72,600 |
| ASUS P5G41T-MLX (775) Motherboard | 54,300 |
| Gigabyte H55M-S2 (1156) Motherboard | 85,800 |
| Gigabyte EP43-UD3L (1156) Motherboard | 87,500 |
| **Memory** | |
| 1 GB DDR2 (400) Kingston Memory | 40,300 |
| 2 GB DDR2 (800) Kingston Memory | 34,100 |
| 2 GB DDR3 (1333) Kingston Memory | 22,800 |
| **Harddisk** | |
| 500 GB Seagate SATA | 39,400 |
| 1TB Seagate SATA | 56,900 |
| 1.5TB Seagate SATA | 77,000 |
| **PCI Express Card** | |
| MSI R4350-MD 1GB DDR2 1GB PCI Express Card | 52,500 |
| MSI N 210 MD1G 1GB D3 PCI Express Card | 63,900 |
| MSI R5570 MD 1GB 1GB DDR3 PCI Express Card | 84,900 |
| ASUS EAH 5750 Formula 1GB PCI Express Card | 138,300 |
| ASUS ENGT 210 1GB PCI Express Card | 59,500 |
| Gigabyte Geforce 240 OC 1GB DDR5 PCI Express Card | 104,100 |
| Gigabyte Geforce 220 OC 1GI 1GB PCI Express Card | 79,600 |
| Gigabyte 8400 STC 512MB PCI Express Card | 38,500 |
| **Memory Stick** | |
| Memory Stick Kingston 16 GB | 29,000 |
| Memory Stick Toshiba 16 GB | 32,000 |
| Memory Stick SanDisk 8GB | 16,000 |
| Memory Stick Kingston 8 GB | 16,000 |
| Memory Stick Imation 32 GB | 39,400 |
| Memory Stick Toshiba 4 GB | 9,000 |
| Memory Stick Kingston (G3) 4GB | 8,500 |
| Memory Stick Sony 4 GB | 31,000 |
| Memory Stick Adata (C906) 8GB | 17,000 |
| **UPS** | |
| SVC (600VA) | 28,900 |
| Power Pro (650VA) | 34,500 |
| Allways (650VA) | 32,000 |
| Power Tree (650 VA) | 37,000 |
| Allways (650 VA) | 32,000 |
| East (650 VA) | 29,800 |
| East (1.2KVA) | 56,900 |
| **DVD Writer** | |
| Sony (SATA) | 26,300 |
| ASUS (SATA) | 28,000 |
| **အိတ်ဆောင်တိပ်ပြင်ကအဘိတန်** | 160,000 |

Technoland ဆိုင်မှ ဇန်နဝါရီ(၂၉) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| Acer | |
|---|---|
| Intel Core i3 2.53Ghz 2GB DDR3,500GB HDD,14.0″ | 490,000 |
| AMD Dual Core 2.2 Ghz 2GB DDR3, 500GB HDD,14.0″ | 415,000 |
| **Apple** | |
| Intel Core2Duo 2.4Ghz 4GB DDR3,250GB HDD,13.3″ | 1,006,000 |
| **HP** | |
| Intel Corei3 2.40Ghz 4GB DDR3,500GB HDD,15.6″ | 665,000 |
| **Gigabyte** | |
| Intel Atom 1.66Ghz 1GB DDR2,250GB HDD,10.1″ | 275,000 |
| Intel Core i3 2.27Ghz 2GB DDR3,500GB HDD,14.0″ | 551,000 |
| **Lenovo** | |
| Intel Core i3 2.27Ghz 2GB DDR3,500GB HDD,14.1″ | 517,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| TV | | |
|---|---|---|
| **အမျိုးအစား** | **မော်ဒယ်** | **ဈေးနှုန်း(ကျပ်)** |
| SamSung(LCD) | 22-350 | 215,000 |
| LG(LCD) | 22LH15R | 250,000 |
| Sony (LCD) | 22BH300 | 290,000 |
| Toshiba | LZE 21-28 | 130,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 28,000 |
| EVD(sukura) | DVK75 | 35,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 35,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 195,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 295,000 |
| Panasonic | NR.BT222 | 300,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ ဇန်နဝါရီ (၂၈) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၄၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၂၅၀ |
| ဘိလပ်မြေ (ယိုးဒယား TPI) | တစ်အိတ် | ၅,၂၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၅,၁၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၇၅ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၇၀ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၇၆ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၀၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၆,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၄,၅၀၀ |
| ကျောက် | တစ်ကျင်း | ၄၈,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၈၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၉၁၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၁၂၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၃၂၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၅၀၅ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၁၀ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၁၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၆၉၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၃၄၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ ဇန်နဝါရီ(၂၈)ရက်တွင်ကောက်ယူထားသောဈေးနှုန်းများ ဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(ထိုင်ဝမ်) | ၁ သေတ္တာ | ၆,၀၀၀-၇,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၃၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၈၀၀-၁,၀၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၂၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၇၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၂,၅၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၆၀၀ |
| ငရုတ်သီး(ပိန်) | ၁ ပိဿာ | ၂,၆၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၃,၈၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၂၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ ဇန်နဝါရီ (၂၉) ရက်က ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၁၀၀-၁,၃၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၇၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၂,၆၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၁၀၀ |
| ဆား | တစ်ထုပ် | ၁၀၀-၁၂၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၁,၀၀၀-၁,၄၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၅,၀၀၀-၅,၅၀၀ |
| သကြား | တစ်ပိဿာ | ၁,၅၀၀-၁,၆၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၂,၃၀၀ |
| အာလူး | တစ်ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| နို့ဆီ | တစ်ဘူး | ၆၀၀-၇၂၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၆၈၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀-၁၀၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၇၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၁,၆၀၀-၃,၅၀၀ |
| ငါးခူ | ၁ ပိဿာ | ၁,၆၀၀-၃,၃၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၁,၆၀၀-၃,၃၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၂,၀၀၀-၄,၈၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၈၀၀-၂,၀၀၀ |
| ငါးရှဥ့် | ၁ ပိဿာ | ၂,၅၀၀-၃,၅၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၄၀၀-၁,၈၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၆၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၃၀၀-၂,၂၀၀ |
| ငါးသလောက် | ၁ ပိဿာ၁ | ၂,၅၀၀-၂၁,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၈၀၀-၃,၇၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁,၈၀၀-၃,၅၀၀ |
| ကကတစ် | ၁ ပိဿာ | ၃,၃၀၀-၄,၇၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၃,၂၀၀-၄,၇၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၁,၆၀၀-၇,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၅၀၀-၅,၀၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၈၀၀-၂,၇၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၅၀၀-၃,၆၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၀၀၀-၈,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၆,၀၀၀-၁၀,၀၀၀ |
| ပုစွန်ပြောင်တုပ် | ၁ ပိဿာ | ၁၀,၀၀၀-၁၄,၀၀၀ |
| ပုစွန်တုပ်ကြီး | ၁ ပိဿာ | ၁၃,၀၀၀-၁၈,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၂,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၀၀၀-၁,၈၀၀ |

ဇန်နဝါရီလ (၂၆)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။


## ကားမျိုးစုံဈေးနှုန်းများ


| ယာဉ်အမျိုးအစား | မော်ဒယ် | အက္ခရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆ | လ/သ/အ | ၁၂၀နှင့် ၁၂၅ |
| စူဇူကီး ဝက်ဂွန် R+ | - | ၁၀/၂၀ | ၂၀၀ |
| တောင်းအော့ (၂၀)ဒီဇယ် | | - | ၁၇၀ |
| စူဇူကီးR- (2 Way) | - | ၁၀/၂၀ | ၁၃၀ |
| တိုယိုတာ (လီမိတက်) | ၉၀ | ၄၀ | ၃၄၀ |
| တိုယိုတာ (ဖင်ကောက်) | ၉၂/၉၃ | ၄၀ | ၄၃၈ |
| မတ်ခ်တူး(ခါတ်ဆီ) ရွှေငါး | ၂၀၀၂ | ၄၀ | ၈၀၀ |
| နှစ်ဆန်းစူပါဆလွန်း | ၉၀ | ၄၀ | ၃၅၀-၃၆၀ |
| ပါဂျဲရို 46 EFI | ၉၇ | ၄၀ | ၇၅၀ |

ဇန်နဝါရီ (၂၈) ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများ

| | Jan(21) | Jan (22) | Jan (23) | Jan (24) | Jan (25) | Jan (26) | Jan (27) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ |
| Octane ဒီဇယ် | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ |
| Premier ဒီဇယ် | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ |


SOLO®
COLLECTION
Celebrate the Valentine's day
WHEREVER YOU GO SOLO WILL FOLLOW


အားပြည့်လန်းဆန်းကျန်းမာစေရန်...
Vita-M
MULTIVITAMINS AND MINERALS
WITH
AMINO ACIDS
၁၅ လုံးကဒ် (၂)ကဒ်ပါဝင်သော
"ဗိုက်တာ-အမ်" အားဆေး
M - PHARMA DISTRIBUTION GROUP


THE TET TOE NU YIN
A Life Style That Reflect Your Life
WE ARE NAING Group
5 MINUTES WALKING TIME TO :
Bogyoke Aung San Market,
Thamada Cinema,
LapyaeWun Plaza,
B.E.H.S No(1) Dagon.
10 MINUTES WALKING TIME TO
CITY MART
(AUNG SAN STADIUM)
10 MINUTES DRIVING TIME TO:
SHWEDAGON PAGODA
NO (111), NAWADAY ROAD, DAGON TOWNSHIP.
Housing Show Room
No.76, Bo Yar Nyunt Road,
Dagon Township.
DEVELOPED BY
NAING Group
Construction Co.,Ltd.
Customer Call
09-51-12136, 09-49-295429
Hot Line : 251951,255755,255766

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.9, No.45 • FEBRUARY 3, 2011

# ကားဈေးထပ်ကျမလားဆိုပြီး စောင့်ကြည့်နေကြတာများတယ်

## ပြည်တွင်းကားထုတ်လုပ်သူတစ်ဦးနှင့် တွေ့ဆုံခြင်း

ကားဈေးနှုန်းများပြုတ်ကျပြီး ဝယ်ရောင်းများ အခြားအလုပ်ပြောင်းကုန်ချိန်တွင် ကားလောကအတွင်း အလုပ်ကောင်းလာသူတို့ ရှိသည်။ တရုတ်နိုင်ငံမှ ဇိမ်ခံကားများတင်သွင်း၍ ပြည်တွင်း၌ ယခင်ထက်များစွာ သက်သာသောနှုန်းဖြင့် ရောင်းပေးနေကြသော ပြည်တွင်းကားထုတ်လုပ်ရေးလုပ်ငန်းများဖြစ်ပါသည်။ ယခုနှစ်အတွင်း ဈေးသင့်တင့်စွာဖြင့် ကားလှလှစီးချင်သူများကို အာရုံဆွဲဆောင်နေသော တရုတ်ကားနှင့်ဇုန်ကားထုတ်လုပ်ရောင်းချမှု အခြေအနေများကို အားမာန်သစ်မော်တော်ယာဉ်ထုတ်လုပ်ရေးမှ မန်နေဂျင်းဒါရိုက်တာ ဦးစိုးစိုးသန်းအား တွေ့ဆုံမေးမြန်းထားသည်များမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**ပြည့်သိမ်း**



ဓာတ်ပုံ - အောင်အောင်

*တပ်မတော်ခန်းမတွင် ကျင်းပခဲ့သော Auto Mobile Expo 2011 ကားပြပွဲ။*

**♦ ပြပွဲမှာ ရောင်းတဲ့ကားတွေက ဘယ်လိုပုံစံနဲ့ တင်သွင်းထုတ်လုပ်တာလဲ။**

ကားအချို့ကိုတော့ သွင်းကုန်လိုင်စင် တိုက်ရိုက်တင်သွင်း ရောင်းချပြီးအချို့ကိုတော့ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီက ခွင့်ပြုထားတဲ့ အင်ဂျင်နဲ့ဆက်စပ်ပစ္စည်း ၁၃ မျိုးကို ပြည်တွင်းမှာ ပြန်တပ်ဆင်ထုတ်လုပ်ပါတယ်။ လိုက်ထရပ်လို ဇုန်ကားတွေကိုတော့ ပြည်တွင်းမှာ တပ်ဆင်ထုတ်လုပ်ပါတယ်။ Low Speed Truck (ထော်လာဂျီ) အင်ဂျင်နဲ့ကားရယ်၊အမ်ပီဗီမိုက်ခရိုဘစ်တွေကိုတော့တိုက်ရိုက်တင်သွင်းပါတယ်။

**♦ တရုတ်နိုင်ငံကကားတွေကိုပဲ ပြည်တွင်းဈေးကွက်မှာ ဘာကြောင့် တင်သွင်းရောင်းချပါသလဲ။**

တရုတ်နိုင်ငံထုတ်ကားတွေက နိုင်ငံတော်ကခွင့်ပြုချက်နဲ့ ကိုက်ညီလို့ပါ။ ထုတ်လုပ်ထားတဲ့ ကားတွေကအသစ်ဖြစ်တာရယ်။ ဘယ်မောင်းစနစ်ဖြစ်တာနေလို့ပါ။ ကိုရီးယားကလည်း တရုတ်ကားတွေလို စနစ်တွေ တူပေမယ့် ခွင့်ပြုချက်ရထားတဲ့ အင်ဂျင်နှင့်ဆက်စပ်ပစ္စည်း ၁၃ မျိုးကို ကိုက်ညီအောင်လုပ်ပေးနိုင်တာက တရုတ်ကားကုမ္ပဏီတွေပဲရပါတယ်။

**♦ ဆလွန်းကားတွေကိုရော တင်သွင်းဖို့အစီအစဉ်ရှိလား။**

ဆလွန်းကားတွေကိုတော့ ကားထုတ်လုပ်တဲ့သူတွေ တင်သွင်းခွင့်မရသေးဘူး။ သူက ဇိမ်ခံကားထဲမှာပါတယ်။ လုပ်နိုင်ခြေမရှိသေးဘူးလို့ပဲ ကျွန်တော်တို့က မှတ်ယူထားတယ်။ တင်သွင်းထုတ်လုပ်ခွင့်ပေးရင်လည်း လုပ်ချင်ပါတယ်။

**♦ အခုနောက်ပိုင်း လိုက်ထရပ်တွေကို တရုတ်ပစ္စည်းတွေနဲ့ ထုတ်လုပ်တာများတယ်။ ဂျပန်ကားပစ္စည်းတွေနဲ့ ဘာကြောင့်မထုတ်လုပ်တော့တာလဲ။**

၂၀၁၀ နှစ်ဆန်းပိုင်းလောက်ထိ ဂျပန်အင်ဂျင်အဟောင်း၊ ကားပစ္စည်းအဟောင်းတွေနဲ့ ထုတ်လုပ်ခဲ့တယ်။ ဒါပေမဲ့ ဈေးကွက်က (ဝယ်သူ) အသစ်ကို လိုချင်ကြတယ်။ ကားသစ်တွေကို အစီးလိုက်တင်သွင်းရင်လည်း ကုန်ကျစရိတ်များတယ်။ မြန်မာစက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီက အင်ဂျင်နဲ့ဆက်စပ်ပစ္စည်း ၁၃ မျိုးကို ခွင့်ပြုပြီးနောက်မှာ တရုတ်ကားတွေကိုပဲ ထုတ်ကြတယ်။ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးကော်မတီက (Press Past) ကားကိုယ်ထည်နဲ့ အစိတ်အပိုင်းများကို ခွင့်ပြုပေးတာလည်း ပါတယ်။

**♦ မော်ဒယ်မြင့်ကားသစ်တွေ တင်သွင်းနိုင်ပြီဆိုတော့လိုက်ထရပ်လို စက်မှုဇုန်ကားတွေကိုရော ရှေ့ဆက်ထုတ်လုပ်ဦးမှာလား။**

လိုက်ထရပ်တွေကိုလည်း ဆက်လက်ထုတ်သွားမှာပါ။ ဒီ ကားတွေက လက်ရှိအခြေအနေနဲ့ဆိုရင် ပိုအရည်အသွေးမြင့်လာမယ်။ ကားကိုယ်ထည်နဲ့ ဆက်စပ်ပစ္စည်းတွေကိုလည်း တရားဝင်သွင်းခွင့်ရထားတော့ အရင်လို လက်ရိုက်ကိုယ်ထည်တွေနဲ့ ထုတ်စရာမလိုဘူး။ ကားတစ်စီးရဲ့ တန်ဖိုးကလည်း လက်ရှိဈေးတွေထက် ပိုပြီးသက်သာလာနိုင်တယ်။

**♦ ကားထုတ်လုပ်တဲ့ လုပ်ငန်းရှင်တစ်ဦးအနေနဲ့ ပြည်တွင်းမှာကားကိုယ်ထည်ကို ထုတ်လုပ်ဖို့ရင်းနှီးမြှုပ်နှံမှုပြုဖို့ရော အစီအစဉ်ရှိပါသလား။**

ကားကိုယ်ထည်ကို ပြည်တွင်းမှာ ထုတ်မယ်ဆိုရင်ခက်ခဲပါတယ်။ press machine ကားကိုယ်ထည်လုပ်တဲ့စက်က အရင်းအနှီးအရမ်းများပါတယ်။ မော်ဒယ်တစ်ခုပြောင်းတိုင်းမိုက ပြောင်းရတာဆိုတော့ ပြည်တွင်းဝယ်လိုအားလောက်နဲ့ ဒီစက်ရုံမျိုးကို မတည်နိုင်ဘူး။ ဒါကြောင့် မြန်မာစက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ကားကိုယ်ထည်နှင့် Press နင်းထားတဲ့ ဆက်စပ်ပစ္စည်းတွေလို တင်သွင်းခွင့်ပြုပေးတာပါ။

**♦ လက်ရှိပြည်တွင်းမှာ ကားကိုယ်ထည်ထုတ်လုပ်နိုင်တဲ့ စက်ရုံရှိပြီးလား။**

ပုဂ္ဂလိကကဏ္ဍမှာတော့ မရှိသေးပါဘူး။ အမှတ်(၂)စက်မှုဝန်ကြီးဌာနကထုတ်တဲ့ အချို့မော်တော်ယာဉ်အစိတ်အပိုင်းတွေကတော့ ဒီမှာ press နင်းတယ်။ ဥပမာ-Grend Tiger လိုကားမျိုးတွေပါ။ press နင်းဖို့အတွက် မိုကတော့ နိုင်ငံခြားကမှာရတယ်။

**♦ ပြည်တွင်းသုံးစွဲနိုင်မှု အင်အားနည်းနေတဲ့အတွက် ကားရောင်းချရမှုကရော၊ အခြေအနေ ဘယ်လိုရှိပါသလဲ။**

ကားဝယ်ယူမှုကတော့ ဝယ်သူဈေးကွက်ဖြစ်နေတယ်။ လိုအပ်ချက်ရှိပေမယ့် ကားဈေးထပ်ကျမလားဆိုပြီး စောင့်ကြည့်နေကြတာများတယ်။ ဝယ်သူကတော့ အရမ်းနည်းပါသေးတယ်။ တကယ်သုံးလိုသူတွေကလည်းဈေးအကျကိုစောင့်နေတဲ့အတွက် မဝယ်သေးဘူး။ ဝယ်သူတွေက ဈေးသက်သာပြီး ကားသစ်ကိုစီးချင်တယ်။ ဒါပေမဲ့ ပြည်တွင်းဈေးနဲ့ နိုင်ငံတကာဈေးကွာခြားမှုကြောင့် အပြောင်းအလဲကို စောင့်နေကြသူတွေလည်းရှိတယ်။

**♦ မြန်မာလူမျိုးတွေကရော လက်ရှိတင်သွင်းရောင်းချနေတဲ့ တရုတ်ကားတွေကို ကြိုက်ကြပါသလား။**

ကြိုက်ကြပါတယ်။ တရုတ်ကားတွေဆိုပေမယ့် ဂျပန်တို့၊ ဂျာမနီတို့က ဖက်စပ်လုပ်တာဆိုတော့ အရည်အသွေးက ကောင်းပါတယ်။ ကျွန်တော်တို့ကားတွေဆိုရင် ဂျပန်နဲ့ အီတလီကတင်သွင်းတဲ့ ပစ္စည်းတွေရယ်၊ ဂျာမနီက စက်တွေနဲ့ ပေါင်းစပ်ထုတ်လုပ်ထားတာပါ။ တရုတ်နိုင်ငံမှာ JAC-MPV ကို မြို့တိုင်းနီးပါး သုံးကြတယ်။

**♦ လက်ရှိ ကားရောင်းရတဲ့ အခြေအနေကို ပြောပြပေးပါလား။**

ပြပွဲမှာ ခွင့်ပြုချက် ၁၃ ချက်နဲ့ ထုတ်ထားတဲ့ကားတွေရယ်၊ တင်သွင်းဖို့ခွင့်ပြုချက်ရထားတဲ့ ကားတွေရယ် အကုန်ရောင်းရပါတယ်။ နောက်ထပ်အမှာတွေ ရှိပါတယ်။ ပြည်တွင်းမှာ ဈေးသက်သက်သာသာနဲ့ ကားသစ်တစ်စီးစီးနိုင်ဖို့က မလွယ်ဘူး။

**♦ ဂျပန်၊ မလေးရှားစတဲ့နိုင်ငံတွေက ကားကုမ္ပဏီတွေ ပြည်တွင်းမှာ ကားလာထုတ်ရင် ပြည်တွင်းလုပ်ငန်းရှင်တစ်ဦးအနေနဲ့ယှဉ်ပြိုင်ဖို့ ဘာတွေ ပြင်ဆင်ထားပါသလဲ။**

လောလောဆယ်တော့ မြန်မာနိုင်ငံနဲ့အနီးစပ်ဆုံး တရုတ်နိုင်ငံနဲ့ပဲ ချိတ်ထားပါတယ်။ တရုတ်ကနည်းပညာရဖို့လည်း လွယ်ကူတယ်။ ဈေးကွက်ကလည်း ကျယ်ပြန့်တယ်။ ပြည်တွင်းလုပ်ငန်းရှင်တွေနဲ့လည်း ဆက်ဆံမှုတွေ ရှိထားတဲ့အတွက်ကြောင့် သူရဲ့အကူအညီကိုပဲ ယူရမယ်။ ပြီးတော့ ဂျပန်တို့၊ မလေးရှားတို့လာရင်လည်း ကြိုဆိုပါတယ်။ သူတို့က ပြည်တွင်းက လုပ်ငန်းရှင်တွေနဲ့လက်တွဲပြီးလုပ်ချင်ကြမှာပါ။ သူတို့ရဲ့ ဈေးကွက်ကလည်း ပြည်တွင်းသုံးစွဲမှုထက်အခြားကို ထပ်ဆင့်တင်ပို့နိုင်ဖို့ကို စီစဉ်တတ်ကြတယ်။ နိုင်ငံတကာကကုမ္ပဏီတွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ကတော့အမြဲတမ်း ကြိုဆိုပါတယ်။ ပြည်ပက ပူးပေါင်းဆောင်ရွက်မှုမရှိရင် ထုတ်လုပ်ရေးလုပ်ငန်းမှာ ရပ်တည်ဖို့မလွယ်ဘူး။

**♦ အခုလို ဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။** ။

## နေပြည်တော် ဘက်စုံသဘာဝဘေး ကြိုတင်ကာကွယ်ရေးဗဟိုဌာနတွင် ဂြိုဟ်တု မိုးလေဝသပုံဖမ်းစက် စတင်အသုံးပြု



မြန်မာနိုင်ငံတွင် မုန်တိုင်းသဘာဝဘေး လျော့ပါးရေးအတွက် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မုန်တိုင်းခန့်မှန်းရေးလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်စေရန်နှင့် ကြိုတင်သတိပေးချက်များ ထုတ်ပြန်သည့်လုပ်ငန်းများ ပိုမိုတိုးတက်စေရန် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ အစီအစဉ်ဖြင့် နေပြည်တော်ဘက်စုံသဘာဝဘေးကြိုတင်ကာကွယ်ရေးဗဟိုဌာန၌ ဂြိုဟ်တုမိုးလေဝသတိမ်ပုံဖမ်းစက် စတင်အသုံးပြုသည့် အခမ်းအနားကို ဇန်နဝါရီလ ၂၅ ရက်(၁၀း၀၀)နာရီ အချိန်တွင် ကျင်းပပြုလုပ်ပါသည်။

ဖော်ပြပါအခမ်းအနားသို့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးတင်ငွေနှင့် တာဝန်ရှိသူများ ရန်ကုန်မြို့အခြေစိုက်၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ ဌာနေကိုယ်စားလှယ်အကြီးအကဲ Mr.Hideo MIYAMOTO နှင့် တာဝန်ရှိသူများ၊ ကျွမ်းကျင်ပညာရှင် Mr. Kunio AKATSU နှင့် ပညာရှင်များ တက်ရောက်ကြပါသည်။

ဖော်ပြပါဂြိုဟ်တုတိမ်ပုံဖမ်းစက်သည် ဂျပန်နိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ လွှတ်တင်ထားသော မိုးလေဝသဂြိုဟ်တုများမှ ပေးပို့သောအချက်အလက်များနှင့် ကမ္ဘာလုံးဆိုင်ရာဆက်သွယ်ရေး စနစ်မှရရှိသော သတင်းအချက်အလက်များကို သင်္ချာပုံစံဖြင့် ကွန်ပျူတာ ဆော့ဖ်ဝဲများအသုံးပြု၍ ဘင်္ဂလားပင်လယ်အော်၊ ပစိဖိတ်သမုဒ္ဒရာတို့တွင် ဖြစ်ပေါ်သောမုန်တိုင်းများကို ကြိုတင်သိရှိထောက်လှမ်းနိုင်မည့်အပြင် နေ့စဉ်မိုးလေဝသအခြေအနေများကိုလည်း အချိန်နှင့်တစ်ပြေးညီသိရှိနိုင်မည်ဖြစ်ပါသည်။

ဖော်ပြပါ ဂြိုဟ်တုတိမ်ပုံဖမ်းစက်မှ ရရှိသောသတင်းအချက်အလက်များကို ရန်ကုန်(ကမ္ဘာအေး)နှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ မိုးလေဝသခန့်မှန်းရေးရုံးများသို့ အင်တာနက် ကွန်ရက်စနစ်ဖြင့်ချိတ်ဆက်ထားပြီး မိုးလေဝသခန့်မှန်းရေးလုပ်ငန်းများလေကြောင်း မိုးလေဝသခန့်မှန်းရေးလုပ်ငန်းများ၌ များစွာအထောက်အကူပြုလျက်ရှိကြောင်း သိရှိရသည်။

Environment

7DAY NEWS JOURNAL

Vol.9, No.45 • FEBRUARY 3, 2011

# ပြည်ပရေနံကုမ္ပဏီအချို့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းများနှင့်ဆွေးနွေး

အိဖြူမွန်

**ရန်ကုန်၊ ဇန်နဝါရီ-၂၆**

ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံကြသော ရေနံကုမ္ပဏီအချို့သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများပြုလုပ်ရန် ပြည်တွင်းရှိ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အဖွဲ့အစည်းများနှင့် လာရောက်ဆွေးနွေးမှုများရှိလာကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လူမှုအဖွဲ့အစည်းအချို့မှ သတင်းရရှိသည်။

ကုမ္ပဏီအချို့သည် ယင်းတို့၏ လုပ်ငန်းခွင်တွင်လုပ်ကိုင်နေကြသောသူများအား သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးရန်နှင့် တူးဖော်မည်ဒေသတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများလုပ်ကိုင်ကြရန်လာရောက်ဆွေးနွေးမှုများ ရှိလာကြောင်းပြည်တွင်းတွင်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးများပြုလုပ်ပေးနေသော အသင်းမှ အတွင်းရေးမှူးဦးအုန်းက ပြောသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးများကို စိတ်ဝင်တစားရှိကြသော ရေနံကုမ္ပဏီများမှာ ပက်ထရိုနပ်၊ တိုတယ်နှင့်ဒေဝူးကုမ္ပဏီတို့ဖြစ်ကြသည်။

သို့သော် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် စိတ်ဝင်စားသည့် ကုမ္ပဏီအရေအတွက်မှာ ပြည်တွင်းတွင် လာရောက်ရင်းနှီးမြှုပ်နှံကြသောရေနံကုမ္ပဏီများနှင့်နှိုင်းယှဉ်ပါက ပမာဏအနည်းငယ်သာရှိသေးသည်။

လာရောက်ဆွေးနွေးမှုများရှိသော်လည်း လက်တွေ့ကျသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများလုပ်ရန် တွန့်ဆုတ်မှုများရှိနေကြောင်း၊ သို့သော်ယခင်နှစ်များနှင့်နှိုင်းယှဉ်ပါက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ၎င်းတို့အနေဖြင့်သတိပြုမှုရှိလာကြောင်း ဖရီဒါမှ အတွင်းရေးမှူးဦးအုန်းက ပြောသည်။

မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းရေးလုပ်ငန်းများ ပြုလုပ်ရန်အတွက် ကုမ္ပဏီအများစုသည် BANCA (ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်း) နှင့် FREDA(သစ်တောသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဖွံ့ဖြိုး တိုးတက်ရေးနှင့် ထိန်းသိမ်းရေး အသင်း)တို့နှင့်အများဆုံးဆက်သွယ်ကြသည်။

ရာသီဥတုပြောင်းလဲခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ကမ္ဘာ့နိုင်ငံအသီးသီးမှ တွန်းအားပေးလုပ်ဆောင်လာကြသည့်နောက်ပိုင်း ရင်းနှီးမြှုပ်နှံသောစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်ယခုကဲ့သို့ လုပ်ဆောင်ရန် စိတ်ဝင်စားလာခြင်းဖြစ်နိုင်ကြောင်း ပြည်တွင်းရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုများ လုပ်ဆောင်နေကြသူများက သုံးသပ်ကြသည်။

သို့သော်အမှန်တကယ် လက်တွေ့ မလုပ်ဆောင်ဘဲ နာမည်အလွဲသုံးစားမှုများ ရှိလာနိုင်သောကြောင့်ပြည်တွင်းရှိသဘာဝပတ်ဝန်းကျင်ထိန်သိမ်းရေးလုပ်သောလူမှုရေးအဖွဲ့အစည်းများ သတိပြုသင့်ကြောင်းယခုလက်ရှိသဘာဝပတ်ဝန်းကျင်လူမှုရေးအဖွဲ့အစည်းများ ပါဝင်သော MERN အဖွဲ့မှ ဥက္ကဋ္ဌဦးအုန်းက ဆိုသည်။

"ကမ္ဘာ့အစိုးရတွေလည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးအပေါ် အာရုံစိုက်လာတာကြောင့်လည်း ဖြစ်နိုင်တယ်။ဖြစ်ဖြစ်မြောက်မြောက် လုပ်ရင်ကောင်းတာပေါ့။ ဒါပေမဲ့ နောက်ပိုင်းမှာတကယ်တမ်း မလုပ်ဘဲနာမည်ယူမှု အပိုင်းတွေလည်း ရှိလာနိုင်တယ်လေ"ဟု အထက်ပါပုဂ္ဂိုလ်က ဆက်လက်ပြောသည်။




Environment Cartoon

## နာဂစ်ဒေသတွင် သဘာဝပတ်ဝန်းကျင် အသိပညာပေးခြင်းများကို အချိန်တိုးမြှင့်ဆောင်ရွက်မည်

အိဖြူမွန်

**ရန်ကုန်၊ ဇန်နဝါရီ- ၂၇**

လပွတ္တာမြို့နယ်ရှိ နာဂစ်ဒဏ်ခံကျေးရွာအချို့တွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးခြင်းနှင့် ထိန်းသိမ်းရေးလုပ်ငန်းများကို နောက်ထပ်သုံးနှစ်တိုး၍ လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း ပြည်တွင်းသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းဖြစ်သော Ecodev မှ အကြီးအကဲဖြစ်သူ ဦးဝင်းမျိုးသူက ပြောသည်။

ယင်းဒေသ၏ စီမံကိန်းကာလကုန်ဆုံးချိန်သည် ၂၀၁၁ ခုနှစ်ဟုသတ်မှတ်ထားသော်လည်း ရှေ့ဆက်လုပ်ဆောင်စရာများရှိ၍ နောက်ထပ်သုံးနှစ်တိုးပြီး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးခြင်း၌ ဒီရေတောအခြေခံ သဘာဝပတ်ဝန်းကျင်မထိခိုက်သော ငါး၊ ပုစွန်မွေးမြူခြင်းနည်းပညာများနှင့် သဘာဝသစ်တော ပြန်လည်ပြုစုပျိုးထောင်ခြင်းကို နောက်သုံးနှစ်တွင် ဧက၃၀၀၀ (သုံးထောင်)တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းအထက်ပါပုဂ္ဂိုလ်ကပြောသည်။ယင်းဒေသတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များနှင့် လူမှုရေးဆိုင်ရာဒေသဖွံ့ဖြိုးရေးများကို ၂၀၀၉ ခုနှစ်တွင် စတင်လုပ်ဆောင်ခဲ့သည်။ ယခင်နှစ်များက ကျေးရွာသုံးဆယ့်ခြောက်ရွာနှင့် သစ်တောဧက ၅၀၀ ကို ပြန်လည်ပြုစုပျိုးထောင်ပေးခဲ့သည်။

## တောရိုင်းတိရစ္ဆာန်များကို ဟင်းလျာအဖြစ် ရောင်းချမှုများ ရှိနေဆဲ



တရုတ်နိုင်ငံရှိ တောရိုင်းတိရစ္ဆာန်ဟင်းလျာများ ရောင်းချသည့် ဆိုင်တစ်ဆိုင်ကို တွေ့ရစဉ်။

အေးမြကျော်

**ရန်ကုန်၊ ဇန်နဝါရီ - ၂၆**

ရန်ကုန်မြို့ပေါ်နှင့် နယ်မြို့များတွင် ဖွင့်လှစ်ရောင်းချလျက်ရှိသော စားသောက်ဆိုင်များတွင် ဥပဒေအရတားမြစ်ထားသော တောရိုင်းတိရစ္ဆာန်များကို ဖမ်းဆီးသတ်ဖြတ်ကာဟင်းလျာအဖြစ် ရောင်းချမှုများရှိနေဆဲဖြစ်ကြောင်း တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးလုပ်ငန်း လုပ်ကိုင်နေသူများနှင့် ရောင်းချလျက်ရှိသော စားသောက်ဆိုင်များတွင်စားသုံးခဲ့သူများမှသိရသည်။

"တချို့ဆိုင်တွေက ဒီတိရစ္ဆာန်တွေကို ဥပဒေနဲ့တားမြစ်ထားတယ်ဆိုတာကို မသိဘဲနဲ့ရောင်းနေကြတယ်" ဟု တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးလုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ပြောသည်။ ရန်ကုန်မြို့တွင် မကြာမီက ဖွင့်လှစ်ရောင်းချသော စားသောက်ဆိုင်တွင် လိပ်ကိုအကောင်လိုက် ချက်ပြုတ်ထားသည့် ဟင်းလျာကိုဟင်းလျာစာရင်း (မီနူး)တွင် ထည့်သွင်းကြော်ငြာထားသည်ကို တွေ့ရပြီး၊ ရန်ကုန်မြို့ရှိ အချို့သောစားသောက်ဆိုင်များတွင်လည်း တောရိုင်းတိရစ္ဆာန်များကိုမှာယူကာတစ်ခါတစ်ရံတွင် အထူးဟင်းလျာအဖြစ် ချက်ပြုတ်ရောင်းချလေ့ရှိကြောင်း စားသုံးသူများနှင့်တောရိုင်းတိရစ္ဆာန်ကာကွယ်ရေးလုပ်ငန်းလုပ်ကိုင်သူများထံမှ သိရသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စာပေများရေးသားသောစာရေးဆရာမဂျူး၏ ဟောပြောပွဲတစ်ခုတွင် ပရိသတ်တစ်ယောက်က သူမထံဖုန်းဆက်ကာ စားသောက်ဆိုင်တစ်ခုတွင် ဝက်ဝံတစ်ကောင်ကို သတ်ကာ ဟင်းလျာအဖြစ် ပြောင်းလဲတော့မည့်အကြောင်းကြားသိထားရသဖြင့် အကူအညီပေးရန် ဆက်သွယ်ခဲ့ဖူးကြောင်း ဆရာမဂျူးကပြောကြားခဲ့ဖူးသည်။ အချို့ဆိုင်များတွင်မူ ငှက်များကိုမှာယူကာ ဆိုင်၏ပုံမှန်ဟင်းလျာအဖြစ်ရောင်းချနေသောဆိုင်များပင်ရှိပြီးအဆိုပါငှက်များတွင် ရှားပါးစာရင်းဝင်ငှက်မျိုးစိတ်များလည်းပါဝင်ကြောင်း ငှက်ဝါသနာရှင်တစ်ဦးက ပြောသည်။

မြန်မာနိုင်ငံရှိ တောရိုင်းတိရစ္ဆာန်များကို ရေရှည်တွင်မျိုးသုဉ်းပျောက်ကွယ်မည့် အန္တရာယ်ကိုကာကွယ်ရန် ၁၉၉၄ ခုနှစ်က တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး ဥပဒေနှင့် ကာကွယ်စောင့်ရှောက်ထားသည်။ ၂၀၀၃ ခုနှစ်က ရန်ကုန်မြို့ရှိစားသောက်ဆိုင်လေးဆိုင်ကို ရှောင်တခင်စစ်ဆေးရာ သင်းခွေချပ်အပါအဝင် တောရိုင်းတိရစ္ဆာန်များကို ဟင်းလျာအဖြစ် ရောင်းချနေသည်ကို တွေ့ရှိခဲ့ရသဖြင့် ဖမ်းဆီးအရေးယူခြင်းများရှိခဲ့သည်။ယခုနှစ်ပိုင်းအတွင်းတွင်လည်း တောရိုင်းတိရစ္ဆာန်များတရားမဝင်ရောင်းဝယ်ခြင်းများတွေ့ရှိပါက သစ်တောဦးစီးဌာနမှ အဆိုပါဥပဒေအတိုင်း ဖမ်းဆီးအရေးယူလျက်ရှိသည်။



Tourism
7 DAY NEWS JOURNAL
Vol.9, No.45 • FEBRUARY 3, 2011

# အင်းတော်ကြီးကန်သို့နှစ်စဉ်နိုင်ငံခြားသား ၁၀၀ဝန်းကျင်လာရောက်


အင်းတော်ကြီးကန်ရှိ ရွှေမဥ္ဇူစေတီ (ရေလယ်ဘုရား)။
ဓာတ်ပုံ - အိဖြူမွန်

အိဖြူမွန်

ရန်ကုန်၊ ဇန်နဝါရီ-၂၆

အင်းတော်ကြီး ဘေးမဲ့တောသို့ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်များ ကျက်စားမှုကို လာရောက်လေ့လာသူ တစ်နှစ်လျှင် နိုင်ငံခြားသားခရီးသွားဦးရေ ၁၀၀ ဝန်းကျင်ခန့်ရှိကြောင်း သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန အင်းတော်ကြီးဘေးမဲ့တော အုပ်ချုပ်ရေးမှူးဦးစိန်ထွန်းက ပြောသည်။

ယင်းတို့သည် သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်များ ကျက်စားရာသို့သီးသန့်လေ့လာကြကြောင်း၊ အထူးသဖြင့် ဆောင်းခိုငှက်လာရောက်သောရာသီတွင်ပိုမိုလာရောက်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

"ခရီးသွားအနေနဲ့လာတာများတယ်။ ကိုယ်တိုင် သဘာဝပတ်ဝန်းကျင်ကို လေ့လာတာပဲဖြစ်ဖြစ်၊ ငှက်ကြည့်တာပဲဖြစ်ဖြစ် ဒီကို လာကြတယ်။ သားငှက်တိရစ္ဆာန်တွေ လေ့လာချင်ရင် ဌာနကို လာဆက်သွယ်တယ်။ သူတို့လာရင်လည်း အနည်းဆုံး ၅ ရက်၊ ၁၀ ရက်ကြာတယ်" ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ယခုလ ပထမအပတ်တွင် ဂျာမနီနိုင်ငံသား Mr.Fronk Momberg နှင့် ဗြိတိန်နိုင်ငံသား Mark Grindley တို့သည် အင်းတော်ကြီးရှိ ဆောင်းခိုငှက်နှင့် ရေဝေရေလဲဒေသသစ်တောကြီးများအား ၁၀ ရက်ကြာ လေ့လာမှတ်တမ်းတင်ခဲ့ကြောင်း သတင်းရရှိသည်။

ယင်းကမ္ဘာလှည့် ခရီးသည်နှစ်ဦးသည် ကမ္ဘာပေါ်တွင် မျိုးတုံးပျောက်ကွယ်လုနီးပါးအန္တရာယ်နှင့် ရင်ဆိုင်နေရသော ရှားပါးဒရယ်ကို တွေ့ရှိခဲ့ကြကြောင်း သတင်းရရှိသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ အုပ်ချုပ်ရေးမှူးအားမေးမြန်းရာ "အရင်ကတည်းက ဒီတောတွေမှာရှိပါတယ်။ တစ်ကောင်ချင်း အလိုက်တွေ့ရတယ်။ ဒါပေမဲ့ တွေ့ရခဲပါတယ်။ မျိုးပွားနိုင်တဲ့ အခြေအနေတော့ ရှိပါသေးတယ်" ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

အင်းတော်ကြီးရေဝေရေလဲသစ်တောကြီးသည် စတုရန်းမိုင် ၂၀၀ ဒသမ ၆၇ ရှိပြီးကန်၏အကျယ်အဝန်းသည် ၁၀၀ စတုရန်းမိုင် ရှိသည်။ အင်းတော်ကြီးဘေးမဲ့တောကို သဘာဝပတ်ဝန်းကျင် အခြေခံ ခရီးသွားလုပ်ငန်းအတွက် နိုင်ငံတော်အစိုးရမှ သတ်မှတ်ပေးထားသည်။

သို့သော် ခရီးသွားလာရောက်မှုသည် လမ်းပန်းဆက်သွယ် ရေးခက်ခဲမှုကြောင့် ရေတိမ်ဒေသတစ်ခုဖြစ်သော အင်းလေးကန်ဘေးမဲ့တောထက် ခရီးသွားလာရောက်မှု လျော့နည်းကြောင်း စုံစမ်းသိရှိရသည်။

## အာဆီယံခရီးသွားပြပွဲတွင် မြန်မာကို နိုင်ငံတကာခရီးသွားလုပ်ငန်းများ အထူးစိတ်ဝင်စားခဲ့ဟုဆို

အောင်သူရ

ရန်ကုန်၊ ဇန်နဝါရီ- ၂၆

ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့တွင် နှစ်သုံးဆယ်ပြည့်အဖြစ်ကျင်းပခဲ့သော အာဆီယံခရီးသွားပြပွဲ (ATF)တွင် မြန်မာနိုင်ငံအား နိုင်ငံတကာမှ လာရောက်ကြသော ခရီးသွားကုမ္ပဏီများ၏ အထူးစိတ်ဝင်စားမှု ရရှိခဲ့ကြောင်း သိရသည်။

"လူတိုင်းရဲ့ပါးစပ်ဖျားမှာ မြန်မာနိုင်ငံအကြောင်းပဲပြောနေသံ ကြားနေရတယ်"ဟု အဆိုပါပြပွဲအား သွားရောက်ခဲ့သူ မြန်မာ့ဈေးကွက်မြှင့်တင်ရေး(MMC)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ခုနှစ်ရက်တာကျင်းပခဲ့သော အဆိုပါပြပွဲ၌ထုတ်ဝေသော TTG နေ့စဉ်သတင်းစာစောင်တွင်လည်း မြန်မာနိုင်ငံအကြောင်း နေ့စဉ်ပါရှိပြီး မြန်မာနိုင်ငံမှ လာရောက်ကြသူများ၏ ပြောဆိုသံများကိုလည်း အကျယ်တဝင့် နေ့စဉ်ဖော်ပြပေးခဲ့ကြောင်း ထိုပြပွဲသို့သွားရောက်ခဲ့သူ ခရီးသွားလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

"ဒီနှစ် Buyer တွေရဲ့ စာရင်းထဲမှာ မြန်မာနိုင်ငံပါလာတယ်။ မြန်မာနိုင်ငံက Destination (ခရီးသွားဒေသ)တွေကို Develop လုပ်ချင်လာကြတယ်"ဟု မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်အသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။အထူးသဖြင့် ရန်ကုန်မှ ကမ္ဘောဒီးယားနိုင်ငံ စီရမ်ရိမြို့သို့တိုက်ရိုက်လေယာဉ်ပျံသန်းခြင်းနှင့် မြန်မာနိုင်ငံပြည်တွင်း၌လေကြောင်းလိုင်းအသစ်များ တိုးချဲ့ပျံသန်းမည့်သတင်းများအား အထူးစိတ်ဝင်စားကြကြောင်း အဆိုပါပွဲသို့သွားရောက်ခဲ့သူများက ပြောသည်။

နှစ်စဉ်ဂျာမနီနိုင်ငံဘာလင်မြို့၌ကျင်းပသော နိုင်ငံတကာ ခရီးသွားပြပွဲ(ဘာလင် ITB) တွင်လည်း ၂၀၀၉ နှင့် ၂၀၁၀ နှစ်များတွင် စိတ်ဝင်စားသူများပြားလာခဲ့ကြောင်း သွားရောက်ခဲ့သူများကပြောသည်။ လူတစ်သိန်းသုံးသောင်းကျော် အသက်ဆုံးရှုံးခဲ့သည့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းမြန်မာနိုင်ငံသို့ဝင်ရောက်တိုက်ခိုက်ခဲ့ပြီးသည့်နောက်ပိုင်း မြန်မာနိုင်ငံအားလူသိများလာခဲ့ပြီး ကမ္ဘာလှည့်ခရီးသွားများ၏ စိတ်ဝင်စားခြင်းကို ခံခဲ့ရသည်။

စာ(၁၈) သို့





## မွေတော်ဓာတ်စစ်စေတီ ဘုရားပွဲ စည်ကားစွာ ကျင်းပမည်

သန်းဌေး

ရန်ကုန်၊ ဇန်နဝါရီ - ၂၆

ဗဒုံမင်းလက်ထက်ကတည်းက တည်ထားကိုးကွယ်ခဲ့သော ကယားပြည်နယ်ရှိ မိုးဗြဲမွေတော်ဓာတ်စစ်စေတီတော်ဘုရားပွဲအား စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း ဂေါပကဥက္ကဋ္ဌဦးမောင်လာက ပြောသည်။ "တပို့တွဲလဆန်း ၁၂ ရက်ကနေလပြည့်ကျော် ၁ ရက် (ဖေဖော်ဝါရီ ၁၅ ရက်မှ ၁၉) ရက် အထိကျင်းပမှာပါ" ဟု ၎င်းကပြောသည်။ ယခုနှစ်ကျင်းပရာတွင် ယခင်နှစ်များကထက် ထူးခြားစွာလောင်းကစားဝိုင်းလုံးဝမပါသော ဈေးဆိုင်တန်းများနှင့် ရိုးရာခေါင်ရည်ဆိုင်များ၊ ဝက်ပါပွဲများပါဝင်ပြီး မိုးဗြဲဈေးရှေ့တွင် ဆိုင်ခန်းဖွင့်လှစ်ရန်ပြင်ဆင်နေပြီဖြစ်ကြောင်း ဒေသခံဦးကြီးမြင့်နိုင် (လွိုင်ကော်) က ပြောကြားသည်။

"တပို့တွဲလပြည့်နေ့မှာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲလည်းပါမှာမို့ မိုးဗြဲမွေတော်ဓာတ်စစ်ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲလို့ အမည်ပေးထားတာတွေ့ရပါတယ်" ဟု ၎င်းကပြောသည်။ ဘုရားပွဲတော်ကျင်းပရေးကော်မတီမှ ဆိုင်ခန်းပေါင်း ၂,၀၀၀ ခန့်အထိ ထည့်သွင်းမည်ဖြစ်သောကြောင့် ၁၀ ပေပတ်လည်ဆိုင်ခန်းအကျယ်အတွက် ပွဲတော်ရက်အစမှ အဆုံး ၈,၀၀၀ ကျပ်အလှူငွေထည့်ရမည်ဖြစ်သည်။ အချို့ဆိုင်ခန်းများမှာ ၃,၀၀၀ ကျပ်နှင့်အများဆုံး ၁၅,၀၀၀ ကျပ်အလှူငွေထည့်ရမည်ဖြစ်ကြောင်းဈေးဆိုင်ဖွင့်လှစ်ရန်စီစဉ်နေသူတစ်ဦးကပြောသည်။ ဘုရားပွဲတော်ကာလအတွင်း သွားရေးလာရေး အဆင်ပြေစေရန် ဘုရားပွဲတော်ကျင်းပရေးအဖွဲ့က စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်၍ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများအား ဖိတ်ခေါ်ထားကြောင်း စုံစမ်းသိရှိရသည်။



7DAY NEWS JOURNAL
Vol.9, No.45 • FEBRUARY 3, 2011

# Cartoon

The Cartoon Logo





















7 DAY NEWS JOURNAL
Vol.9, No.45 • FEBRUARY 3, 2011




# မလေးရှားတွင် ဖေ့စ်ဘွတ်ခ်နှင့် ယူကျူ့ဘ် အသုံးပြုမှုများကို စောင့်ကြည့်မည်

**ပူထရာဂျာယာ၊ ဇန်နဝါရီ - ၂၅**
မလေးရှား ပြည်ထဲရေးဝန်ကြီးဌာနသည် ပြည်တွင်း၌လက်ရှိတည်ရှိနေသော ပုံနှိပ်ဥပဒေများနှင့် လမ်းညွှန်ချက်များကို ပြန်လည်သုံးသပ်ကာ အွန်လိုင်းဗီဒီယိုဝေမျှသည့်ဆိုက်များ၊ လူကြိုက်များသည့် လူမှုကွန်ရက်ဆိုက်များကို အာဏာပိုင်များအနေဖြင့် စောင့်ကြည့်စစ်ဆေးခွင့်ရရေး ဆောင်ရွက်နေကြောင်း ပြောကြားလိုက်သည်။ ပြည်ထဲရေးဝန်ကြီးဌာန၏ အထွေထွေအတွင်းရေးမှူးချုပ် မာမွတ်အဒမ်က ယနေ့ခေတ်တွင် အင်တာနက်သည် သတင်းဖြန့်ချိရာ၌ ကျယ်ပြန့်စွာ သုံးစွဲနေသောအရာဖြစ်ကြောင်း၊ ထို့ကြောင့် ဖေ့စ်ဘွတ်ခ်ကဲ့သို့ လူမှုကွန်ရက်ဆိုက်များနှင့် ယူကျူ့ဘ်ကဲ့သို့ ဗီဒီယိုဝေမျှရေး ဆိုက်များကို အသုံးပြုခြင်းအား စောင့်ကြည့်နိုင်ရန် စည်းမျဉ်း၊ ဥပဒေများ ရှိသင့်ကြောင်းဆိုထားသည်။

မစ္စတာမာမွတ်က ပြည်ထဲရေးဝန်ကြီးဌာနသည် အဆိုပြုချက်ဥပဒေကြမ်းကို နိုင်ငံတော်တရားသူကြီးချုပ်ရုံးထံ တင်သွင်းထားပြီး မတ်လတွင်လည်း ဥပဒေကိုမလေးပါလီမန်၌ ဆွေးနွေးနိုင်မည်ဟု မျှော်လင့်ကြောင်း ဆိုသည်။ အကယ်၍ ဥပဒေသာ ပြဋ္ဌာန်းနိုင်ပါက အင်တာနက်မှတစ်ဆင့် ကောလာဟလများ ဖြန့်ချိသောသူများကိုအရေးယူနိုင်မည် ဖြစ်ကြောင်းသိရသည်။

—*Ref: Xinhua*






# အိန္ဒိယနှင့် အင်ဒိုနီးရှား သဘောတူညီမှု ၁၈ ခု လက်မှတ်ရေးထိုး

**နယူးဒေလီ၊ ဇန်နဝါရီ - ၂၆**
အိန္ဒိယနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် သတ္တုတူးဖော်ရေး၊ အခြေခံအဆောက်အဦတည်ဆောက်ရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများတွင် ကန်ဒေါ်လာ ၁၅ ဒသမ ၁ ဘီလီယံတန်ကြေးရှိ သဘောတူစာချုပ် ၁၈ ခုကိုချုပ်ဆိုနိုင်ခဲ့ကြောင်းသိရသည်။

စီးပွားရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများ ရေးထိုးနိုင်ခြင်းကို လှိုက်လှိုက်လှဲလှဲကြိုဆိုပါကြောင်း အင်ဒိုနီးရှားသမ္မတ ဆူစီလိုဘမ်ဘန်းယူဒိုယူနိုက ပြောကြားသည်။

အိန္ဒိယနိုင်ငံမှ GVK စွမ်းအင်နှင့် အခြေခံအဆောက်အဦကုမ္ပဏီနှင့် အင်ဒိုနီးရှားအစိုးရတို့သည် ဘာလီနှင့် ဂျာဗားကျွန်းတို့တွင် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်သည့် လေယာဉ်ကွင်းနှစ်ကွင်းဆောက်လုပ်ရေး နားလည်မှု စာချွန်လွှာ ရေးထိုးကြသည်။ နှစ်နိုင်ငံကုန်သွယ်မှုသည် ငါးနှစ်အတွင်း ကန်ဒေါ်လာ ၂၅ ဘီလီယံသို့ ရောက်ရှိလာမည်ဟု နှစ်ဖက်လုံးက မျှော်လင့်ထားသည်။

နှစ်နိုင်ငံလုံးသည် စီးပွားရေးလက်တွဲဖက်များအဖြစ် ပို၍ အားကောင်းလာကြောင်း ၂၀၀၅ ခုနှစ်တွင် ကန်ဒေါ်လာ ၄ ဘီလီယံရှိခဲ့သည့် နှစ်နိုင်ငံကုန်သွယ်ရေးသည် ၂၀၁၀ ပြည့်နှစ်တွင် ကန်ဒေါ်လာ ၁၂ဘီလီယံသို့ရောက်ရှိလာကြောင်း၊ ယင်းကို နောက်ငါးနှစ်အကြာ ၂၀၁၅ ခုနှစ်တွင် ကန်ဒေါ်လာ ၂၅ ဘီလီယံသို့ ရောက်ရှိရန် မျှော်မှန်းထားကြောင်း အင်ဒိုနီးရှားသမ္မတ ယူဒိုယူနိုကပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ ကာလီမန်တန်ကျွန်းအလယ်ပိုင်းတွင် အခြေခံအဆောက်အဦများတည်ဆောက်ရေး၊ သံမဏိစက်ရုံတည်ဆောက်ရေးနှင့် ဓာတ်သတ္တုတူးဖော်ရေးလုပ်ငန်းများအတွက်လည်း နှစ်နိုင်ငံသဘောတူလက်မှတ်ရေးထိုးကြသည်။

—*Ref: The Hindu*

7 DAY NEWS JOURNAL
Vol.9, No.45 • FEBRUARY 3, 2011




## နောက်ကျောဖုံး - ခေါင်းဆောင်များက ကမ္ဘာ့စီးပွားရေးအပေါ် အကောင်းဘက်က မြင် မှ

အင်တာနက်မှတစ်ဆင့် အပြန်အလှန်ဆက်သွယ်နေမှုနှင့် ကမ္ဘာတစ်ဝန်းလွှမ်းခြုံမှုဖြစ်စဉ်၏ ရိုက်ခတ်မှုအကြောင်းအရာများကိုလည်း ဦးစားပေးဆွေးနွေးခဲ့ကြသည်။ လျှို့ဝှက်ချက်များဖွင့်ချသော ဝီကီလိခ်ဝက်ဘ်ဆိုက်မှ ရရှိသော သင်ခန်းစာများကြောင့်လည်း နိုင်ငံအစိုးရများ၊ စီးပွားရေးလုပ်ငန်းများနှင့် အင်တာနက်ဆက်သွယ်ရေးကို မည်သို့အပြန်အလှန် ချိတ်ဆက်မည်ကိုလည်း ငြင်းခုန်ဆွေးနွေးမှုဖြစ်ပေါ်ခဲ့ပြီး စည်းမျဉ်းစည်းကမ်းများချမှတ်သင့်၊ မသင့်ကိုလည်း ငြင်းခုန်ဆွေးနွေးခဲ့ကြသည်။

ဒါးဗို့စ်စီးပွားရေးဖိုရမ်တွင် အစိုးရများ၊ စီးပွားရေးလုပ်ငန်းများနှင့် ပညာရေးနယ်ပယ်မှ အထက်မြက်ဆုံး လူပေါင်း ၂၅၀၀ တွေ့ဆုံဆွေးနွေးခဲ့ကြပြီး ၂၀၁၀ ခုနှစ်မှစ၍ စီးပွားရေးအခြေအနေများပြန်လည် ဦးမော့လာပြီဟု ကျယ်ကျယ်ပြန့်ပြန့် သဘောတူညီခဲ့ကြသော်လည်း ကမ္ဘာ့စီးပွားရေးနာလန်ထူလာမှုတွင် အခက်အခဲများရှိနိုင်သည်ကိုလည်း အသိအမှတ်ပြုခဲ့ကြသည်။ —*Ref: AP*

## နောက်ကျောဖုံး - ဈေးနှုန်းများတည်ငြိမ်ရေးကို တရုတ်ဗဟိုဘဏ်က ဦးစားပေးကိုင်တွယ်မည် မှ



စားသုံးသူဈေးနှုန်းများမြင့်တက်လာခြင်းကြောင့် ငွေကြေးတင်းကျပ်ရေးအတွက် ဗဟိုဘဏ်ကကိုင်တွယ်ဆောင်ရွက်ခဲ့ရာတွင် အတိုးနှုန်း နှစ်ကြိမ်တိုးမြှင့်ခြင်း၊ ဗဟိုဘဏ်၏ အရန်ရန်ပုံငွေ ရာခိုင်နှုန်းတိုးမြှင့်ခြင်းများ ပြုလုပ်ခဲ့ရသည်။ တရုတ်ဗဟိုဘဏ်သည် ဈေးနှုန်းနှင့် ငွေကြေးပမာဏများကိုလျှော့နည်းစေမည့် ငွေကြေးပေါ်လစီများကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်၍ပွင့်လင်းသောဈေးကွက် ရည်မှန်းချက်များကိုရောက်ရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တရုတ်အာဏာပိုင်များသည်သင့်တင်လျောက်ပတ်သောငွေကြေးပေါ်လစီများကို ကျင့်သုံးမည်ဟု ယခင်လအတွင်း စတင်ကြေညာခဲ့ပြီး ငွေကြေးဖောင်းပွမှုမြင့်တက်ခြင်းနှင့် အထွေထွေပိုင်ဆိုင်မှု တန်ဖိုးများ မြင့်တက်လာခြင်းအန္တရာယ်ကို ကန့်သတ်နိုင်ရန်ကိုင်တွယ်ဆောင်ရွက်နေကြသည်။ —*Ref: Xinhua*

## ကမ္ဘာ့အလုပ်လက်မဲ့နှုန်း မြင့်မားနေဆဲဖြစ်ကြောင်း နိုင်ငံတကာအလုပ်သမားအဖွဲ့ ထုတ်ပြန်ကြေညာ

**ဂျီနီဗာ၊ ဇန်နဝါရီ - ၂၅**

ဒါးဗို့စ်မြို့ ကမ္ဘာ့စီးပွားရေးဖိုရမ်တွင် ကမ္ဘာ့ခေါင်းဆောင်များနှင့် ကုမ္ပဏီအမှုဆောင်အရာရှိကြီးများ ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်ရန်ပြင်ဆင်နေချိန်မှာပင် ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်းဖြစ်ပေါ်ခဲ့ပြီးနောက် ကမ္ဘာပေါ်တွင် အလုပ်လက်မဲ့ဖြစ်နေသူ ၂၀၅ သန်းရှိကြောင်းနှင့် ယင်းအရေအတွက်မှာ ၂၀၁၁ တွင်လည်း လျော့ပါးသွားဖွယ်မရှိကြောင်း နိုင်ငံတကာအလုပ်သမားအဖွဲ့ကြီး (ILO) က ထုတ်ပြန်ကြေညာခဲ့သည်။

ကမ္ဘာ့အလုပ်လက်မဲ့လူဦးရေသည် ၂၀၁၁ တွင် ၂၀၁၀ အရေအတွက်ထက် တစ်ရာခိုင်နှုန်းပင် လျော့ကျနိုင်မည်မဟုတ်ကြောင်း အိုင်အယ်လ်အိုကြေညာချက်က ဖော်ပြသည်။ ဒါးဗို့စ်မြို့ ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ ကမ္ဘာတစ်ဝန်းမှ စီးပွားရေးခေါင်းဆောင်များနှင့် နိုင်ငံရေးခေါင်းဆောင်ပေါင်း ၂,၅၀၀ ခန့် တက်ရောက်ကြမည်ဖြစ်ပြီး ကမ္ဘာ့အခြေအနေများကိုငါးရက်တာ ဆွေးနွေးကြမည်ဖြစ်သည်။

ကမ္ဘာ့စီးပွားရေးကျဆင်းမှု၏ လူသားကုန်ကျစရိတ်များဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်ကြောင်း နိုင်ငံတကာအလုပ်သမားအဖွဲ့အကြီးအကဲ ဂျူအန်ဆိုမာဗီယာက ထုတ်ပြန်ကြေညာချက်တွင် ရေးသားခဲ့ခြင်းဖြစ်သည်။

ဘဏ္ဍာရေးအကျပ်အတည်း စတင်ခဲ့သည့် ၂၀၀၇ ခုနှစ်ကနှင့်နှိုင်းယှဉ်ပါက ကမ္ဘာပေါ်တွင် အလုပ်လက်မဲ့ဦးရေ ၂၇ ဒသမ ၆ သန်းပိုများလာကြောင်း ဂျီနီဗာမြို့အခြေစိုက် ILO အဖွဲ့က ပြောကြားသည်။

ဒါးဗို့စ်မြို့ စီးပွားရေးဖိုရမ်တွင် ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်း မည်သို့ဖြစ်ပေါ်ခဲ့သနည်း။ ရှေ့ဆက်၍ မည်သို့လုပ်ဆောင်ကြမည်နည်း စသည့်အကြောင်းအရာများကို ငြင်းခုံဆွေးနွေးကြမည်ဟု မျှော်လင့်ရသည်။ —*Ref: AP*

## Leader's Profile

# နိုင်ငံတကာအလုပ်သမားအဖွဲ့အကြီးအကဲ ဂျူအန်ဆိုမာဗီယာ



**ရဲမင်း**

ဂျူအန်ဆိုမာဗီယာသည် နိုင်ငံတကာအလုပ်သမားရေးရာအဖွဲ့ကြီး (ILO) ၏လက်ရှိညွှန်ကြားရေးမှူးချုပ်ဖြစ်သည်။ အိုင်အယ်လ်အို အဖွဲ့ကြီး၏ နဝမမြောက် အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ရန် ၁၉၉၈ ခုနှစ် မတ်လ ၂၃ ရက်တွင် ရွေးချယ်တင်မြှောက်ခံရသည်။ အိုင်အယ်လ်အိုအဖွဲ့ကြီးအား ဦးဆောင်ခွင့်ရရှိသည့် ပထမဦးဆုံး ကမ္ဘာ့တောင်ဘက်ခြမ်းမှ ကိုယ်စားလှယ်ဖြစ်သည်။ အိုင်အယ်လ်အို၏ အကြီးအကဲအဖြစ် ၂၀၀၃ ခုနှစ် မတ်လတွင် ဒုတိယအကြိမ်ထပ်မံရွေးကောက်ခံရပြီး ၂၀၀၈ ခုနှစ် နိုဝင်ဘာလတွင် တတိယအကြိမ်မြောက်ငါးနှစ်သက်တမ်းအတွက် ထပ်မံရွေးကောက်တင်မြှောက်ခံရသူဖြစ်သည်။

ဂျူအန်အား ၁၉၄၁ ခုနှစ် ဧပြီလ ၂၁ရက်တွင် ချီလီနိုင်ငံ၌မွေးဖွားခဲ့သည်။ အခြေခံပညာရေးကို ချီလီ၊ နယ်သာလန်၊ ဘယ်လ်ဂျီယမ်၊ အမေရိကန်နှင့် အီကွေဒေါ နိုင်ငံတို့တွင် သင်ယူခဲ့သည်။ တက္ကသိုလ်ပညာရေးအတွက် ၁၉၅၈ ခုနှစ်တွင် ချီလီနိုင်ငံ ကက်သလစ်တက္ကသိုလ်တွင် တက်ရောက်သင်ကြားခဲ့သည်။ ယင်းတက္ကသိုလ်မှ ၁၉၆၂ ခုနှစ် ဥပဒေဘွဲ့ရရှိပြီးနောက် ပြင်သစ်နိုင်ငံ ပါရီတက္ကသိုလ် ဥပဒေနှင့်စီးပွားရေးပညာသင်ကျောင်းတွင် ဆက်လက်၍ ပညာဆည်းပူးခဲ့သည်။

ပါရီတက္ကသိုလ်မှ ဘွဲ့ရရှိပြီးနောက်ဂျူအန်ဆိုမာဗီယာသည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂ(ထိုစဉ်က) ကုန်သွယ်ရေးနှင့် အကောက်အခွန်အဖွဲ့ (GATT) ၏ကုန်သွယ်ရေးပေါ်လစီသင်တန်းများတွင် လူမှုရေးနှင့် စီးပွားရေးဆိုင်ရာကိစ္စရပ်များကို ကထိကအဖြစ် သင်ကြားပို့ချခဲ့သည်။ ၁၉၇၁ခုနှစ်တွင် ၎င်းပညာသင်ယူခဲ့ရာ ချီလီနိုင်ငံ ကက်သလစ်တက္ကသိုလ်တွင် နိုင်ငံတကာစီးပွားရေးနှင့် လူမှုရေးပါမောက္ခအဖြစ် ခန့်အပ်ခြင်းခံရသည်။ မစ္စတာဂျူအန်ဆိုမာဗီယာသည် လက်တင်အမေရိကဒေသနိုင်ငံများ စီးပွားရေးနှင့် လူမှုရေး ပူးပေါင်းဆောင်ရွက်ရေး အရေးကိစ္စများတွင် ရှေ့တန်းမှ ပါဝင်ဆောင်ရွက်ခဲ့ပြီး မက္ကဆီကိုနိုင်ငံ၊ မက္ကဆီကိုစီးတီးနှင့် ချီလီနိုင်ငံ စန်တီယာဂိုမြို့ကြီးများတွင် ကုန်သွယ်ရေးသမဂ္ဂများနှင့် လူမှုရေးလှုပ်ရှားမှုများကို ဆည်းပူးလေ့လာမှု အများအပြားပြုလုပ်ခဲ့သည်။

မစ္စတာဆိုမာဗီယာသည် ၁၉၇၆ မှ ၁၉၉၉ ခုနှစ်အထိ လူမှုရေးဖွံ့ဖြိုးတိုးတက်မှု ကုလသမဂ္ဂ၏ သုတေသနအင်စတီကျူ့ဒ်ဘုတ်အဖွဲ့ (UNRISD) ၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ ၎င်း၏ အမှုထမ်းကာလတစ်လျှောက်လုံးတွင် မစ္စတာဆိုမာဗီယာသည် ကုန်သွယ်ရေး၊ လူမှုရေး၊ လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များတွင် စာတမ်းများ အများအပြားရေးသားပို့ချခဲ့ပြီး ကိုးကားစာတမ်းအများ အပြားကိုလည်း ပြုစုခဲ့သည်။ ထို့အတွက်လည်း ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေးနှင့် လူမှုရေးဖွံ့ဖြိုး တိုးတက်မှုနယ်ပယ်များတွင် ဂုဏ်ပြုဆုအများအပြား ချီးမြှင့်ခံရသည်။

မစ္စတာဆိုမာဗီယာသည် ချီလီနိုင်ငံတွင် ဒီမိုကရေစီ ပြန်လည်ရှင်သန်ထွန်းကားရေးတွင် တက်တက်ကြွကြွပါဝင်လှုပ်ရှားခဲ့သူဖြစ်ပြီး ချီလီဒီမိုကရက်တစ်ညွှန့်ပေါင်း နိုင်ငံတကာကော်မရှင်၏ ဥက္ကဋ္ဌဖြစ်သလို တောင်အမေရိကငြိမ်းချမ်းရေးကော်မရှင်အဖွဲ့တည်ထောင်သူနှင့်အတွင်းရေးမှူးချုပ်အဖြစ်လည်း တာဝန်ယူခဲ့သည်။

၁၉၆၈ မှ ၁၉၇၀ ပြည့်နှစ်အထိ ချီလီနိုင်ငံခြားရေးဝန်ကြီးဌာန စီးပွားရေးနှင့် လူမှုရေးအကြံပေးအဖြစ်ဆောင်ရွက်ခဲ့သည်။ လက်တင်အမေရိက လွတ်လပ်စွာကုန်သွယ်ရေးအဖွဲ့၏ အမှုဆောင်အတွင်းရေးမှူးချုပ်တာဝန်ကို ထမ်းဆောင်ခဲ့သလို အခြားနိုင်ငံနှင့် လက်တင်အမေရိက ဒေသဆိုင်ရာ လူမှုရေး၊ စီးပွားရေးနှင့် လူ့အခွင့်အရေးအဖွဲ့အစည်းများတွင် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၉၀ မှ ၁၉၉၉ ခုနှစ် အထိ ကုလသမဂ္ဂဆိုင်ရာ ချီလီနိုင်ငံ၏ အမြဲတမ်းကိုယ်စားလှယ်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပြီး ထိုအတောအတွင်း ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲများ၊ ကော်မတီများတွင် ဦးဆောင်ဦးရွက်တာဝန်များ ထမ်းဆောင်ခဲ့သည်။ မစ္စတာဂျူအန်ဆိုမာဗီယာသည် ဇနီးသည် အန်ဒရီယာနာနှင့်အတူ သားသမီးနှစ်ဦး ထွန်းကားထားသည်။

—*Ref: Wikipedia*

## ဩစတြေးလျတွင် ကုန်းတွင်းရေပြင်ကျယ်ကြီး ရွေ့လျားလာ နေအိမ်များကို စွန့်ခွာထွက်ပြေးရ



**မဲလ်ဘုန်း၊ ဇန်နဝါရီ - ၂၅**

ဩစတြေးလျနိုင်ငံတွင် ရေကြီးရေလွှမ်းမိုးမှုများကြောင့် ကုန်းတွင်းပင်လယ်သဖွယ်ဖြစ်နေသည့် ရေများ နိုင်ငံအရှေ့တောင်ပိုင်းသို့ ရွေ့လျားလာခဲ့ပြီး ကျေးလက်ဒေသများကိုပါ ရေလွှမ်းမိုးခဲ့ရာ နေအိမ်များနှင့် စီးပွားရေးလုပ်ငန်းများ ခြိမ်းခြောက်ခံနေရသည်။ လူအသေအပျောက်စာရင်းမှာလည်း မြင့်တက်လာသည်။

အရေးပေါ် ကယ်ဆယ်ရေးအဖွဲ့များက မဲလ်ဘုန်းမြို့မှ မိုင် ၂၁၀ ကွာဝေးသည့် Swan Hill ဒေသတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ပြုလုပ်ရန် အာရုံစိုက်နေကြသည်။ ယင်းဒေသမှ လော့ဒန်နှင့် မူရေးမြစ်များ ပေါင်းဆုံရာဒေသဖြစ်ရာ ကုန်းတွင်းပင်လယ်မှ ရေများ ရောက်ရှိလာပါက ယင်းနေရာတွင် အကြီးအကျယ် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်နိုင်သည်ဟု ဗစ်တိုးရီးယားပြည်နယ် အရေးပေါ်ဌာနကပြောကြားသည်။


ဩစတြေးလျရေဘေးမှာ နိုဝင်ဘာလအတွင်း စံချိန်တင်မိုးရွာသွန်းမှုကြောင့် စတင်ခဲ့ပြီး ကွင်းစလန်ပြည်နယ် အရှေ့မြောက်ပိုင်းဒေသတွင် ကျယ်ကျယ်ပြန့်ပြန့်ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့သည်။ ကွင်းစလန်ပြည်နယ် ရေကြီး၊ ရေလွှမ်းမိုးမှုကြောင့် လူပေါင်း ၃၅ ဦး သေဆုံးခဲ့ပြီဖြစ်ကြောင်း ရဲတပ်ဖွဲ့ က ပြောကြားသည်။

ကွင်းစလန်ရေဘေးသည် နေအိမ်နှင့် စီးပွားရေးလုပ်ငန်းပေါင်း ၃၀,၀၀၀ ပျက်စီးစေခဲ့ပြီး ကောက်ပဲသီးနှံများ ပျက်စီးမှုနှင့် ကျောက်မီးသွေးတင်ပို့မှု ထိခိုက်ခြင်းများ ဖြစ်ပေါ်ခဲ့ရာ ကန်ဒေါ်လာသုံးဘီလီယံခန့် ဆုံးရှုံးနစ်နာခဲ့သည်။ နိုင်ငံ၏ တတိယအကြီးဆုံးမြို့ ဘရစ်ဘိန်းမှာလည်း ရက်ပေါင်းများစွာ ရေနစ်မြုပ်နေခဲ့သည်။

ယခုအခါ ရေကြီးမှုသည် ဗစ်တိုးရီးယားပြည်နယ် အရှေ့တောင်ဘက်သို့ ရွေ့လျားသွားပြီး မိုးသည်းထန်မှုကြောင့် မြစ်ကြီးများတွင်ရေလျှံနေသည်။ မြို့နယ်ပေါင်း ၇၆ မြို့နယ်ခန့် ရေဘေးဒဏ် ခံစားနေရကြောင်း ဗစ်တိုးရီးယားပြည်နယ် အရေးပေါ်ကယ်ဆယ်ရေးဌာနက ပြောကြားသည်။ ရေများ တစ်ဟုန်ထိုးမြင့်တက်လာနိုင်သည့် မြစ်ကြီးနှစ်စင်းပေါင်းဆုံရာ Swan Hill မြို့မှာ လူပေါင်း ၁၀,၀၀၀ ခန့်နေထိုင်သည့်မြို့ဖြစ်သည်။

—*Ref: The Age*

7 DAY NEWS JOURNAL
Vol.9, No.45 • FEBRUARY 3, 2011



# “ စိန်ခေါ်မှုတွေကို ကျွန်တော်ဆက်လက်ရင်ဆိုင်ရဆဲပါ

## အမေရိကန်ဗဟိုဘဏ်ဥက္ကဋ္ဌ ဘန်ဘာနန်ကီနှင့် မေးခွန်း ၁၀

ကျော်မျိုး

တိုင်းမ်မဂ္ဂဇင်းကြီးက ပေးအပ်ခဲ့တဲ့ ၂၀၀၉ ခုနှစ်ရဲ့ တစ်နှစ်တာလူသားဆုရခဲ့သူ အမေရိကန်ဗဟိုဘဏ်ဥက္ကဋ္ဌ ဘန်ဘာနန်ကီကို စာဖတ်ပရိသတ်ကြီးအနေနဲ့ မှတ်မိကြဦးမယ်ထင်ပါတယ်။ ဘာနန်ကီဟာကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်းကာလမှာ အထိနာခဲ့တဲ့ အမေရိကန်စီးပွားရေးကို ပွဲထိန်းဖို့ အဓိကနေရာမှာရှိတဲ့ ဗဟိုဘဏ်ဥက္ကဋ္ဌတစ်ဦးအနေနဲ့လည်း ယနေ့ ၂၀၁၁ ထဲဝင်တဲ့အထိ စိန်ခေါ်မှုအခက်အခဲတွေကို ရင်ဆိုင်နေရဆဲပါပဲ။ ဒါ့ကြောင့်တိုင်းမ်မဂ္ဂဇင်းဟာမစ္စတာဘာနန်ကီနဲ့ ပရိသတ်များရဲ့ အမေးအဖြေ ၁၀ ခုကို ဖော်ပြကာ အမေရိကန်စီးပွားရေးအကြောင်း၊ ဘဏ္ဍာရေးကဏ္ဍအနေအထားအကြောင်းတွေကို ရှင်းရှင်းလင်းလင်း သိမြင်စေခဲ့ပါတယ်။

**၂၀၀၉ မှာ တိုင်းမ်မဂ္ဂဇင်းရဲ့ တစ်နှစ်တာလူသားအဖြစ် ရွေးချယ်ခံရပြီးနောက် ဘာတွေပြောင်းလဲသွားခဲ့ပါသလဲ။**

**-ဆိုနီယာစမစ်၊ နယူးအော်လင်း**

အဲဒီလိုတစ်နှစ်တာလူသားဆုချီးမြှင့်ခံရခြင်းဟာ ကျွန်တော်အလွန်အရေးထားရတဲ့ ဂုဏ်ပြုခံရမှုပါ။ ဗဟိုဘဏ်မှာ စိန်ခေါ်မှုတွေကို ကျွန်တော်ဆက်လက်ရင်ဆိုင်ရဆဲပါ။ စီးပွားရေးပြန်တိုးတက်လာအောင်အကူအညီပေးဖို့ တတ်နိုင်သမျှ ကျွန်တော်တို့လုပ်နေပါတယ်။

**ကျွန်တော်တို့ဟာ အမျိုးသားကြွေးမြီတွေကို အကျေအလည် ပေးဆပ်နိုင်ပါ့မလား။ ဒါမှမဟုတ် ကျွန်တော်တို့ဟာအကြွေး ပြန်မဆပ်နိုင်တော့ဘဲ ပြန်မလာနိုင်တော့တဲ့ လမ်းဆုံးကို ကျော်လွန်နေပါပြီလား။**

**-မိုက်ကယ်လောရင့်စ်၊ လာ့စ်ဗေးဂတ်**

အခုကာလက အခွင့်အလမ်းရှိဆဲအခိုက်အတန့်ပါ။ ဒီအချိန်ဟာကျွန်တော်တို့အတွက် တိုင်းပြည်တစ်ခုအနေနဲ့ ဥပဒေတွေ အကောင်အထည်ဖော်ဖို့ တကယ်အရေးကြီးနေပါတယ်။ အဲဒီဥပဒေတွေက ကျွန်တော်တို့ရဲ့ သုံးစွဲနိုင်မှုနဲ့ အခွန်တို့အကြား ကာလရှည်မျှခြေရှိနေမှုကို ပြန်လည်ဖော်ဆောင်ပေးရပါမယ်။ ဒါဟာဖြစ်နိုင်ခြေရှိတယ်။ ဒါပေမဲ့ အဲဒီလိုလုပ်ဖို့ နိုင်ငံရေးအရ စိတ်ဆန္ဒရှိမှုနဲ့ သန္နိဋ္ဌာန်တော့ ရှိရမယ်လေ။

**အခြေခံကျတာတွေပဲ ပြောကြပါစို့။ အမေရိကန်စီးပွားရေးရဲ့ အကြီးမားဆုံးပြဿနာဟာ ဘာပါလဲ။ ကျွန်တော်တို့ဘယ်လို ဖြေရှင်းနိုင်မှာပါလဲ။**

**-အာမိုမယ်မီဒိုဗစ်၊ အဲဗရက်၊ မက်ဆာချူးဆက်**

ပထမဆုံးကတော့ အလုပ်အကိုင်နေရာတွေပေ့ါ။ ကျွန်တော်တို့မှာ အလုပ်လက်မဲ့တွေအများကြီးရှိနေတယ်။ ဒါတွေကို အလျင်အမြန်ဖြေရှင်းနိုင်တဲ့ နည်းလမ်းကတော့ မရှိပါဘူး။ ဗဟိုဘဏ်က စီးပွားရေးတိုးတက်အောင် ကူညီနိုင်ဖို့ငွေကြေးပေါ်လစီ ချမှတ်ပေးထားတယ်။ ဒုတိယအကြီးဆုံးပြဿနာကတော့ ကျွန်တော်တို့ရဲ့ ကာလရှည် ဘဏ္ဍာရေးလိုငွေပြနေမှုပါ။ ကွန်ဂရက်ဟာ နှစ်ရှည်အပိုင်းအခြားအားဖြင့် ပိုကောင်းတဲ့ဘဏ္ဍာရေး မျှခြေကို ရအောင်လုပ်ဖို့ သိပ်အရေးကြီးနေပါတယ်။ အဲဒါကို လုပ်ဖို့ပျက်ကွက်ရင် စီးပွားရေးတိုးတက်မှုကို တုံ့နှေးစေပြီးဘဏ္ဍာရေး အကျပ်အတည်းဖြစ်နိုင်ခြေ အန္တရာယ်ကို တိုးစေလိမ့်မယ်။

**လူကြီးမင်းဟာ 60 Minutes အစီအစဉ်မှာလည်း ဒီတိုင်းပြည်မှာ ဝင်ငွေမညီမျှမှုတွေ တိုးပွားလာနေတယ်လို့ အသိအမှတ်ပြု ပြောခဲ့ပါတယ်။ ဒီကွာဟချက်ကွက်လပ်ကိုပိတ်သိမ်းဖို့နည်းလမ်းတွေများ ရှိပါသလား။**

**-ကယ်လီဒရင်နာ၊ ပေါ်တက်ကတ်၊ အိုင်ယာလန်**

ဝင်ငွေမညီမျှမှုဟာ ပြဿနာဖြစ်စေပါတယ်။ ဘာ့ကြောင့်လဲဆိုတော့အဲဒါက ကျွန်တော်တို့လူ့အဖွဲ့အစည်းထဲက လူတော်တော်များများမှာ ကိုယ့်ဘာသာ အဆင့်မြင့်တိုးတက်အောင်လုပ်ဖို့ အခွင့်အလမ်းတွေ မရှိဘူးလို့ ဆိုလိုရာရောက်နေလို့ပါ။ ဝင်ငွေမညီမျှမှုကိုဖြေရှင်းဖို့ အကောင်းဆုံးနည်းကတော့လူတိုင်းအတွက် အရည်အသွေးမြင့် ပညာရေးကို ဖန်တီးပေးနိုင်ရပါမယ်။ ကျွန်တော်တို့ရဲ့ နည်းပညာအသုံးပြုလွှန်းပြီး ကမ္ဘာလုံးဆိုင်ရာ သဘောလည်းဆောင်လာတဲ့စီးပွားရေးမှာ ပညာရေးမရှိတဲ့ပြည်သူတွေဟာ သူတို့ရဲ့ စီးပွားရေးအခြေအနေကိုလည်း ကောင်းအောင်လုပ်နိုင်မှာ မဟုတ်ဘူးလေ။

**နိုင်ငံတော်တော်များများက ဒေါ်လာကို ကမ္ဘာ့အရန်ငွေကြေးအဖြစ်သုံးနေကြတာကို အစားထိုးချင်ကြောင်းဆန္ဒကို ဖော်ပြနေခဲ့ကြပါတယ်။ အဲဒါနဲ့ပတ်သက်လို့ရော ဆရာဘယ်လိုမြင်ပါသလဲ။**

**-ကယ်လေအက်ကဒါ၊ ဆွီဒင်။**

ဒေါ်လာကတော့ လာမယ့်အနာဂတ်ကာလအတွင်းမှာလည်း ထိပ်တန်းအရန် ငွေကြေးတစ်ရပ်အဖြစ်ဆက်ရှိနေမယ် ထင်ပါတယ်။ နိုင်ငံတွေကလည်း သူတို့ရဲ့ အရန်ငွေကြေးအများစုကို ဒေါ်လာနဲ့ပဲ ဆက်ထားနေကြတုန်းပါ။ ကျွန်တော်တို့မှာ အလွန်နက်ရှိုင်းပြီး စီးဆင်းမှုမြန်ဆန်တဲ့ ဘဏ္ဍာရေးဈေးကွက်တွေရှိထားနေတာ အားသာချက်တစ်ရပ်ပါ။

**တရုတ်ပြည်ဟာ ကမ္ဘာ့စီးပွားရေးကို ပြောင်းလဲနိုင်မယ်လို့ ထင်ပါသလား။**

**-ဂျူးလီယက်စ်ဘာဂါ၊ ဂျာမနီ။**

တရုတ်ပြည်ဟာ အလွန်လျင်မြန်စွာ တိုးတက်နေပြီး ကမ္ဘာ့စီးပွားရေးမှာ အရေးပါတဲ့နိုင်ငံတစ်နိုင်ငံဖြစ်လာနေတာ ထင်ရှားပါတယ်။ သူတို့လုပ်သင့်တဲ့ တစ်ချက်ကတော့ သူတို့ရဲ့ငွေကြေးကို ဈေးကွက်မှာဖြစ်နေတဲ့တန်ဖိုးနဲ့ နီးစပ်အောင် လုပ်ထားပေးဖို့ပါ။ ကမ္ဘာပေါ်မှာ ပိုပြီးမျှတဘက်ညီတဲ့ ကုန်သွယ်ရေးကို ခွင့်ပြုပေးဖို့ပါ။

**ကိုယ်လိုချင်တဲ့ အချိန်တိုင်းမှာ လေထဲကနေ ဒေါ်လာအသစ်တွေကို ကျွန်တော်သာ ဖန်တီးနိုင်မယ်ဆိုရင် စီးပွားရေးအတွက် ပိုပြီးအကျိုးအမြတ် ရှိလာနိုင်မလား။ အဲဒါဟာ ကျွန်တော်အတွက် မကောင်းဘူးဆိုရင်လည်း ဘာ့ကြောင့် ဗဟိုဘဏ်အတွက်ကျတော့ ငွေစက္ကူအသစ်တွေကို စိတ်ထင်တိုင်း ဖန်တီးနေရပါသလဲ။**

အမေရိကန်ဗဟိုဘဏ်ဟာ အတိုးနှုန်းတွေ ကျဆင်းစေဖို့ငွေတိုက်စာချုပ်တွေ ဝယ်ယူနေပါတယ်။ အပြန်အလှန်အားဖြင့် အဲဒါတွေက လူတွေကို အိမ်တွေ၊ ကားတွေဝယ်နိုင်အောင် ကူညီပေးပြီး၊ ကုမ္ပဏီတွေရဲ့ ရင်းနှီးမြှုပ်နှံမှုကိုလည်း တိုးမြှင့်ပေးပါတယ်။ အဲဒါက ပိုအားကောင်းတဲ့ စီးပွားရေးကိုဖြစ်စေပါတယ်။ ဒီပေါ်လစီတွေကလည်ပတ်နေတဲ့ ငွေကြေးပမာဏကို တိုးသွားစေမှာ မဟုတ်ပါဘူး။

**ကျွန်တော်တို့ရဲ့ ဘဏ်လုပ်ငန်းအဖွဲ့အစည်းတွေအပေါ် အမေရိကန်လူထုက ယုံကြည်မှုအသစ်တစ်ဖန်ပြန်ရဖို့ အချိန်ဘယ်လောက်ကြာနိုင်ပါသလဲ။**

**-အန်ထော်နီဟောလဗ်၊ အီလီနွိုက်။**

အချိန်ယူရဦးမှာပါ။ ဘဏ်တွေဟာ သူတို့ဖောက်သည်တွေရဲ့ယုံကြည်မှုကို မျှမျှတတဆောင်ရွက်ပေးခြင်း၊ ကောင်းမွန်တဲ့ ချေးငွေတွေ ထုတ်ပေးခြင်း ဘဏ္ဍာရေးအရလည်း ခိုင်မာမှုရှိခြင်းတို့ကနေသာ ပြန်လည်ရယူရပါလိမ့်မယ်။



**အမေရိကရဲ့ အကောင်းဆုံးစီးပွားရေးစနစ်ဆိုတာ ရှိသေးရဲ့လား။**

**-ဂျွန်မိုင်ဒယ်လ်၊ ဒင်ဗာ။**

ကျွန်တော်တို့ရဲ့ စီးပွားရေးစနစ်ဟာ လွတ်လပ်တဲ့ ဈေးကွက်တွေအပေါ်အခြေခံထားပြီး သင့်လျော်သလို စည်းမျဉ်းတွေနဲ့ ထိန်းချုပ်ပေးခဲ့တာမို့ သမိုင်းမှာအအောင်မြင်ဆုံးဆိုတာ သက်သေပြခဲ့သလို လူတွေအတွက်လည်း ကြွယ်ဝမှုကို ဖန်တီးပေးနိုင်ခဲ့ပါတယ်။

**ဗဟိုဘဏ်ဥက္ကဋ္ဌ တစ်ဦးအနေနဲ့ တာဝန်ယူစဉ်မှာ လေ့လာသင်ယူခဲ့တဲ့ အရေးကြီးဆုံးတစ်ခုတည်းသောအရာက ဘာပါလဲ။**

**-လူးဝစ်ကိုဟန်၊ သြစတြေးလျ။**

ကျွန်တော်တို့ဟာ သမိုင်းသင်ခန်းစာတွေကို ဂရုပြုရပါမယ်။ ဘဏ္ဍာရေး အကျပ်အတည်းတွေရဲ့သမိုင်းကို ကြည့်လိုက်ရင်၊ တီထွင်ဖန်တီးမှုရှိရှိနဲ့ အင်ပြည့်အားပြည့်တုံ့ပြန်တာဟာ၊ စီးပွားရေးအတွက် အထိအခိုက်နည်းဖို့အကောင်းဆုံးနည်းလမ်းဆိုတာ ပြနေပါတယ်။

*—Ref: 10 Question for Ben Bernanke*

7 DAY NEWS JOURNAL

# Entertainment

Vol.9, No.45 • FEBRUARY 3, 2011

## ဓိရာမိုရ်ရဲ့ အကယ်ဒမီ ညှော်ခံပွဲနဲ့အတူ မိတ်ဆက်ခဲ့တဲ့ **ကျွန်တော်နဲ့ဂီတ**



ဓာတ်ပုံ - ဇေျမာင်မောင်(အမရပူရ)

အေးသူစံ

**ရန်ကုန်၊ ဇန်နဝါရီ၂၇**

'ဇော်ကကနေသည်' ရုပ်ရှင် ဇာတ်ကားဖြင့် ၂၀၀၉ ခုနှစ်အတွက် အကောင်းဆုံး တေးဂီတထူးချွန်ဆု ရရှိခဲ့ သူဓိရာမိုရ်၏ အကယ်ဒမီ ညှော်ခံပွဲနှင့် 'ကျွန်တော်နဲ့ဂီတ' ဗီစီဒီ မိတ်ဆက်ပွဲကို ဇန်နဝါရီလ ၂၇ ရက်က စီးတီးစတားဟိုတယ်တွင်ကျင်းပခဲ့သည်။

ဓိရာမိုရ်၏ အကယ်ဒမီညှော်ခံပွဲသို့ ၎င်းတို့၏ ညီအစ်ကိုများဖြစ်ကြသော အကြည်တော်၊ A မင်းဆက်၊ ကိုဆန်းတို့ကိုလည်း စုံစုံလင်လင်တွေ့ရသည်။ စာပေ၊ ပန်းချီ၊ ဂီတစသည့် အနုပညာနယ်ပယ်ပေါင်းစုံ စုဝေးနေသော ၎င်းတို့ ညီအစ်ကိုများထဲတွင် ဓိရာမိုရ်က အကယ်ဒမီဆုကို ဆွတ်ခူးနိုင်ခဲ့သည့်အတွက် ညီအစ်ကိုများ အလွန်ပျော်ရွှင်နေကြသည်ကို ညှော်ခံပွဲတွင် တွေ့မြင်ရသည်။

"ကျွန်တော်သီဆိုထားတဲ့ 'ကျွန်တော့်ရဲ့ဒုတိယစီးရီးကို ၂၀၀၈ ခုနှစ်က အော်ဒီယိုထွက်ခဲ့ပါတယ်။ တတိယခွေကို အသံသွင်းနေတုန်း Excellent Creation က ဦးမျိုးဆွေနဲ့ ကိုလေးဖြူတို့ အားပေးလို့ ဗီစီဒီကို ကျွန်တော့်အစ်ကို ကိုဆန်းနဲ့ ရိုက်ဖြစ်ပါတယ်။ ခွေကို ကိုးလပိုင်း ဆယ်လပိုင်းမှာထွက်ချင်ပေမယ့် တိုက်တိုက်ဆိုင်ဆိုင်ပဲ ကျွန်တော် အကယ်ဒမီရပြီး

စာ(၄၉)သို့



ဓာတ်ပုံ - ဇေျမာင်မောင်(အမရပူရ)

## ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့ အနုပညာလုပ်ငန်းများ ပုံမှန်အတိုင်း လုပ်ဆောင်နေဟုဆို


အေးသူစံ

**ရန်ကုန်၊ ဇန်နဝါရီ - ၂၇**

မကြာသေးမီကမှမင်္ဂလာပွဲခြောက်ပွဲကို ခြိမ့်ခြိမ့်သဲသဲ အောင်မြင်ခမ်းနားစွာကျင်းပပြီးစီးသွားပြီဖြစ်သော ပြည်တွင်းထိပ်တန်း အနုပညာရှင်နှစ်ဦးဖြစ်ကြသည့် ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့ ဇနီးမောင်နှံနှစ်ဦးမှာအနုပညာလုပ်ငန်းများကို လွတ်လွတ်လပ်လပ်ပြန်လည်လုပ်ကိုင်နေကြောင်း သိရသည်။

"အူဝဲက မနေ့က ရယ်ဒီမိတ်အင်္ကျီကြော်ငြာနှစ်ခုကို ဘီဘုတ်ရိုက်ပေးတယ်။ လကုန်ခါနီးအထိ ကားရိုက်ကိုနားထားပြီး ၁ရက်နေ့မှာ ကိုလူမင်းနဲ့ ကားရိုက်ပြန်ဝင်ရမှာပါ။ နားထားတဲ့ရက်အတွင်း အူဝဲက Skin Care (အသားအရေထိန်းသိမ်းခြင်း) လုပ်နေပါတယ်။ အချိန်မရွေး ဖုန်းဆက်မေးမြန်းနိုင်ပါတယ်"ဟု အိန္ဒြာကျော်ဇင်၏ မိခင်ဒေါ်မြသီတာက အိန္ဒြာကျော်ဇင် ကိုင်ဆောင်သော လက်ကိုင်ဖုန်းမှတစ်ဆင့် 7Day News ၏မေးမြန်းမှုကိုဖြေကြားသည်။ ပြေတီဦးသည်လည်း ဇန်နဝါရီ ၂၇ရက်က ဒါရိုက်တာ မောင်ဗေဒါရိုက်ကူးပြီး စိုးမြတ်သူဇာ၊ စိုးပြည့်သဇင်တို့ဖြင့် 'အပြင်းစားဥယျာဉ်မှူး' ဗီဒီယိုဇာတ်ကားကိုရိုက်ကူးနေကြောင်း ပြေတီဦး၏ ညီဖြစ်သူက ယင်းဇာတ်ကား၏ရိုက်ကွင်းတွင်ပြေတီဦးကိုင်ဆောင်သော ဖုန်းမှတစ်ဆင့် 7Day News ၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားခဲ့သည်။

## မြောက်အမေရိက ဝင်ငွေအကောင်းဆုံး ရုပ်ရှင်စာရင်းမှာ ဦးဆောင်နေတဲ့ နာတာလီပေါ့တ်မင်း



**လော့စ်အိန်ဂျလိစ်၊ ဇန်နဝါရီ - ၂၄**

အော်စကာဆုဆန်ခါတင်များစာရင်းတွင် Black Swan ဇာတ်ကားဖြင့်ပါဝင်နေခဲ့သူ မင်းသမီးနာတာ လီပေါ့တ်မင်းသည် မင်းသားအက်ရှ်တန်ကုချ်ချာနှင့် တွဲဖက်သရုပ်ဆောင်ထားသည့် အချစ်ဟာသဇာတ်မြူးကား No Strings Attached ဇာတ်ကားဖြင့် မြောက်အမေရိကဝင်ငွေ အကောင်းဆုံး ဇာတ်ကားစာရင်းတွင် ဦးဆောင်နေသည်။

ထိုကားသည် အမေရိကန်နှင့် ကနေဒါ ရုပ်ရှင်ရုံများတွင် လက်မှတ်ရောင်းချရာမှ ဝင်ငွေ ဒေါ်လာ ၂၀ ဒသမ၃သန်းအထိရရှိခဲ့ပြီး ယင်းမှာ ဇန်နဝါရီ၂၁ရက် ဇာတ်ကားရုံတင်ပြီး သုံးရက်အတွင်းဖြစ်ကြောင်း ပြောသည်။ ရုပ်ရှင်ရိုက်ကူးမှု ကုန်ကျစရိတ် ဒေါ်လာ ၂၅ သန်း ကုန်ကျထားသော ယင်းရုပ်ရှင်ကားကို ကြည့်ရှုသူပရိသတ် ၇၀ရာခိုင်နှုန်းခန့်မှာ အမျိုးသမီးများဖြစ်ပြီး အသက်၂၅နှစ်အောက် လူငယ်အများစုအကြိုက်တွေ့နေကြောင်းဆိုသည်။ ယင်းဇာတ်ကားကို ဒါရိုက်တာအီဗန်ရစ်တ်မင်းက ရိုက်ကူးခြင်းဖြစ်သည်။ နာတာလီပေါ့တ်မင်း(၂၉နှစ်)သည် ၂၀၀၆ မတ်လကလည်း မြောက်အမေရိက၏ ဝင်ငွေအကောင်းဆုံးစာရင်းတွင် V For Vendetta ဇာတ်ကားဖြင့် ရုံတင်ပြသပြီး ပထမအပတ်အတွင်း ကန်ဒေါ်လာ ၂၆သန်းရကာ ဦးဆောင်ခဲ့ဖူးသည်။

—Ref: AFP



## ကလေးတွေအတွက် ရန်ပုံငွေရှာပေးမယ့် ဆောင်းဟေးဂျိုရဲ့ ဓာတ်ပုံစာအုပ်

**ဆိုးလ် - ဇန်နဝါရီ ၂၈**

မကြာမီကဟောလိဝုဒ် အခြေစိုက်အဖွဲ့တစ်ခုက ရွေးချယ်သော ကမ္ဘာ့အလှဆုံးအမျိုးသမီး၁၀၀တွင် နံပတ်၁၈ချိတ်ခဲ့သည့် တောင်ကိုရီးယား၏အလှဘုရင်မ ဆောင်းဟေးဂျို၏အလှဓာတ်ပုံများအားစုစည်း ဖော်ပြထားသောMomentအမည်ရစာအုပ်ကို ယနေ့ဖြန့်ချိလိုက်သည်။

ထိုစာအုပ်ရောင်းရငွေများကိုကလေးသူငယ်စောင့်ရှောက်ရေးအဖွဲ့များသို့ လှူဒါန်းနိုင်ရန်ဖြန့်ချိရောင်းချခြင်းဖြစ်သည်။

ဆောင်းသည် ထိုစာအုပ်တွင်ဖော်ပြနိုင်ရန်အလှဓာတ်ပုံများကို နယူးယောက်၊ ပြင်သစ်၊ နယ်သာလန်၊ ဘရာဇီးစသည့် ကမ္ဘာ့အထင်ကရ နေရာများတွင် သွားရောက်ရိုက်ကူးထားသည်။

ကမ္ဘာကျော်ဖက်ရှင်အလှဓာတ်ပုံများ ရိုက်ကူးရာတွင် နာမည်ကြီးသောပီတာလင်းဘတ်ချ်နှင့် ဟယ်လင်နာခရစ်စတင်းစန်တို့ရိုက်ကူးထားသောဓာတ်ပုံများပါဝင်ပြီး စာအုပ်ရေ ၂၀၀၀ကို ဈေးကွက်အတွင်းဖြန့်ချိထားကြောင်းသိရသည်။ Ref; Hancinema

7DAY NEWS JOURNAL
Vol.9, No.45 • FEBRUARY 3, 2011

# ချစ်သူပါက အကုန်အကျသက်သာသော နောနော်၏တစ်ကိုယ်တော်ဖျော်ဖြေပွဲ



အေးသူစံ

ရန်ကုန်၊ ဇန်နဝါရီလ – ၂၈

နောနော်နှင့် ၎င်း၏တီးဝိုင်း Blazeတို့၏ တစ်ကိုယ်တော်ဖျော်ဖြေပွဲကို ဗယ်လင်တိုင်းဒေးတွင် အမှတ်တရအဖြစ် ပြုလုပ်မည်ဖြစ်ကြောင်း နောနော်နှင့်တီးဝိုင်းအဖွဲ့တို့ကပြောသည်။

"ဒီပွဲလေးက ဗယ်လင်တိုင်းဒေးမှာ ထူးထူးခြားခြားလေးဖြစ်ချင်လို့ တစ်ကိုယ်တော်ဖျော်ဖြေပွဲလုပ်ဖြစ်တာပါ။ ဒီပွဲကရတဲ့ အကျိုးအမြတ်တစ်ဝက်ကို မိဘမဲ့ကလေးတွေကိုလှူပြီး ကျန်တဲ့တစ်ဝက်ကို မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ရန်ပုံငွေအတွက် ထားမှာပါ။ လက်မှတ်တစ်စောင်ကိုချစ်သူစုံတွဲတစ်တွဲအတွက် ကျပ်ခုနစ်ထောင်ဖြစ်ပါတယ်။ တစ်ယောက်တည်းလာရင်လည်း ခုနစ်ထောင်ဖြစ်တဲ့အတွက် စုံတွဲလာတာက ပိုအဆင်ပြေပါတယ်"ဟု နောနော်ကပြောသည်။ ပရိသတ်များထဲမှ စုံတွဲဆယ်တွဲကို ကံစမ်းမဲဖောက်ပြီး အမှတ်တရလက်ဆောင်များ ချီးမြှင့်မည့်အစီအစဉ်လည်း ပါဝင်သည်။

နောနော်၏ ဗယ်လင်တိုင်းဒေး တစ်ကိုယ်တော်ဖျော်ဖြေပွဲကို သုဝဏ္ဏအားကစားရုံ၌ နေ့လယ် ၂ နာရီတွင် စတင်ဖျော်ဖြေမည်ဖြစ်သည်။ ဧည့်သည်တီးဝိုင်းများအဖြစ် ပဥ္စင်၊ Nov 24နှင့် Straight line တီးဝိုင်းတို့ကလည်းဖျော်ဖြေမည်ဖြစ်သည်။ နောနော်၏ Blaze တီးဝိုင်းတွင် ဂစ်တာဒီးလာ၊ ဘေ့စ်ချစ်ပြူး၊ ဒရမ်အားဖုံတို့ဖြစ်ပြီး နောနော်က သီချင်းအပုဒ် ၃၀ကျော်သီဆိုမည်ဖြစ်သည်။ နောနော်၏ တစ်ကိုယ်တော်ဖျော်ဖြေပွဲမှာ ယခုတစ်ကြိမ်နှင့်ဆိုလျှင် တတိယအကြိမ်ဖြစ်ပြီး ယခုပွဲကို ACE ဆောက်လုပ်ရေးမှ အဓိကပံ့ပိုးပေးထားခြင်းဖြစ်သည်။






# King's Speech ဇာတ်ကား
## အော်စကာဆန်ခါတင်စာရင်းကို ဦးဆောင်

လော့စ်အိန်ဂျလိစ်၊ ဇန်နဝါရီ – ၂၆

ဗြိတိသျှသမိုင်းနောက်ခံ ရုပ်ရှင်ကား The King's Speech သည် အော်စကာဆု ဆန်ခါတင်စာရင်းတွင် အကောင်းဆုံးဇာတ်ကားဆု အပါအဝင် ဆု ၁၂ ဆုဖြင့် ထိပ်ဆုံးမှ ရေပန်းစားနေကြောင်းသိရသည်။ ယင်းကား၏ နောက်တွင်မူ ကောင်းဘွိုင်ကား True Grit နှင့် Facebook အကြောင်း ရုပ်ရှင် The Social Network တို့က ရေပန်းစားနေသည်။ အသက် ၅၀ အရွယ်ရှိ ဗြိတိသျှမင်းသားကြီး ကောလင်းဖာ့သ်ပါဝင်ထားသော The King's Speech ဇာတ်ကားသည် ဘုရင်မကြီးအဲလိဇဘက်-၂ ၏ဖခင် ဂျော့ဘုရင်-၆ အကြောင်း ရိုက်ကူးထားခြင်းဖြစ်သည်။

ကောလင်းဖာ့သ်မှာ ဆန်ခါတင်စာရင်းတွင် အကောင်းဆုံးသရုပ်ဆောင်ဆုအတွက်လည်းကောင်း၊ တွဲဖက်သရုပ်ဆောင်ဟယ်လင်နာဘိုဟမ်ကာတာမှာအကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုအတွက်လည်းကောင်း၊ ဂျော်ဖရီရပ်ရှ်မှာ အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုအတွက်လည်းကောင်း ပါဝင်လျက်ရှိသည်။

ယင်းကားသည် ဆန်ခါတင်စာရင်းတွင် ဒါရိုက်တာဆု၊ တည်းဖြတ်ဆု၊ နောက်ခံဂီတဆု၊ အနုပညာဒါရိုက်တာဆု၊ ဇာတ်ညွှန်းဆု၊ အဝတ်အစားဒီဇိုင်းဆု၊ အသံပေါင်းစပ်မှုဆုနှင့် မူရင်းဇာတ်ညွှန်းဆုတို့အတွက်လည်း ရေပန်းစားနေသည်။ ယခုနှစ် (၈၃)ကြိမ်မြောက် အော်စကာဆုအတွက် အကောင်းဆုံးဆန်ခါတင်စာရင်းတွင် Black Swan, The Fighter, Inception, The Kids are All Right, 127 Hours, Toy Story-3 နှင့် winter's Bone တို့လည်း ပါဝင်နေကြသည်။ အော်စကာဆုပေးပွဲကို ဖေဖော်ဝါရီ ၂၇တွင် ကျင်းပသွားမည်ဖြစ်သည်။

—Ref: AP



7DAY NEWS JOURNAL
Vol.9, No.45 • FEBRUARY 3, 2011

## အလိုက်ဖက်ဆုံးစုံတွဲငါးတွဲရွေးချယ်မည့်ဖျော်ဖြေပွဲကျင်းပမည်

**အေးသူစံ**

**ရန်ကုန်၊ ဇန်နဝါရီ - ၂၇**

အလိုက်ဖက်ဆုံး စုံတွဲငါးတွဲကို စတိတ်ရှိုးလာရောက်ကြည့်ရှုသည့် ပရိသတ်ထဲမှ ပြန်လည်ရွေးချယ်မည့် Valentine's Day အမှတ်တရဖျော်ဖြေပွဲကိုဖေဖော်ဝါရီလ ၁၄ ရက်တွင် ရန်ကုန်မြို့၊ မြရိပ်ညို ဟိုတယ်မြက်ခင်းပြင်၌ ကျင်းပမည်ဖြစ်ကြောင်း ပွဲစီစဉ်သူက ပြောသည်။

အဆိုပါစတိတ်ရှိုးပွဲတွင် စိုင်းစိုင်းခမ်းလှိုင်၊ ရဲလေး၊ Snare၊ လွှမ်းပိုင်၊ Reason (အောင်လ)၊ အစ္စဏီ၊ Nine One၊ ဘန်နီဖြိုး၊ ဉာဏ်လင်းအောင်၊ ချမ်းချမ်း၊ အေးသင်ချိုဆွေ၊ စန္ဒီမြင့်လွင်၊ ဝိုင်းစုခိုင်သိန်း၊ Bobby Soxer တို့က မြရိပ်ညိုမြက်ခင်းပြင်ရှိုးစင်မြင့်တွင် ဖျော်ဖြေမည်ဖြစ်ပြီး ဒီဂျေပိုင်းကို ဒီဂျေညီညီ၊ ဒီဂျေမစ်ကီနှင့် ဒီဂျေထွန်းထွဋ်တို့က မြရိပ်ညိုဟိုတယ်၏ တင်းနစ်ကွင်းတွင် တေးသီချင်းများတီးခတ်ကြမည်ဖြစ်သည်။

စုံတွဲတစ်တွဲလျှင် ကြိုတင်လက်မှတ်အဖြစ်ကျပ်ကိုးထောင်ဖြင့် ရောင်းချမည်ဖြစ်ပြီး တစ်ဦးစီဝယ်လျှင် ကျပ်ငါးထောင်သတ်မှတ်ထားသည်။ ပထမဆုံးလက်မှတ် ဝယ်ယူသူ စုံတွဲငါးရာကို ဗေဒင်တစ်ခါ မေးခွင့်နှင့် နှင်းဆီပန်း၊ ချောကလက်စသည့်ချစ်သူတို့၏ ချစ်ခြင်းသင်္ကေတ လက်ဆောင်များဝေငှပေးမည်ဟုပွဲစီစဉ်သူကပြောသည်။

လာရောက်ကြည့်ရှုကြသည့်ပရိသတ်စုံတွဲများထဲမှ အလိုက်ဖက်ဆုံးစုံတွဲငါးတွဲကို အဆိုတော်များနှင့် ပွဲစီစဉ်သူအဖွဲ့မှ ရွေးချယ်ပြီး မြရိပ်ညိုဟိုတယ်တွင် ညစာစားခွင့်လက်မှတ်များ ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။



### စာ-၄၇၊ မီရာမိုရ်ရဲ့ အကယ်ဒမီညွှန်ခံပွဲနဲ့အတူ မိတ်ဆက်ခဲ့တဲ့ ကျွန်တော်နဲ့ဂီတ မှ

သုံးလေးရက်အကြာမှာ ဖြန့်ဖြစ်တဲ့အတွက် ဒီပွဲလေးကို လုပ်ဖြစ်တာပါ"ဟု မိရာမိုရ်က အကယ်ဒမီညှော့ခံပွဲနေ့တွင်ပြောကြားသည်။

မိရာမိုရ်သည် ၂၀၀၀ ပြည့်နှစ်က 'ဂစ်တာရှိလား' တစ်ကိုယ်တော်စီးရီးထွက်ရှိထားပြီး ကိုယ်ပိုင်သံစဉ်သီချင်းများသီဆိုခဲ့သည်။ ၂၀၀၈ တွင် ဂီတကဗျာ တီးဝိုင်းနှင့် 'ကျွန်တော်နဲ့ဂီတ' အမည်ရှိ ဒုတိယစီးရီးထွက်ရှိခဲ့ပြီး ဗီစီဒီကို အစ်ကိုဖြစ်သူ ကိုဆန်းက ရိုက်ကူးပေးထားသည်။ အရိုး၊ အကြည်တော်၊ နေထွန်းနှင့် မိရာမိုရ်တို့ ရေးသားသော ကိုယ်ပိုင်သံစဉ်သီချင်း၁၀ပုဒ်ကို လိုက်ဖ်ရှိုးပုံစံ စီစဉ်တင်ဆက်ထားခြင်းဖြစ်သည်။ ဗီစီဒီမိတ်ဆက်ပွဲကို အကယ်ဒမီ ညှော့ခံပွဲနှင့်တစ်ပေါင်းတည်း ကျင်းပခဲ့ပြီး ယင်းနေ့ညပိုင်းတွင်လည်း နေအိမ်တွင် မွန်ရိုးရာခလေ့ထမင်းများကျွေးမွေးညှော့ခံခဲ့သည်ဟု မိရာမိုရ်ကပြောသည်။

## ဘရစ်တနေစပီးယား၏ သီချင်းခွေသစ် မတ်လ ၁၅ရက်နေ့ထွက်မည်

**ဟောလိဝုဒ်၊**

**ဇန်နဝါရီ - ၂၉**



အမေရိကန်နာမည်ကျော် ပေါ့အဆိုတော်ဘရစ်တနေစပီးယား၏ အမည်မပေးရသေးသော အယ်လ်ဘမ်သစ်သည် မတ်လ၁၅ရက်နေ့တွင် ထွက်ရှိမည်ဖြစ်ကြောင်း သိရသည်။

သူမ၏ သီချင်းခွေကို ထုတ်လုပ်ဖြန့်ချိမည့် Jive Record မှ ပေါက်ကြားလာသည့် စာရွက်စာတမ်းတစ်ခုတွင် ယင်းနေ့စွဲဖော်ပြထားခြင်းဖြစ်ပြီး နောက်ပိုင်းတွင် Jive ကုမ္ပဏီက အတည်ပြုခဲ့သည်။

ဘရစ်တနေစပီးယား၏ သီချင်းခွေတွင် Dr. Luke ၊ Max Martin ၊ Rodney Jerkins ၊ Avant နှင့် Bloodshy စသည့် အနုပညာရှင်များ ပါဝင်ပူးပေါင်းအားဖြည့်ပေးထားသည်။ ၎င်းအမည်မပေးရသေးသည့် အခွေတွင် ပါဝင်ပြီး ကနဦးအနေဖြင့် ထုတ်လွှင့်လိုက်သည့် 'Hold It Against Me' မြူးဇစ်ဗီဒီယိုမှာ စတင်ထုတ်လွှင့်စဉ်မှာပင် ဘီလ်ဘုတ် ၁၀၀ ၏ နံပါတ်တစ်နေရာ ရယူနိုင်ခဲ့သည်။

၎င်းမြူးဇစ်ဗီဒီယိုအား Jonas Akerland က ရိုက်ကူးထားပြီး ဘရစ်တနေစပီးယား၏ အကောင်းဆုံးစွမ်းဆောင်မှုနှင့် ညှို့အားပြင်းပြင်းဖြင့် ကပြထားပုံကို တွေ့ရမည်ဟုသိရသည်။

ယခုသီချင်းခွေမှာ ဘရစ်တနေ၏ သတ္တမမြောက်သီချင်းခွေဖြစ်ပြီး ၎င်း၏ နောက်ဆုံးသီချင်းခွေ Circus မှာ ၂၀၀၈ ခုနှစ်က ထွက်ရှိခဲ့သည်။

—Ref: Hollywood Reporter

## မြန်မာ့ ႐ုပ်ရှင်ထူးချွန်ဆုရဇာတ်ကားအချို့ မြို့လယ် ႐ုပ်ရှင်႐ုံအချို့တွင် ပြသမည်

**အေးသူစံ**

**ရန်ကုန်၊**

**ဇန်နဝါရီ - ၂၇**

၂၀၀၉ ခုနှစ်အတွက်မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိခဲ့သော ဇာတ်ကားများအနက် ဇာတ်ကားအချို့ကို မြို့လယ် ရုပ်ရှင်ရုံအချို့တွင် ပြန်လည် ပြသမည်ဟု သိရသည်။

ပြသမည့်ဇာတ်ကားများမှာ 'ဇော်ကကနေသည်'၊ 'မိုးညအိပ်မက်မြူ'၊ 'ကျောက်စက်ရေ' နှင့် 'အတိတ်ရဲ့အရိပ်' ရုပ်ရှင်ဇာတ်ကားတို့ဖြစ်ပြီး ယင်းဇာတ်ကားများမှာ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုနှစ်ဆုစီရရှိထားသော ဇာတ်ကားများ ဖြစ်ကြသည်။ 'ဇော်ကကနေသည်' ဇာတ်ကားကို ဇန်နဝါရီလ ၂၈ ရက်မှ ၃၀ ရက်အထိ ပြသမည်ဖြစ်ပြီး 'မိုးညအိပ်မက်မြူ' ရုပ်ရှင်ဇာတ်ကားကို ဇန်နဝါရီလ ၃၁ ရက်မှ ဖေဖော်ဝါရီလ ၃ ရက် အထိ ဂျန်းရှင်းမော်တင် ရုပ်ရှင်ရုံတွင် ပြသမည်ဖြစ်သည်။

'ဇော်ကကနေသည်' ဇာတ်ကားသည် ရုပ်ရှင်တေးဂီတဆု နှင့် ဒါရိုက်တာဆုတို့ရရှိထားသော ဇာတ်ကားဖြစ်သည်။ နေတိုး၊ ဇာနည်၊ ညွန့်ဝင်း၊ နန္ဒာလှိုင်၊ ဟဲဗီးဖြိုးနှင့် အခြားသရုပ်ဆောင်ပေါင်းများစွာ ပါဝင်ထားပြီး ဒါရိုက်တာမီးပွား၏ ပထမဆုံးဒါရိုက်တာထူးချွန်ဆုရ ဇာတ်ကားဖြစ်သကဲ့သို့ တေးဂီတဖန်တီးသူမိရာမိုရ်၏ ပထမဆုံးတေးဂီတထူးချွန်ဆုရ ဇာတ်ကားလည်းဖြစ်သည်။

'မိုးညအိပ်မက်မြူ' ဇာတ်ကားမှာ ဒါရိုက်တာကြည်ဖြူသျှင် ရိုက်ကူးပြီး နေတိုး၊ မိုးဟေကို၊ စိုးပြည့်သဇင်၊ သင်ဇာဝင့်ကျော်၊ထွန်းထွန်းဝင်း၊ ခင်သီတာထွန်းတို့ အဓိကသရုပ်ဆောင်ထားကာ နေတိုးနှင့် စိုးပြည့်သဇင်တို့အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုနှင့် အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုတို့ရရှိခဲ့သည့် ဇာတ်ကားဖြစ်သည်။ ယင်းဇာတ်ကားနှစ်ကားကို ဂျန်းရှင်းမော်တင် ရုပ်ရှင်ရုံတွင် ပုံမှန်ပွဲချိန်များအတိုင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ရွှေ့ဆောင်ရုံတွင် ဇန်နဝါရီ ၂၈ နှင့် ၂၉ တွင် 'ဇော်က ကနေသည်'၊ ဇန်နဝါရီ ၃၀ တွင် မိုးညအိပ်မက်မြူ၊ ဇန်နဝါရီ ၃၁ တွင် ကျောက်စက်ရေနှင့် ဖေဖော်ဝါရီ ၂ နှင့် ၃ တို့တွင် အတိတ်ရဲ့အရိပ်တို့ ပြသမည်ဖြစ်သည်။

## TOP 10 MOVIES IN AMERICA

ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | No Strings Attached | Paramount Pic. | ၁၉,၆၅၂,၉၂၁ | ၁ |
| ၂။ | The Green Hornet | Sony Pic. | ၆၃,၀၁၈,၀၈၀ | ၂ |
| ၃။ | The Dilemma | Universal Pic. | ၃၂,၇၄၆,၂၂၅ | ၂ |
| ၄။ | The King's Speech | The Weinstein Company | ၅၇,၃၁၃,၈၈၁ | ၉ |
| ၅။ | True Grit | Paramount Pic. | ၁၃၇,၉၆၃,၅၁၉ | ၅ |
| ၆။ | Black Swan | Fox Searchlight Pic. | ၈၃,၂၅၀,၃၇၅ | ၈ |
| ၇။ | Little Fockers | Universal Pic. | ၁၄၁,၁၁၁,၇၀၅ | ၅ |
| ၈။ | The Fighter | Paramount Pic. | ၇၂,၆၈၀,၇၄၀ | ၇ |
| ၉။ | Yogi Bear | Warner Bros. Pic. | ၈၈,၆၄၉,၅၉၈ | ၆ |
| ၁၀။ | TRON: Legacy | Walt Disney Studios | ၁၆၃,၂၀၆,၆၁၁ | ၆ |

## Movie Review

### Sanctum




ဖရန့်မက်ဂွိုင်းယားသည် ဝါရင့် သမ္ဘာရင့် ရေငုပ်သမားတစ်ဦးဖြစ်သည်။ တောင်ပစိဖိတ်သမုဒ္ဒရာ အီဆာအာလာရေအောက်ဂူများကို စူးစမ်းလေ့လာနေသည်မှာ လပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သည်။ ယင်းသို့ လေ့လာနေရင်း တစ်ရက်တွင် ရုတ်တရက်ရေကြီးမှုတစ်ခုကြောင့် ၎င်းတို့၏ ထွက်ပေါက်ပိတ်သွားခဲ့သည်။ ယခုတစ်ကြိမ်တွင် ဖရန့်နှင့်အတူ ၎င်း၏သား ၁၇နှစ်အရွယ်နှင့် ခရီးစဉ်အတွက် ဘဏ္ဍာရေးထောက်ပံ့သူလည်း လိုက်ပါလာရာ အကန့်အသတ်ရှိသည့် ထောက်ပံ့ရေးပစ္စည်းများကို အသုံးချရင်း ရေအောက်ကမ္ဘာဝဲဂယက်မှ လွတ်မြောက်နိုင်မည်လားဆိုသည်မှာ. . .။

Alister Grierson ရိုက်ကူးထားပြီး၊ James Cameron တို့အဖွဲ့က ထုတ်လုပ်ထားသော စွန့်စားမှု၊ အက်ရှင်နှင့် ဒရာမာပေါင်းစပ်ထားသည့်ဇာတ်ကားဖြစ်သည်။ Alice Parkinson၊ Richard Roxburgh၊ Rhys Wakefield တို့ ပါဝင်သရုပ်ဆောင်ထားပြီး ဖေဖော်ဝါရီလ ၄ရက်နေ့တွင် Universal Pictures က ဖြန့်ချိမည်ဖြစ်သည်။

Sports
7 DAY NEWS JOURNAL
Vol.9, No.45 • FEBRUARY 3, 2011

# မြန်မာ့သိုင်းပညာရပ်ကို ဥရောပတွင် သွားရောက်ပြသမည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဇန်နဝါရီ - ၂၆**

မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ သိုင်းသရုပ်ပြအဖွဲ့သည် ဥရောပနိုင်ငံများသို့ ပထမဆုံးအကြိမ်အဖြစ် မြန်မာ့သိုင်းပညာရပ်များကို သွားရောက်ပြသမည်ဖြစ်ကြောင်း သတင်း ရရှိသည်။

လာမည့် မတ်လ ၁၉ ရက်တွင် ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့၌ ပြုလုပ်မည့် 'ကိုယ်ခံပညာများ၏ည'(The Nights of Martial Arts)ပြပွဲအစီအစဉ်တွင် မြန်မာသိုင်းသရုပ်ပြအဖွဲ့က မြန်မာ့သိုင်းပညာရပ်များကို မိနစ်နှစ်ဆယ်ကြာပြသသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"မြန်မာ့သိုင်းပညာစွမ်းရည်ပြကွက်(ဓား၊ တုတ်၊ လှံ၊ လက်)တွေ၊ မြန်မာ့ရိုးရာသိုင်းပညာသိဒ္ဓိစွမ်းရည်ပြကွက်များ(ဥပမာ-လူနှစ်ဦး မျက်နှာချင်းဆိုင် မှိန်းချွန်လေးချောင်း ရင်အုံထောက်တွန်းကွေးပြခြင်း အစရှိသည့်ပြကွက်)ကို ပြသသွားမှာပါ"ဟု မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ အမှုဆောင်ဆရာကြီးဦးမင်းယက္ခက ပြောသည်။

ထို့အပြင် မြန်မာသိုင်းသရုပ်ပြအဖွဲ့သည် မတ်လ ၂၆ရက်တွင် ပြင်သစ်နိုင်ငံ၊ ဘာစီကမ်းခြေတွင် ကျင်းပမည့် 'ကိုယ်ခံပညာရပ်များပွဲတော်'(Festival of the Martial Arts)တွင်လည်း မြန်မာ့ရိုးရာသိုင်းပညာရပ်များကို ဆက်လက်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံက ရိုးရာသိုင်းအဖွဲ့အနေနဲ့ အရင်က အာရှနိုင်ငံတွေကိုတော့ သွားရောက်သရုပ်ပြသဖူးပါတယ်။ ဥရောပနိုင်ငံတွေကို သွားရောက်သရုပ်ပြတာကတော့ ဒါ ပထမဆုံးအကြိမ်ဖြစ်ပါတယ်။ စုစုပေါင်း အဖွဲ့ဝင် ၁၀ ဦး သွားရောက်ပြသမှာပါ"ဟု ဦးမင်းယက္ခက ပြောသည်။



ဆီဒိုးနားဟိုတယ်၏ နှစ်သစ်ကူးညတွင်ထည့်သွင်းပြသခဲ့သော မြန်မာ့သိုင်းစွမ်းရည်ပြကွက်တစ်ကွက်။ ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

အဆိုပါအစီအစဉ်ဖြစ်ပေါ်လာခြင်းမှာ ဆွစ်ဇာလန်နိုင်ငံ၊ လော့ဆမ်မြို့တွင် ရုံးစိုက်သည့် အပြည်ပြည်ဆိုင်ရာ သိုင်းဗန်တိုအဖွဲ့အစည်း (International Thaing Bando Association-ITBA) မှ ဖိတ်ခေါ်ကမ်းလှမ်း၍ ဖြစ်ကြောင်းသိရသည်။ ITBA သည် မြန်မာသိုင်းအဖွဲ့၏ အထွေထွေကုန်ကျစရိတ်အားလုံးကို တာဝန်ယူသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ITBA မှ တာဝန်ရှိသူများသည် ၂၀၁၀ ပြည့်နှစ်အတွင်းကတည်းက မြန်မာနိုင်ငံသို့လာရောက်ကာ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဆွေးနွေးမှုများပြုလုပ်ခဲ့ခြင်းဖြစ်သည်။ သရုပ်ပြပွဲမတိုင်မီ ဇန်နဝါရီလ ၂၅ ရက်ကလည်း ရန်ကုန်မြို့သို့လာရောက်ကာ မြန်မာသိုင်းစွမ်းရည်ပြကွက်များအား ကြည့်ရှုသွားခဲ့ကြောင်း သိရ သည်။

စာ(၅၁)သို့

## ရန်ကုန်ယူနိုက်တက် အမှတ်ပေးဇယားဦးဆောင်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဇန်နဝါရီ- ၂၉**

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲတိုင်းတွင် ငွေကြေးများစွာသုံးစွဲ၍ အသင်းအောင်မြင်ရန်ကြိုးပမ်းနေသော ရန်ကုန်ယူနိုက်တက်မှာ ယခုတစ်ပတ်တွင် ဇေယျာရွှေမြေအသင်းကို အနိုင်ယူ၍ အမှတ်ပေးဇယားကို ထိပ်မှ ဦးဆောင်ခွင့်ရခဲ့သည်။

ဇန်နဝါရီ ၂၉ ရက်က သုဝဏ္ဏကွင်းတွင် ထိပ်ဆုံးနှစ်သင်းတွေ့ဆုံခဲ့သည့် အဆိုပါပွဲစဉ်၌ ရန်ကုန်ယူနိုက်တက်အသင်းက (၃-၂)ဂိုးဖြင့် အနိုင်ရရှိပြီးခဲ့ပြီး ပွဲစဉ် (၃) အထိ ရာနှုန်းပြည့်နိုင်ပွဲဆက်ကာ အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

အခြားပွဲစဉ်တစ်ရပ်တွင် ဉဿာယူနိုက်တက်အသင်းက နေပြည်တော်အသင်းအား လစ်ပီလစ်ပီ၏ တစ်လုံးတည်းသောအနိုင်ဂိုးဖြင့် အနိုင်ရရှိကာရန်ကုန်အသင်းနှင့် ရမှတ်တူခဲ့သော်လည်း ဂိုးကွာခြားချက်အရ ဒုတိယနေရာတွင် ရပ်တည်ခဲ့သည်။

တောင်ကြီးမြို့တွင် ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်တွင်မူ လက်ရှိ ချန်ပီယံရတနာပုံအသင်းသည် ကမ္ဘောဇအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး ထိပ်ဆုံးအသင်းများနှင့် ရှစ်မှတ်တိတိကွာသွားခဲ့ပြီဖြစ်သည်။

## နေပြည်တော်အက်ဖ်စီ နည်းပြချုပ်အဖြစ် တောင်ကိုရီးယားနည်းပြကို ခန့်အပ်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဇန်နဝါရီ- ၂၉**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် နှစ်ပွဲဆက်ရှုံးနိမ့်ထားသော နေပြည်တော်ဘောလုံးအသင်းသည် အသင်း၏နည်းပြချုပ် ဦးအောင်နိုင်အစား တောင်ကိုရီးယားနည်းပြ ချောင်တေးယောင်ကို ပြောင်းလဲခန့်အပ်ခဲ့ကြောင်းသတင်းရရှိသည်။

နေပြည်တော်အသင်းသည် အဆိုပါ ကိုရီးယားနည်းပြဆရာအား ယခုနှစ်ဘောလုံးရာသီအစတွင် ခေါ်ယူထားခြင်းဖြစ်ပြီး နည်းစနစ်ဒါရိုက်တာအဖြစ် တာဝန်ပေးထားခြင်းဖြစ်သည်။ စာ(၅၁)သို့





နည်းပြချုပ်အဖြစ်တာဝန်ယူမည့် မစ္စတာ မီလန်ဇီဗာဒီနိုဗစ်။ ဓာတ်ပုံ - ဗိုလ်ဗိုလ်ဝင်း

## အသင်းအောင်မြင်မှုမရလျှင် အလုပ်ထွက်မည်ဟု မြန်မာဘောလုံးအသင်းနည်းပြချုပ်ပြောကြား

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇန်နဝါရီ - ၂၇**

မြန်မာလက်ရွေးစင်အသင်း အောင်မြင်မှုမရရှိခဲ့ပါက ကိုယ်တိုင်နုတ်ထွက်စာတင်ကာ နည်းပြချုပ်ရာထူးမှ နုတ်ထွက်သွားမည်ဖြစ်ကြောင်း မြန်မာအသင်း၏ နည်းပြချုပ်အသစ် ဆားဘီးယားလူမျိုး မီလန်ဇီဗာဒီနိုဗစ်က ပြောကြားသည်။

"မြန်မာအသင်းအနေနဲ့ ပြိုင်ပွဲတစ်ခုမှာ ရှုံးခဲ့ရင် အဖွဲ့ချုပ်၊ နည်းပြဆရာတွေနဲ့ကစားသမားတွေကို အပြစ်မတင်ပါနဲ့။ ကျွန်တော့်ကိုပဲ အပြစ်တင်ပါ။ ကျွန်တော့်အနေနဲ့ မြန်မာအသင်းကို ခုမှ စကိုင်တွယ်ရမှာဆိုတော့ ဘယ်လိုဖြစ်လာမလဲဆိုတာကတော့ မသိသေးပါဘူး။ ဒါပေမဲ့ အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားမှာဖြစ်ပြီး၊ အောင်မြင်မယ်ဆိုတာကို ယုံကြည်ပါတယ်။ နောက်ဆုံး မြန်မာအသင်း မအောင်မြင်ဘူးဆိုရင်လည်း ကျွန်တော့်အနေနဲ့ စာချုပ်ကိုဖျက်သိမ်းပြီး စာချုပ်မပြီးခင် နုတ်ထွက်သွားမှာပါ"ဟု ဇီဗာဒီနိုဗစ်က ဇန်နဝါရီလ ၂၆ ရက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF)အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည့် ၎င်းအား နည်းပြချုပ်အဖြစ် စာချုပ်ချုပ်ဆိုသည့် အခမ်းအနားတွင် ပြောကြားခဲ့သည်။

MFFသည် အဆိုပါ ဆားဘီးယားနည်းပြနှင့်အတူ လက်ထောက်နည်းပြနှစ်ဦးတို့အား ၂ နှစ် သက်တမ်းစာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး၊ ၎င်းတို့၏ လစာနှုန်းထားကိုမူ ထုတ်ပြန်ကြေညာခြင်းမရှိခဲ့ပေ။

"နည်းပြသစ်ကို ကမ္ဘာအနှံ့က နည်းပြဆရာ ၁၅ ဦးလောက်ထဲက နည်းစနစ်ဒါရိုက်တာအဖွဲ့တွေနဲ့ ဥက္ကဋ္ဌကပါ ရွေးချယ်ပြီး ခန့်အပ်ခဲ့တာပါ။ သူ့ကို အဓိကခန့်ဖြစ်တာက သူကိုင်တွယ်ခဲ့တဲ့ အသင်းတော်တော်များများက ကစားသမားအရွယ်အစား၊ ကစားဟန်တွေဟာ မြန်မာကစားသမားတွေနဲ့ အနေအထားသိပ်မကွာဘဲ နီးစပ်မယ်ထင်လို့ပါ"ဟု MFF မှ တာဝန်ရှိသူတစ်ဦးက နည်းပြချုပ်အဖြစ် ခန့်အပ်ရခြင်းအကြောင်းကိုပြောကြားသည်။

အသက် ၆၆ နှစ်အရွယ်ရှိပြီး လက်ရွေးစင်အသင်းလေးသင်းနှင့် ကလပ်အသင်းများစွာကို ကိုင်တွယ်ခဲ့ဖူးသည့် ဆားဘီးယားနည်းပြဆရာအနေဖြင့် ၂၀၁၂ လန်ဒန်အိုလံပစ်ပြိုင်ပွဲ ပထမအဆင့်ခြေစစ်ပွဲစဉ် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၃အသင်းအား စတင်ကိုင်တွယ်မည်ဖြစ်ကြောင်းသိရသည်။

မြန်မာ ယူ-၂၃အသင်းသည် လန်ဒန်အိုလံပစ်ပြိုင်ပွဲ ပထမအဆင့်ခြေစစ်ပွဲစဉ်အဖြစ် အိန္ဒိယအသင်းနှင့် ဖေဖော်ဝါရီလ ၂၃ ရက်တွင် ရန်ကုန်မြို့(အိမ်ကွင်း)၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး မတ်လ ၉ရက်တွင် (အဝေးကွင်း)၌ သွားရောက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**စာ(၅၀) - မြန်မာ့သိုင်းပညာရပ်ကို ဥရောပတွင် သွားရောက်ပြသမည် မှ**

"ကမ္ဘာ့နိုင်ငံပေါင်းစုံကလည်း သူတို့ရဲ့ ရိုးရာပညာရပ်တွေကို လာရောက်ပြသကြတဲ့ ဒီလိုပွဲကြီးတွေမှာ သွားရောက်ပြသရတဲ့အတွက် မြန်မာ့သိုင်းပညာကို ကမ္ဘာက ပိုမိုသိရှိမှာဖြစ်ပြီး၊ မြန်မာ့သိုင်းလောကအတွက်လည်း ဂုဏ်ရှိစေပါတယ်"ဟု ဦးမင်းယက္ခကပြောသည်။

မြန်မာ့ရိုးရာသိုင်းသရုပ်ပြအဖွဲ့သည် အဆိုပါနိုင်ငံများ၌ မြန်မာ့သိုင်းပညာရပ်များအကြောင်း ဆွေးနွေးပွဲများလည်း ပြုလုပ်သွားမည်ဟုလည်း သတင်းရရှိသည်။

## လီဗာပူးကို လက်စားချေမယ့် ချယ်လ်ဆီးနဲ့ အဝေးကွင်းပွဲတွေ ဖြတ်သန်းရမယ့် မန်ယူ၊ အာဆင်နယ်အပါအဝင် ပရီးမီးယားလိဂ်ပွဲစဉ်(၂၆) ပွဲကြိုခန့်မှန်းချက်

**ကိုထိုက်**

ဒီတစ်ပတ် ပရီးမီးယားလိဂ်ပွဲစဉ်(၂၆)မှာ ဇယားထိပ်က မန်ယူ၊ အာဆင်နယ်တို့ အဝေးကွင်းပွဲတွေ ကစားရမှာဖြစ်ပြီး ချယ်လ်ဆီး၊ မန်စီးတီးတို့ကတော့ အိမ်ကွင်းပွဲတွေ ကစားရမှာဖြစ်ပါတယ်။ ဒီတစ်ပတ်ပွဲစဉ်တွေထဲမှာမှ ချယ်လ်ဆီး-လီဗာပူးပွဲနဲ့ နယူးကာဆယ်-အာဆင်နယ်၊ စပါး-ဘော်လ်တန်တို့ရဲ့ပွဲတွေကတော့ အကြိတ်အနယ်ဖြစ်လာမှာပါ။



**<u>၅ ဖေဖော်ဝါရီ၊ စနေ</u>**

**ည ၇း၁၅ နာရီ**

**စတုတ်စီးတီး-ဆန်းဒါးလန်း**

**ပ-ကျော့ရလဒ် ၀-၂**

စတုတ်ဟာ ပြီးခဲ့တဲ့အိမ်ကွင်းသုံးပွဲမှာ တစ်ပွဲရှုံးခဲ့ပြီးနောက် နှစ်ပွဲဆက်တိုက် အနိုင်ရခဲ့ပါတယ်။ ဆန်းဒါးလန်းကလည်း ပြီးခဲ့တဲ့ အဝေးကွင်းသုံးပွဲမှာ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးထားပြီး ရလဒ်ကောင်းနေပါတယ်။ ကစားပုံပိုကောင်းတဲ့ ဧည့်သည်ဆန်းဒါးလန်းတို့ ကပ်နိုင်ခြေရှိပါတယ်။

**ည ၉း၃၀ နာရီ**

**ဗီလာ-ဖူလ်ဟမ်**

**ပ-ကျော့ရလဒ် ၁-၁**

ဗီလာဟာ နောက်ဆုံးအိမ်ကွင်းပွဲမှာ ခြေစွမ်းမာကျောတဲ့မန်စီးတီးကို ကပ်နိုင်ခဲ့ပါတယ်။ ဖူလ်ဟမ်ကလည်း ပြီးခဲ့တဲ့အဝေးကွင်းသုံးပွဲမှာ တစ်ပွဲသရေ၊ တစ်ပွဲနိုင်၊ တစ်ပွဲရှုံးရထားပြီး တောင့်တင်းတဲ့ ဗီလာနဲ့ ရင်ဆိုင်ရမှာမို့ နိုင်ခြေနည်းနေပါတယ်။ အိမ်ရှင်ဗီလာကို ရွေးချယ်သင့်ပြီး ရဂိုးနည်းမယ့်ပွဲပါ။

**ည ၉း၃၀ နာရီ**

**အဲဗာတန်-ဘလက်ပူးလ်**

**ပ-ကျော့ရလဒ် ၂-၂**

ပထမအကျော့တုန်းက သရေကျခဲ့ပေမယ့် ဒီအိမ်ကွင်းပွဲမှာတော့ အဲဗာတန်တို့ နိုင်ခြေရှိပါတယ်။ အဲဗာတန်တို့ ဒီနောက်ပိုင်း အိမ်ကွင်းရော အဝေးကွင်းမှာပါ သရေပွဲတွေများနေတာမို့ သတိထားရမှာပါ။ နှစ်သင်းပေါင်း သွင်းဂိုးနည်းနိုင်ပြီး အဲဗာတန်နိုင်ရင်လည်း ကပ်နိုင်ဖို့ပဲရှိပါတယ်။

**ည ၉း၃၀ နာရီ**

**မန်စီးတီး-ဝက်စ်ဘရွန်း**

**ပ-ကျော့ရလဒ် ၂-၀**

ဇယားကို ဦးဆောင်ဖို့အတွက် မန်စီးတီးတို့ အိမ်ကွင်းမှာ ဖိကစားရမှာပါ။ ဒီနှစ်သင်းနောက်ဆုံးတွေ့ဆုံမှုသုံးကြိမ်မှာ မန်စီးတီးက နှစ်ကြိမ်နိုင်ထားသလို လက်ရှိမှာလည်း အသင်းခေါင်းဆောင်တီဗက်ဇ်ခြေစွမ်းပြနေတဲ့ မန်စီးတီးကပဲ နှစ်ဂိုးအသာလောက်နဲ့ နိုင်သွားနိုင်ပါတယ်။

**ည ၉း၃၀ နာရီ**

**နယူးကာဆယ်-အာဆင်နယ်**

**ပ-ကျော့ရလဒ် ၀-၁**

ပထမအကျော့က မထင်မှတ်ဘဲ နယူးကာဆယ်တို့ အဝေးကွင်း နိုင်ပွဲရခဲ့ပါတယ်။ ဒါပေမဲ့ အာဆင်နယ် ဒီနောက်ပိုင်း အဝေးကွင်းသုံးပွဲမှာ သုံးပွဲဆက်တိုက် သုံးဂိုးပြတ်တွေနဲ့ နိုင်ထားပါတယ်။ တိုက်စစ်အားသာတဲ့ အာဆင်နယ်ကိုရွေးချယ်သင့်ပြီး၊ ဂိုးများဖွယ်ရှိပါတယ်။

**ည ၉း၃၀ နာရီ**

**စပါး-ဘော်လ်တန်**

**ပ-ကျော့ရလဒ် ၂-၄**

စပါးဟာ ပြီးခဲ့တဲ့အိမ်ကွင်းသုံးပွဲမှာ မန်ယူနဲ့သရေ၊ ဖူလ်ဟမ်၊ နယူးကာဆယ်တို့ကို နိုင်ခဲ့ပါတယ်။ ဘော်လ်တန်တို့ ပြီးခဲ့တဲ့အဝေးကွင်းသုံးပွဲဆက်တိုက် ရှုံးနိမ့်ထားတာမို့ ခရော့ချ်၊ ဗန်ဒါဗတ်တို့ရဲ့ စပါးကပဲ နှစ်ဂိုးအသာလောက်နဲ့ နိုင်သွားမှာပါ။

**ည ၉း၃၀ နာရီ**

**ဝီဂန်-ဘလက်ဘန်း**

**ပ-ကျော့ရလဒ် ၁-၂**

ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံမှုသုံးကြိမ်မှာ ဘလက်ဘန်းက နှစ်ကြိမ် အနိုင်ရပြီး တစ်ကြိမ် သရေကျထားပါတယ်။ ဒါပေမဲ့ ဝီဂန်ဟာ ဒီနောက်ပိုင်း အိမ်ကွင်းပွဲတွေမှာ အာဆင်နယ်၊ ဖူလ်ဟမ်တို့နဲ့ သရေကျခဲ့ပြီး နယူးကာဆယ်ကိုတော့ ကပ်ရှုံးထားပါတယ်။ ဘလက်ဘန်းတို့ အမြင့်ဆုံးသရေရဖို့သာရှိပြီး ဝီဂန်တို့ ကပ်နိုင်ခြေရှိပါတယ်။

**၆ ဖေဖော်ဝါရီ၊ တနင်္ဂနွေ**

**နံနက် ၀၀း၀၀ နာရီ**

**ဝုလ်-မန်ယူ**

**ပ-ကျော့ရလဒ် ၁-၂**

မန်ယူဟာ ဝုလ်နဲ့ နောက်ဆုံးတွေ့ဆုံထားမှုငါးကြိမ်မှာ ငါးကြိမ်စလုံး အနိုင်ရထားပါတယ်။ ဇယားမှာ ဦးဆောင်မှုရရေးအတွက် အရေးကြီးတဲ့ပွဲဖြစ်တာမို့ ဘာဘာတော့ဗ်၊ ရွန်နီတို့ရဲ့ မန်ယူကပဲ အဝေးကွင်းနိုင်ပွဲဆင်သွားဖွယ်ရှိပါတယ်။ မန်ယူတို့ နှစ်ဂိုးအသာလောက်ရနိုင်ခြေရှိတယ်။

**ည ၈း၃၀ နာရီ**

**ဝက်စ်ဟမ်း-ဘာမင်ဂမ်**

**ပ-ကျော့ရလဒ် ၂-၂**

ပထမအကျော့တုန်းက သရေကျခဲ့ပေမယ့် လိဂ်ဖလားပွဲမှာ ဝက်စ်ဟမ်းက ၂-၁ နဲ့ နိုင်ထားခဲ့တာရှိပါတယ်။ ဝက်စ်ဟမ်းတို့ ဇယားအောက်ဆုံးမှာ ရှိနေသလို ဘာမင်ဂမ်ကလည်း ရှန်းကန်နေရဆဲမို့ အနိုင်သုံးမှတ်ရရေး အရေးကြီးပါတယ်။ ဘာမင်ဂမ်ကို ဂိုးအနည်းနဲ့ရွေးချင်ပါတယ်။

**ည ၈း၃၀ နာရီ**

**ချယ်လ်ဆီး-လီဗာပူး**

**ပ-ကျော့ရလဒ် ၀-၂**

ပထမအကျော့တုန်းက ချယ်လ်ဆီးတို့ မထင်မှတ်ဘဲ လီဗာပူးအိမ်ကွင်း အန်ဖီးလ်မှာရှုံးနိမ့်ခဲ့ရပါတယ်။ ဒါပေမဲ့ စတန်းဖို့ဘရစ်ချ်မှာကစားမယ့် ဒီအိမ်ကွင်းပွဲမှာတော့ ချယ်လ်ဆီးတို့ဦးဆောင်ဂိုးရရင် ကျိန်းသေနိုင်မှာပါ။ လီဗာပူး အလွန်ဆုံးရရင် သရေဖြစ်ပြီး ချယ်လ်ဆီးတို့ အနည်းဆုံးတစ်ဂိုးအသာနဲ့နိုင်ခြေရှိပါတယ်။

**စာ(၅၀) - နေပြည်တော်အက်ဖ်စီ နည်းပြချုပ်အဖြစ် တောင်ကိုရီးယားနည်းပြကို ခန့်အပ် မှ**

"သူ့ကို အစကတည်းက နည်းပြချုပ်အဖြစ် ရည်ရွယ်ခဲ့တာပါ။ အသင်းနဲ့သိပ်မရင်းနှီးသေးလို့ပါ။ အခုတော့ နည်းပြချုပ်အဖြစ် ခန့်အပ်လိုက်ပါပြီ။ ဦးအောင်နိုင်က လက်ထောက်နည်းပြအဖြစ် ဆက်ရှိနေမှာပါ"ဟု နေပြည်တော်အသင်း၏ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နေပြည်တော်အသင်းသည် ဦးအေးမောင်ကြီး၊ ဦးသန်းတိုးအောင်၊ ဦးမျိုးဝင်း၊ ဦးမျိုးလှိုင်ဝင်း၊ ဦးအောင်နိုင်စသည့် နာမည်ကြီးပြည်တွင်းနည်းပြဆရာများကို ပိုင်ဆိုင်ထားပြီး ကိုရီးယားကစားသမားသုံးဦးနှင့် ဘရာဇီးကစားသမား တစ်ဦးကိုလည်း ခေါ်ယူထားသည်။

သို့သော် ၎င်းအသင်းသည် MNL ပွဲစဉ် ၂ ပွဲအပြီးတွင်ရန်ကုန်ယူနိုက်တက်နှင့် မကွေးအသင်းတို့အား ၂-၀ ဂိုးစီဖြင့် ဆက်တိုက်ရှုံးနိမ့်ခဲ့သည်။



## ကမ္ဘာ့အဆင့်သတ်မှတ်မည့် အာရှပတ်လည်မြားပစ်ပြိုင်ပွဲ မြန်မာ ဝင်ရောက်ယှဉ်ပြိုင်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇန်နဝါရီ - ၂၆**

၂၀၁၁ ခုနှစ် ပထမအကြိမ် ကမ္ဘာ့အဆင့် သတ်မှတ်ရေး အာရှပတ်လည်မြားပစ်ပြိုင်ပွဲသို့ မြန်မာမြားပစ်အဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါပြိုင်ပွဲကို ဖေဖော်ဝါရီလ ၁၆ရက်မှ ၂၂ရက်အထိ ထိုင်း နိုင်ငံ၊ ဘန်ကောက်မြို့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အာရှနိုင်ငံပေါင်း ၂၀ ကျော်မှ ဝင်ရောက် ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်းသိရသည်။

"ဒီပြိုင်ပွဲကို လာမယ့်ဆီးဂိမ်းပြိုင်ပွဲတွေအတွက် ရည်ရွယ်လေ့ကျင့်နေတဲ့ လူငယ်ကစားသမားတွေနဲ့ စီနီယာလက်ရွေးစင်တွေပေါင်းစပ်ပြီး ဝင်ရောက်ယှဉ်ပြိုင်သွားမှာပါ။ ပြိုင်ဘက်နိုင်ငံတွေရဲ့ ကြိုတင်ပြင်ဆင်ထားရှိမှုတွေလည်း အနီးကပ်လေ့လာခွင့်ရရှိမှာဖြစ်လို့ အကျိုးကျေးဇူးအများကြီး ရရှိမှာပါ"ဟု မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာ့လက်ရွေးစင်မြားပစ်အဖွဲ့အား ကိုရီးယားနည်းပြဆရာ Mr. Lee Sang Bong ကတာဝန်ယူလေ့ကျင့်လျက်ရှိပြီး၊ Compound နှင့် Recurve ပြိုင်ပွဲများသို့ အားကစားသမား စုစုပေါင်း ၁၉ ဦး(အမျိုးသား ၁၀ဦး၊ အမျိုးသမီး ၉ ဦး)ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။


EC ပညာ့ရိပ်သာ
Top-Ten
EC ပညာ့ရိပ်သာ
Four Skills English
www.ecprivateboardinghighschool.com


SHINE Construction Co.,Ltd.
Member of Shine Group of Companies
3-2-2011 မှ 6-2-2011 အထိ တပ်မတော်ခန်းမ တွင် ကျင်းပပြုလုပ်မည့် " LIFESTYLES EXPO 2011 " ပြပွဲတွင်
10% to 30 % Discount
ငွေကျပ် (၅)သိန်းယူဆောင်လာရုံဖြင့်
Apartment (၁)ခန်း ဝယ်ယူခွင့်ရရှိမည့်အခွင့်အရေး
ငွေကျပ် (၁၀)သိန်းယူဆောင်လာရုံဖြင့်
(၂၄)နာရီ ရေ၊ မီး၊ Internet တားပါဝင် ပါရှိသော
အဆင့်မြင့်ကွန်ဒို (၁)ခန်း ဝယ်ယူခွင့်ရရှိမည့်အခွင့်အရေး
ငွေကျပ် သိန်း(၁၀၀)ယူဆောင်လာရုံဖြင့်
Pent House (၁)လုံး
ဝယ်ယူခွင့်ရရှိမည့်အခွင့်အရေး
Laptop, Aircon, Electric Oven, ရေခဲသေတ္တာ, LCD (40")
ရရှိမည့်အခွင့်အရေး
Special Discount
ငွေကျပ်သိန်း(၅၀)ယူဆောင်လာရုံဖြင့်
Show Room
Tel Pilot No 01-385340~4

# ဗယ်လင်တိုင်းဒေးကို အနောက်ယဉ်ကျေးမှုအဖြစ် အီရန်နိုင်ငံတွင် ပိတ်ပင်



**တီဟီရန်၊ ဇန်နဝါရီ - ၂၄**

အီရန်အစိုးရသည် ဗယ်လင်တိုင်းဒေးအထိမ်းအမှတ် လက်ဆောင်ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် အဆိုပါနေ့အား ချီးကျူးဂုဏ်တင်သည့် မည်သည့်ကိစ္စကိုမဆို အနောက်တိုင်းယဉ်ကျေးမှု ပျံ့နှံ့ခြင်းအဖြစ်ရှုမြင်ကာ ပိတ်ပင်တားမြစ်ထားကြောင်း သိရသည်။ ခရစ်ယန်သူတော်စင် စိန့်တစ်ပါး၏အမည်ကို အစွဲပြုကာ ကျင်းပသော အဆိုပါ ဖေဖော်ဝါရီ ၁၄ ရက် ဗယ်လင်တိုင်းဒေးကို တရားဝင်ပိတ်ပင်ထားခြင်း မရှိသော်လည်း အစွဲကြီးသည့် ခေါင်းမာသူအာဏာပိုင်များကြားတွင်မူ အနောက်တိုင်းတန်ဖိုးစံများ ပျံ့နှံ့ခြင်းအဖြစ် ပိတ်ပင်တားမြစ်မှုများ ရှိနေကြောင်း သိရသည်။

အီရန်၏ အစ္စလာမ်မစ် ဥပဒေအရလည်း လက်မထပ်ရသေးသောစုံတွဲများသည် အတူရောနှောနေထိုင်ခွင့် မရှိပေ။ အီရန်ပုံနှိပ်လုပ်ငန်းရှင်များ သမဂ္ဂကလည်း အစိုးရ အာဏာပိုင်များ၏ တားမြစ်ချက်ကို လိုက်နာရန်လမ်းညွှန်ချက်တစ်စောင် ထုတ်ထားပြီး ယင်းတွင် ဗယ်လင်တိုင်းဒေးအတွက် ကတ်ပြားများ၊ အသည်းပုံ၊ နှင်းဆီနီပုံသင်္ကေတများဖြင့် စက္ကူသေတ္တာများ ထုတ်လုပ်ခြင်း မပြုရန်ဖော်ပြထားသည်။ ယင်းသမဂ္ဂ၏အကြီးအကဲ အလီနီကိုဆိုခန်ကလည်း "နိုင်ငံခြားအထိမ်းအမှတ်တွေကို ဂုဏ်ပြုခြင်းဟာ အနောက်တိုင်း ယဉ်ကျေးမှုပျံ့နှံ့ခြင်းပါပဲ။ ကျွန်တော်တို့တိုင်းပြည်ဟာ ရှေးကျတဲ့ယဉ်ကျေးမှုရှိပြီး၊ ချစ်ခြင်းမေတ္တာတရားတို့ သနားကြင်နာမှုတို့ကို ဂုဏ်ပြုစရာ နေ့ပေါင်းများစွာရှိပါတယ်" ဟုပြောသည်။

ဗယ်လင်တိုင်းဒေးသည် အီရန်လူငယ်များအကြားတွင် ပေါ်ပြူလာဖြစ်လာလျက်ရှိပြီး အသက် ၃၀ အောက်လူငယ်များက တိုင်းပြည်လူဦးရေ၏ ၇၀ ရာခိုင်နှုန်းရှိနေသော အီရန်နိုင်ငံတွင် စီးပွားရေးသမားများအတွက် ငွေရှာရန် အကောင်းဆုံးပွဲတော်ဖြစ်နေသည်။ အီရန်နိုင်ငံတွင် အသက် ၃၀ အောက်လူငယ်များသည် အမေရိကန်ထောက်ခံသည့် ရှားဘုရင်ကို ဖြုတ်ချခဲ့သော ၁၉၇၉ အစ္စလာမ်မစ်တော်လှန်ရေးပြီးနောက် မွေးဖွားလာကြသူများဖြစ်ကြသည်ဟု သိရသည်။ *—Ref: Reuters*

# ချီလီသမ္မတမောင်းနှင်သော ရဟတ်ယာဉ် ဆီကုန်သွား၍ မြေပြင်ပေါ်သို့ အရေးပေါ်ဆင်း

**ဆန်တီယာဂို၊ ဇန်နဝါရီ - ၂၄**

ချီလီသမ္မတဆီဘတ်စတီယန် ပင်ညဲရာသည် ရဟတ်ယာဉ်တစ်စင်းကို မောင်းနှင်နေစဉ်အတွင်း အဝေးပြေးလမ်းမတစ်ခုအပေါ် အရေးပေါ်ဆင်းသက်ခဲ့ရသောကြောင့် မီဒီယာများ၏ ဝေဖန်ခြင်းကို ခံနေရကြောင်း သိရသည်။ သမ္မတ၏ ထိုသို့ရဟတ်ယာဉ်မောင်းနှင်ပုံကို အပျော်တမ်းဗီဒီယိုရိုက်သူတစ်ဦးက မှတ်တမ်းတင်ခဲ့ခြင်းဖြစ်ပြီး ချီလီရုပ်သံမီဂါတီဗီတွင် ပြသခဲ့ခြင်းဖြစ်သည်။

သမ္မတမောင်းနှင်လာသောရဟတ်ယာဉ်သည် မြို့တော်ဆန်တီယာဂိုတောင်ဘက် ၁၆၈ မိုင် (၂၇၀ ကီလိုမီတာ) အကွာတွင် ဆီကုန်ကာ အရေးပေါ်ထိုးဆင်းခဲ့ရခြင်းဖြစ်သည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ အတိုက်အခံအမတ်တစ်ဦးဖြစ်သူ ဂါဘရီရယ်အက်ဆင်စီယိုကလည်း ထိုမတော်တဆမှုကို စုံစမ်းစစ်ဆေးသင့်ကြောင်း ဆိုခဲ့သည်။

ဗီဒီယိုတွင် ဖော်ပြချက်အရ ချီလီသမ္မတသည် ဆီကုန်သွား၍ ရဟတ်ယာဉ်ထိုးဆင်းရပြီးနောက် ပိုင်းဆီပြန်ဖြည့်ကာ ၎င်းပိုင် လာဂိုရန်ကိုအရပ်ရှိနေအိမ်သို့ ယာဉ်ကို ပြန်မောင်းနှင်သွားခဲ့ကြောင်းသိရသည်။ ချီလီသမ္မတပင်ညဲရာသည် ငါးနှစ်ကျော်ကြာအောင် လေယာဉ်မှူးတစ်ဦးအဖြစ် လုပ်ကိုင်ခဲ့ဖူးသူဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။ *—Ref: AFP*



# ကနေဒီလုပ်ကြံခံရပြီး သယ်ယူခဲ့သောလူနာတင်ကားကို ကန်ဒေါ်လာတစ်သိန်းနှစ်သောင်းဖြင့် ရောင်း

**ဖီးနစ်၊ ဇန်နဝါရီ - ၂၄**

အမေရိကန်သမ္မတဟောင်း ဂျွန်အက်ဖ်ကနေဒီလုပ်ကြံခံရစဉ်က ၎င်း၏အလောင်းအား တင်ဆောင်ပေးခဲ့သော သမိုင်းဝင်လူနာတင်ကားကို အမှတ်တရကားစုဆောင်းသူတစ်ဦးက အရီဇိုးနားပြည်နယ်၌ပြုလုပ်သည့် လေလံပွဲတစ်ခုတွင် ဒေါ်လာ ၁၂၀,၀၀၀ ပေးကာ ဝယ်ယူသွားခဲ့ကြောင်း လေလံပွဲတာဝန်ရှိသူများက ပြောကြားလိုက်သည်။

အရီဇိုးနားပြည်နယ် အက်ဒီဆင်ပါရာဒိုက်စ်ဗယ်လီမြို့မှ အက်ဒီဆင်ကရောင်းဆိုသူ အဆိုပါလေလံဆွဲသူသည် ကနေဒီအားတင်ဆောင်ခဲ့သည့် ပွန်တီးယက် ဘွန်းဗီးလ် အမျိုးအစား လူနာတင်ကားကို ဝယ်ယူခဲ့ခြင်းဖြစ်သည်ဟု ဘရက်ဂျက်ဆင်လေလံပွဲဥက္ကဋ္ဌကပြောသည်။ ကားကိုဝယ်ယူခဲ့သည့် မစ္စတာ အက်ဒီဆင်ကရောင်းကလည်း အဆိုပါသမိုင်းဝင်ကားကို ဝယ်ယူခွင့်ရခဲ့သည့်အတွက်ကျေနပ်မိကြောင်းဆိုသည်။ အဆိုပါလူနာတင်ကားကို ကင်းဆတ်ပြည်နယ်မှ မေ့ဆေးဆရာဝန်ဂျွန်ဂျန်ဆင်က ၂၀၀၉ ခုနှစ်က အမည်မဖော်ပြသောဈေးနှုန်းဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်သည်။ *—Ref: AP*



7 DAY NEWS JOURNAL
Vol.9, No.45 • FEBRUARY 3, 2011






# ပြုပြင်ပြောင်းလဲရေးသည်သာ မငြိမ်မသက်မှုများအတွက် အဖြေဖြစ်ကြောင်း အာရပ်အရာရှိများ ပြောကြား

ဒါးဗို့စ်၊ ဇန်နဝါရီ - ၂၇

တူနီးရှားနှင့် အီဂျစ်နိုင်ငံတွင် ကန့်ကွက်ဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့ပြီးနောက်လူနေမှု အဆင့်အတန်းတိုးတက်ကောင်းမွန်ရန် ပြည်သူများ၏ဒေါသတကြီး တောင်းဆိုမှုများကိုဖြေရှင်းရေးအတွက် အာရပ်ကမ္ဘာ၌ ပြုပြင်ပြောင်းလဲမှုများလိုအပ်ကြောင်း ဒါဗို့စ် ကမ္ဘာ့စီးပွားရေးဖိုရမ်တွင် တက်ရောက်နေသည့် အာရပ်အရာရှိများက ပြောကြားသည်။

ပြင်းထန်သော ကန့်ကွက်မှုများကြောင့် တူနီးရှားနိုင်ငံ၏ သက်တမ်းရှည် ခေါင်းဆောင်ပြုတ်ကျခဲ့ခြင်းက အိမ်နီးချင်းအီဂျစ်နိုင်ငံတွင် သမ္မတမူဘာရက်၏ နှစ်ပေါင်း ၃၀ ကြာ အုပ်ချုပ်မှုကို မီးမောင်းထိုးပြပေးခဲ့ကြောင်း ဆော်ဒီအာရေးဗီးယား ဘုရင့်မိသားစုဝင်တစ်ဦးကပြောကြားသည်။

"အာရပ်ပြည်သူတွေဟာ ဒေါသထွက်နေကြပါတယ်။ နိုင်ငံသားတွေ ပြိုကွဲလာတယ်လို့ ကျွန်တော်တို့ခံစားရပါတယ်။ ပြုပြင်ပြောင်းလဲမှုနဲ့ ပြဿနာကို ဖြေရှင်းရပါမယ်။ အာရပ်ကမ္ဘာတစ်ခုလုံးမှာပြုပြင်ပြောင်းလဲမှုတွေ ဖြစ်ပေါ်လာရပါမယ်" ဟုအာရပ်အဖွဲ့ကြီး၏အတွင်းရေးမှူးချုပ် အာမေးမော်ဆာက ရိုက်တာသတင်းဌာနအားပြောကြားသည်။

ထောင်နှင့်ချီသော အီဂျစ်နိုင်ငံသားများသည် အစိုးရ၏ ဖိတ်ပင်မှုကို အာခံ၍ ဇန်နဝါရီလ ၂၆ ရက်တွင် ထပ်မံဆန္ဒပြခဲ့ကြပြီး သမ္မတမူဘာရက် နုတ်ထွက်ရန် တောင်းဆိုခဲ့ကြသည်။ အီဂျစ်သည်လူဦးရေ အထူထပ်ဆုံးအာရပ်နိုင်ငံ ဖြစ်သည်။

ထောက်လှမ်းရေး ဌာနအကြီးအကဲဟောင်းဖြစ်ပြီး အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့တွင် သံအမတ်တာဝန်ထမ်းဆောင်ခဲ့သူ ဆော်ဒီအာရေးဗီးယားမင်းသားတာကီအယ်လ်ဖိုင်ဆယ်ကလည်း အီဂျစ်သမ္မတ မူဘာရက်၏ အနာဂတ်နှင့် ပတ်သက်၍ ၎င်းအနေဖြင့် မသေချာကြောင်း ပြောကြားသည်။ "အီဂျစ်နိုင်ငံမှာတော့ ဆန္ဒပြမှုတွေဟာ ဘယ်ကိုရောက်သွားမလဲဆိုတာ ကျွန်တော်မပြောနိုင်ပါဘူး" ဟု၎င်းကအင်တာဗျူးတစ်ခုတွင် ပြောကြားသည်။

—*Ref: Reuters*

# တူနီရှားခေါင်းဆောင်ဟောင်း၏ သစ္စာခံများ ဖယ်ရှားခံရဖွယ်ရှိ

တူးနစ်၊ ဇန်နဝါရီ - ၂၇

ဆက်လက်ဖြစ်ပေါ်နေသည့် ကန့်ကွက်ဆန္ဒပြမှုများကို အဆုံးသတ်စေရန် အလို့ငှာ ကြားဖြတ်အစိုးရအဖွဲ့အား ပြင်ဆင်ဖွဲ့စည်းသွားမည်ဟု တူနီးရှားနိုင်ငံက ကတိပြုပြောကြားသည်။ ယင်းသို့အစိုးရ ပြင်ဆင်ဖွဲ့စည်းရာတွင် ရာထူးမှ ပြုတ်ကျခဲ့သည့် ခေါင်းဆောင်ဟောင်းဘင်အလီ၏ သစ္စာခံများကို ဖယ်ရှားသွားမည်ဟု မျှော်လင့်ရသည်။

တူနီးရှားနိုင်ငံတွင် ဆင်းရဲမွဲတေမှု၊ ဖိနှိပ်ချုပ်ချယ်မှုနှင့် ခြစားမှုများအပေါ် ကန့်ကွက်ဆန္ဒပြမှုများဖြစ်ပေါ်ခဲ့ပြီးနောက် နိုင်ငံအား ၂၃ နှစ်ကြာ အုပ်ချုပ်ခဲ့သည့်ခေါင်းဆောင်ဘင်အလီ အစိုးရပြုတ်ကျခဲ့ပြီး ဘင်အလီလည်း ဆော်ဒီအာရေးဗီးယားနိုင်ငံသို့ ထွက်ပြေးခိုလှုံခဲ့ရသည်။

ထိုအချိန်မှစ၍ အာဏာရပါတီဟောင်းမှ အရာရှိများအများအပြားပါဝင်သည့် ကြားဖြတ်အစိုးရမှာ နိုင်ငံတွင် တည်ငြိမ်မှုရှိရေးအတွက် ရုန်းကန်နေရသည်။

ကန့်ကွက်ဆန္ဒပြသူများကလည်း ယာယီဖွဲ့စည်းထားသည့် ကြားဖြတ်အစိုးရအတွင်းမှ မစ္စတာဘင်အလီ၏ မဟာမိတ်များကို ဖယ်ရှားပေးရမည်ဟု ရက်ပေါင်းများစွာတောင်းဆိုနေခဲ့သည်။

ပြင်ဆင်ဖွဲ့စည်းထားသည့် အစိုးရအဖွဲ့ကို နောက်တစ်နေ့တွင် ကြေညာမည်ဖြစ်ကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူ တာအစ်ဘားကော့ချ်အား ကိုးကား၍ တူနီးရှားနိုင်ငံတော်သတင်းအေဂျင်စီမှ သတင်းထုတ်ပြန်ခဲ့သည်။ ပြည်ထဲရေး၊ ကာကွယ်ရေးနှင့် နိုင်ငံခြားရေးဝန်ကြီးနေရာများကို လူစားလဲသွားမည်ဟု မျှော်လင့်ရကြောင်း နိုင်ငံရေးသတင်းရင်းမြစ်များက ပြောကြားခဲ့သည်။

တူနီးရှား လူထုအုံကြွမှုသည်အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကရှိ အလားတူ လူနေမှုအဆင့်အတန်းနိမ့်ကျမှုနှင့် အာဏာရှင်ဆန်ဆန်အုပ်ချုပ်မှု ကြုံတွေ့နေရသည့်နိုင်ငံများကိုပါ ဖမ်းစားနိုင်ခဲ့ကြောင်း ရိုက်တာသတင်း ကဖော်ပြသည်။

—*Ref: Reuters*



# အီဂျစ်နိုင်ငံတွင် ကန့်ကွက်ဆန္ဒပြမှုများ ဆက်လက်ဖြစ်ပေါ်

**ကိုင်ရို၊ ဇန်နဝါရီ - ၂၇**
ကန့်ကွက်ဆန္ဒပြမှုများ မပြုလုပ်ရန်အစိုးရက ပိတ်ပင်တားမြစ်ခဲ့သော်လည်း အီဂျစ်နိုင်ငံဒေသအများအပြားတွင် ကန့်ကွက်ဆန္ဒပြမှုများ ဆက်လက်ဖြစ်ပေါ်ခဲ့ကြောင်း ဆင်ဟွာသတင်းက ဖော်ပြသည်။

ဆူးအက်မြို့တွင် ဆန္ဒပြသူများက မြူနီစပယ်ရုံးဝင်းအား မီးရှို့ရန် ကြိုးစားခဲ့သော်လည်း အခန်းတစ်ခန်းသာ မီးလောင်ခဲ့ကြောင်း၊ မီးကို ငြိမ်းသတ်လိုက်ကြောင်း၊ မြို့တော်အုပ်ချုပ်ရေးမှူးရုံးအရာရှိတစ်ဦးက ပြောကြားသည်။ သို့သော် အုပ်ချုပ်ရေးမှူးရုံးတွင် ရဲတပ်ဖွဲ့နှင့်ငြိစွန်းမှုကြောင့် ဆန္ဒပြသူတစ်ဦး ထပ်မံသေဆုံးခဲ့ရာ၊ ၎င်းမြို့တွင် နှစ်ရက်ကြာဆန္ဒပြမှုအတွင်း လူ ၃ ဦး သေဆုံးခဲ့ပြီဖြစ်သည်။

နောက်ထပ်ဆန္ဒပြခြင်းများကိုပိတ်ပင်လိုက်ကြောင်း အီဂျစ်ပြည်ထဲရေးဝန်ကြီးက ဇန်နဝါရီလ ၂၆ ရက်တွင် ကြေညာခဲ့သည်။ ကိုင်ရိုမြို့လယ်ရှိ တာရာရင်ပြင်တွင် ဆက်လက်ဆန္ဒပြရန်ကြိုးစားသူ ၉၀ ဦးကို ရဲတပ်ဖွဲ့က ထိန်းသိမ်းခဲ့ကြောင်း အစိုးရ မီနာသတင်းဌာနက ထုတ်ပြန်သည်။ အလက်ဇန္ဒြီးယားမြို့တွင်လည်း လူပေါင်း ၆၄ဦး ထိန်းသိမ်းထားကာ အခြားမြို့များတွင်လည်း ဖမ်းဆီးထိန်းသိမ်းမှုများ ရှိခဲ့ကြောင်း သိရသည်။

လက်ရှိအာဏာရ အမျိုးသားဒီမိုကရက်တစ်ပါတီကလည်း ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ပြီး ပြည်သူ့လုံခြုံရေးကို မတည်မငြိမ်ဖြစ်စေနိုင်သည့် အစိုးရပိုင်ဆိုင်မှုများ ဖျက်ဆီးခြင်းနှင့် အကြမ်းဖက်မှုများကို ပယ်ချခဲ့သည်။ တရားမဝင်အဖွဲ့အစည်း ကြေညာခံထားရသည့် မွတ်ဆလင်ဘရားသားဟုဒ်နှင့် အခြားအုပ်စုများ၏ အားပေးအားမြှောက်လုပ်ရပ်များကိုလည်း NDP ပါတီက ရှုတ်ချပြောဆိုခဲ့သည်။

ထိုအတောအတွင်း နိုင်ငံအား မတည်မငြိမ်ဖြစ်စေသည့် ကြိုးပမ်းမှုမှန်သမျှကို လုံခြုံရေးတပ်ဖွဲ့များက ကြားဝင်ကိုင်တွယ်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် အာမက်နာဇစ်က ပြောကြားခဲ့သည်။

*—Ref: Xinhua*

## မြောက်ကိုရီးယားနှင့် တွေ့ဆုံဆွေးနွေးမည့်ရက်ကို တောင်ကိုရီးယား အဆိုပြု

**ဆိုးလ်၊ ဇန်နဝါရီ - ၂၆**
မြောက်ကိုရီးယား စစ်ဘက်နှင့် ဖေဖော်ဝါရီလ ၁၁ ရက်တွင် တွေ့ဆုံဆွေးနွေးရန် တောင်ကိုရီးယားနိုင်ငံကအဆိုပြုလိုက်ကြောင်း သိရသည်။ ယင်းမှာ ပြီးခဲ့သည့်နှစ် တောင်ကိုရီးယားနိုင်ငံအပေါ် လူအသေအပျောက်ရှိခဲ့သည့် တိုက်ခိုက်မှု နှစ်ကြိမ်ဖြစ်ပေါ်ခဲ့ပြီးနောက် မြင့်တက်လာသည့် တင်းမာမှုများ လျော့ပါးစေရန် စတင်ကြိုးပမ်းခြင်းဖြစ်သည်။

တွေ့ဆုံဆွေးနွေးမှုကို နှစ်နိုင်ငံနယ်စပ်ဒေသ အပစ်အခတ်ရပ်စဲထားရာ ပန်မွန်ဂျွန်ရွာတွင် ပြုလုပ်မည်ဖြစ်ကြောင်း တောင်ကိုရီးယား ပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာနက ပြောကြားသည်။

ကနဦး တွေ့ဆုံဆွေးနွေးမှုများမှ မြောက်ကိုရီးယားနိုင်ငံ၏ သဘောထားကိုအကဲခတ်နိုင်မည်ဖြစ်ပြီး နောက်ပိုင်းတွင် အဆင့်မြင့်ဆွေးနွေးပွဲများ ဖြစ်ပေါ်လာနိုင်ကြောင်း ဝန်ကြီးအဆင့်ဆွေးနွေးပွဲများပင်ဖြစ်နိုင်ကြောင်းတောင်ကိုရီးယားက ပြောကြားသည်။

ဆွေးနွေးပွဲတွင် ပြီးခဲ့သည့်နှစ် မတ်လအတွင်း တောင်ကိုရီးယားသင်္ဘောနစ်မြုပ်မှုနှင့် နိုဝင်ဘာလအတွင်း တောင်ကိုရီးယားကျွန်းတစ်ကျွန်းပေါ်သို့ ပစ်ခတ်မှုအကြောင်းအရာများကိုပါ ထည့်သွင်းဆွေးနွေးရန် တောင်ကိုရီးယား၏ တောင်းဆိုမှုကို မြောက်ကိုရီးယားက လက်ခံခဲ့သည်။ သင်္ဘောနစ်မြုပ်မှုမှာ ၎င်းတို့နှင့် မပတ်သက်ဟု မြောက်ကိုရီးယားက ငြင်းဆိုထားသည်။

*—Ref: Reuters*

## ဂျပန်နိုင်ငံ အနောက်တောင်ပိုင်းတွင် ငှက်တုပ်ကွေးရောဂါ ဖြစ်ပွား

**တိုကျို၊ ဇန်နဝါရီ - ၂၆**
ဂျပန်နိုင်ငံ အနောက်တောင်ပိုင်းရှိ ကာဂိုရှီးမားခရိုင်တွင် ကြက်ခြံတစ်ခု၌ H5N1 ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု တွေ့ရှိခဲ့ရကြောင်း ဒေသခံအာဏာပိုင်များက ပြောကြားလိုက်သည်။ ခရိုင်အုပ်ချုပ်ရေးအဖွဲ့က ငှက် ၁၀ ကောင်ကို ယင်းတုပ်ကွေးဗိုင်းရပ်စ်ရှိ မရှိစစ်ဆေးခဲ့ရာ ရှစ်ကောင်မှာ ပိုးကူးစက်ခံနေရကြောင်း တွေ့ရသည်ဟုပြောသည်။ ထို့ကြောင့် ခရိုင်အတွင်း အီဇုမီမြို့၌ ကြက်ခြံတစ်ခုတွင် ကြက်ကောင်ရေ ၈၆,၀၀၀ ကိုသုတ်သင်ခဲ့ရကြောင်း တာဝန်ရှိသူများအဆိုအရသိရသည်။

ယခုအကြိမ်မှာ ၂၀၁၁ အတွင်း တတိယအကြိမ်မြောက်ဖြစ်ပြီး ပြီးခဲ့သည့် ဒီဇင်ဘာလမှ ရေတွက်လျှင်မူ စတုတ္ထအကြိမ်မြောက်ကြက်များ သုတ်သင်ရခြင်းဖြစ်သည်။ ပြီးခဲ့သည့်ရက်ပိုင်းအတွင်းကလည်း နိုင်ငံ၏ အကြီးမားဆုံးကြက်မွေးမြူရေးဒေသဖြစ်သော မီယာဇာကီခရိုင်တွင်လည်း ငှက်တုပ်ကွေးကူးစက်ခံရသော ကြက်နှစ်ကောင်ကို တွေ့ခဲ့ရာ ငှက်များသုတ်သင်ခြင်းကို ဆောင်ရွက်ခဲ့ရသည်။

ယခုနှစ်တွင် ဂျပန်အရှေ့တောင်ပိုင်း ရှင်မာနီခရိုင်တွင် ပထမဆုံးသော ငှက်တုပ်ကွေးဖြစ်ပွားမှုကို တွေ့ရှိခဲ့ရပြီးနောက်ပိုင်းတွင် ဗိုင်းရပ်စ် ပျံ့နှံ့လာပုံမှာ ကပ်ရောဂါအသွင် ဆောင်လာနေကြောင်း ကျွမ်းကျင်သူအချို့က ပြောကြားထားသည်။

*—Ref: Xinhua*

## ဆိုးရွားသော ရာသီဥတုကြောင့် တရုတ်နိုင်ငံ၏ ဈေးနှုန်းထိန်းချုပ်မှုကို ပျက်ပြားစေနိုင်

**ဘေဂျင်း၊ ဇန်နဝါရီ - ၂၇**
ဗဟိုအစိုးရက ကုန်ပစ္စည်း စီးဆင်းမှုသွက်လက်ရေးနှင့် ကုန်ဈေးနှုန်းများထိန်းချုပ်ရေး ကိုင်တွယ်ဆောင်ရွက်နေစဉ်မှာပင် နိုင်ငံမြောက်ပိုင်းမိုးခေါင်ရေရှားဒေသတွင် အခြားရေအရင်းအမြစ်များကို အသုံးပြုနိုင်ကြောင်း ဆင်ဟွာသတင်းက ဖော်ပြသည်။

ဆန်၊ စပါး၊ ဂျုံ ပြောင်း စသည့် သီးနှံများထုတ်လုပ်ရာ နိုင်ငံမြောက်ပိုင်းတွင် လပေါင်းများစွာ ခြောက်သွေ့မှု ဆက်လက်ဖြစ်ပေါ်နေရာ ယင်းအခြေအနေက တရုတ်နိုင်ငံ၏ သီးနှံထုတ်လုပ်မှု ကိုခြိမ်းခြောက်နိုင်ကြောင်းနှင့် ထို့အတွက် စားနပ်ရိက္ခာဈေးနှုန်းများ မြင့်တက်လာနိုင်ကြောင်း စိုးရိမ်မှုများဖြစ်ပေါ်လာသည်။ စားနပ်ရိက္ခာဈေးနှုန်းများ ကြီးမြင့်၍ ငွေကြေးဖောင်းပွမှုကိုလည်း ဖြစ်ပေါ်လာစေကြောင်း ဆင်ဟွာသတင်းကဖော်ပြသည်။



ဆိုးဝါးသော ရာသီဥတုသည်ဈေးနှုန်းများ မြင့်တက်လာမှုအပေါ် တရုတ်နိုင်ငံ၏ တိုက်ပွဲအားပိုမို ဆိုးဝါးစေနိုင်ကြောင်း၊ ကုန်ဈေးနှုန်းများ မြင့်တက်၍ ဘဏ်အတိုးနှုန်းနှင့် အရန်ငွေကြေးမျှခြေညီရေးကိုလည်း ကိုင်တွယ်နေရကြောင်း သိရသည်။ အစိုးရကလည်း ဈေးနှုန်းသတ်မှတ်မှုများစတင်ချမှတ်လာပြီး ဈေးနှုန်းများတည်ငြိမ်စေရန် ကုန်ပစ္စည်းများ ပိုမိုပံ့ပိုးပေးမည်ဟု ကတိပေးထားသည်။

ဆန်စပါး၊ ဂျုံ ပြောင်းစသည့် သီးနှံများ အထွက်လျော့ကျမည်ဟုဟောကိန်းထုတ်ရန် စောလွန်းနေသေးကြောင်း မိုးလေဝသနှင့် စိုက်ပျိုးရေး ကျွမ်းကျင်သူများက ပြောကြားသည်။ သို့သော်မိုးခေါင်ရေရှားမှုသည် နွေဦးရာသီအထိ ဆက်လက်ဖြစ်ပေါ်နေပါက သီးနှံအထွက်လျော့၍ ဈေးနှုန်းများ မြင့်တက်လာမည်ကို ၎င်းတို့ကစိုးရိမ်နေကြသည်။ တရုတ်နိုင်ငံမြောက်ပိုင်းခရိုင်ဒေသကြီး ကိုးခုတွင် လွန်ခဲ့သည့် အောက်တိုဘာလမှစ၍ ရေပြတ်လပ်မှုများ ကြုံတွေ့နေရသည်။ ယင်းထိခိုက်မှုတွင် နိုင်ငံ၏ ဂျုံလိုအပ်ချက် ၈၀ ရာခိုင်နှုန်းကို ထုတ်လုပ်ပေးသည့် ခရိုင်ကြီး ၆ ခုလည်း ပါဝင်ကြောင်း သိရသည်။ ၎င်းပြည်နယ်များတွင် မိုးရွာသွန်းမှုမှာ ယခင်နှစ်များနှင့် နှိုင်းယှဉ်လျှင် မိုးရေချိန်လက်မ ၅၃ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်းသိရသည်။

*—Ref: Xinhua*

7 DAY NEWS JOURNAL

# International

Vol.9, No.45 • FEBRUARY 3, 2011

# ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် အီဂျစ်အား ကမ္ဘာ့ခေါင်းဆောင်များ တိုက်တွန်း



**ဘာလင်၊ ဇန်နဝါရီ - ၃၁**

ဂျာမန်အကြီးအကဲ အန်ဂျလာမာကယ်နှင့် အခြားနိုင်ငံခေါင်းဆောင် အများအပြားက ဒီမိုကရက်တစ် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် နှင့်ကန့်ကွက်ဆန္ဒပြသူများအပေါ် နောက်ထပ် အင်အားသုံး နှိမ်နင်းခြင်းကို ရပ်တန့်ရန်အီဂျစ်နိုင်ငံအား တိုက်တွန်းလိုက်သည်။

အီဂျစ်သမ္မတ ဟိုစနီမူဘာရက်ထံသို့ ဖုန်းခေါ်ဆိုရာတွင် ဂျာမန်အဓိပတိက မူဘာရက်နှင့် ၎င်း၏အစိုးရသစ်အနေဖြင့် အီဂျစ်ပြည်သူများသို့ သတင်းလွတ်လပ်ခွင့်နှင့် လူစုရုံးခွင့်များ ပေးသင့်ကြောင်း ပြောကြားခဲ့ကြောင်း ဂျာမနီအစိုးရပြောခွင့်ရ ပုဂ္ဂိုလ်စတီဖင်ဆေးဘတ်က ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ပြင်သစ်သမ္မတနီကိုလပ်ဆာကိုဇီကလည်း အီသီအိုးပီးယားနိုင်ငံ အဒစ်အဘာဘာမြို့တွင် ပြုလုပ်သည့် အာဖရိကသမဂ္ဂအစည်းအဝေးတွင် စကားပြောကြားရာ၌ ယခုလိုအရေးကြီးသောအချိန်တွင် ပြင်သစ်နိုင်ငံသည်တူနီးရှားနိုင်ငံသားများ၊ အီဂျစ်နိုင်ငံသားများဘက်မှ ရပ်တည်သွားမည်ဖြစ်ကြောင်းပြောသည်။

ထိုအတောအတွင်း ဗြိတိသျှဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းနှင့် အမေရိကန် သမ္မတဘားရက်အိုဘားမားတို့ကလည်း အီဂျစ်အကျပ်အတည်းအကြောင်း ပြောဆိုဆွေးနွေးခဲ့ကြောင်း၊ အီဂျစ်တွင် ဆက်လက်ဖြစ်ပေါ်နေသည့် ကန့်ကွက်ဆန္ဒပြမှုများအပေါ် အီဂျစ်အစိုးရက ငြိမ်းချမ်းစွာ တုံ့ပြန်ရမည်ဟုခေါင်း ဆောင်နှစ်ဦးက သဘောတူညီခဲ့ကြောင်း ဗြိတိန်ဝန်ကြီးချုပ်၏ ပြောရေးဆိုခွင့်ရှိသူအမျိုးသမီးကပြောကြားသည်။

အီတလီနိုင်ငံခြားရေးဝန်ကြီးဖရန်ကိုဖရာတီနီကလည်း အီဂျစ်နိုင်ငံတွင် အကြမ်းဖက်မှုများနှင့်လုယက်တိုက်ခိုက်မှုများ အဆုံးသတ်ရန် တောင်းဆိုလိုက်ကြောင်း သိရသည်။ အထူးသဖြင့် အီဂျစ်၏ယဉ်ကျေးမှုအမွေအနှစ်များကို လုယက်တိုက်ခိုက်ခြင်းအား ရှောင်ကြဉ်ရမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်ကလည်း အီဂျစ်နိုင်ငံတွင် စစ်မှန်သော ဒီမိုကရေစီပေါ်ထွက်ရေးကို အမေရိကန်က မြင်တွေ့လိုကြောင်းပြောကြားသည်။

အဒစ်အဘာဘာမြို့၊ အာဖရိကသမဂ္ဂထိပ်သီးအစည်းအဝေးပွဲတွင်လည်း ကုလသမဂ္ဂအကြီးအကဲ မစ္စတာဘန်ကီမွန်းက အီဂျစ်အစိုးရအနေဖြင့် အခြေခံလွတ်လပ်ခွင့်များနှင့် လူ့အခွင့်အရေးများကို လေးစားလိုက်နာရန် တိုက်တွန်းပြောကြားခဲ့သည်။

*—Ref: Reuters*

## ဈေးနှုန်းများတည်ငြိမ်ရေးကို တရုတ်ဗဟိုဘဏ်က ဦးစားပေးကိုင်တွယ်မည်

**ဘေဂျင်း၊ ဇန်နဝါရီ - ၃၁**

သင့်တင့်လျောက်ပတ်သော ငွေကြေးပေါ်လစီများ ကျင့်သုံးခြင်းဖြင့် ၂၀၁၁ ခုနှစ်တွင် အထွေထွေဈေးနှုန်းများတည်ငြိမ်ရေးကို ဦးစားပေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း တရုတ်ဗဟိုဘဏ်က ပြောကြားသည်။

ဘဏ္ဍာရေးစနစ်ကို လုံခြုံမှုရှိရန်နှင့် အားကောင်းခိုင်မာရန် ချမှတ်နေစဉ်မှာပင် ၂၀၁၁ ခုနှစ်အတွင်း၌ အထွေထွေဈေးနှုန်းများထိန်းချုပ်ရေးကို ဦးစားပေးလုပ်ဆောင်သွားမည်ဟု တရုတ်ဗဟိုဘဏ်ဝက်ဘ်ဆိုက်က ဖော်ပြထားသည်။

လွန်ခဲ့သော ဒီဇင်ဘာလနှင့်နှိုင်းယှဉ်လျှင် တရုတ်နိုင်ငံ၏ စားသုံးသူဈေးနှုန်းညွှန်ကိန်း (CPI) သည် ၄ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်သွားသည်။ နိုဝင်ဘာလညွှန်ကိန်း ၅ ဒသမ ၁ ရာခိုင်နှုန်းထက်မူ လျော့နည်းလာသည်။ နိုဝင်ဘာလညွှန်ကိန်းမှာ နှစ်နှစ်အတွင်း အလျင်မြန်ဆုံးတိုးတက်ခဲ့သည့် စားသုံးသူညွှန်ကိန်းဖြစ်သည်။ ယမန်နှစ်အတွင်း စားသုံးသူညွှန်ကိန်းမြင့်တက်မှု ၃ ဒသမ ၃ ရာခိုင်နှုန်းသာရှိခဲ့ပြီး ယင်းမှာ ဗဟိုအစိုးရ၏ ခန့်မှန်းခြေ ၃ ရာခိုင်နှုန်းထက် မြင့်မားခဲ့သည်။ စာမျက်နှာ(၄၅)သို့ ▶▶▶

## ခေါင်းဆောင်များက ကမ္ဘာ့စီးပွားရေးအပေါ် အကောင်းဘက်က ရှုမြင်




**ဒါးဗို့စ်၊ ဇန်နဝါရီ - ၃၁**

ပြန်လည် နာလန်ထလာသော ကမ္ဘာ့စီးပွားရေးအပေါ် အကောင်းမြင်ကြောင်း ပြောကြားရင်း နိုင်ငံ့ခေါင်းဆောင်များနှင့် ထိပ်တန်းစီးပွားရေးခေါင်းဆောင်များသည် ဒါးဗို့စ်မြို့တွင် ပြုလုပ်နေသည့် ငါးရက်ကြာ ကမ္ဘာ့စီးပွားရေးဖိုရမ်ကို ပိတ်သိမ်းလိုက်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဖြင့် ကမ္ဘာ့ဆင်းရဲသားများနှင့် အလုပ်လက်မဲ့များအား ကူညီရန် တိုက်တွန်းပြောကြားလိုက်သည်။

အလုပ်အကိုင်ရှားပါးခြင်းနှင့် နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခွင့်နည်းပါးခြင်းတို့ကြောင့် တူနီရှားနှင့် အီဂျစ်နိုင်ငံတို့တွင် ကန့်ကွက်ဆန္ဒပြမှုများ ဖြစ်ပေါ်နေရာ ကမ္ဘာ့စီးပွားရေးဖိုရမ်တွင်လည်း ဆင်းရဲမွဲတေမှုနှင့် စီးပွားရေးအာမခံချက်မရှိမှုအကြောင်း အရာများ လွှမ်းမိုးခဲ့သည်။

"လူအများအပြား ပါဝင်သော ဖွံ့ဖြိုးတိုးတက်မှုဖြစ်ပေါ်ရေး အာရုံစိုက်မှုဟာ နိုင်ငံတွေနှင့် ကျွန်မတို့ကုမ္ပဏီတွေ မဖြစ်မနေဆောင်ရွက်ရမယ့်ကိစ္စဖြစ်ပါတယ်" ဟု အိန္ဒိယနိုင်ငံ၏ အကြီးဆုံး ပုဂ္ဂလိကဘဏ် (ICICI) ဘဏ်၏ အမှုဆောင်အရာရှိချုပ် မစ္စချန်ဒါကိုဟာက ပြောကြားသည်။

စားနပ်ရိက္ခာဈေးနှုန်းများ ကြီးမြင့်မှုသည် အခြားကုန်ပစ္စည်းဈေးနှုန်းများကို မြင့်တက်သွားစေခဲ့ပြီး ကမ္ဘာတစ်ဝန်း၌ နိုင်ငံရေးအရ အန္တရာယ်များသော ငွေကြေးဖောင်းပွမှုများ ဖြစ်ပေါ်လာစေခဲ့ကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။ ဈေးနှုန်းများမြင့်တက်ခြင်းနှင့်အတူ အလုပ်လက်မဲ့ များပြားခြင်းကြောင့် ယမန်နှစ်အတွင်း အာရှတစ်လွှားတွင်အစိုးရအပေါ် မကျေမနပ်ဆန္ဒပြပွဲများ ဖြစ်ပေါ်ခဲ့ပြီး ယခု အာရပ်ကမ္ဘာတွင် ဆန္ဒပြမှုများဖြစ်ပေါ်ခြင်း၏ အကြောင်းအရင်းလည်းဖြစ်သည်။

ဒါးဗို့စ်မြို့ ဆွေးနွေးပွဲတွင် ကမ္ဘာ့စီးပွားရေးအတွက် ရှေ့အလားအလာများနှင့် အန္တရာယ်များ အကြောင်း လွှမ်းမိုးခဲ့သော်လည်း ကမ္ဘာ့စီးပွားရေးသည်

စာမျက်နှာ(၄၅)သို့ ▶▶▶

